www.burmeseclassic.com

# ခေတ်ပျိုဖြ

## မျက်ရည်များဖြင့် သီကုံးသောအတ္ထုပ္ပတ္တိ

BURMESE CLASSIC



(အပြင်းတားအချစ်လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊
၂၀၁၅၊ မေလ။
ထုတ်ဝေသူ - ဦးအေးလွင် (ဝ၄၁၅၂)
ရွှေပဒေသာစာပေတိုက်
အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
မျက်နှာဖုံးနှင့် - ဦးအေးလွင် (ဝ၈၂၁၀)
အတွင်းပုံနှိပ်သူ ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
ဖြန့်ချေး - ၁၂၀၀ ကျပ်
အုပ်ရေ - ၅၀၀ အုပ်

၈၉၅.၈၃
ခေတ်ပိုမြို
မျက်ရည်များဖြင့် သီကုံးသော အတ္ထုပ္ပတ္တိ/ ခေတ်ပိုမြို - ရန်ကုန်၊
ရွှေပဒေသာစာပေ ၊ ၂၀၁၅ ။
၂၈၈ - စာ ၊ ၁၂.၃ x ၁၈ စင်တီ။
(၁) မျက်ရည်များဖြင့် သီကုံးသော အတ္ထုပ္ပတ္တိ

# ခေတ်ပိုမြို

# မျက်ရည်များဖြင့်
# သီကုံးသော
# အတ္ထုပ္ပတ္တိ

(အပြင်းစားအချစ်လုံးချင်းဝတ္ထုသစ်)

www.burmeseclassic.com

www.burmeseclassic.com

"ဂျိမ်း"

ကျယ်လောင်သောမိုးခြိမ်းသံ ကြားလိုက်သောအချိန် သူ့ခန္ဓာကိုယ်သည် ဆတ်ခနဲ တစ်ချက်တုန်သွားသည်။ သူ့ခေါင်းပေါ်ရှိ သွပ်အမိုးပြားပေါ်သို့ မိုးစက်များ ခုန်ဆင်းလာသံကြားရသည်။ နှလုံးသွေးတို့ ဆူဝေလာကြသည်။ ခုတင်ပေါ် ထိုင်နေရာမှ မတ်တပ်ထရပ်လိုက်မိသည်။

မိုး . . . မိုးတွေ ရွာနေပြီ။ မိုးတွေ ရွာနေပြီ။

အသိဝိညာဉ်ကင်းမဲ့နေသူတစ်ဦးပမာ သူ လမ်းလျှောက်



www.burmeseclassic.com

www.burmeseclassic.com



သွားမိသည်။ သွပ်အမိုးပေါ် မိုးစက်ကျသံများက ပို၍ ဆူညံပြင်းထန်လို့လာလေပြီ။ ထိုအတူ သူ့ခန္ဓာကိုယ်အတွင်းရှိ သွေးတို့သည်လည်း ပြင်းထန်စွာ ဆူဝေနေကြပြီ။ အစောကငြိမ်သက်နေသော သူ့နှလုံးသားသည်လည်း အပြင်သို့ ခုန်ထွက်တော့မည့်အလား တွန်းထိုးရုန်းကန်နေလေပြီ။

သူ့ခြေလှမ်းတို့ တုံ့ဆိုင်းလို့သွားကြ၏။ သူ့ခြေလှမ်းတွေ ဆက်လျှောက်၍မရတော့။ သူ့ရှေ့တွင် သံတိုင်များကာ စီးကာလို့ထားနေသည်။

"လွှတ် . . . ငါ့ကိုလွှတ်၊ ငါ့ကို ဘာလို့ ပိတ်လှောင်ထားကြတာလဲ"

သံတိုင်များအား အတင်းလှုပ်ခါကာ သူ အော်သည်။ သို့သော် မည်သူမှ သူ့အနားရောက်မလာကြ။ သံတိုင်ကို ဆုပ်ကိုင်ရင်း သူ့ဒူးတို့ ညွတ်ခွေကျသွားတော့သည်။ အပြင်လောက၌ မိုးသည် သည်းသည်းမည်းမည်း အားကောင်းစွာ ရွာသွန်းလို့နေပါ၏။

"လွှတ် . . . ကျွန်တော့်ကို တံခါးဖွင့်ပေးကြပါဗျာ၊ ကျွန်တော့်ချစ်သူလေး ကျွန်တော့်ကို စောင့်နေလို့ပါ၊ ကျွန်တော်သွားမှဖြစ်မယ်။ မိုးရေထဲမှာ သူ စောင့်နေရှာမှာဗျ။ ကျွန်တော့်ကိုလွှတ်ပေးကြပါဗျာ။





တောင်းပန်ပါတယ် . . . ကျွန်တော့်ကိုလွှတ်ပေးကြပါ၊ သူ . . . သူ တစ်ယောက်တည်း ကြောက်နေတော့မယ်"

ပြောလည်းပြော သံတိုင်ကိုလည်း ဒေါသတကြီး တွန်းထိုးနေမိ၏။ "တကျိုင်းကျိုင်း" နဲ့ သံတိုင်လှုပ်ခါသံက ဆူညံစွာ ထွက်ပေါ်လို့နေသည်။

ထိုအခါ လူတချို့ သူ့ရှိရာရောက်လာကြလေသည်။ သူ အားတက်သွားမိ၏။ သူ အဲဒီလူတွေအား ဝမ်းသာအားရကြည့်ရင်း ပြောမိသည်။

"ကျွန်တော့်ကို လွှတ်ပေးကြပါဗျာနော်၊ ကျွန်တော့်ချစ်သူနဲ့ ကျွန်တော် ချိန်းထားလို့ပါ"

"ဂျိမ်း"

ကျယ်လောင်သောမိုးခြိမ်းသံတစ်ခု ထွက်ပေါ်လို့ လာပြန်သည်။

"ဟော . . . ခင်ဗျားတို့ကြားတယ်မဟုတ်လား၊ ကျွန်တော့်ချစ်သူရဲ့ခေါ်သံကို၊ မောင် . . . မောင်လာပြီ ရတီ"

သူ့စကားတို့ကို သူ့ရှေ့က လူသုံးဦးက ဘာမှပြန်မပြောဘဲ သူ့ကိုသာ စူးစိုက်ကြည့်နေလေ၏။ ထို့နောက် ထိုလူသုံးဦးသည်



www.burmeseclassic.com

www.burmeseclassic.com



သူတို့အချင်းချင်း တစ်ဦးနှင့်တစ်ဦးကြည့်ကာ သူ့ကိုရည်နောင်ကြတော့သည်။ သူ အားရှိသ၍ ရုန်းကန်သည်။ ပါးစပ်မှလည်း –

“ဘာလုပ်တာလဲဗျ။ ခင်ဗျားငို့ ကိုယ်ချင်းစာစိတ်မရှိကြဘူးလား။ ကျွန်တော့်ချစ်သူ မိုးရေထဲမှာ ကျွန်တော်မလာမချင်း စောင့်နေရှာမှာဗျ။ နှလုံးသားမရှိတဲ့လူတွေ၊ လွှတ် … ငါ့ကိုလွှတ်”

ရုန်းကန်ခြင်းက လွတ်မြောက်မှုဖြစ်မလာ။ အင်အားခြင်းသည် မမျှတချေ။ သိပ်မကြာခင် ဥပဓိရုပ်သန့်သန့်နှင့် လူတစ်ဦးရောက်လာလေသည်။ ထိုဥပဓိရုပ်သန့်သန့်နှင့်လူက ရုန်းကန်တွန်းထိုးနေသောသူ့အား စိတ်မသက်မသာသောအကြည့်မျိုးနှင့် တစ်ချက်ကြည့်ရင်း –

“မောင်နေညို … သတိထားမှပေါ့ကွာ၊ စိတ်အေးအေးထားပြီး ဆရာပြောတာ နားထောင်ပါဦး”

“ဘာနားထောင်ရမှာလဲ၊ အလကား လူနော့ကြီး။ ငါ့ကို ဒီအခန်းလေးထဲ ပိတ်လှောင်ထားတဲ့ ငပေါကြီး။ ငတောကြီး”

“မောင်နေညို … မင်းချစ်သူဟာ မရှိတော့ဘူးလေ၊ သူက မရှိတော့ဘူး။ သူက သေသွားပြီလေ မောင်နေညို”

“ဘာ … ခင်ဗျားကြီး မဟုတ်တာတွေလာမပြောနဲ့။





သူရှိတယ်၊ ခင်ဗျားတို့လို နှလုံးသားမရှိတဲ့လူတွေကို ပြောရတာ လေကုန်တယ်ဗျာ၊ အာပေါက်တယ်၊ ကျွန်တော့်ကိုသာ လွှတ်ပေးကြပါဗျာ၊ အရှေ့တွေ၊ ဟော … မိုးတွေအရမ်းသည်းနေပြီ၊ ကျွန်တော် သွားမှဖြစ်မယ်၊ ကျွန်တော့်ကို သွားခွင့်ပြုကြပါဗျာ၊ ကျွန်တော် သွားပါရစေ၊ ဟော … မိုးခြိမ်းသံ ကြားလား။ သူက မိုးခြိမ်းရင် အရမ်းကြောက်တတ်တာဗျ။ အခုလောက်ဆို မိုးရေထဲမှာ သူ အရမ်းကြောက်နေတော့မယ်၊ ကျွန်တော် သွားပါရစေတော့”

သူ့စကားအဆုံး ဥပဓိရုပ်သန့်သန့်နှင့် ပုဂ္ဂိုလ်ကြီးက ဘေးကလူသုံးဦးကို ဦးခေါင်းတစ်ချက် ဆတ်ပြလိုက်လေသည်။

ပျော်လိုက်တာ။ သူ သွားရတော့မည်။ ရတီ မကြောက်နဲ့နော်။ မောင်လာပြီ၊ မောင် မင်းဆီလာနေပြီလေ။

“အင်းလေ … တားမရရင်လည်းသွားပေါ့၊ ဒါပေမဲ့ … ဆေးတစ်လုံးတော့ထိုးရမယ်၊ အဲဒီဆေးထိုးပြီးသွားမှ မောင်နေညိုကို မင်းရဲ့ချစ်သူကောင်မလေးဆီ ဆရာတို့က သွားခွင့်ပြုမယ်၊ ဘယ်လိုလဲ မောင်နေညို”

သူ ခဏတွေဝေသွား၏။ အို ဘယ်လိုပဲဖြစ်ဖြစ် ချစ်သူဆီသွားဖို့က အရေးကြီးသည်။ မိုးရေထဲမှာ ချစ်သူတစ်ယောက်တည်းရယ်



www.burmeseclassic.com

www.burmeseclassic.com



"တကယ်နော်"

"တကယ်ပေါ့ . . . ဆရာက မညာပါဘူးကွာ"

ဆရာက မညာဘူးဆိုတာ ဟုတ်ပါ့မလား။ ညာနေတဲ့ဆရာတွေ လောကမှာအများကြီး။ သွေးကြောသဲ အရည်တချို့ ထိုးသွင်းကြ၏။ သူ မရှုန်းဘဲ ငြိမ်သက်စွာနေပေးသည်။ ရဝီဆီသို့ သူသွားချင်လှလေပြီ။ အပြင်မှာ မိုးတွေက "တဝုန်းဝုန်း"၊ လျှပ်ရောင်တွေက ဖြိုးပြက်ဝင်းလဲ့လို့။

ရဝီ့ဆီ သူသွားနေပြီ။ မိုးရေထဲမှာ ရဝီ့ဆီကို သူပြေးသွားနေမိသည်။ ရဝီရေ၊ မောင်လာပြီ မကြောက်နဲ့နော်။

အခုတော့ အစောက ဆူညံနေသော အခန်းလေးသည် တိတ်ဆိတ်စွာ ငြိမ်သက်သွားလေပြီ။ ခုတင်ပေါ်မှာ လူတစ်ယောက် အိပ်မောကျလို့နေလေသည်။ ခဏအကြာမှာတော့ ထိုအခန်းလေး၏ သော့ခတ်ကာ လူတစ်စု ပြန်ထွက်သွားကြလေတော့သည်။ အပြင်မှာ မိုးကသည်းတုန်း။

❋





"ထိုင်ပါ မောင်ပြည်စိုး"

စိတ်ရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာဝင်းကို ညွှန်ပြသော ထိုင်ခုံလေးတွင် ပြည်စိုးက တိတ်ဆိတ်စွာ ဝင်ထိုင်လိုက်လေသည်။

"ဆရာ . . . ကျွန်တော့်သူငယ်ချင်း နေညိုရဲ့အခြေအနေ ထူးခြားရဲ့လားဆရာ"

ပြည်စိုးအမေးကို ဒေါက်တာဝင်းကိုက ပြုံးရင်း ခေါင်းတစ်ချက်ညိတ်ကာ –

"အဲဒီအကြောင်း မောင်ပြည်စိုးနဲ့ အေးအေးဆေးဆေး ဆွေးနွေးရအောင်လို့ . . . မောင်ပြည်စိုးကို ဖုန်းဆက်ခေါ်လိုက်တာပဲ"

"ဟုတ်ကဲ့ . . . ဆရာ"

"မောင်နေညိုရဲ့ အတိတ်ကအကြောင်းတွေကို ဆရာအားလုံးသိချင်တယ်၊ ကုသမှုအတွက်လည်း လိုအပ်နေတယ် မောင်ပြည်စိုး။ ဆရာတို့ဆေးပညာမှာ အထူးကုတွေနဲ့ ရောဂါကိုရှာဖွေလို့ မရတော့ဘူးဆိုရင် စိတ်ပိုင်းဆိုင်ရာ ကုသနည်းတွေနဲ့ ရောဂါကို ရှာဖွေရပါတယ်၊ လူနာရဲ့ အတိတ်ကအကြောင်းတွေကို ပြန်စစ်တာပေါ့။ ဇစ်မြစ်ကိုတွေ့ရတဲ့အခါကျတော့မှ စိတ်ပိုင်းဆိုင်ရာကို ပြန်ရွေးယူပြီး



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



ကုသရတယ်၊ အဲဒါကို ဆေးပညာမှာတော့ (Regression Therapy) လို့ခေါ်တယ် မောင်ပြည်စိုး။ ဆရာသတိထားမိသလောက်ဆိုရင်တော့ မောင်နေညိုမှာ မိုးနဲ့ပတ်သက်ပြီး ထူးခြားတဲ့ စိတ်ခံစားမှုတချို့ရှိမယ်လို့ ထင်ပါတယ်၊ ဘာလို့လည်းဆိုတော့ မောင်နေညိုဟာ တခြားအချိန်တွေမှာ သာမန် သူလို ကိုယ်လို အေးအေးဆေးဆေးပဲ နေတတ်ပေမယ့် မိုးရွာရင်ပဲဖြစ်ဖြစ်၊ မိုးခြိမ်းသံကြားရင်ပဲဖြစ်ဖြစ် သူ့စိတ်တွေဟာ မငြိမ်မဖြစ်လာတော့တာပဲ။ ဆေးပညာအရတော့ စိတ်ကစဉ့်ကလျားဝေဒနာ (Schizophrenia) လို့ခေါ်တာပေါ့။ အဲဒီအတွက် သူ့ရဲ့အတိတ်က အကြောင်းအရာတွေကို ဆရာသိဖို့လိုအပ်လာတဲ့အတွက် မောင်ပြည်စိုးကို အခုလိုခေါ်တွေ့ရတာပါ''

ဒေါက်တာဝင်းကိုရဲ့စကားအဆုံး ပြည်စိုးက စိတ်မသက်သာစွာ သက်ပြင်းရှည်တစ်ခု ချလိုက်လေသည်။ စိတ်လှုပ်ရှားမှုကြောင့် မျက်နှာကို လက်နှင့်လည်း မကြာခဏပွတ်သုတ်နေချေ၏။

''ဆရာသိရသလောက် မောင်နေညိုမှာက ဆွေမျိုးရင်းချာ တစ်ယောက်မှ မရှိဘူးလို့ သိရတယ်''

''ဟုတ်ပါတယ် ဆရာ ... အခုအချိန်မှာ နေညို့အတွက် အနီးစပ်ဆုံး ဆွေမျိုးရင်းချာဆိုလို့ ကျွန်တော်တစ်ယောက်တည်း





ရှိတယ်လို့ ပြောရမှာပါဆရာ''

''ပြောပါ''

ဒေါက်တာဝင်းကိုက စိတ်မကောင်းဖြစ်သွားဟန်ရှိ၏။

''တကယ်တော့ ... ဒီအကြောင်းတွေကို စိတ်မကောင်းလွန်းလို့ ကျွန်တော် ပြန်မပြောချင်တာ အမှန်ပါဆရာ၊ ဒါပေမဲ့ ... အခုဆရာက ကုသရေးအတွက် လိုအပ်လာတယ်ဆိုတော့လည်း ကျွန်တော် ပြောပြပါ့မယ် ဆရာ၊ ဟုတ်ပါတယ် ... ဆရာပြောသလိုပါပဲ၊ နေညိုရဲ့အတိတ်က အဖြစ်အပျက်တွေဟာ မိုးရေတွေ မိုးစက်တွေနဲ့ ပတ်သက်နေပါတယ် ဆရာ၊ အဲဒါကြောင့် မိုးတွေရွာတိုင်း သူ့အတိတ်က ဒဏ်ရာက ပြန်နိုးထလာတတ်တယ်လေ''

ဒေါက်တာဝင်းကိုက ပြည်စိုးရဲ့စကားတွေကို စိတ်ပါဝင်စားစွာ စူးစိုက်နားထောင်လို့နေသည်။ သူနာပြုဆရာမလေးတစ်ဦးက သူတို့နှစ်ဦးရှေ့သို့ ကော်ဖီနှစ်ခွက် လာချပေးကာ ထွက်သွားသည်။

''ကော်ဖီသောက်ပါဦး မောင်ပြည်စိုး။ ကော်ဖီသောက်ရင်း အေးအေးဆေးဆေး ပြောကြတာပေါ့''

''ဟုတ်ကဲ့ ... ဆရာ''

ကော်ဖီခွက်က အငွေ့လေးတွေကိုငေးရင်း တစ်ချီတည်း



www.burmeseclassic.com

www.burmeseclassic.com



ပြောသလို ပြည့်စိုး၏ တိုးတိုးလေးရေရွတ်သံအား ဒေါက်တာဝင်းကိုက ကြားဖြစ်အောင်ကြားလိုက်သေးသည်။

"နေညို နေညို ... အခုထိ မိုးတွေရွာရင် မင်းငိုနေရတုန်းပဲလား သူငယ်ချင်းရယ်"

အတိတ်ကို သတိရသွားသော ပြည့်စိုး၏မျက်ဝန်းတို့သည် ဆွေးရိပ်မှိုင်းဖျော့လို့ သွားတော့သည်။ ဒေါက်တာဝင်းကိုတစ်ယောက် ပြည့်စိုးပြောသောအကြောင်းအရာများကြား မျောပါသွားတော့သည်။ နာရီတွေ နောက်ပြန်လည်ကုန်၏။ ကော်ဖီခွက်များကား အေးစက်လို့။

❋ ❋ ❋



## အခန်း (၁)

ရှင်သန်ချိန် တိုတောင်းသောဘဝကို သူကတော့ လှပီသစွာ အေးအေးဆေးဆေး နေထိုင်ဖြတ်သန်းချင်လာသည်။

ဝှိုက်ဘုတ် (White board) ဖြူလေးပေါ်တွင် သူစာရေးနေဆဲ ဘုတ်ဘုတ်နှင့်ညှိုလုံးတို့ထံမှ ကျွတ်စီ ကျွတ်စီ ဆူညံသံထွက်လာ၍ သူ တစ်ချက် လှမ်းငေါက်ရသေးသည်။ ကလေးနှစ်ဦးက သူ လှမ်းဟန့်လိုက်တော့လည်း မျက်နှာပိုးလေးတွေ ကိုယ်စီသတ်ကာ ငြိမ်သက်သွားကြလေသည်။

တကယ်တော့ ... နေညိုသည် ကျူရှင်ဆရာ မဟုတ်သလို ကျောင်းဆရာတစ်ယောက်လည်း မဟုတ်ချေ။ သူနှင့် အိမ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



တယ်လျှက်မှ နွမ်းပါးသော ကလေးငယ်နှစ်ဦးကို အခမဲ့ စာလာသင်ပေးခြင်းမျိုးဖြစ်သည်။ နွမ်းပါးသောမိသားစုဖြစ်သောကြောင့် ကလေးငယ်နှစ်ဦးအား ကျောင်းပင် အနိုင်နိုင်ထားရ၍ ဖြင်ပကျူရှင် မထားနိုင်ကြပါချေ။ အဲဒီအခါ ကလေးနှစ်ဦးမှာ စာမလိုက်နိုင်ကြ။ စာမလိုက်နိုင်သောအခါ ကျောင်းမပျော်တော့။ ကျောင်းစာတွင် စိတ်မပါကြတော့ ကျောင်းလစ်တတ်လာကြ၏။

တစ်နေ့ ကလေးနှစ်ဦး၏မိခင် မမြက ကလေးနှစ်ဦးကို ရိုက်နှက်ဆုံးမသံကြား၍ သူက ဝင်ရောက်တားမြစ်မိ၏။ ထိုအခါမှ မမြက ငိုကြီးချက်မ အကြောင်းစုံပြောပြတော့၏။ ကလေးနှစ်ဦးက တစ်ဦးက ငါးတန်း၊ တစ်ဦးက သုံးတန်း။ ကျောင်းမတက်၍ ကျောင်းမှ တိုင်စာရောက်လာမှ ဝမ်းရေးအတွက် ဈေးဗန်းခေါင်းရွက်ကာ အရပ်ဘကာလှည့် ဈေးရောင်းရရှာသော မိခင်က သိရလေသည်။ ကလေးငယ်နှစ်ဦးစလုံးရဲ့ ပါးစပ်က တူညီစွာ "ကျောင်းမနေချင်တော့ဘူး အမေ" ဟု ပြောလေတော့ မမြ ခင်ဗျာ ရင်ကျိုးရလေပြီပေါ့။

ထိုအခါမှ သူက ကလေးနှစ်ဦးအား ဘာကြောင့် ကျောင်းမနေချင်ရသည်ကို ချော့မော့မေးမြန်းရလေသည်။ ထိုအခါ ... ဘုတ်ဘုတ်နှင့်ညိုလုံးတို့က "ကျောင်းကသင်တဲ့စာတွေ တစ်ခုမှ





နားမလည်ဘူး ဦးဦးနေညို" ဟု တူညီစွာ ဖြေကြတော့သည်။ စိတ်မကောင်း ဖြစ်သွားမိ၏။

ထိုနေ့ကစပြီး ဘုတ်ဘုတ်နှင့်ညိုလုံးတို့အား သူ စာသင်ပေးခဲ့ခြင်းဖြစ်သည်။ အခုဆို ဒါတော်ပင် ဟုတ်နေလေပြီ။ သူတို့လေးတွေ ကျောင်းမှန်မှန်တက်လာကြလေသည်။ မမြက တဖွဖွကျေးဇူးတင်၍ ဆုံ။ ဒီနေ့တော့ သူတို့လေးတွေကို စာမသင်ပေးဘဲ ဖြင်ပဗဟုသုတအနေနှင့် ကဗျာလေးတစ်ပုဒ် သင်ပေးလေသည်။ ကျောင်းစာချည်း သင်နေလျှင် ကလေးတွေ ငြီးငွေ့လာနိုင်သည်ဟု သူကတော့ ယူဆသည်။ ပြီးတော့ သူတို့လေးတွေသည် ဗုဒ္ဓဘာသာဝင်ကလေးတွေ ဖြစ်သောကြောင့် သူ ဒီကဗျာလေးအား သင်ပေးလိုစိတ်ရှိခဲ့ခြင်းပင်။

ဇါတို့ဘုရား

ကဆုန်လပြည့် နေ့သောကြာ
ဘုရားဖွားတဲ့ နေ့မြတ်ပါ။
သက္ကရာဇ်မှာ ခြောက်ဆယ့်ရှစ်
သုံ့ခွေါမင်းဗ-စစ်။
မယာဒေဝီ မွေးမယ်တော်



www.burmeseclassic.com

www.burmeseclassic.com



ကဗိလဝတ် နေပြည်တော်
သာကီမျိုးနော် ထင်ရှားလှ
နွယ်တော် ဂေါတမ။
သိဒ္ဓတ္ထတဲ့ မည်နာမံ
ဆယ့်ခြောက်နှစ်မှာ ထီးနန်းစံ၊
နှစ်ဆယ့်ကိုးမှန် တောထွက်သွား
ခြောက်နှစ်ကျင့်တရား။
သုံးဆယ့်ငါးနှစ် ပြည့်လေတဲ့
တစ်ရာသုံးခုကြို
လပြည့်ကဆုန် ဗုဒ္ဓဟူး
ဘုရားဖြစ်တဲ့ နေ့အထူး
တရားဦးမြွက် ဓမ္မစက္က
ဝါဆိုလပြည့် တောစနေ
သက်ရှစ်ဆယ်လေး တိုင်အောင်ထိ
သတ္တဝါအကျိုး သယ်ပိုးခဲ့။
သောင်းထိုက်မှုကြီး တို့မြတ်စွာ
ဘုံသုံးပါးလုံး ထင်ရှားပါ။





လူ၊ နတ်၊ ဗြဟ္မာ လွန်ကျော်ကြား
ငါတို့ ဘုရား၊ ငါတို့ဘုရား။

သူက ဘုတ်ဘုတ်နှင့်ညိုလုံးတို့နှစ်ဦးအား ကဗျာလေးအား နှုတ်တိုက်ချပေးတော့ အားပါးတရ လိုက်ပြီးရွတ်ဆိုကြ၏။ ကဗျာလေးသည် ကာရန်မိကာ ရွတ်ဆိုကောင်းတာလည်းပါမည်ပေါ့။ ကဗျာ အနက် အဓိပ္ပာယ်ကိုလည်း သေချာရှင်းပြပေး၏။ ပြီးမှ သူက သူ့ လက်ရေးနှင့်ကူးထားသော ကဗျာစာရွက်လေးနှစ်ရွက်အား တစ် ယောက် တစ်ယောက်စီ ဝေပေးလိုက်ရင်း –

"ကဲ ... ဘုတ်ဘုတ်နဲ့ညိုလုံး၊ ဒီကဗျာလေးကို ဒီည ကျက်ရမယ်နော်၊ မနက်ဖြန် အလွတ်ရွတ်နိုင်ရမယ်နော်၊ မှန်အောင် ရွတ်နိုင်တဲ့လူကို မုန့်ကျွေးမယ်"

ဘုတ်ဘုတ်နှင့်ညိုလုံးတို့နှစ်ဦးစလုံးက ခေါင်းညိတ်ပြကြလေ ၏။

"အေ့ ... နေညို့ ကောင်လေး"

ဟူသောအသံနှင့်အတူ ဘုတ်ဘုတ်နှင့်ညိုလုံးတို့နှစ်ဦးရဲ့ ဖခင် ကိုဝင်းမောင်သည် လေးဘက်မထောက်ရုံတမယ် အိမ်ပေါ်သို့တက် လာတာတွေ့ရသည်။ ကိုဝင်းမောင်သည် အလုပ် ဘာမှမပြောဘဲ



www.burmeseclassic.com

www.burmeseclassic.com



အရက်သာ သောက်နေသူတစ်ဦးပင်။

"ဇွဲသားသမီးလေးတွေကို အခုလို စာသင်ပေးတာ ကျေးဇူး တင်တယ်ကွာ၊ ကောင်လေး .... အေ့"

သူ အသာပဲပြုံးရင်း –

"ကျွန်တော့်ကို ကျေးဇူးတင်ရင် အရက်လျှော့သောက်ပေါ့ ဗျာ" ဟုဆိုတော့ ကိုဝင်းမောင်က ရီဝေဝေလေးပြုံးရင်း –

"ဟ ... လျှော့သောက်တာပေါ့ ကောင်လေးရဲ့ လျှော့လွန်းလို့ ဒီမှာ စလွယ်တောင်သိုင်းထားတယ်လေကွာ၊ ဒီမှာ" ဆိုပြီး ပခုံးမှာ စလွယ်သိုင်းထားတဲ့ ပုဆိုးကို ပြတော့သည်။ သူ့ဟာသူတော့ ဟုတ်နေတာပဲ။

အင်း ... သူပြောတာလည်း မမှားပါဘူးလေ။

"ကဲ ... ဘုတ်ဘုတ်နဲ့ညိုလုံး ကဗျာလေးကို သေချာကျက်ထားကြနော်"

"ဟုတ်ကဲ့ ... ဦးဦးနေညို"

သူနာရီကိုတစ်ချက်ငုံ့ကြည့်ရင်း –

"ကဲ ကိုဝင်းမောင် ... ကျွန်တော်လည်း သွားမယ်ဗျာ၊ အဖေ့ဆိုင် ပြေးသိမ်းပေးရဦးမယ်ဗျ"





ဟု နှုတ်ဆက်တော့ ပုလင်းမော့နေသော ကိုဝင်းမောင်က လက်ကာပြနိုင်ရှာလေသည်။ စိတ်မသက်သာစွာ တစ်ချက်ကြည့်ကာ နေညိုထွက်ခဲ့တော့သည်။ ကောင်းကင်ကြီးသည် မိုးရိပ်ဆင်လို့နေချေပြီ။

အင်း ... မိုးကတော့ ရွာမယ့်ပုံပါပဲ။

❁

ဆိုင်ရောက်တော့ ဖခင်ဖြစ်သူအား မိုးမိမှာစိုး၍ ပြန်လွှတ်လိုက်ပြီး နေညိုတစ်ဦးတည်းသာ ဆိုင်သိမ်းနေလိုက်၏။ မိမိကလူငယ်မို့မိုလည်း ကိစ္စမရှိ၊ ပြီးတော့ အဖေ့မှာ လေးဘက်နာရှိတာလည်း ပါသည်။

ဖိုက်ဘာ (Fiber) ပလတ်စတစ်ပစ္စည်းဆိုင်လေးမို့ သိမ်းဆည်းရတာမြန်သည်။ သိပ်တော့ ဝန်မကျယ်လှချေ။ အမေရှိစဉ်က တော့ သူ ဆိုင်ကို လှည့်တောင်မကြည့်ခဲ့ပါ။ အမေဆုံးသွားတော့မှ ဆစ်ဦးတည်း မနိုင်မနင်းဖြစ်ရှာသောအဖေ့ကို သနားကာ သူ ကူညီပေးခြင်းပင်။ ဆိုင်သိမ်းအပြီး သော့ခတ်လိုက်စဉ်မှာပဲ မိုးက သည်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးမည်းကြီး စတင်ရွာသွန်းလေတော့သည်။ အဲဒီအချိန်မှာပဲ –

“နေညို”

ခေါ်သံကြောင့် သူ လှည့်ကြည့်လိုက်တော့ မိုးရေထဲမှာ သူငယ်ချင်းဖြစ်သူ ပြည့်စိုးကို တွေ့ရလေသည်။

“နေညို ... မိုးရေ ပတ်ချိုးရအောင် ထွက်ခဲ့လေကွာ”

မိုးသံလေသံကြောင့် ပြည့်စိုးက သူကြားအောင် အော်ပြောသည်။ ပြည့်စိုးစကားအား သဘောတူကာ မိုးရေထဲသို့ သူတို့ ထွက်လိုက်ခြင်းသည် သူမနှင့်သူ စတင်ဆုံစည်းမှု၏ အစသာ ဖြစ်လေသည်။

နှလုံးသားတစ်ခု၏ပိတ်ကားအဖွင့်သည် မိုးသည်းနေ၌ စတင်ခဲ့၏။

မိုးရေထဲလျှောက်သွားရသောဇိမ်သည် တကယ်နှစ်လိုဖွယ်ရာ အရသာတစ်မျိုးသာဖြစ်သည်။ ဘာနဲ့မှမတူ။ မိုးစက်တွေကို အေးလျလျ ခံစားချက်တစ်မျိုးကိုလည်း ပေးစွမ်းနိုင်သည်ဟု သူထင်သည်။

သူနဲ့ပြည့်စိုးတို့ ရေလျှံနေသော လမ်းမထက်ဝယ် ဆိုင်ကယ်ကို အရှိန်နဲ့ဖြတ်မောင်းကြသည်။ ထိုအခါ ရေပန်းများက ဖွာခနဲ လှပစွာ ဖွာထွက်လာသော ရေများနှင့်အတူ သူနဲ့ပြည့်စိုး ကလေးငယ်လေးများလို ပျော်ရွှင်စွာ ဟစ်အော်မိကြလေသည်။ မိုးတွင်းမှာ





လေသည့်မိုးလားမသိ နေညိုသည် မိုးစက်များကို နှစ်သက်လေသည်။

သူနဲ့ပြည့်စိုးရဲ့ တူညီသောအကျင့်တစ်ခုက မိုးသည်းလာရင် မိုးရေမချိုးရရင် မနေနိုင်ကြခြင်းဖြစ်လေသည်။ ငယ်စဉ်ကဆို ဖင်ချွတ်၍ ကိုယ်လုံးတီးလေးတွေနှင့် ကော်ဘောလုံးလေးကို မိုးရွာထဲ ကန်ခဲ့ကြသည်။ သိပ်ကြာလာတော့ မိဘများက တုတ်တစ်ချောင်းနှင့် လိုက်ခေါ်ရတော့သည်။

ပြည့်စိုးသည် သူ့ရဲ့ တစ်ဦးတည်းသော ငယ်ပေါင်းကြီးဖော် သူငယ်ချင်းတစ်ဦးပင်။ ညီအစ်ကိုအရင်းသဖွယ် ဖြစ်နေကြလေသည်။

“ပြည့်စိုး ... မြို့အထွက်တောင်ဘက်ကို မောင်းကွာ”

ရှေ့က မောင်းနေသောပြည့်စိုးကလည်း နှစ်ခါမပြောရ။ ဆိုင်ကယ်လေးကို မြို့လေးရဲ့တောင်ဘက်အရပ်ဆီ ဦးတည်လိုက်လေသည်။ မိုးက သည်းလွန်း၍ မိုးမှောင်ကျသလိုပင် ဖြစ်နေသည်။ လျှပ်များက ဝင်းခနဲပြက်ကာ ကျယ်လောင်စွာ မိုးခြိမ်းသည်။ အင်း ဒီမိုးက ခြိမ်းလည်းခြိမ်းသည်၊ ရွာလည်းရွာ၏။ ခြိမ်းတဲ့မိုးက မရွာဘူးဆိုတာ မမှန်ပါလား။

မိုးမှောင်ကျနေသောကြောင့် ဆိုင်ကယ်ရှေ့မီး ဖွင့်ထားရလေသည်။ သူနဲ့ပြည့်စိုးသည် မြို့လေးရဲ့တောင်ဘက် မြို့အထွက်



www.burmeseclassic.com

www.burmeseclassic.com



သို့ပင် ရောက်နေခဲ့ပြီ။ အဲဒီအချိန်မှာပဲ ဆိုင်ကယ်မီးရောင်ရှေ့ မိုးသည်းထဲမှာ ကောင်မလေးတစ်ဦး လက်ပြတားနေသည်ကို မြင်လိုက်ရလေသည်။

မိုးသည်းထဲမို့ ရုတ်တရက် ဘယ်သူဘယ်ဝါ မကွဲပြား။ ပြည်စိုးက ဆိုင်ကယ်ကို ရပ်တန့်လိုက်လေသည်။ ထို့နောက် မိုးရေထဲမှ သူတို့ဆိုင်ကယ်အား လက်ပြတားသူကို မြင်လိုက်တော့ ပြည်စိုး မျက်လုံးပြူးကျယ်သွားချေ၏။

"ဟင် . . . ရွှေစင်"

ပြည်စိုးရဲ့ အာမေဋိတ်သံကြောင့် သေချာကြည့်မိတော့မှ အဲဒီမိန်းကလေးသည် ပြည်စိုးရဲ့ မောင့်နှမပိုင်ရှင် ရွှေစင်ဆိုသော ကောင်မလေးဖြစ်နေလေ၏။ ပြည်စိုးရော ကောင်မလေးပါ တစ်ဦးနှင့်တစ်ဦး အံ့အားသင့်စွာ မင်သက်နေကြလေသည်။

"ရွှေစင် . . . ဘယ်လိုလုပ် ဒီနေရာကိုရောက်နေတာလဲ ဟင်"

ပြည်စိုးအမေးစကားအဆုံး –

"ဂျိမ်း"

ကျယ်လောင်စွာ မိုးခြိမ်းသည်။





"အမေ့"

ကျယ်လောင်သောမိုးခြိမ်းသံကြောင့် "အမေ့" ဆိုသော စိုးရွံ့သံလေးကို ကြားလိုက်ရလေသည်။ ရွှေစင်ဆီမှမဟုတ်။ သူကြည့်လိုက်တော့မှ ပြည်စိုးကောင်မလေးရွှေစင့်အနားမှာ မိုးရေတွေ ရွှဲစိုတုန်ယင်နေတဲ့ လှပသောကြောင်ရုတ်မလေးတစ်ကောင်ကို သူ စတင်တွေ့ရှိခဲ့ခြင်း ဖြစ်လေသည်။

မိုးခြိမ်းသံကို စိုးရွံ့စွာ နားလေးနှစ်ဖက်ကိုလည်း သူမ၏ ဖြူသွယ်သွယ် လက်ကလေးများဖြင့် အုပ်ကာ ထားရှာ၏။ လေအဝေ့မှာ ခန္ဓာကိုယ်လေးသည်လည်း တဆတ်ဆတ် တုန်ယင်နေရှာသည်။

"ရတီကြောက်တယ် ရွှေစင်"

တုန်ယင်သော ထိုစကားသံလေးသည် သူမဆီမှ သူ စတင်ကြားရသော စကားသံလေးဖြစ်လေသည်။

"ဘာ . . . အခုမှကြောက်မနေနဲ့ရတီ၊ မြို့ထဲနီးနီးနားနားလေးပဲ စီးပါဆိုတုန်းကတော့ ပြောမရဘဲနဲ့ . . . ဟွန်း"

"ဒီလိုဖြစ်မယ်မှန်း ရတီမှ မသိတာလို့"

ငိုမဲ့မဲ့နှင့် ကလေးဆန်သော သူမပုံစံလေးကြောင့် သူ့ မြီးရေ



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ ပြုံးမိရလေသည်။ ခေတ်ရဲ့အဆင်အပြင်နှင့် သူမသည် အတော်လှတာတော့ အမှန်ပင်။

"ဆိုင်ကယ်ပျက်သွားလို့ ပြည်စိုးရယ်၊ ရတီပေါ့၊ ခြော် ... မိတ်ဆက်ပေးရဦးမယ်၊ သူက ရွှေစင်ရဲ့ညီမဝမ်းကွဲ ရတီမိုးမြင့်တဲ့ သူက ရန်ကုန်မှာနေတာလေ၊ ဒီနေ့မှ ရန်ကုန်ကနေ ဒီကို ခဏ အလည်ပြန်လာတာလေ၊ အဲဒါ မိုးရွာထဲ ဆိုင်ကယ်စီးချင်တယ့်ဆိုတာနဲ့ ဆိုင်ကယ်ထွက်စီးကြတာ၊ စီးနေရင်း ဆိုင်ကယ်က ဘာဖြစ်တယ် မသိဘူး။ ထိုးရပ်သွားတာ ပြည်စိုးရဲ့၊ ကူညီပါဦးနော်"

"ကဲ နေညို ... မင်းကြားတဲ့အတိုင်းပဲ၊ အဲဒီတော့ မင်းလည်း ငါ့ကိုကူညီဦး"

ပြည်စိုးစကားအဆုံး ရွှေစင်နဲ့ရတီဆိုတဲ့ မိန်းမချောလေး အကြည့်က သူ့ထံ ဝဲခနဲ။ ရွှေစင်နဲ့သူက ပြည်စိုး တစ်ခါမိတ်ဆက်ပေး ထား၍ ဆုံဖူးကြပါသည်။ ပြည်စိုးနှင့်ရွှေစင် ရည်းစားတော့ရည်းစား ရှင်းအောင် ပြောရရင်တော့ လူသိမခံဝံ့သေးသော တိတ်တိတ်ပုန်း ရည်းစားတွေပေါ့။

ဆိုင်ကယ်ကိုစစ်ကြည့်တော့ ပလပ်ခေါင်း ရေစိုသွားခြင်းပင်။ ဒီမိုးနှင့်တော့ ပလပ်ခေါင်း ရေခြောက်အောင်လုပ်ဖို့ မလွယ်ပေ။





ထို့ကြောင့် ... သူကပဲ အစီအစဉ်တစ်ခု ခွဲရလေသည်။ သူ့အစီအစဉ်က သူတို့ဆိုင်ကယ်နှင့် ပြည်စိုးက ရွှေစင်နှင့်ရတီကို လိုက်ပို့၊ သူကတော့ ပျက်နေသောဆိုင်ကယ်နှင့် မြို့ပြင်မှာ ကျန်ခဲ့မည်ပေါ့။ ပြီးမှ ပြည်စိုးက သူ့ကိုလာခေါ်။ အဲဒီအခါမှ ပျက်နေသော ဆိုင်ကယ်အား သူမတို့ဆီ အရောက်ပြန်ပို့ရန် ဖြစ်လေသည်။

သူ့စကားအဆုံး လှပသောကြွက်စုတ်မလေးက တစ်ချက်တော့ လှမ်းကြည့်လေသည်။ ထိုအကြည့်ကြောင့် အခုအရွယ်အထိ အေးအေးငြိမ်သက်နေသော သူ့နှလုံးသားသည် လှုပ်လှုပ်ရှားရှား လှုပ်လှုပ်လာသည်ကို သတိပြုမိ၏။

"ဖြစ်ပါ့မလား နေညို"

ပြည်စိုးက လှမ်းရယ်နေသေးသည်။ ချမ်းရတဲ့ကြားထဲ၊ မဖြစ်တော့ရော သူက စောင့်ပေးမှာကျလို့။ ဝေးသေး၊ ချိုးချမ်းအောင် ကြောက်တတ်တာ ကမ္ဘာသိ။

"ရပါတယ်ကွာ သွားပါ"

အရာရာ၌ မိမိကသာ အနစ်နာခံလိုသောစိတ်ဓာတ်သည် နေညို၏ မွေးရာပါသန္ဓေလေးတစ်ခုသာဖြစ်၏။

"ကျေးဇူးပဲနော် နေညို"



www.burmeseclassic.com

www.burmeseclassic.com



ရွှေစင်က ကျေးဖုးကို ပါးစပ်နှင့်ဖော်ဟုတ်သော်လည်း သူမကတော့ မဲ့မဲ့ရဲ့ အကြည့်လေးတစ်ချက်နှင့်ဖော်ပြ၏။ ပကတိနီးပါး ရေရိုအလှတရားတို့သည် စွဲမက်ဖွယ်။

"ရပါတယ် ရွှေစင်၊ သူစိမ်းတွေမှမဟုတ်တာဗျာ"

အဓိပ္ပာယ်ပါသော သူ့စကားကြောင့် ပြည့်စိုးရော ရွှေစင်ပါ ပြုံးသွားကြလေ၏။ သူကတော့ အခုထိ ခေါင်းငုံ့ကာ တဆတ်ဆတ် တုန်နေသော ကြွက်စုတ်မလေးကို မိုးရေထဲ ခိုးငေးမိလေသည်။

"ဩော် . . . ခဏ"

သူ့အပေါ်ထပ်ဂျာကင်အား အလျင်အမြန် ချွတ်လိုက်သည်။

ပြီးတော့ . . . ရတီဆိုတဲ့ကောင်မလေးအနား လျှောက်သွားပြီး –

"ရော့ . . . ဒီဂျာကင်လေး ထပ်ဝတ်သွားလိုက်၊ မင်းအတွက် အချမ်းဒဏ်နည်းနည်းတော့ လျော့သွားမှာပါ"

"အို . . . နေပါစေ"

အစောက ဆိုင်ကယ်ကြည့်ပေးနေစဉ်က ပြည့်စိုးက သူ့အပေါ်ထပ်ဂျာကင်အား ရွှေစင့်အား ဝတ်ထားစေခဲ့သည်။ ထို့ကြောင့် ရွှေစင်က အခုထိ ပြည့်စိုးရဲ့ဂျာကင်အား လွှမ်းခြုံထားဆဲပင်။ သမီး





ရည်းစားတွေကိုးနော့။

"ဝတ်သွားပါ၊ ပြီးတော့ . . . ပြည့်စိုးနဲ့ ပြန်ထည့်ပေးလိုက်ပေါ့"

"ဟုတ်သားပဲ ရတီရယ်၊ ဝတ်ခဲ့လိုက်ပါ၊ ဆိုင်ကယ်စီးရင် လေးတိုးဦးမှာ"

ရွှေစင်ကပါ ဝင်ပြောတော့မှ သမင်မျက်လုံးလေးနှင့် သူ့ကို မဲ့မဲ့လေးကြည့်ကာ . . .

"ဟုတ် . . . ကျေးဇူးပဲနော် နေညို" ဟု တိုးတိုးလေး ဆိုပါ၏။ ထို့နောက် လက်ပိုက်လျက် တစ်ဆတ်ဆတ်တုန်နေသော ကြွက်မလေးကို သူကပဲ ဂျာကင်အား အတတ်နိုင်ဆုံး ရေစင်အောင် ညှစ်ကာ လွှမ်းခြုံပေးလိုက်လေသည်။

လျှပ်အပြက်မှာ သူမက ဖျတ်ခနဲ မော်အကြည့်၊ အကြည့်တို့ အဒင်္ဂထိတွေ့ဆုံစည်းလို့ သွားကြသည်။ ရင်ထဲ နွေးရှလို့သွားတာမှ ချမ်းနေသည်ပင် မေ့ချင်သယောင်။ မင်း သိပ်လှတယ် ကြွက်စုတ်လေးရယ်။

မိုးရေထဲ၌ တစ်ဦးတည်းကျန်ခဲ့သောသူ့အား ပြည့်စိုး ဆိုင်ကယ်နောက်က သူမက တစ်ချက်မျှ လည်ပြန်ကြည့်သည်။ သူ



www.burmeseclassic.com

www.burmeseclassic.com



ယှဲယှဲလေးပြုံးပြတော့ သူမက ချက်ချင်း အကြည့်လွှဲသွားလေတော့၏။ ဆိုင်ကယ်မီးနီလေးက ဝေးလို့သွားလေပြီ။ မိုးမှောင်ထဲမှာ သူတစ်ယောက်တည်း။

အကြင်နာအကြည့်လေးအကြောင်းတွေးမိတော့ ရင်သည် နွေးခနဲပါ။

❀ ❀ ❀

## အခန်း (၂)

နီးနီးချင်း ပထမဦးစွာ ညက အင်္ကျီချွတ်ကလေးနှင့် သေချာ ကိုရိုတ်ထားသော ဂျာကင်လေးကို ကြည့်ကာပြုံးမိလေသည်။ ဂျာကင် လေးရေ မင်းကိုတော့ ငါ ဘယ်တော့မှ ဝတ်ဖြစ်တော့မှာ မဟုတ်ပါ ဘူးကွာ။

"ဟော့ကောင် ...အင်္ကျီကြီးကြည့်ပြီး ဘာပြုံးဖြီးဖြီးကြီး လုပ်နေတာလဲ"

ရုတ်တရက် နောက်ကျောဘက်ဆီမှ ပြည့်စိုးအသံကြောင့် သူက တုန်တက်လို့သွားရသည်။ ပြည့်စိုးက နေညိုရဲ့အိပ်ရာပေါ် ထိုင်လိုက်ရင်း -



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲနေညို ... မင်း ကြွေသွားပြီမို့လား ငါ့ကောင်"

"ဘာ ကြွေရမှာလဲ၊ ကြွေရအောင် ငါက သစ်သီးမှ မဟုတ်တာ"

"အင်းလေ ... အဲဒါဆိုလည်း ပြီးတာပါပဲ၊ သြော် ... ငါ အခု မင်းဆီထွက်လာတော့တောင် လမ်းမှာ ရွှေစင်နဲ့ရတီကို တွေ့ခဲ့သေးတယ်၊ ရတီကတောင် မင်းအကြောင်းတွေ မေးနေသေးတယ်"

ရတီဆိုတဲ့အမည်လေး ကြားရရုံနဲ့ ရင်ခွင်သည် လှိုင်းထန်လို့လာရလေသည်။ ခုတင်ပေါ် ဆွေ့ခနဲ ခုန်တက်လိုက်မိသည်။

"ဘာ ... ဘာတွေ မေးတာလဲဟင် ပြည်စိုး"

ဟန်မဆောင်နိုင်စွာ နေညို၏ ပြာလတောက် အမူအရာကြောင့် ပြည်စိုးက 'တဟားဟား' အော်ရယ်လေသည်။ ပြီးမှ ရုပ်တည်ကြီးနှင့်။

"ဒီလိုပါပဲကွာ ... မင်းကလည်း။ သိချင်မနေစမ်းပါနဲ့ကွာ"

"ပြည်စိုး ... မင်းပြောမှာလား၊ မပြောဘူးလား"

"ရုပ်မကြိုက်လို့ မပြောဘူးကွာ"

"အေး ... မပြောရင် ရိုက်တယ်ကွာ"

ပြောပြီး နေညိုက ဖက်လုံးကြီးနှင့်ပြည်စိုးခေါင်းအား





'တအုန်းအုန်း' ကွေးလေတော့သည်။ ထိုအခါကျမှ ပြည်စိုးက လက်နှင့်ကာရင်း –

"ဟား ... ဟော့ကောင် နေညို၊ ခေါင်းမူးတယ်ကွ၊ ပြောမယ် ... ပြောမယ်"

ဟု ငြိမ်းချမ်းရေးစစ်ပြေငြိမ်းရလေတော့သည်။

ပြောမယ်ဆိုပြီး ပြည်စိုးက 'အဟမ်း ဟမ်း' တွေ လုပ်နေသေးသည်။ ပြီးမှ –

"မင်း နေမှကောင်းရဲ့လားတဲ့၊ မိုးရေထဲမှာ အကြာကြီးဆိုတော့ အအေးမိပြီး ဖျားများဖျားနေသလားတဲ့၊ အဲဒါပဲ မေးတာပါ"

ပြည်စိုးစကားအဆုံး သူ ပီတိဖြစ်စွာ ပြုံးမိသည်။ ကြွက်စုတ်လေးက ဒီလိုတော့လည်း စိုးရိမ်တတ်သေးပါလား။

"အဲဒီရုပ်ကြီးက ဘာဖြစ်နေတာလဲ၊ နွားအိုကြီး သွားဖြီးနေတယ်ဗျို့"

ပြော ကြိုက်တာပြော။ ဒီအချိန်မှာ သူ မနာနိုင်။

"အဲဒါနဲ့ မင်းက ဘာပြန်ပြောလိုက်လဲဟင် ပြည်စိုး"

"ဘာပြောရမှာလဲ ... မင်းမှ ဘာမှမဖြစ်တာ၊ ခေါင်ခေါင်ကိုနည်းလို့လို့ ပြောလိုက်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကွာ . . . နည်းနည်းပါးပါး သနားအောင်လို့ ဖျားနေတယ် ဘာညာတော့ မပြောလိုက်ဘူး"

"နေညို . . . မင်း ရတီကို ကြွေသွားပြီလား" ဟု ကောက်ခါငင်ကာ ပြည်စိုးမေးတော့ သူနိုးလူမိသလို သူ ဆွံ့အကြောင်အမ်းလို့ သွားရသည်။ ဆွံ့အသွားတဲ့နေညိုကို ကြည့်ရင်း ပြည်စိုးက လေးနက်စွာ ပြောသည်။

"ချစ်စရာကောင်းလို့ ချစ်သွားတာ အပြစ်မရှိပါဘူး နေညိုး ဒါပေမဲ့ လွယ်တော့မလွယ်ဘူးနော် နေညို။ သူက မိုးမခပွဲရုံပိုင်ရှင် ဦးမိုးမြင့်ရဲ့ တစ်ဦးတည်းသောသမီး။ ပြီးတော့ သူ့အမေအကြောင်းလည်း မင်းသိတဲ့အတိုင်းပဲ၊ သာမန် တော်ရုံတန်ရုံ လူထင်တာ မဟုတ်ဘူး။ အဲဒါကြောင့်မို့လည်း သူ့သမီးကို အထက်တန်းကျောင်းသူဘဝကတည်းက သူ့ဆွေမျိုးတွေရှိတဲ့ ရန်ကုန်ကို ပို့ထားတာပေါ့"

ဟုတ်မှာပါ။ ပြည်စိုး ရွှေစင့်ကို ပိုးစဉ်ကတည်းက ဒေါ်မြသစ်ဆိုတဲ့ ရွှေစင့်အဒေါ်၊ ရတီ့အမေကိုတော့ အသေလန့်လေသည်။ မျက်နှာက မော့ချိုးခက်ထန်နေတာများ တော်ရုံတော်ရုံလူ ဖျားသွားလောက်သည်။ သူ့မျက်လုံးထဲ ဒေါ်မြသစ်ဆိုတဲ့အမျိုးသမီးကြီးရဲ့ မျက်နှာအား မြင်ယောင်လာမိသည်။ အူး ဒါကြီးက ရတီ့အမေတဲ့လား





ကာတွန်းတွေထဲကလို တိန် ဆိုပြီးသော နောက်ပြန်လဲပစ်ချင်တော့သည်။ မိုးနဲ့မြေပါပဲလား ရတီရယ်။

"မင်းကလည်းကွာ . . . ရုပ်ကြီးက ဘာဖြစ်သွားတာလဲ၊ ဒါက မင်းသိထားရအောင်လို့ ပြောပြတာပါ၊ မင်းက တစ်ခါမှလည်း ရည်းစားမထားဖူးတော့ အလဲလဲ အကွဲကွဲ ကျန်ခဲ့မှာတော့ ငါစိုးရိမ်တာ အမှန်ပဲ နေညို၊ ငါ့အမြင်ပြောရရင်တော့ မင်းနဲ့ရတီက ဝိတ်တန်းမတူဘူး နေညို၊ ရိုးသားအေးဆေးတဲ့ ငါ့သူငယ်ချင်းအသည်းလေး တက်တက်ကွဲသွားမှာတော့ ငါ စိုးရိမ်တယ် နေညို၊ တိုးသင့် မတိုးသင့် မင်း စဉ်းစားပေါ့။ မင်းဆက်တိုးမယ်ဆိုရင်လည်း ငါနဲ့ ရွှေစင်ကတော့ မင်းဘက်က အမြဲရှိနေမှာပါ နေညို"

ပြည်စိုးစကားကြောင့် အားတက်ရလေသည်။

"အေးပါကွာ . . . ကျေးဇူးတင်ပါတယ်"

"ကဲ . . . မျက်နှာသွားသစ်ကွာ၊ တီးသွားခွဲရအောင်"

မျက်နှာသစ်ရန် ထွက်ခဲ့သော်လည်း စိတ်တို့သည် အစောကလောက် မလတ်ဆတ်တော့သလိုပါ။ မျက်စိထဲမှာ မိုးရေထဲက ကြွက်စုတ်မလေးရဲ့ မျက်နှာလေးသာ ဝဲလှည့်လို့နေ၏။ ခက်တော့နေပါပြီ။ နလုံးသားဆိုတာ စွဲထင်နေတဲ့ ပုံရိပ်တွေကို Delete လုပ်လို့



www.burmeseclassic.com

www.burmeseclassic.com



ရှင် ဘိပ်ကောင်းမှာပဲနော်။ အခုတော့ ရတီရယ်။

မြင်မြင်ချင်း ချစ်မိသွားတဲ့ ကိုယ့်နှလုံးသားကို ကိုယ်တိုင် အံ့ဩရလောက်အောင်ကို ကိုယ် မင်းကို ချစ်သွားမိခဲ့ပြီပေါ့။

လက်ဖက်ရည်ဆိုင် ထိုင်ကြတော့လည်း ငေးငိုင်နေတဲ့ သူ့ကို ကြည့်ကာ ပြည်စိုးက တထစ်ချ ကောက်ချက်ဆွဲလေတော့သည်။

"သေချာပြီ နေညို၊ မင်းရတီကို ချစ်သွားပြီ" တဲ့။ ပြည်စိုး စကားကို လုံးဝကို သူမငြင်းမိပါ။ ပြည်စိုးက ရယ်ဟဟာမျက်နှာနှင့် ဆက်ပြောသည်။

"မင်းနဲ့ငါလည်း ရေစက်ရယ်မကုန်ဆိုတာလို ဖြစ်နေပြီ နေညို"

"ဘာလို့လဲကွ"

"မင်းစဉ်းစားကြည့်လေ၊ မွေးကတည်းက အခုအချိန်ထိ လည်း သူငယ်ချင်း။ ဟော . . . အခုတော့ မယားညီအစ်ကိုပါ ထပ် တော်ရမယ့်ကိန်း"

ပြည်စိုးစကားကြောင့် သူ သဘောကျစွာပြုံးမိသည်။ စိတ် တက်တယ်ဆိုတာ ဒါမျိုးနေမှာ။ ဘယ်သူမဆို စိတ်ကူးနဲ့တော့ ရှုံး ရှိတာပဲလေ။ ဟုတ်တယ်ဟုတ်။





ရတီသည် သူမ ရက်ရှည်လများ ရှင်သန်နေထိုင်ခဲ့ရသော ရန်ကုန်မြို့ပြရဲ့ မနက်ခင်းမြင်ကွင်းများနှင့် ခြားနားလှသော မြို့လေး၏ မနက်ခင်းလေးအား သူမ အခန်းပြတင်းတံခါးဝမှတစ်ဆင့် ငေးမောနေ မိလေသည်။

ဤမြို့လေးသည် ဘာပဲပြောပြော ရတီ၏ မွေးရပ်မြေ ဇာတိ မြို့ကလေးပဲလေ။ ဤမြို့လေးကို ရတီချစ်သည်ပင်။

"ရတီ . . . အန်တီသစ်က မနက်စာစားဖို့ ခေါ်နေတယ်"

ရွှေစင့်ခေါ်သံကြောင့် ရတီရဲ့အတွေးစကို ပြတ်တောက်၍ သွားရသည်။

"ဪ . . . လာပြီရွှေစင်"

နက်စာကော်ဖီဝိုင်းတွင် မိသားစု စုံစုံညီညီ တွေ့ရလေသည်။

"ရတီ . . . ကျောင်းပိတ်ရက်လေးမှာ သင်တန်းလေး တစ်ခုခု တက်ပြီး အကျိုးရှိရှိ အသုံးချပါလား သမီးရယ်၊ ဘာလို့ ဒီဖုတ်ထုထူ သောမြို့လေးမှာ လာပြီး အချိန်ဖြုန်းနေရတာလဲ"

"ဟို . . . သမီး ဒီကျောင်းပိတ်ရက်ကလေးကိုတော့ ဒီမှာပဲ အေးအေးဆေးဆေး နေပါရစေ မေမေရယ်"

"ဟုတ်သားပဲကွာ . . . မင်းကလည်း၊ သူ့ခမျာ ဘာစ်နှင့်နေလို့



www.burmeseclassic.com

www.burmeseclassic.com



တစ်ခေါက်တောင် ပြန်လာရရှာတာမဟုတ်ဘူး။ ဒီကျောင်းပိတ်ရက်လေးတော့ နေပါစေကွာ"

ဖေဖေက ရတီဘက်ကဝင်ပြောတော့ မေမေက ဖေဖေ့ကို မျက်စောင်းချိတ်လေသည်။ မေမေ ဒေါ်မြသစ်သည် ရန်ကုန်သူတစ်ဦး ဝီဝီ အမြဲ Active ဖြစ်ကာ စိတ်မြန်လက်မြန်ရှိပြီး ထက်မြက်သော အမျိုးသမီးတစ်ဦးဖြစ်လေသည်။ ဖေဖေကတော့ စီးပွားရေးလုပ်ရာတွင် ဖွဲ့ရှိပြီး သာမန်အချိန်များတွင်တော့ ခပ်အေးအေးသာ နေလေ့ရှိသူပင်။

မေမေက ရတီအား ရန်ကုန်သို့ မြန်မြန်ပြန်ကာ သင်တန်းတစ်ခုတက်စေချင်နေသည်။ ရတီကလည်း မပြန်လိုသေး။ မွေးရပ်မြေမြို့လေးတွင် အေးအေးဆေးဆေးနေချင်သေး၏။ ရန်ကုန်ကို ငြီးငွေ့နေတာလည်းပါသည်ပေါ့။ အဲသည်အချိန်က ဘာသင်တန်း၊ ညာသင်တန်းနှင့် သင်တန်းတွေ ပွစိထကာ ခေတ်မီသူတိုင်း သင်တန်းတစ်ခုခုမဟုတ် တစ်ခုတက်ကြသည့်ခေတ်။ ၂၀၀၅ ဝန်းကျင်ပေါ့လေ။

နှစ်ယောက်မဲမို့ မေမေက ဘာမှတော့ ဆက်မပြောတော့ပေ။ ကျေးဇူးဖေဖေဟု ရတီ့စိတ်ထဲမှ ကျိတ်၍ ဖေဖေ့အား ကျေးဇူးတင်လေသည်။

"ဖေဖေနဲ့မေမေ မနက်စာစားပြီးရင် ရွှေစင်နဲ့သမီး ဘုရားကို



ခဏသွားမယ်နော်၊ ဟို မရောက်တာလည်း ကြာပြီမို့ပါ"

ရတီ စကားအဆုံး မေမေက စူးခနဲ တစ်ချက်ကြည့်သည်။ ဖေဖေကတော့ "အေး သွားလေသမီး" ဟု ခွင့်ပြုလေသည်။ သူမ ပျော်သွား၏။ (ရှုရှဲပါပါ)

"သမီးကို မေမေ သတိပေးဦးမယ်၊ ရှုပ်ရှုပ်ယှက်ယှက်သံတွေ မေမေမကြားချင်ဘူးနော် ရတီ၊ တစ်ခုခုဆိုလို့ကတော့ ချက်ချင်းရန်ကုန်ပြန်ဖို့ အထုပ်ပြင်ရပြီသာမှတ်၊ သမီးခေါင်းထဲ စွဲစွဲမှတ်ထားဖို့က ဒီမြို့မှာ သမီးနဲ့တူတွဲတန်တဲ့ယောက်ျား တစ်ယောက်မှမရှိဘူးဆိုတာ မြဲမြဲမှတ်ထား။ ငါတောင် အ,လို့ ညည်းအဖေကိုယူမိတာ"

"ဟ ... ကလေးဆုံးမတာ ဘယ့်နှယ့် ငါပါ ပါလာရတာတုံး"

ဖေဖေနဲ့မေမေ့ဖြစ်အင်ကြောင့် ရတီရော ရွှေစင်ပါ ပြုံးစိစိလေးတွေ ဖြစ်သွားကြသည်။ မေမေသည် ဖေဖေနှင့်အကြောင်းပါ၍သာ ဒီမြို့လေးမှာ လိုက်နေရသော်လည်း ဒီလိုတောမြို့ကလေးတွင် ဆုံးဝနေချင်သူတစ်ဦးမဟုတ်။ အင်းလေ ... ရန်ကုန်သူစစ်စစ်တစ်ဦးအတွက်တော့ တောမြို့ငယ်လေးတစ်ခုဟာ ငရဲသဖွယ် ဖြစ်နေရှာမှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ရတီကတော့ ထိုသို့မဟုတ်။ ဒီမြို့လေးမှာ မွေးဖွားလာလို့လားတော့မသိ။ ရန်ကုန်ထက် ဒီမြို့လေးမှာ ပို၍ပျော်မိသည်။ ရန်ကုန်မှာထက် ဒီမြို့လေးက ရတီ့စိတ်တွေကို ပို၍ လွတ်လပ်ပေါ့ပါးစေသလိုလည်း ခံစားရ၏။ သို့သော်လည်း မေမေ့ကို မလွန်ဆန်နိုင်ဝံ့သော ရတီသည် အချိန်တန်ရင်တော့ ရန်ကုန်သို့ ပြန်ရမည်သာ ဖြစ်လေသည်။

အချိန်တွေရယ် ကျေးဇူးပြု၍ မကုန်ပါနဲ့ဦးနော်။ စည်းတွေဘောင်တွေထဲက ရတီ လွတ်လွတ်လပ်လပ်ကလေး နေချင်သေးလို့ပါ။ မနက်စာကို ခပ်သွက်သွက်လေးစားပြီးတော့ ရွှေစင်နှင့်ရတီတို့နှစ်ဦးသည် ဘုရားသို့ ထွက်ခဲ့ကြတော့သည်။ မရောက်တာလည်း အတော်ကြာခဲ့ပြီ မဟုတ်လား။

❀ ❀ ❀



## အခန်း (၃)

အဲဒီနေ့က ဖန်တီးမှုမပါသော ရိုးသားသောဆုံစည်းမှုမျိုးဖြင့် သူနှင့်ရတီသည် ဆုံစည်းခဲ့ကြခြင်းသာဖြစ်သည်။

မနက်ခင်းတိုင်း နေညိုနဲ့ပြည်စိုး ထိုင်နေကျလက်ဖက်ရည်ဆိုင်လေးမှ အထွက်တွင် ဖြစ်သည်။

“ဟာ ... ရွှေစင်နဲ့ ရတီ”

ပြည်စိုးအသံကြောင့် ဆိုင်ကယ်သော့ဖွင့်နေရာမှ သူ ငဲ့ကြည့်လိုက်တော့ အသက်ရှူဖို့ သူမေ့သွားသည်။ နေရောင်အောက်တွင် နှလုံးသားကို ဝင်ရောက်မွှေနှောက်နေသော ကြွက်ဖြူမလေးကို ကြည်ဝင်းသာမှုနဲ့အတူ နေညို တွေ့သည်။ သူ မင်သက်နေစဉ်မှာပင်

www.burmeseclassic.com

www.burmeseclassic.com



ရတီက သူ့ကို ဒ.ပြုံးလေးနဲ့ ခေါင်းလေးတစ်ချက်ဆတ် နှုတ်ဆက်လေသည်။ ထိုအခါမှ အသိဝင်လာကာ သူ ပြန်ပြုံးပြနှုတ်ဆက်ရတော့သည်။ ရင်ဘတ်သည် ကုလားဘုရားလှည့်နေသလို 'တဒုန်းဒုန်း'ပေါ့။ ဒီအရွယ်အထိ ဈေးဦးမပေါက်သေးသော နှလုံးသားပိုင်ရှင် သူ့အတွက်တော့ ခံစားချက်က အိုးတိုးအန်းတန်းကြီးဖြစ်လို့နေသည်။

မိုးသည်ထဲမှာ ဆုံစည်းခဲ့ရသော ရတီသည် အခုတော့ ရာသီဥတုနှင့်အပြိုင် ကြည်စင်လို့နေလေသည်။ သူမ အသားအရေက နေရောင်အောက်မှာ ဖြူနုဝင်းမွတ်နေသည်။

"ပြည်စိုးနဲ့နေညိုတို့ပါလား။ ဘယ်သွားကြမလို့လဲ"

ဟု ရွှေစင့်အမေးကို မျက်စိလျင်သောပြည်စိုးက သူမတို့ဆိုင်ကယ်ရှေ့ခြင်းထဲမှာရှိသော အမွှေးတိုင်၊ ဖယောင်းတိုင်ထုပ်တို့အား တစ်ချက်ဝေ့ကြည့်ပြီးမှ –

"ဘုရားသွားမလို့လေ ... ဒီနေ့ ကျွန်တော့်မွေးနေ့ဗျ"

ဟု ရုပ်တည်ကြီးနဲ့ရှီးလေ၏။ သူရော၊ ရွှေစင်ပါ ကြောင်သွားလေသည်။ ရွှေစင်ကိုတော့ သူတို့ချင်းနားလည်တဲ့ဘာသာစကားတစ်ခုနဲ့ ပြောလိုက်ပုံရ၏။ ရွှေစင်က 'ပြော်' ဆိုပြီး ငြိမ်ကျသွားတော့သည်။

"ဟုတ်လား ... ရတီတို့လည်း ဘုရားသွားကြမလို့၊ အတူသွားကြတာပေါ့၊ မွေးနေ့ရှင်ကြီးက ဘာကျွေးမှာလဲ ပြော"





ရန်ကုန်မှာအနေကြာသူမို့ သူမသည် ဖော်ရွေပွင့်လင်းပုံလည်းရ၏။ သူကတော့ ဂျပန်မလေးလို သွက်လက်စွာစကားတွေပြောလာသော နှုတ်ခမ်းဖူးလေးကို ငေးနေမိသည်။

"အဟား ... စားချင်တာကျွေးမှာပေါ့ဗျာ၊ ဒီလိုလုပ်လေ ... အခု ဘုရားသွားကြမယ်၊ ဘုရားကအပြန်ကျမှ တစ်ခုခုဝင်စားကြတာပေါ့"

ပြည်စိုး အစီအစဉ်ကို ကန့်ကွက်မဲမရှိ အတည်ပြုလိုက်ကြသည်။ ပြည်စိုးမောင်းသော ဆိုင်ကယ်နောက်က သူနှင့် ရွှေစင်မောင်းသောဆိုင်ကယ်နောက်မှ သူမ မကြာခဏ အကြည့်ချင်းဆုံဖြစ်ကြလေသည်။ လေအဝှေ့မှာ လွင့်ဝဲခါနေသော ဆံနွယ်လေးများအား သူ ကြာခဏ ငေးနေမိတာ ဝန်ခံရမည်ပင်။ ကျေးဇူးကမ္ဘာပါ ပြည်စိုးရာ။

ပေါင်းရသင်းရကျိုးနပ်လိုက်တဲ့ သူငယ်ချင်းကောင်းကြီး။ ဘုရားရောက်တော့ အလိုက်သိသောပြည်စိုးက ရွှေစင်ကို မသိမသာ အား မထုတ်သွားသည်။ ကိုယ့်အတွက်လား သူ့အတွက်လားတော့ မသိဘူးပေါ့လေ။ ဘုရားရိပ်သည် အေးချမ်းသည်ဆိုသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



နေညို ရင်ဘတ်ကတော့ ဗလောင်ဆူနေခဲ့လေသည်။

ရတီနဲ့အတူ ရင်ပြင်တော်ပေါ်တွင် အတူတွဲလျှောက်ရင်းမှ စကားပြောဖြစ်ကြလေသည်။ ငါးစာသွားကျွေးမယ်ဆိုပြီး ထွက်သွားတဲ့ ပြည်စိုးနဲ့ ရွှေစင်တို့ဆီ လိုက်သွားရင်းပေါ့။

"နေညိုက စကားနည်းတယ်နော်"

သူမဆီက စကားသံအဆုံး သူပြုံးမိ၏။

"ထင်လို့ပါ"

စကားစသည် ပြတ်သွားပြန်၏။ အတွေ့အကြုံမရှိသောသူ့ဘဝက ဘယ်လိုစရမှန်းမသိ ဆွံ့အနေလေ၏။

တစ်နေရာအရောက် သူမခြေလှမ်းကို ရပ်တန့်သွားကာ တစ်နေရာကို ငေးမောနေလေ၏။ သူ ကြည့်လိုက်တော့ ကလေးငယ်များ စုဝေး၍ ဆော့ကစားနေသည်ကို ရတီ ငေးနေခြင်းပင်။

"ရတီငယ်ငယ်က အဲဒီလို တစ်ခါမှ ကလေးပီပီ လွတ်လွတ်လပ်လပ် တစ်ခါမှ မကစားခဲ့ရဖူးဘူး နေညို။ ရတီမှာ အဲဒီလို ကစားဖော် သူငယ်ချင်းဆိုတာလည်း တစ်ယောက်မှမရှိခဲ့ဘူးလေ၊ ကြည့်ပါဦး သူတို့လေးတွေ ကစားနေလိုက်ကြတာ၊ ရတီတောင် သူတို့နဲ့အတူ ဝင်ကစားချင်စိတ်ပေါက်တယ် သိလား"





ပွင့်လင်းတဲ့သူမအပြောကို သဘောကျစွာ သူ ပြုံးမိလေသည်။ ပွင့်လင်းမှုဆိုတာ ရင်းနှီးခင်မင်ခြင်းရဲ့ ပြယုဂ်တစ်ခုပဲလေ။

မထင်မှတ်ဘဲ နေညိုသည် ရတီရဲ့အထီးကျန်ဆန်မှုကို ဖျတ်ခနဲ တွေ့လိုက်ရလေသည်။ ရတီ့အတွက် စိတ်မကောင်းဖြစ်သွားမိ၏။

သူမသည် အထီးကျန်ဆန်နေတဲ့ ရွှေဘုံစံမင်းသမီးလေး တစ်ပါးလေလားဟု တွေးမိသည်။ စည်းတွေ၊ ဘောင်တွေထဲက သူမဘဝကို စာနာသနားမိသည်။ ထိုနေ့က သိပ်လှသော ငှက်ကလေး တစ်ကောင်ကို လှောင်ချိုင့်လေးထဲတွင် သူတွေ့လိုက်ရခြင်းဖြစ်သည်။ ဘယ်ငှက်မှ လှောင်အိမ်ထဲပျော်မှာ မဟုတ်ဘူးလေ။

"နေညိုက သိပ်ကံကောင်းတာပဲသိလား။ ကိုယ့်မြို့လေးနဲ့ မိသားစုကို မခွဲမခွာနေရတယ်၊ ရတီကတော့ အထက်တန်းကျောင်းသူ ဘဝကတည်းက ကိုယ့်မြို့ ကိုယ့်မိသားစုနဲ့ခွဲပြီး အဝေးကြီးမှာနေခဲ့ ရတာ။ အဟင်း ... ကလေးဘဝကဆို မိုးတွေရွာရင် ရတီမှာ အိမ်ကို လွမ်းလို့ ငိုရတာအမော"

ဩော် ... သူ့စိတ်ထဲ တတ်အားသ၍တော့ သူမကို နှစ်သိမ့် ပေးလိုသည်မို့ –

"ပျော်ရာမှာ မနေ၊ တော်ရာမှာနေဆိုတဲ့စကားရှိတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



ရတီရဲ့၊ ဘယ်သူမဆို ကိုယ့်မွေးရပ်မြေဇာတနဲ့ ကိုယ့်မိသားစုကိုတော့ ဘယ်ခွဲချင်ပါ့မလဲ ရတီရယ်၊ ဟော ... လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဆိုရင်လည်း သူမွေးရပ်ဇာတိ နတ်မောက်မြို့လေး ကို ချစ်မှာပဲ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်ဆိုရင် လည်း ပန်းတနော်မြို့လေးကို ချစ်မှာပဲလေ၊ ဒါပေမဲ့ ခွဲသင့်တော့ ခွဲကြရတာပဲ မဟုတ်လား၊ ဗိုလ်ချုပ်ဆိုရင်လည်း ဂျပန်အထိတော သွားပြီး အဆင်းရဲခံ စစ်ပညာသင်ကြားခဲ့ရ၊ ဦးသန့်ဆိုရင်လည်း ပေါင်းထောင်ချီဝေးတဲ့ အမေရိကန်ပြည်က ကုလသမဂ္ဂရုံးချုပ်မှာ ရည်လျား တာဝန်ထမ်းဆောင်ခဲ့ရတာပဲလေ၊ တကယ်တော့ ရတီရ ... မိုင်တွေ ဘယ်လောက်ပဲဝေးဝေးပါ ကိုယ့်ရင်ဘတ်ထဲမှာရှိနေ နီးနီးလေးပါ ရတီရယ်''

နေညို စ ဘားအဆုံး ရတီက ထူးဆန်းတဲ့အကြည့်တစ် ဖြင့် သူ့ကို အံ့အားသင့်စွာကြည့်လေသည်။ ပြီးမှ ... အပြုံး နှင့် –

''နေညိုက တစ်ဖက်သားခံစားရသက်သာအောင် ပြော တယ်နော်'' ဟု တိုးဖွဖွလေးပြောတော့ ဝိတိဖြစ်ရလေသည်။

နှစ်ဦးသား တစ်ဦးကို တစ်ဦးကြည့်ကာ ကိုယ်စီပြုံး





လေသည်။ ကာလာကွဲနေတဲ့ သူတို့နှစ်ဦးကို တချို့က စူးစမ်းတဲ့ အကြည့်တွေနှင့် ကြည့်ကြ၏။ အင်းလေ သူ့ကာလာက ခပ်မှိန်မှိန်၊ ရတီ့ကာလာက ခပ်ရင့်ရင့်ကို။

''ရတီ စိတ်ဝင်စားမယ်ဆိုရင် မိုင်တွေ ဘယ်လောက်ခြားခြား ကိုယ်ချစ်တဲ့လူတွေ၊ ကိုယ်မြင်ချင်တဲ့မြင်ကွင်းတွေကို ကိုယ့်အနားကို ခေါ်ခေါ်တဲ့နည်းကို ကိုယ်ပြောပြမယ်လေ၊ သိချင်လား''

ဟုသူမေးတော့ သူမက သွက်လက်စွာ ခေါင်းလေးကိုညိတ် နှင်း –

''အင်း ... ရတီသိချင်တယ် ပြောပြ'' ဟု စိတ်ဝင်စားတဲ့ မျက်လုံးလေးများနှင့်ပြောလေသည်။ စိတ်ဝင်စားမှုကြောင့် မျက်ဝန်း သေးတွေ သည် တဖျပ်ဖျပ် ရှုးလှဲ့လို့လာသည်။ ခဏတော့ သူ့ကို ဆေးခနဲ ဖြစ်သွားစေလေသည်။

''လွယ်လွယ်လေးပါ ရတီရဲ့၊ ဥပမာ–ရတီက ရန်ကုန်မှာ ဆိုပါတော့၊ ဒီနေ့ ရတီနဲ့ကိုယ် တွေ့ခဲ့ရတဲ့အဖြစ်အပျက်ကို ရတီ ပြန်ခံစားချင်တယ်ဆိုပါစို့၊ တိတ်ဆိတ်တဲ့အခန်းတစ်ခုမှာ မီးတွေ အကုန်ပိတ်ပစ်လိုက်၊ မှောင်လေကောင်းလေပဲ၊ ပြီးရင် တိတ်ဆိတ်နေ တဲ့ အမှောင်ခန်းထဲမှာ ရတီ မျက်လုံးလေးတွေကိုမှိတ်ပစ်၊ စိတ်ကို



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်အောင်ထားပြီး ဒီနေ့ ကိုယ်တို့တွေ့ခဲ့တဲ့အဖြစ်အပျက်ကလေးကို စိတ်က တစိမ့်စိမ့်တွေးနေလိုက်၊ အဲဒါဆိုရင် ရတီ့စိတ်ထဲမှာ ကိုယ်တို့ ဒီနေ့တွေ့ခဲ့ရတာလေးကို ပြက်ပြက်ထင်ထင် မြင်လာပါလိမ့်မယ် ရတီ၊ အရေးကြီးဆုံးက ယုံကြည်မှုရယ်၊ စိတ်တည်ငြိမ်မှုရယ်၊ တိတ်ဆိတ်တဲ့ အမှောင်ခန်းရယ်ပဲ ရတီ၊ ကိုယ်လည်း ဆုံးသွားတဲ့ကိုယ့်အမေကို သိပ်သတိရလာတဲ့အခါ အဲဒီနည်းကိုသုံးပြီး အမေနဲ့တွေ့လေ့ရှိတယ် ရတီ၊ အဲဒီအခါ အမေက ကိုယ့်ဘေးကိုရောက်လာတတ်တယ်ရတီ"

"အို . . . နေညို့အမေက ဆုံးသွားပြီဟုတ်လား"

"ဟုတ်တယ် ရတီ၊ လွန်ခဲ့တဲ့တစ်နှစ်ခွဲလောက်ကပဲ ကိုယ့် အမေ ဆုံးသွားတာ"

နေညို့စကားအဆုံး ရတီ့ရဲ့မျက်နှာလေးမှာ ကရုဏာအရိပ် လေးတွေ ယှက်သန်းလို့သွားလေသည်။ ရတီ စိတ်မကောင်း ဖြစ်ရ ပုံရ၏။

"နေညို့က စိတ်ကူးအဆန်းလေးတွေရှိတယ်နော်၊ ပြီးတော့ တစ်ဖက်သားကို စိတ်ချမ်းသာအောင်လည်းပြောပြတတ်တယ်၊ စိတ် နေညို့ပြောတဲ့နည်းကို ရတီ အသုံးချဖြစ်မှာပါ၊ ရတီ့ကို အား စိတ်သက်သာအောင် အားပေးပြောပြတဲ့အတွက် နေညို့ကို ကျေးဇူးတင်ပါတယ်"





တကယ်တော့ရတီရယ် အားငယ်သူကို အားပေးတယ်ဆိုတာ လူတွေရဲ့အလုပ်ပါ။ ရတီမှမဟုတ်ပါဘူး နေညို့ဆိုတဲ့လူဟာ အားငယ်တဲ့ ဘယ်သူ့ကိုမဆို အားပေးချင်သူပါ။ သူ့ရဲ့ တစ်ခုတည်းသော ရည်ရွယ်ချက်ကလည်း လူပီသသောလူဖြစ်ချင်သည်လေ။ အိပ်မက် အကြီးကြီးတွေဆိုတာ နေညို့ဆိုတဲ့ ခပ်မှိန်မှိန်ကောင်လေးဆီမှာ ရှိမနေ ပါ။

ဘုရားကအပြန် သူတို့လေးဦး ဆိုင်လေးတစ်ဆိုင်တွင် အတူ စားသောက်ဖြစ်ကြ၏။ မွေးနေ့အတုဖန်တီးသော ပြည်စိုးကတော့ ပျော်ပြီး ဖွတ်လည်ပင်း ပြန်ပတ်သလို စားသောက်သမျှ သူပဲ ဒိုင်ခံရှင်း ချပါလေ၏။ ဘာပဲပြောပြော ရတီနဲ့ အတိုင်းအတာတစ်ခုအထိ ရင်းနှီး ခွင်လေးတော့ ရရှိခဲ့ပြီဖြစ်သည်။ ထို့အတွက် ကျေးဇူးတင်ထိုက်သူမှာ ပြည်စိုးဖြစ်လေသည်။

အပြန်နှုတ်ဆက်လမ်းခွဲကျတော့ ရတီနှင့်သူ အကြည့်ချင်း ဆုံမိသေးသည်။ ဒီတစ်ကြိမ်တွင်တော့ တစ်ဦးနဲ့တစ်ဦး ရှက်အမ်းခြင်း မျိုး မရှိလေတော့ပါ။ 'သွားပြီနော်နေညို' ဟု တိုးတိုးလေး နှုတ်ဆက် သွားသေး၏။



www.burmeseclassic.com

www.burmeseclassic.com



ပြည့်စုံချမ်းသာပြီး အထီးကျန်အားငယ်တတ်တဲ့ မိန်းမချော လေးကို သူ့ရဲ့စိတ်ဝင်စားမှုအရှိန်ကတော့ မြင့်တက်လို့လာပြီဖြစ်သည် မြင်မြင်ချင်းအချစ်ဆိုတာကြီးကို သိပ်မယုံကြည်ခဲ့သောသူသည် အခု ကိုယ်တိုင်ကြုံရတော့မှ ယုံကြည်ရလေတော့သည်။ ရတီအား မြင်မြင်ချင်း ချစ်သွားခဲ့ခြင်းမျိုးဖြစ်၏။ ဘာပဲပြောပြော မြင်မြင်ချင်း အချစ်က ဖြူစင်သည်ဟု နေညိုကတော့ ယူဆမိသည်။ စဉ်းစားကြည့် လေ၊ သူ ဘယ်သူ ဘယ်ဝါ၊ ဘယ့်အဆင့်အတန်း၊ ဘယ်ရာထူး ဘာတစ်ခုမှ သေချာစွာမသိရသေးတဲ့အချိန်မှာ ချစ်တဲ့အချစ်ဆိုတာ ရှင်းရှင်းလေးရယ်။

ချစ်လို့ကို ချစ်တာ။

❀ ❀ ❀



## အခန်း (၄)

ဘုတ်ဘုတ်နဲ့ညိုလုံးကို သူ စာသင်ပေးနေတဲ့အချိန်မှာပဲ ည့်စိုးက အရေးတကြီးပုံစံမျိုးဖြင့် ရောက်လာခဲ့လေသည်။

"နေညို ... ကိုတင့်ဆန်းကြီး ဆုံးသွားပြီကွ"

ပြည်စိုးစကားကြောင့် သူ အံ့အားသင့်သွားရလေသည်။ ခဲ့သည့် တစ်ပတ်ခန့်ကပင် သူ ကိုတင့်ဆန်းနဲ့ ဆုံခဲ့ရသေးသည်။ င့်ဆန်းက အရက်သမားတစ်ဦးဆိုသော်လည်း ပျော်ပျော်နေတတ် စ်ဦးပင်။ ပြီးတော့ ... မယ်ဒလင်လည်း အတီးကောင်းသဖြင့် ညိုနဲ့ ပြည်စိုးက သူ မယ်ဒလင်တီးပြီဆိုလျှင် ဘေးနားက ထောင်ကြလေသည်။ ကိုတင့်ဆန်းက အရက်သမားဆိုသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



မိသားစုကိုတော့ ဆိုက်ကားနင်းကာ ရှာဖွေကျွေးမွေးပါသည်။ မိသား
အတွက် လောက်ငှသောငွေရအောင် ရှာဖွေပြီးကာမှ ပိုလျှံသောငွေ
သူ အရက်သောက်လေသည်။ တစ်နေ့လုပ်မှ တစ်နေ့စားရသော
ချို့ငဲ့သော မိသားစုလေးအတွက်တော့ ကိုတင့်ဆန်းကို ဆုံးရှုံးခြင်း
သည် ရွှေတောင်ကြီးပြိုသလို ဖြစ်နေမည်ပင်။

နေညို့မျက်စိထဲတွင် ကိုတင့်ဆန်းရဲ့အမေ အမယ်အိုကြ
ကိုတင့်ဆန်းမိန်းမနှင့် အရွယ်မရောက်သေးသော ကလေးနှစ်ဦး
မြင်ယောင်ကာ စိတ်မကောင်းဖြစ်ရလေသည်။ စာနာမိသည်။ အရ
ဆိုသောအရာသည် ကိုတင့်ဆန်းကိုပါ သတ်သွားခြင်းမဟုတ် သူ
မှီခိုနေတဲ့ သူ့နောက်က ဘဝများစွာကိုပါ သတ်သွားလေပြီ။ လော
ဆိုတဲ့ခါးက အဲလို တစ်ခါတစ်ရံ တစ်ချက်တည်းနဲ့ အကုန်သတ်

"ဘယ်လိုဖြစ်ရတာလဲ ပြည်စိုးရာ"

နေညို့ စိတ်မသက်သာစွာ ပြည်စိုးအား မေးမိသည်။

"အမူးလွန်ပြီး လမ်းဘေးမှာ အိပ်ပျော်နေတာတဲ့ကွ၊
ကျ မထလို့သွားကြည့်ကြတော့ အသက်မရှိတော့ဘူးတဲ့ကွာ"

ဘုတ်ဘုတ်နဲ့ညို့လုံးတို့ကို ရေခိုင်းထားတဲ့ စာမျာ
ဆက်ရေးထားဖို့မှာပြီး သူနဲ့ပြည်စိုး ထွက်ခဲ့ကြသည်။





နေညို့နဲ့ပြည်စိုးသည် ဤမြို့ငယ်လေးရှိ နာရေးကူညီမှု
အသင်း၏ အဖွဲ့ဝင်လူငယ်များဖြစ်ကြသည်။ စိတ်တူ ကိုယ်တူ သူငယ်
ချင်းနှစ်ဦးသည် ပရဟိတလုပ်ငန်းများတွင် ပျော်မွေ့ကြ၏။ အထူး
သဖြင့် ပရဟိတလုပ်ငန်းများအားလုံးတွင် ဤလုပ်ငန်းသည် အမွန်မြတ်
ဆုံးဟု သူတို့နှစ်ဦးစလုံး တူညီစွာယုံကြည်ကြလေသည်။

ဈေးထဲရှိ အဖေ့ဆိုင်ကိုဝင်ပြီး အကျိုးအကြောင်းပြောပြတော့
အဖေက စိတ်လိုလက်ရယ် ပိုက်ဆံငါးထောင်အား ထုတ်ပေးလေ၏။
ထောင်တန်မရှိသေးသော အဲသည်ခေတ်က ငွေငါးထောင်သည်
နည်းငယ်တော့ များသည်ဟုဆိုရမည်ပင်။ လမ်းတစ်လျှောက်တွင်
တွံတေးစိုးအောင်၏ သီချင်းများအား မယ်ဒလင်လေးတစ်လက်နှင့်
သတ်လေ့ရှိသော ကိုတင့်ဆန်းကြီးအကြောင်း တွေးနေမိသည်။
ကိုတင့်ဆန်းကြီးဆိုနေကျ တွံတေးစိုးအောင်ရဲ့ 'လက်ကိုင်ပုဝါလေး
ကျန်ခဲ့တယ်' သီချင်းသံက နားထဲ ဝဲပျံ့လို့နေ၏။

"အောင်မယ်လေး ... ကိုတင့်ဆန်းရဲ့ ကျွန်မတို့သားအမိကို
ခဲ့ပြီလား ... ဟီး"

"သားကြီး ... အမေ့သားကြီးရဲ့"

တဲသာသာအိမ်လေးအဝင်မှာပဲ အလောင်းဘေးနားတွင် ငိုနို



www.burmeseclassic.com

www.burmeseclassic.com



နေကြသော ကိုတင့်ဆန်းမိန်းမနဲ့ သူ့အမေကိုတွေ့ရတော့ ထိုရှုလွယ်သောသူသည် မျက်ရည်လည်လာရချေ၏။ ကိုတင့်ဆန်းနှင်းနေကဆိုက်ကားလေးအား အိမ်ထောင့်တစ်နေရာတွင် တွေ့ရသည်။ သူ့တိနေကျ မယ်ဒလင်လေးကိုလည်း ထရံကာအိမ်လေးရဲ့ တစ်နေရာမှ နှိုတ်ရှုချက်သားလေး တွေ့ရသည်။ ဩော် သေတော့လည်း အကိုထားခဲ့ရတာပါပဲလားဟု သံဝေဂရစွာ တွေးဖြစ်သည်။

မပြည့်စုံသော နာရေးမှ လိုအပ်ချက်တွေက အများသားရပ်သူနှင့်ပြည်စိုး စိတ်လိုလက်ရ ကူညီဖြစ်ကြလေသည်။ ကိုတင့်ဆန်းနာရေးအတွက် သူနှင့်ပြည်စိုး နှစ်ယောက်ပေါင်း ငွေတစ်သောင်းတိထိကူညီပေးခဲ့ကြလေသည်။ ညနေ အသုဘချတော့လည်း မျက်နှာမွဲတစ်ဦး၏နာရေးမို့ ပို့ဆောင်သူက ကျဲပါးလှလေသည်။

လူတွေက ခက်၏။ မျက်နှာကြီး၊ နာမည်ကြီးသူတွေနာရေးဆိုလျှင်တော့ အလုအယက် တိုးဝှေ့ပို့ဆောင်ချင်ကြလေသည်အချို့ဆို အရှက်မရှိ မိမိနှင့်သေသူ အသက်ရှင်စဉ်က သိကျွမ်းခင်ချင်း မရှိပါဘဲနှင့်တောင် မျက်ရည်လေးစမ်းစမ်း စမ်းစမ်းနဲ့ ယုံပိုကြသေး၏။ (အချို့ကိုသာ ဆိုလိုပါ၏)။

တကယ်တော့ လူတစ်ယောက်ရဲ့နာရေးခဲ့သည်မှာ ထိုလူ





နောက်ဆုံးခရီး။ နောက်နောင် ကမ္ဘာလောကကြီးတွင် သူ့ကိုတွေ့ရတော့မည်မဟုတ်ချေ။ အချို့က မစာမနာ ဆိုကြသေး၏၊ အလကားဆန်ကုန်မြေလေး၊ ဘာမှအကျိုးမပြုဘဲ လူသေတာ အေးတယ်ဟု မစာမနာ ပြောသည်ကို သူကြားရလျှင် အလွန်ဒေါသဖြစ်ရလေသည်။

သူတွေးမိတာက ဘာမှ အကျိုးမပြုတဲ့လူဆိုတာ လောကမှာမရှိပါဘူး။ အနည်းဆုံးတော့ . . . သူ့ခန္ဓာကိုယ်ကို မြေကြီးထဲမြုပ်တဲ့အခါ မြေဆီ၊ မြေဩဇာအဖြစ်တော့ ထိုသူသည် အကျိုးပြုသွားပါပေ၏။

(ခြွင်းချက်။ မီးသင်္ဂြိုဟ်တာတော့ ခြွင်းချက်ပေါ့ဗျာ။ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် လူတစ်ယောက်သေတာကို ကောင်းတယ်လို့ပြောတဲ့သူကို သူကတော့ လူမဆန်သူဟု ယူဆလေသည်)။

ကိုတင့်ဆန်း၏နောက်ဆုံးခရီးတွင် နေညိုနဲ့ပြည်စိုးက ရှေ့ဆုံးမှ တက်ကြွစွာ ကြေးစည်ထမ်းကြလေသည်။ ပြည်စိုးက နောက်ကထမ်း၊ သူက ရှေ့ကထမ်းပေါ့။ နေညိုတို့ရှေ့တွင် အသုဘအလောင်းချည်ကြိုးဖြတ်ရန် ဓားမကိုင်သူတစ်ဦးသာ ရှိတော့သည်။

"နောင် ဝေ ဝေ" သွားနှင့်ဦးတော့ ကိုတင့်ဆန်းရေ။

အဲ့သည်အချိန်မှာပင် စာအုပ်ဆိုင်တစ်ဆိုင်မှထွက်လာသော



www.burmeseclassic.com

www.burmeseclassic.com



ရတီက သူတို့နှစ်ဦးအား တွေ့သွားခြင်းဖြစ်သည်။ ဒီနေ့တော့ သနပ်ခါး ပါးကွက်ကျားလေးနှင့် ရတီမျက်နှာလေးက တစ်မျိုးလေးလှနေပြန်ပေ ၏။

နေပူပူနှင့် ကြေးစည်ကြီးထမ်း၊ ချွေးဒီးဒီးကနေသည့် သူ့ရင်သည် အေးမြသွားရလေသည်။ သိပ်လှတယ် ကြက်မြှုမလေး ရယ်။

ရတီက သူတို့နှစ်ဦးကို တအံ့တဩကို ငေးကြည့်နေလေ၏

ရွှေစင့်ကိုတော့ မတွေ့ရ။ သူမတစ်ဦးတည်း ဈေးအုပ်လာရ တာ ဖြစ်ပုံရလေသည်။ လှပသော သနပ်ခါးပါးကွက်ကျားကလေးနဲ့ ရတီရဲ့ အိမ်နေရင်းအလှကို သတိလက်လွှတ် သူငေးနေမိတော့ နောက် ကပြည်စိုးက ချဉ်လာလို့လားမသိဘူး ကြေးစည်ကို အားပါးတရ ထုချလိုက်တာမှ အကျယ်ကြီး။

"နောင် ဝေ ဝေ" တဲ့။ အဲဒီတော့မှ လူက လန့်ဖျတ်သွား ကာ သတိကပ်လေတော့သည်။ စိတ်ထဲကလည်း ကြုံးဝါးမိသည်။ ထုထားဦးပေါ့ပြည်စိုးရာ။ တူက မင်းလက်ထဲမှာကိုးဟ။

မျက်လုံးဝိုင်းလေးနဲ့ တအံ့တဩဖြစ်နေရှာတဲ့ သူမကို ပြုံးပြ ပြခဲ့နိုင်ပါသည်။ လူတစ်ယောက်ကိုတွေ့ရတာ ဒီလောက်ပဲ အံ့ဩစရာ





ကောင်းသလား ရတီရယ်။ ကမ္ဘာပေါ်မှာ လူတွေရှားနေပါသလား။

❁

ရတီသည် နေညို့အကြောင်းတွေးနေမိသည်။ ဒီအသက် အရွယ်အထိ ယောကျ်ားတစ်ယောက်အကြောင်းကို ယခုလောက် သူမ တစ်ခါမှ မစဉ်းစားခဲ့ဖူးချေ။ နေညို့ကိုတော့ ရတီသည် ထူးဆန်းစွာ စိတ်ဝင်စားနေမိ၏။

"ရတီ . . . ဘာတွေစဉ်းစားနေတာလဲ"

အခန်းထဲဝင်လာသော ရွှေစင့်အမေးကို ရတီက "နေညို့ အကြောင်း စဉ်းစားနေတာ" ဟု ခပ်အေးအေး အဖြေပေးလိုက်တော့ ရွှေစင်က ပြူးပြူးပြာပြာ ဖြစ်သွား၏။ ရွှေစင်ဖြစ်သွားတဲ့ပုံစံကိုကြည့်ပြီး ရတီပြုံးမိ၏။ အမှန်အတိုင်းပြောတဲ့ဟာကို ဒီလောက် အံ့ဩစရာလား နော့။

"ဟုတ်တယ်၊ ရတီ နေညို့အကြောင်းစဉ်းစားနေတာ၊ ရွှေစင် နေညို့အကြောင်းသိသလောက် ရတီ့ကိုပြောပြပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ရတီ နှင် နှင်" ဟု တနှင်ထဲနှင်နေတော့ ရတီကလည်း ရွှေစင့်ကို ကလိပေးလိုက်သည်။

"ဟုတ်တယ်၊ ရတီ နေညို့ကို စိတ်ဝင်စားလို့"

ဟုပြောလိုက်တော့ ရွှေစင် မျက်လုံးပိုပြူးသွားလေတော့သည်။ စိတ်ဝင်စားလို့ စိတ်ဝင်စားတယ်ပြောတာကို ဖြစ်နေလိုက်ပုံများ တကယ်။

"ရတီရယ် ... နေညို့မှာ ဘာများစိတ်ဝင်စားစရာရှိလို့လဲ"

"အဲဒီ စိတ်ဝင်စားစရာမရှိတာလေးကိုပဲ စိတ်ဝင်စားနေတာ ရွှေစင်ရဲ့၊ ညနေက ရတီ စာအုပ်ဆိုင် စာအုပ်သွားငှားတုန်းက နေညို[illegible] ပြည်စိုးကိုတွေ့ခဲ့ရတယ် ရွှေစင်၊ အရမ်းထူးဆန်းတယ်သိလား၊ သူတို့ နှစ်ယောက်စလုံး အသုဘကြေးစည်ကြီးကိုထမ်းလို့ ရတီဖြင့် မြင်မြင် ချင်း အရမ်းကို အံ့ဩသွားတာ၊ ပြောစမ်းပါ ရွှေစင်ရဲ့ ရတီသိချင်လို့ ပါ" ဟု ရတီ အတင်းကျီကျတော့မှ ရွှေစင်က ပြောပြတော့[illegible] ဒါတောင် ခပ်အင်အင်နဲ့ပြောတာ။

အဲဒီတော့မှ နေညိုရဲ့စိတ်ကောင်းရှိပုံ၊ လူတစ်ဖက်သားအား ကူညီတတ်ပုံ၊ ခပ်အေးအေးနေတတ်ပုံ၊ ပရဟိတလုပ်ငန်းများတွင် တက်အားသရွေ့ တက်ကြွစွာ ပါဝင်တတ်ပုံ၊ မိန်းမကိစ္စ အရှုပ်အရှု[illegible]





ကင်းပုံတို့အား ရွှေစင့်ဆီကတစ်ဆင့် ရတီသည် ကြည်နူးအံ့အားသင့်စွာ သိရှိခဲ့ရလေသည်။

ရွှေစင့်စကားအဆုံး ရတီမျက်စိထဲ ရှပ်အင်္ကျီအကွက်စိပ်လေး နှင့် ကတ္တီပါဖိနပ်လေးစီးထားသော ခပ်အေးအေး နေညို့ပုံစံလေးကို မြင်ကာ ပြုံးမိသည်။

အဲဒီ· ရှင်းသန့်ရိုးသားသော ပုံစံလေးကပင် ဆွဲဆောင်မှု တစ်မျိုးဖြင့် နေညို့အား ကြည့်လို့ကောင်းစေတာ ဖြစ်သည်။ ပြီးတော့ ... နေညို၏မျက်လုံးလေးများသည် ညို့ရီနေကာ တစ်ဖက်သားအား စာနာသနားတက်သော၊ မျှဝေခံစားတတ်သော မျက်ဝန်းများ ဖြစ်သည်။

စတွေ့တဲ့နေ့ကတည်းက အနစ်နာခံတတ်သော နေညို့ရဲ့ စိတ်ဓာတ်လေးကို ရတီက သတိထားခဲ့မိခြင်းဖြစ်သည်။ ရန်ကုန်မှာ ရတီမြင်နေကျ Rapper, Emo, Punk ရှပ်ယှက်နေသော ဒီဇိုင်းတွေ ကင်းသော နေညို့ပုံစံကပင် ရတီအတွက်တော့ တစ်မျိုးလေးဆန်းနေ ခဲ့တာ ဖြစ်သည်။

"ရတီ ... နှင် နေညို့ကို ချစ်သွားတာလား"

ရွှေစင့်အမေးကို ရတီ ခဏလေးစဉ်းစားပြီး –



www.burmeseclassic.com

www.burmeseclassic.com



“စိတ်ဝင်စားမှုကို အချစ်လို့ သတ်မှတ်ရင်တော့ အင်းလို့ ပြောရမှာပဲ၊ ရတီ သူ့ကို စိတ်ဝင်စားတယ် ရွှေစင်၊ ပြီးတော့ ရတီ သူ့ကို အထင်ကြီးလေးစားတယ်”

“မိန်းမဈေးကျလိုက်တာ ရတီရယ်၊ နည်းနည်းပါးပါးတော့ မူပါဦး”

ရင်ဘတ်ကလေးဖိပြောတဲ့ ရွှေစင့်ပုံစံကိုကြည့်ပြီး နောက်ချင်လာလေသည်။

“အင်းပါ . . . စိတ်ချ၊ သူ့ဘက်က ဖွင့်မပြောပဲနဲ့တော့ ရတီက စပြီးမပြောဘူး စိတ်ချ”

ဟုပြောပြီး ရတီပြေးထွက်ခဲ့တော့သည်။ နောက်မှ ရွှေစင်ရဲ့ “အောင်မယ်လေး ဟိုကမပြောရင် သူကပြောမယ့်ပုံ”ဟူသော စကားသံက ကပ်ပါလာသေး၏။ အို ရတီ့ရင်တွေ လှိုက်ဖိုနေပါလား။ အမျိုးမလေး ရင်တွေခုန်လို့။

ဒီအရွယ်အထိ ဘယ်ယောကျ်ားကမှ ရတီ့ကို ဒီလိုခံစားချက်မျိုး မပေးစွမ်းနိုင်သေး။ မိန်းမတစ်ယောက်ရဲ့အချစ်ဆိုတာ အထင်ကြီးလေးစားမှုက မြစ်ဖျားခံသည်ဟု ရတီထင်သည်။

နှလုံးသားလှတဲ့ အဲဒီ နေညီဆိုတဲ့တစ်ယောက်ကို ရတီက





တော့ အထင်ကြီးလေးစားနေမိပြီဖြစ်သည်။ မေမေသာသိလျှင် မတွေးရဲတော့။ အဆိုတော်ကော်နီရဲ့ တာဖံသီချင်းထဲကလို ရိုးရိုးသားသားတောသားလေးတစ်ယောက်ကိုများ ရတီချစ်မိလေပြီလား။ အချစ်သည် ဆန်းကြယ်ပေစွ။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)

ပြည့်စိုးနှင့်ရွှေစင်တို့ ချစ်သူနှစ်ဦးသည် အရိပ်ကောင်းသော သစ်ပင်ကြီးအောက်တွင် တွတ်ထိုးနေကြလေသည်။ ရွှေစင် ပခုံးလေး ကို ပြည့်စိုးက ဖွဖွလေးသိုင်းဖက်လို့ထားကာ ရွှေစင်က ပြည့်စိုးပခုံးပေါ် နွဲ့နွဲ့လေး မှီခိုလို့ အတော်ဟုတ်နေကြသည်။

“ရွှေစင်တော့ ခေါင်းကျိုန်းတာပဲ ပြည့်စိုးရယ်”

ဟု ရွှေစင်က ညည်းတွားလေလျှင် ပြည့်စိုးက ရွှေစင်လက် ကလေးအား အားပေးသလို ဖွဖွလေးဆုပ်ကိုင်ရင်း –

“ဘာမှ ခေါင်းကျိုန်းမနေပါနဲ့ ရွှေစင်ရယ်၊ အချစ်ဆိုတာ တားဆီးလို့ရတဲ့အရာမှ မဟုတ်တာ၊ အဲဒီတော့ လွှတ်ထားလိုက်





… လွှတ်ထားလိုက်”

“ဟွန့် … သူကလည်း သူ့သူငယ်ချင်းဘက်ကပဲ မဲတင်းနေ ပြန်ပြီ”

ဟု မျက်စောင်းဖွဖွထိုးကာ ပြောတော့ ပြည့်စိုးကလည်း အားကျမခံ။

“ဒီဘက်ကလည်း သူငယ်ချင်းဆိုပေမယ့် ညီအစ်ကိုလိုနေ ကြတဲ့ သူငယ်ချင်းပါပဲ ရွှေစင်ရယ်” ဟု ပြောလေသည်။ ပြီးမှ ပြည့်စိုးက တစ်စုံတစ်ရာကိုတွေးမိသွားဟန်ဖြင့် –

“သူတို့နှစ်ယောက်က ရှေးရေစက်တော့ပါမယ်ထင်တယ် နော် ရွှေစင်၊ တွေ့တွေ့ချင်းကို နှစ်ယောက်စလုံး Heard Shock ရသွားကြတာ”

“အင်း … ဟုတ်မယ်ထင်တယ်၊ ရတိက ပိုအံ့သြဖို့ကောင်း တယ် ပြည့်စိုးရဲ့၊ ဘာမှ စွဲမက်စရာမရှိတဲ့ ရိုးရိုးအေးအေး နေညို့ကိုမှ”

ရွှေစင့်စကား မဆုံးလိုက်ပါ။

“ဟာဟေ့ … ကိုယ့်သူငယ်ချင်းကိုတော့ အဲ့လိုကြီးတော့ မပြောပါနဲ့ကွာ၊ လူလှဖို့ထက် စိတ်လှဖို့က အရေးကြီးတာပါ ရွှေစင်ရယ်၊ နေညို့စိတ်ဓာတ် ဘယ်လိုဆိုတာ ရွှေစင်လည်း သိရဲ့သားနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကွာ''

''အင်းပါ ... ဒီကလည်း အဲဒါကို ပြောမလို့ပါပဲ၊ တကတည်း သူ့သူငယ်ချင်းကျ သိတတ်လိုက်တာ''

ရွှေစင့်စကားကို ပြည်စိုးက ရယ်ကျဲကျဲသာလုပ်နေလိုက်လေသည်။

''အနံ့တီသစ်သီရင် မိုးမီးလောင်မှာပြည်စိုးရဲ့''

''ကဲပါကွာ ... အရှည်ကြီးလျှောက်တွေးမနေပါနဲ့ ရွှေစင်ရယ်၊ တွေ့ခွင့်ရတဲ့အချိန်လေးမှာ စိတ်ညစ်စရာတွေ ဘေးချိတ်ထားလိုက်၊ ကြည်ကြည်နူးနူးလေး ပျော်လိုနေလိုက်''

ပြောပြီး လက်သွက်သောပြည်စိုးက အနမ်းမိုးရွာတော့ ရွှေစင်တစ်ယောက် အရာအားလုံး မေ့သွားတော့သည်။

ပြည်စိုးကတော့ သူငယ်ချင်းဖြစ်သူနေညို့အား အမြန်ဆုံးဖွင့်ပြောနိုင်းဖို့ စိတ်ထဲတွင်တွေးထားလိုက်ပြီးဖြစ်လေသည်။ ရွှေစင့်အိမ်ရတီဆီက သဘောထားတစ်မျိုးသိရပြီ မဟုတ်လား။ နေညိုသိရင် အတော်ဝမ်းသာသွားမည်မှာ အသေအချာ။ ဝမ်းသာလုံးဆို သေချာမှာတောင် စိုးရလေသည်။

အတန်ငယ်ကြာတော့ ရွှေစင်က လက်ပတ်နာရီသေ





တစ်ချက်ကြည့်ရင်း ပြန်ရအောင်ဟု ဆိုလေတော့ ကြေကွဲတဲ့ဟန်လေးနဲ့ ပြည်စိုးက ငိုမဲ့မဲ့လေးလုပ်ကာ သဘောတူရှာလေသည်။ မြားရည်လို ချိုမြတဲ့အချိန်လေးတွေ ကုန်ဆုံးသွားတဲ့ ချစ်သူနှစ်ဦးအတွက် အိမ်ပြန်ချိန်ဟာ ခါးရှရှနဲ့။

ချိုနီးတွေ့တဲ့သစ်ပင်ကြီးအောက်ကနေ သူတို့ဆိုင်ကယ်လေးတွေရပ်ထားတဲ့နေရာသို့ အသွား လမ်းတစ်လျှောက်တွင် ပြည်စိုးက အသေအလဲတော်ကီတွေ ချွေလာလေသည်။ ရွှေစင်က ကြည်ကြည်နူးနူးလေးနားထောင်လို့ အတော်ကို ဟုတ်နေကြလေသည်။ အဲဒီမှာ ပြဿနာကစတော့တာပင်။

''ကိုယ်က တစ်ဘဝလုံး ရွှေစင့်ရှေ့မှာ တံတိုင်းကြီးလို မားမားမတ်မတ်ရပ်ပြီး အန္တရာယ်တွေကို ကာကွယ် ... ကွယ် ... ကွယ် ... ကွယ်''

''ဂိုး''

ပြည်စိုးအသံက အဲဒီနေရာမှာပဲ တိမ်ဝင်သွားတော့သည်။

ဖြစ်ပုံက ရွှေစင်ကို တော်ကီကျွေးနေသောပြည်စိုးသည် အိပ်နေသော ခွေးအမြီးအား တက်နင်းမိခြင်းပင်။ အိပ်ရေးပျက်သွားသော ခွေးက အတော်တင်းသွားပုံရ၏။



www.burmeseclassic.com

www.burmeseclassic.com



ဂီးခနဲမာန်ဖီကာ အတင်းဆွဲလေတော့သည်။ အဲဒီတော့ ခွေးကြောက်တတ်တဲ့ ပြည်စိုးတစ်ယောက် ပြေးလိုက်သည်မှာ တန်းလို့ "ချစ်လှပါချည်ရဲ့" ဟုဆိုသော ရွှေစင်ကိုလည်း သတိမရနိုင်တော့။ သူက ဘောင်းဘီနဲ့မို့ အတော်ဝေးဝေးရောက်သွားချိန်တွင် စကာ အကျပ်ဝတ်လာမိသော ရွှေစင့်ခမျာ ကွတစ် ကွတစ်နှင့် အတော်ဒုက္ခ ရောက်ရရှာတော့၏။ ပါးစပ်ကလည်း ငယ်သံပါအောင်အော်လို့။

"ပြည်စိုး မပြေးနဲ့လေ၊ ရွှေစင့်ကိုစောင့်ဦး၊ ဟဲ့ခွေး ... ဟဲ့ခွေး"

တော်ပါသေး၏။ ခွေးက စကာကိုသာ ဟပ်မိသွား၍ စကာ သာ အနည်းငယ်ပြဲသွားကာ လူကိုတော့ မကိုက်မိချေ။ အနီးအနားက လူတွေ ဝိုင်းဝန်းခြောက်လှန့်လွှတ်လိုက်ရလေသည်။ အဲဒီတော့မှ ကိုယ် တော်ချောပြည်စိုးက "ဘယ်မလဲ အဲဒီခွေး" ဟုဆိုကာ သတ္တဝါနဲ့ လက်နက် မမျှအောင် ကြီးမားသောတုတ်ကြီးဆွဲလျက် ရောက်ချလာ လေသည်။ လန့်သွား၍ငိုနေသောရွှေစင့်ကို အတော်ချော့ယူရသေး သည်။

"မငိုပါနဲ့ ရွှေစင်ရယ်၊ တောက် ... ငါ့ချစ်သူကို ကိုက်ရဲ ကတော့ မင်းကို လေးဘက်ထောက်ပြန်ကိုက်ပစ်မယ်ကွ" ...





ကြိမ်းနေတော့သည်။

"သွားပါ ... ထွက်ပြေးတုန်းက ထွက်ပြေးပြီးတော့"

ရွှေစင်က ငိုရယ် ငိုရယ်လေးပြောလေလျှင် ပြည်စိုးက အရှက်ပြေတစ်ချက်ရယ်ရင်း –

"ထွက်ပြေးတာမဟုတ်ပါဘူး ရွှေစင်ရဲ့၊ ဟို တုတ်သွားဆွဲ တာပါ"တဲ့။ ကောင်းရော အာဂယောကျ်ားပါလေ။

❀

ပြည်စိုး ပြောပြတာနားထောင်ပြီး သူ ရယ်ရတာများ အူတွေ တောင်နာသည်။

"မင်းမလဲကွာ ဖြစ်လိုက်မှဖြင့် ... ဟား ဟား"

ပြည်စိုးက ရယ်ကျဲကျဲမျက်နှာနှင့်။

"အေးကွာ၊ မင်းသိတဲ့အတိုင်း ငါကလည်း ခွေးဆို အသေ ကြောက်ဆိုတော့ ထွက်ပြေးမိတာပေါ့ကွာ။ ငါ့မှာကွာ ရွှေစင့်ကို ချော့လိုက်ရတာ ဖတ်ဖတ်ကိုမောပြီး အာတွေကို ပေါက်သွားတာပဲ ဆိုရာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ဖြစ်တတ်ပါတယ်၊ လူတွေရဲ့အတ္တက အဲဒီမှာ ပေါ်တာပဲကွ ပြည်စိုး။ ဘယ်သူ့ကိုဘယ်လောက်ကြီးချစ်ပါတယ် သူ့အတွက်ဆို အသက်တောင်သေဝံ့ပါတယ်ပြောပြော ကိုယ့်ကိုယ်ကိုယ် ထက်တော့ ဘယ်သူ့ကိုမှ ပိုမချစ်ဘူးကွ"

ညသည် တိတ်ဆိတ်လို့နေသည်။ ပုရစ်အော်သံလေးများမ ပတ်ဝန်းကျင်တွင် ကျယ်လောင်လာသလိုရှိ၏။ ပြည်စိုးက သူ့လက် နာရီကို တစ်ချက်ကြည့်ပြီး –

"ဂစ်တာသွားတီးရအောင်ကွ နေညို" ဟု အဆိုတင်သွ လေသည်။

"ဘယ်ကိုသွားတီးမှာလဲ ပြည်စိုး"ဟု သူက ဘာမှမသိ ကလေးအထာလေးနဲ့ မေးလေလျှင် ပြည်စိုးက နေညို့အား ခပ်ချွ တစ်ချက်ကြည့်ရင်း –

"အပျိုကြီး မတင်ရွှေတို့အိမ်ရှေ့ပေါ့" ဟု အော်လေတော့ သည်။

ထို့နောက် ... အိမ်ထဲရှိ သူ့ဂစ်တာလေးအား ဝင်ယူ နှစ်ဦးသား ဆိုင်ကယ်တစ်စီးနှင့် ထွက်ခဲ့ကြတော့သည်။ ပြည်စိုး ရွှေ ကို ပိုးစဉ်က သူ အမြဲဂစ်တာလိုက်တီးပေးဖြစ်သော အုတ်နံ့လေးဆီ





အခုတော့ ရတီဆိုသော သူချစ်တဲ့ကြွက်ဖြူမလေးပါ နားဆင်ရဖို့ အတွက်ပေါ့။ အရင်တစ်ခါထက် ဒီတစ်ခါ ဂစ်တာတီးရန် နေညိုတစ် ယောက် ပိုမိုတက်ကြွနေမိလေသည်။

သူ့ရဲ့ရှေ့ကောင်းကင်မှ ကြယ်တစ်လုံးကြွေကျလာသည်။ သူ ဆိတ်တိတ်လေးဆုတောင်းမိသည်။ ကြွက်ဖြူမလေးရေ မင်းရဲ့အိပ် မက်လေးကို ဒီည မြင်ခွင့်လေးပေးပါလားကွာ။ ကိုယ် မင်းကို သိပ်လွမ်း နေလို့ပါ။

❀

ဂစ်တာသံနှင့်အတူ ညို့ရီနူးရှသောအသံသည် အခန်းထဲ ပေါက်လာကတည်းက ရတီ့ရင်အစုံသည် ဒိန်းခနဲ တစ်ချက်ဆောင့် လေသည်။ နေညို့အသံ။ တစ်ဖက်စောင်းအိပ်နေသော ရွှေစင် ည်း အနည်းငယ်လူးလွန့်လာသည်ကို မှောင်နေသော်လည်း ခုတင်တည်းမို့ ရတီသိသည်။

ရတီကြိုက်သော အဆိုတော် ဂျေမောင်မောင်ရဲ့ ဒီမိုးသီချင်း လေးသည် ရတီအား ဆွဲငင်နေသည်မို့ အသာလေးခြေဖော့နင်းကာ



www.burmeseclassic.com

www.burmeseclassic.com



ပြတင်းတံခါးဆီသို့သွားပြီး ခန်းဆီးလေးမကာ ကြည့်မိလေသည်။ ဒီမိုးသီချင်းကို အတွဲညီညီ သီဆိုနေကြသော နေညိုနှဲပြည်စိုး။

♫ ဒီလို မိုးသည်းထဲမှာ တွေ့ခဲ့ရတဲ့ကောင်မလေးတစ် ယောက်ကို ××× အကြင်နာတွေ အကုန်အစင် စုစည်းကာ ချစ်မိလို့♫

အို ... ခံစားချက်ချင်း တိုက်ဆိုင်နေ၍ပဲလားမသိ။ သီချင် လေးထဲ စီးမျောသွားမိသည်။ အမှောင်ထဲမှာမို့ ရတီကြည့်နေသည်ကို နေညိုနှဲပြည်စိုးကတော့ သိဟန်မတူ။ အဲသည်အချိန်မှာပဲ အခန်း က ရုတ်တရက်လင်းသွားသည်မို့ ပြတင်းတံခါးက ချောင်းကြည့်ေ သော ရတီ့ကို နေညိုနှဲပြည်စိုးက မြင်သွားပုံရလေသည်။ မီးဖွင့်လိုက် သူက ရွှေစင်ပင်။ ရှက်အမ်းအမ်းမျက်နှာလေးနဲ့ သူခိုးလူမိသွားသော ရတီအနားကို ရွှေစင်က ရောက်လာပြီ။

"ရတီ ... မအိပ်သေးဘဲနဲ့ ဘာလုပ်နေတာလဲ"

"ဟို ... ဂစ်တာတီးတာ ချောင်းကြည့်နေတာ အဟီး"

ကလေးတစ်ယောက်လို အရှက်သည်းနေသူ ရတီပုံစံအေ အစ်မဖြစ်သူ ရွှေစင်က ပြုံးစိစိကြည့်ရင်း –

"ခါတိုင်းကောင်လေးတွေကျ အိပ်ရေးပျက်တယ်၊ နားညည် တယ်၊ ဓားနဲ့ခုတ်မယ်၊ တုတ်နဲ့ရိုက်မယ်ဆိုတဲ့လူက အခုကျ ဘယ်





ဖြစ်ရတာတုံး"

"အခုဟာက နေညိုလေ ရွှေစင်ရဲ့"

"အောင်မယ်လေး ရတီရယ် ... နေညိုတို့ တီးတာလည်း ဂစ်တာပဲ၊ တခြားအဖွဲ့တွေတီးတာလည်း ဂစ်တာ အတူတူပါပဲ"

ရွှေစင့်စကားအဆုံး ရတီက ကလေးငယ်တစ်ဦးလို လျှာ တစ်လစ်ကလေးလုပ်ကာ "တူဘူး" ဟု ရွတ်နောက်နောက်ကလေး ပြောလေသည်။ ရွှေစင်က ဖြစ်ရတယ်ဆိုတဲ့ပုံစံမျိုးနဲ့ နှုတ်ခမ်းမဲ့ပြသည်။ အဲဒီအချိန်မှာပဲ –

"သမီးရတီ မအိပ်သေးဘူးလား" ဟူသော မေမေ့ခေါ်ပြသံ အသံကြောင့် ရတီနဲ့ရွှေစင် နှစ်ဦးလုံး ဖက်ကလေးတွေ ပုသွားကြတော့ သည်။

"ဟုတ် ... အိပ်ပါပြီမေမေ၊ ရတီ မဂ္ဂဇင်းဖတ်နေလို့ပါ"

"အိပ်တော့ ... အိပ်တော့သမီး ညဉ့်နက်နေပြီ"

"ဟုတ် ... မေမေ"

ခန်းဆီးလေးဆွဲမပိတ်ခင် တစ်ချက်ကြည့်လိုက်တော့ နေညို သူမကို လက်ကလေးပြ၊ ထို့နောက်တော့ အခန်းမီးပိတ်ကာ ရာထဲကနေပဲ နေညိုရဲ့သီချင်းသံကို နားဆင်ရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖိမ်ပဲနေ့?။

ခဏာအကြာမှာတော့ နေညိုတို့သီချင်းသံ တိတ်သွားသည်။ ပြန်သွားကြပြီထင်သည်။ မီးမှောင်ချထားသော အခန်းလေးထဲမှာ နေညိုတစ်ခါကပြောဖူးသော ကိုယ်ချစ်တဲ့သူတွေ ကိုယ်မြင်ချင်တဲ့ မြင်ကွင်းတွေကို ကိုယ့်အနားရောက်လာအောင် ဆွဲခေါ်တဲ့နည်းလေးကို သတိရမိ၏။

တိတ်ဆိတ်နေသော အမှောင်ခန်းလေးထဲတွင် ရတီသည် မျက်လုံးများကို မှိတ်လိုက်သည်။ ထို့နောက် နေညို့အကြောင်းများကို တွေးနေလိုက်တော့သည်။ ဘယ်လိုလူမှန်းမသိဘူး။ သူများရင်ထဲ အတင်းတိုးဝင်နေတာပဲ ဟွန်း။

အဲသည်ညက အိပ်မက်ထဲတွင် ရတီနဲ့နေညိုသည် မိုးသည်းထဲမှာ ပျော်ရွှင်စွာလျှောက်သွားနေကြသည်။

အိပ်မက်ထဲတွင် ရတီ အရမ်းပျော်နေသည်။

❋ ❋ ❋



## အခန်း (၉)

အတော့်ကို စိတ်မချမ်းမြေ့ဖွယ်ရာမြင်ကွင်းတစ်ခုဖြစ်သည်။ ထိုမြင်ကွင်းသည် သူတို့အိမ်ရဲ့ မျက်နှာချင်းဆိုင်အိမ်တွင် ဖြစ်ပွားနေခြင်းပင်။

အဲဒီအချိန်က နေညိုသည် အိမ်ရှေ့တွင် ကုလားထိုင်တစ်လုံးနှင့် စာအုပ်တစ်အုပ်အား ဖတ်နေခဲ့သည်။ မကြာမီ သူတို့လမ်းထဲသို့ ...ကျစ်ကားတစ်စီးက ခပ်ကြွမ်းကြွမ်း မောင်းဝင်လာတာ တွေ့ရ၏။ ...ကားက အဲဒီအိမ်ရှေ့ တံခါးအရပ်တွင် လက်နက်အပြည့်အစုံနှင့် ...ဖောင်းဝတ် စစ်သားလေးဦး ဆင်းလာတာတွေ့ရသည်။ ကား ...ခင်းခန်းထဲမှ အပွင့်အခက်တွေနှင့် စစ်ဗိုလ်တစ်ဦးလည်း ဆင်းသော



www.burmeseclassic.com

www.burmeseclassic.com



သည်။ အဖြစ်အပျက်က မြန်ဆန်သည်။

အမျိုးသမီးကြီးတစ်ဦး၏ ငိုသံကိုကြားရ၏။ ကလေးငယ်များ၏ငိုသံများ၊ ပတ်ဝန်းကျင်က လူများက ဟိုတစ်စု၊ ဒီတစ်စုနှင့် များလာကြသည်။ သိပ်မကြာခင် အဲဒီအိမ်က အဖေ့ရဲ့သူငယ်ချင်းမိတ်ဆွေတစ်ဦးဟု သူသိထားသောဦးဆွေအား လက်နှစ်ဖက်ကို နောက်ပစ်ကာ လက်ထိပ်ခပ်လျက် စစ်သားနှစ်ဦးက ခေါ်လာတာတွေ့ရသည်။ ဦးဆွေမိန်းမက ငိုကြီးချက်မနဲ့ ဦးဆွေရဲ့ခြေထောက်ကို ဖက်ထား၏။ ကလေးများက သူတို့အဖေရဲ့ပုဆိုးစကို ဆွဲထားကြသည်။

ဒီလိုမြင်ကွင်းမျိုးဆိုတာ သူက ဂျပန်တော်လှန်ရေး မြန်မာ ဇာတ်ကားများမှာပင်ရှိသည်ဟု ထင်ထားခဲ့သောမြင်ကွင်းမျိုး။ သူသိသော ဦးဆွေသည် ရိုးသားအေးဆေးသည်။ အသောက်အစားကင်းသည်။ မိသားစုကို ရိုးရိုးသားသားနှင့် ရှာဖွေကျွေးမွေးနေသူတစ်ဦးပင်။ ဒါဆို ဦးဆွေကို ဘာလို့ ဖမ်းကြတာလဲ။ နောက်မှ သူသိရသည်က နိုင်ငံရေးမှုဆိုပဲ။ ဦးဆွေက အဲသည်ကာလတုန်းက မတရားအသင်းဟု အစိုးရက တစ်ဖက်သတ်တံဆိပ်ကပ်ထားခြင်းခံရသော (---) ပါတီကြီး၏ စည်းရုံးရေးမှူးတစ်ဦး။ ယခု ဦးဆွေကို နိုင်ငံရေးတရားဟောမှု ဖမ်းသည်ဟု သိရသည်။ အဲသည်ကာလတုန်းက "မင်းစကားပြောရင် နိုင်ငံရေးတွေမပါနဲ့" ဆိုတဲ့စကား အတော်ခေတ်စားသည်ထိ နိုင်ငံရေးအား လူတွေကင်းကင်းနေကြတာများသည်။ (---) ပါတီဆိုလျှင်ပင် အပေါင်းအသင်းမလုပ်ချင်ကြတော့။ မိသားစုဝင်ထဲကတစ်ဦးက နိုင်ငံရေးလုပ်လျှင်လည်း ဝိုင်းကျဉ်ထားကြသည်အထိ အာဏာရှင်အစိုးရ အကြောက်တရားနှင့် ပြည်သူတို့ခေါင်းပေါ် ဓားမိုးအုပ်ချုပ်နေသည့် ကာလတစ်ခု။

သူသည် နိုင်ငံရေးကိုသိလည်းမသိ၊ စိတ်ဝင်စားမှုလည်း မရှိပါ။ သို့သော် တရားမှု၊ မတရားမှု၊ မှန်ကန်ခြင်း၊ မှားယွင်းခြင်းကိုတော့ သူ့အသိဉာဏ်က ဝေဖန်ပိုင်းခြားတတ်ပါသည်။ အခုတော့ မြင်နေရတဲ့မြင်ကွင်းက သူ့အမြင်များ လုံးဝ ခရော့စ်ဖြစ်နေသည်။ အပြစ်ရှိလို့ ဖမ်းတာပဲ လူလိုဖမ်းပေါ့။ ပြီးတော့ တစ်ဖက်က ခုခံနေသည် ညည်းမဟုတ်၊ အသာတကြည် အဖမ်းခံနေသည်ပဲ။ အခုတော့ သူတို့က လုပ်ပိုင်ခွင့်အာဏာကို မီးကုန်ယမ်းကုန် အသုံးချကာ တစ်အိမ်လုံး ချောင်းဆန်အောင် ရှာကြဖွေကြသည်။ (နောက်မှသိရတာ ထမိ သေတ္တာပင်မကျန်ဟု သိရသည်)။ စိတ်ကြိုက် မွှေနှောက်ပြီးမှ စာရွက်အချို့ကို စစ်ဗိုလ်ထံ စစ်သားတစ်ဦးက သွားပေးတာတွေ့ရသည်။

ဘေးမှ အိမ်နီးချင်းတချို့က ဦးဆွေမိန်းမအား နှစ်သိမ့်နေတာ






www.burmeseclassic.com

www.burmeseclassic.com



တွေ့ရသည်။ သင်္ဘောင်းကြား၍ရောက်လာသော ဆွေမျိုးနီးစပ်တစ်ဦးကို ကလေးများအား ချော့မောခေါ်သွားရန် ဦးဆွေက ပြောလိုက်သည် ထင်သည်။ အဲဒီလူက ကလေးများအား ချော့မော့ခေါ်သွားတာ တွေ့ရသည်။ ဦးဆွေမျက်နှာက ပကတိတည်ငြိမ်အေးဆေးလို့နေတာ တွေ့ရသည်။

သူ့မိန်းမအား မှာစရာရှိတာမှာသည်။ အားလုံးပြီးသွားတော့ စစ်ဂျစ်ကားပေါ် ရင်ကော့တက်သွားတာတွေ့ရသည်။ အိမ်ရှေ့မှာ ကြောင်ငေးရပ်ကြည့်နေတဲ့သူ့ကိုတောင် ဦးဆွေက ယဲ့ယဲ့ပြုံးပြလိုက်သေးသည်ထင်ပါ၏။ ဒါပေမဲ့ ခဏလေးပါပဲ။ ဘာလို့လဲဆိုတော့ ဦးဆွေ ခေါင်းကို ခေါင်းစွပ်အနက်ကြီးတစ်ခု စွပ်လိုက်လို့ပါပဲ။ ဂျစ်ကားက ထွက်သွားပြီ။ ဦးဆွေတို့အိမ်လေးသည် စစ်တလင်းတစ်ခုလို ကျန်ခဲ့၏။

လူတွေကလည်း ကိုယ်ထင်ရာချဲ့ကားပြောဆိုနေကြလို့ပေါ့။ သူတို့အားလုံးမျက်နှာတွင် တူညီစွာထင်ဟပ်နေသည့်အရာမှာ အကြောက်တရားသာဖြစ်၏။ သူတို့အသိဉာဏ်ထဲ စူးနစ်နေသည်ကား နိုင်ငံရေးနဲ့ ဝေးဝေးနေရမည်ဟူပင် ဖြစ်တော့၏။

နိုင်ငံရေးသည် နိုင်ငံသားတို့ရဲ့ အရေးမဟုတ်။ အာဏာရှင်





လူတစ်စု၏ အရေးကိစ္စသာ ဖြစ်သည်ဟု သူတို့ နားလည်သွားကြလေတော့သတည်း။

ထိုမြင်ကွင်းအားမြင်ရတော့ သူဖတ်ခဲ့ဖူးတဲ့ ၁၃-ရာစုလောက်က ဥရောပမှာ တကယ်ဖြစ်ပျက်ခဲ့သော လူပေါင်းမြောက်မြားစွာကို ဖမ်းဆီးသတ်ဖြတ်ခဲ့တဲ့အကြောင်းကို သွားပြီးသတိရမိလေသည်။ အသိဉာဏ်တိမ်သောလူတစ်စုကြောင့် လူအမြောက်အမြား ပျက်စီးခဲ့ဖူး၏။

၁၃-ရာစုနှစ်က ဥရောပမှာ စုန်းမတွေကို ကြောက်ကြတဲ့အတွက် ဖမ်းဆီးသတ်ဖြတ်ခဲ့ကြသည်။ အဲဒီလို အများဆုံးလုပ်ခဲ့တဲ့နိုင်ငံတွေကတော့ ပြင်သစ်၊ ဂျာမနီ၊ အီတလီမြောက်ပိုင်း၊ ဆွစ်ဇာလန်နဲ့ မြေနိမ့်ပိုင်းနိုင်ငံများဖြစ်တဲ့ ဘယ်လ်ဂျီယံ၊ လူဇင်ဘက်နဲ့ နယ်သာလန်နိုင်ငံများပင်ဖြစ်သည်။

ဒီအဖြစ်အပျက်မှာ နာမည်ကြီးတာကတော့ စုံစမ်းစစ်ဆေးရေးခုံရုံးပေါ့။ အဲဒီ ခုံရုံးကို ရိုမန်ကက်သလစ်ချာ့ချ်က ၁၃-ရာစုမှာ တည်ထောင်ခဲ့ခြင်းဖြစ်သည်။ ၁၄၈၄-ခုနှစ်၊ ဒီဇင်ဘာလ (၅) ရက် နေ့ ပုပ်ရဟန်းမင်းကြီး အင်နိုစင့် ၈ က စုန်းအတတ်ကို ပြစ်တင်ရှုံ့ချသည့် အမိန့်စာကို ထုတ်ခဲ့သည်။

ယာကော့ စပရန်ဂါနဲ့ ဟိုင်းရစ်ခ်ခရာမာဆိုတဲ့လူတွေကို



www.burmeseclassic.com

www.burmeseclassic.com



စုန်းအတက်လိုက်စားသူတွေကို စုံစမ်းစစ်ဆေးပြီး နှိပ်ကွပ်ဖို့ အခွင့်အာဏာအပြည့် ပေးအပ်ထားလိုက်သည်။ (သေပြီပေါ့ဗျာ)။ လူပေါင်းများစွာရဲ့အသက်ကို သူတို့နှစ်ယောက်လက်ထဲ ဝကွက်အပ် လိုက်တာပါပဲ။ အဲဒီမှာ သူတို့နှစ်ယောက်က စုန်းမတွေကို အပြင်း အထန် ထိုးနှက်တဲ့ (The Hammer of Witches) စာအုပ်ကို ထုတ် သည်။ တစ်ယောက်ယောက်ကို စုန်းဆိုပြီး စွပ်စွဲတဲ့အခါ ဘာ အထောက်အထားမှ ပြစရာမလိုဘူး (ကောင်းရော) လို့ ဖော်ပြထား သည်။ စွပ်စွဲခံရသူကို နှိပ်စက်ညှဉ်းပန်း၊ ဖိအားပေးပြီး ဝန်ခံလာအောင် လုပ်ကြသည်။

ပုပ်ရဟန်းမင်းကြီး အင်းဒိုစင် ၈ ရဲ့ ထုတ်ပြန်ချက်နဲ့ စုန်းမ တွေကို အပြင်းအထန် ထိုးနှက်ထားတဲ့ အဲဒီစာအုပ်ကြောင့် အကြီး အကျယ် တုန်လှုပ်နေတဲ့လူတွေဟာ ဥရောပမှာ စုန်းမတွေကို ဖမ်းဆီး နှိပ်ကွပ်တော့သည်။ စွပ်စွဲခံရသူ ၇၀ ရာခိုင်နှုန်းကျော်ဟာ အမျိုးသမီး များဖြစ်ကြပြီး ကာကွယ်ပေးမယ့်သူမရှိတဲ့ မုဆိုးမတွေဖြစ်တာများပါ သတဲ့။

အဲဒီခေတ်ကာလက ဆင်းရဲချမ်းသာမရွေး၊ ယောကျ်ားမိန်းမ မရွေး ဘယ်သူပဲဖြစ်ဖြစ် စွပ်စွဲခံရနိုင်ပါသည်။ မကောင်းတာ ဘာပဲ





ဖြစ်ဖြစ် စုန်းတွေကြောင့်ဟုသာ စွပ်စွဲတတ်ကြသည်။ လူတွေရဲ့ဦးနှောက် ဆိုတာ ဝါဒမှိုင်းမိသွားရင် လုံးဝအလုပ်မလုပ်တော့ပါလားဟု သူတွေး မိသည်။ အဲသည်ကာလက သူတို့ မြန်မာနိုင်ငံ၌လည်း ဝါဒမှိုင်း အကြီးအကျယ်တိုက်နေကြသောအချိန်ပင်။ ကြားဖူးကြ၊ ဖတ်ဖူးကြ မှာပါ။

ဟိုနေရာ စီခန်း၊ ဒီနေရာ ဗုံးကွဲပြီဟေ့ဆိုရင် "ပြည်ပအားကိုး ဆိုင်းနီ၊ အဆိုးမြင်ဝါဒီတွေရဲ့လက်ချက်" ဟု မြိုင်မြိုင်ကြီး အော်ကြ နေကြတဲ့အချိန်။ အမှန်က ပြည်ပအားကိုးဖို့ နေနေသာသာ နံရံလေး ဘက် အခန်းကျဉ်းလေးထဲက လူတွေက ဘာလုပ်နိုင်မှာတုန်းနော့။ သားပါ၊ ဒါက ကြုံလို့ပြောပြတာပါ။

မကောင်းတာဘာပဲဖြစ်ဖြစ် စုန်းမတွေကြောင့်ဟုသာ စွပ်စွဲ ကြသည်။ အသီးအနှံတွေ ပျက်စီးရင်လည်းစုန်းမ၊ အနံ့ဖျက်တဲ့ပက်ကျိ ကောင်တွေကို ဖန်ဆင်းတာလည်းစုန်းမ။ မိုးသီးကျပြီး သီးနှံတွေ ပျက်စီးရင်လည်း စုန်းမ။ နွားမတစ်ကောင် နို့မထွက်တော့ရင်စုန်းမ။ အမျိုးသမီးတစ်ဦးမြူနေရင် စုန်းမ။ နောက်ဆုံး အမျိုးသားတစ်ဦး မိန်းသေရင်တောင် စုန်းမလက်ချက်ဟု ယူမှတ်ကြလေသည်။

စုန်းမလို့ သံသယရှိတဲ့သူကို ကြိုးတုပ်ပြီး 'မန်းမှုတ်' ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ရေအေးထဲ နှစ်ကြသည်။ နှစ်သွားတယ်ဆိုရင် အပြစ်မရှိဟုသတ်မှတ် ကာ ပြန်ဆယ်ထုတ်ကြသည်။ ပေါလောပေါ်နေတယ်ဆိုရင်တော့ စုန်းမလို့ သတ်မှတ် ချက်ချင်းကွပ်မျက်ကြ၏။ နောက်တစ်နည်း ကိုယ်အလေးချိန် ချိန်ကြည့်သောနည်းပင်။ အဲဒီလိုလုပ်ကြတာ စုန်းမဆိုရင် အလေးချိန်မစီးဘဲ ပေါ့တယ်လို့ သူတို့ယူဆကြ၍ ဖြစ် သည်။

အဆိုးဆုံးကတော့ စုန်းမှန်ရင် မာန်နတ်ပေးတဲ့အမှတ်အသား ရှိသည်ဟုဆိုကာ စွပ်စွဲခံရသူ၏ ခန္ဓာကိုယ်တစ်ခုလုံးမှာရှိတဲ့ အမွေး အမျှင်တွေကိုရိတ်ပြီး လှုပ်အလယ်မှာ ရှာဖွေကြခြင်းပါပဲ။ မိန်းကလေး တွေကိုလည်းအဲလိုဆိုတော့ စဉ်းစားသာကြည့်ပါတော့။ မွေးရာပါ အမှတ်၊ ကြွက်နို့၊ အမာရွတ်စတာတွေကိုတွေ့ရင် အပ်နဲ့ထိုးကြ သည်။ မနာဘူး၊ သွေးမထွက်ဘူးဆိုရင် မာန်နတ်ရဲ့အမှတ်အသား သတ်မှတ်ကြကာ အပြစ်မဲ့သူအတော်များများကို စုန်းဟု စွပ်စွဲ မီးရှို့သတ်ကြသည်။

နောက်ပိုင်းအတော်ကြာမှ အသိတရားဝင်လာကြသည် ၁၆၃၃–ခုနှစ်မှာ စုန်းမလို့ စွပ်စွဲပြီး လူပေါင်းများစွာကို မီးရှို့ စီရင်ခဲ့ရာ ပါဝင်ခဲ့တဲ့ ဘုန်းတော်ကြီးဖရီးဒရစ်စပေက စွပ်စွဲခံရသူတွေ





တကယ်တော့ အပြစ်မရှိကြပါဘူးလို့ ဝန်ခံခဲ့လေသည်။ စုန်းမတွေ ကို ဆက်ပြီး ဖမ်းဆီးသတ်ဖြတ်နေမယ်ဆိုရင် လူသူမရှိတဲ့နိုင်ငံ ဖြစ် တော့မည်ဟုလည်းသတိပေးခဲ့လေသည်။ ဘာပဲဖြစ်ဖြစ် အပြစ်မဲ့သူ များစွာကတော့ မတရားဖမ်းဆီးသတ်ဖြတ်ခံခဲ့ရပြီဖြစ်သည်။ ၁၇– ရာစုအတွင်းမှာတော့ စုန်းမတွေကို ရုံးတင်စစ်ဆေးတာတွေ အတော် လေး နည်းလာပြီး ၁၇–ရာစုကုန်တဲ့အခါကျမှ လုံးဝ ဆိတ်သုဉ်းသွား တော့သည်။

"နေညို ••• တစ်ယောက်တည်း ဘာတွေတွေးနေတာလဲ ကွ"

အသံနဲ့အတူ ပြည်စိုးက ရောက်လာသည်။ ပြီးတော့ သူ့ ခြေထောက်တင်ထားတဲ့ထိုင်ခုံကို ဆွဲယူဝင်ထိုင်သည်။ သူ ပြည်စိုးကို စောစောကအဖြစ်အပျက်ကို ပြောပြမိသည်။ ပြီးတော့ သူ့ရင်ထဲ ခံစားရ သလို ပွင့်လင်းစွာပြောဖြစ်သည်။

"လူတစ်ယောက်ဖမ်းတာပဲကွာ၊ လက်ထိပ်လည်းခတ်ပြီးပြီ၊ ဒီကောင်ကလည်း လက်နက်ကိုင်စစ်သားတွေနဲ့ တော်ပြီပေါ့ကွာ။ ပြီးတော့ ပြေးနေတဲ့လူလည်းမဟုတ်ဘူး။ အဲဒါကို ခေါင်းစွပ်အနက်ကြီးစွပ်တာက တော့ အကျည်းတန်လွန်းပါတယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ဟော့ကောင် ရှုး . . . မင်းအာဘာဟေ့ကြားသွား

ဂျေးအောင်းနေရဦးမယ်"

ကျယ်လောင်သွားတဲ့သူ့အသံကြောင့် ပြည့်စိုးက ဘေး

ဝေ့ကြည့်ကာ ဟန့်၏။ အဲသည်ခေတ်က အဲလို။

"မကြားပါဘူးကွာ မင်းကလည်း ကြောက်တတ်လိုက်တာ"

"မင်းအာဘာ ထောက်လှမ်းရေးဗိုလ်ချုပ်ကြီးပြောထားတာ

မကြားဖူးဘူးလား။ နံရံတိုင်းမှာ နားတွေရှိတယ်ဆိုတာလေ၊ တော်

ကွာ၊ နေညို့ ငါ မနက်ဖြန်ခရီးသွားရမယ်ကွ၊ မန္တလေးဘက်မှာ

အဖေရဲ့ကုန်ကားတစ်စီးပျက်နေလို့ အဲဒါ သွားကြည့်ပြီး လိုအပ်

တွေ လုပ်ပေးရမယ်၊ အစက အဘိုးကြီးက သူသွားမလို့ပါ၊ ဒီနေ့

မှ ရုတ်တရက် နေမကောင်းဖြစ်သွားတာနဲ့ ငါသွားပေးရမှာ၊ လိုအပ်

ပစ္စည်းတွေက မန္တလေးမှာ ဝယ်ရမှာဆိုတော့ မင်း ဘာမှာဦးမယ်

"မမှာတော့ပါဘူးကွာ"

"ရွှေခြေကျင်းနဲ့ မန္တလေးသူချောချောလေးပါဆယ်ထုပ်

မယ်လေ"

ပြည့်စိုးက သူ့ကိုနောက်နေသေး၏။ ပြီးတော့ မင်းရည်

ဖွင့်မပြောသေးဘူးလားမေးတော့ ပြောမှာပေါ့ကွာဟုသာ အလိုက်





ဖြေခဲ့သည်။ သူ့ရဲ့ စိတ္တဇအတွေးတွေကို ဒီကောင်ကတော့ သိမည်

မဟုတ်ပေ။ ရတီ့ကို သူဖွင့်ပြောလိုက်လို့ "ဝမ်းနည်းပါတယ်၊ ကျွန်မမှာ

သိပ်ချစ်ရတဲ့ရည်းစားတစ်ယောက် ရှိပါတယ်ရှင်" ဆိုတဲ့ အဖြေမျိုးသာ

ရလာပါလျှင် အရမ်းချောပြီး ချစ်စရာကောင်းတဲ့ ဒီအရွယ် တက္ကသိုလ်

ကျောင်းသူလေးဟာ ရည်းစားရှိနေနိုင်တာမို့ အခုရက်ပိုင်းတွေမှာ ဒီ

အတွေးက သူ့ရဲ့ညတွေကို အိပ်စက်ခြင်းနဲ့ ကင်းဝေးစေခဲ့၏။ မိန်း

ကလေးတွေအတွက်တော့ အချစ်ဆိုတာ ပုံတစ်လုံး တီးမှပြည့်တတ်

သောအရာလေလား။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

အောက်ဘက်၌ရှိနေသော မြို့ငယ်လေးကို နေညို ငေး... နေမိ၏။ ပြည့်စိုးလည်း မရှိတာကြောင့် တစ်ဦးတည်း ငေါင်နေသော... သူက ဒီညနေမှာတော့ မြို့လေးရဲ့အနောက်ဘက် တောင်ကုန်းလေး... ထွက်လာခဲ့ခြင်းပါ။ တောင်ကုန်းလေးရဲ့ထိပ်မှာ ရှေးဟောင်းဘုရား... ဆူရှိသည်။ ရခိုင်မင်းသမီးတစ်ပါးက ရခိုင်ပြည်ကိုလွမ်း၍ တည်ထား... သော ဘုရားဟု လူကြီးများ၏ ပါးစပ်ရာဇဝင်ကိုကြားဖူး၏။ တော... ကုန်းလေးက အနည်းငယ်မြင့်မားသည်မို့ တောင်ကုန်းထိပ်က... ကြည့်ရင် သူတို့ရဲ့မြို့လေးအား အပေါ်စီးမှမြင်ရလေသည်။

တောင်ကုန်းထိပ်မှ ရေးရေးမြင်နေရသော ရတီတို့...





...လေးကို ငေးရင်း ရတီမိုးမြင့်ဆိုတဲ့ ကြွက်ဖြူမလေးကို သတိရနေမိ၏။

"နေညို"

ကျောဘက်ကခေါ်သံကြောင့် သူ လှည့်ကြည့်လိုက်တော့ ...အတော် အံ့အားသင့်လို့သွား၏။ ခပ်ကြမ်းကြမ်းလေအဝှေ့မှာ ကပိုကရို ...ရွှင့်ဝဲနေတဲ့ ဆံနွယ်များအား သပ်ခါရင်း သူ့အား ရတီက ပြုံးပြနေ ...ပါသည်။ ပြီးတော့ ဒီတောင်ကုန်းထိပ်ကို ရတီလို နုနယ်သော မိန်း ...ကလေးက အရောက်တက်လာသည်တဲ့လား။ ဩချစရာပေပဲ။

"ရတီ ... ဘယ်လိုလုပ်"

အံ့ဩစွာမေးလိုက်တဲ့ သူ့အမေးစကားမဆုံးခင် ရတီက သူ့ ...နားကိုလျှောက်လာကာ ပြောလိုက်တော့မှ ပြည့်စိုးအား ဒီနှစ် ...ကျောင်းကျွတ်ဂါရဝပြုရမည့်စာရင်းထဲ ထည့်ရတော့သည်။

"ဘာလဲ ... အံ့ဩနေတာလားနေညို၊ အဟင်း ... နေညို ...ရှိတယ်လို့ ပြည့်စိုးက ပြောလိုက်တာ နေညိုရဲ့၊ သူကတော့ ... ခရီးထွက်ရမှာလို့ ပြောတယ်"

"ဪ"

အဲဒါကို မင်းလေးက ဒီအထိလိုက်လာတယ်ပေါ့လေဟု ရတီ ...နှာလေးကိုငေးရင်း ကြည့်နူးစွာတွေးဖြစ်သည်။ သူမကတော့



www.burmeseclassic.com

www.burmeseclassic.com



နေညို ငေးနေသည်ကို သတိထားမိပုံမရပါ။ မြင်နေရသော ရှုခင်းများ ကိုသာ တအံ့တသြ ငေးနေလေသည်။ ကျောရှင်းဝင်းမွတ်သော သူ့ လည်တိုင်ဖြူဖြူလေးတွင် သွေးကြောစိမ်းဖန့်ဖန့်လေးများကိုပင် ထွင်း ဖောက်မြင်နေရလေသည်။

ဇာပါးတချို့ပါသော မြန်မာဆန်ဆန် အင်္ကျီအဝါရောင်လေး ကို လုံချည်အနက်ရောင်လေးနှင့် တွဲဖက်ဝတ်ဆင်ထားတာကြောင့် သူ့မအလှသည် ပို၍ ထည်ဝါသွားသည်ထင်သည်။ ဇာပါးလေး ထွင်းဖောက်ကာ ရေးရေးသာမြင်နေရသော ပခုံးသားလုံးလုံးလေး သူ့ရင်အစုံ မောလျစေသည်။ သူ့ရဲ့ရတီသည် ဘာဘီအရုပ်မလေးနှ လည်း တူသေး၏။

"ဒီနေရာလေးက အရမ်းသာယာတာပဲနော် နေညို"

ရုတ်တရက်လှည့်ကာ ပြောလာသောရတီသည် ငေး ကမ်းမဲ့ သူ့အကြည့်တွေကို သတိများထားမိသွားမလားဟု အားနာသွ မိ၏။ ထို့ကြောင့် အိုးတိုးအမ်းတမ်းနဲ့ မြန်မြန်အကြည့်လွှဲရသည်။

"အင်း ... ဟုတ်တယ် ရတီရဲ့"

"နေညို ... ဒီနေရာလေးကို အမြဲလာတာပဲလား"

အုတ်ခုံအကျိုးလေးတစ်ခုမှာ ရတီနဲ့သူ ထိုင်ဖြစ်ကြ၏။ ချ





ဆံနွယ်အချို့၏ အဖျားစလေးများက သူ့မျက်နှာကို တစ်ချက်တစ်ချက် ထိုးဝှေ့လို့နေ၏။ ဆံပင်လေးက မွှေးလိုက်တာ။

"အမြဲတော့ မဟုတ်ပါဘူး။ စိတ်ညစ်တဲ့အခါမျိုး တစ်ယောက် တည်း နေချင်လာတဲ့အခါမျိုးကျရင်တော့ ကိုယ် ဒီနေရာလေးကို လာဖြစ်ပါတယ်"

"အခုတော့ နေညို စိတ်ညစ်လို့လာတာလားဟင်၊ နေညို့မှာ စိတ်ညစ်စရာတစ်ခုခု ရှိလို့လားဟင်"

ဖြူစင်ရိပ်တွေ ယှက်သန်းနေတဲ့ မျက်ဝန်းလေးကို သတိ လက်လွှတ် သူ ငေးမောသွားမိသည်။ တစ်ဦးရဲ့ရင်ထဲ တစ်ဦးမြင်နေရ သလို ခံစားရ၏။ ရတီက ခေါင်းငုံ့ကာ အကြည့်ကို အရင်လွှဲသွား သည်။ ချစ်တယ်ဆိုတဲ့ စကားလေးနှစ်ခွန်းကို ပြောရမည်လား၊ မပြော ရမည်လား စိတ်ထဲ ဝေခွဲမရ။ တံတွေးတွေ ခဏခဏမျိုချမိသည်။ နှုတ်ခမ်းတွေ သွေ့ခြောက်နေ၏။ ကိုယ့်ကိုယ်ကိုယ် အားမလိုအားမရ ဒေါသထွက်မိ၏။ အတော်သတ္တိနည်းတဲ့ကောင်၊ ဒီတောင်ကုန်းပေါ်က ခုန်ချပြီးသာ သေဖို့ကောင်းတော့သည်။ အစောက ရတီ့အမေးကိုလည်း မဖြေမိ။ ရတီကလည်း ဆက်မမေးတော့။ ခေါင်းလေးငုံ့ကာ လက်မက လက်သည်းရှည်လေးနဲ့ လက်ညှိုးက လက်သည်းရှည်လေး



www.burmeseclassic.com

www.burmeseclassic.com



ကြားထဲက ဘာမှမရှိတဲ့အရာကို ကော်ထုတ်နေသည်။

"တောင်က မိုးတွေမည်းတက်လာပြီ ရတီ ပြန်ကြရအောင်"

သူ့စကားအဆုံး ရတီက သူ့ကိုလှည့်ကြည့်လာသည်မျက်ဝန်းတို့က အစောကလောက် မလဲ့ဖြာသည်မှာသေချာသည်။ အဲဒီအချိန်မှာပဲ လေနဲ့အတူ လျှင်မြန်စွာ တလိပ်လိပ်တက်လာသော တိမ်မည်းအုပ်ကြီးက နေညိုနဲ့ရတီတို့နှစ်ဦးအပေါ် မိုးအုပ်လို့လာပြီး မိုးဖွဲလေးများ စတင်ကျဆင်းလာတော့သည်။

မိုးအရမ်းမရွာခင် အမြန်ဆင်းမှဖြစ်မည်။ မိုးရွာလျှင် တောင်ကုန်းမြေများက ရွှံ့စေးများဖြစ်သွားကာ အတော်ချော်ပါသည်။ ယောကျ်ားလေးမို့ သူက ကိစ္စမရှိသော်လည်း ရတီကတော့ အဆင်ပြေနိုင်မှာ မဟုတ်ဘူးလေ။

မိုးက အတော်သည်းထန်သည်။ မြေများက ရွှံ့စေးများအဖြစ် ခဏလေးအတွင်း အသွင်ပြောင်းသွားတော့သည်။ ခက်လေပြီ။

"နေညို . . . ရတီ ကြောက်လာပြီ ဆက်မသွားရဲတော့ဘူး ဟင့်"

ရတီ့မျက်နှာက ငိုမဲ့မဲ့လေး။ ရွှံ့စေးတွေက အတော်ချော်နေသည်မို့ ရတီက ဆက်မသွားရဲတော့ပေ။ စတွေ့စဉ်ကလို တဆတ်





ဆတ်လေးတုန်ကာ ကြောက်နေလေသည်။ နှစ်ဦးစလုံး မိုးရေများက ရွှဲလို့နေပြီ။ သူ ပြုံးမိသည်။ ရတီက သူမလက်ရှိနေရာမှ တစ်လှမ်းမှ မရွေ့တော့ပေ။ သူ ရတီ့အနားသွားကာ မကြောက်ဖို့ အားပေးရသည်။ အားကိုးတကြီး မော့ကြည့်လာသောရတီရဲ့အကြည့်၊ မိုးရေနဲ့အတူ ချုပ်ရပ်နေသည့် အလှတရားများ။ တဆတ်ဆတ်တုန်ယင်နေသော နှုတ်ခမ်းပါးလေး။ ယောကျ်ားတစ်ယောက်ရဲ့ ချုပ်ထိန်းမှုအား စမ်းသပ်စိန်ခေါ်နေလေရော့သလား။

"ကျွမ်း"

"အမေ့"

"ဟာ"

တော်တော်ကြီးကို ကျယ်လောင်တဲ့မိုးခြိမ်းသံကြောင့် (သူပင်လန့်မိ၏)။ ရတီက သူ့ရင်ခွင်ထဲ ရုတ်တရက်တိုးအဝင်မှာ သူ့ခြေထောက်အစုံက ရွှံ့စေးကြောင့် ချော်သွားတော့သည်။ နှစ်ဦးသားသူ့နဲ့ ဆင်ခြေလျှောလေးအတိုင်းပါသွားတော့သည်။ ရွှံ့စေးဗွက်အိုင်လေးထဲရောက်မှ ရပ်သွားတော့၏။ ရတီက အကြောက်မပြေသေး။ ရင်ခွင်ထဲမှာ လက်အစုံကလည်း သူ့ခါးကို တင်းတင်းလေးဖက်ထားသေး၏။



www.burmeseclassic.com

www.burmeseclassic.com



တော်ပါသေးရဲ့၊ လူတွေ ဘာမှမဖြစ်လို့။ အကြောက်ပိုနေ
သော ရတီခေါင်းလေးကို သူ ဖွဖွပွတ်သပ်ပေးတော့ ရတီက သူ့ရင်ခွင်
ထဲမှာ ကလေးတစ်ယောက်လို မှေးစက်ငြိမ်သက်လို့။ သူ့ခါးဆီက
သိုင်းယှက်ထားတဲ့ ရတီလက်နှစ်ဖက်က ရုတ်တရက် ခပ်တင်းတင်း
ဖက်လိုက်တာကို သူသိလိုက်သည်။ ရင်ဘတ်ချုပ်ရိုးတွေ ပွင့်ထွက်
ကုန်လေပြီတည်း။

"ရတီ ... ရတီ့ကို ကိုယ်ချစ်တယ် ရတီ"

ရေစိုဆံနွယ်လေးများအား ပွတ်သပ်ရင်း တိုးဖွဖွ သူပြောတော့
ရတီက ရုတ်တရက် သူ့ရင်ခွင်ထဲမှ တိုးထွက်လို့သွားသည်။ ရတီ
စိတ်ဆိုးသွားပြီလားဟု ပူပန်စွာတွေးမိသည်။ သွားပြီ အခုမှ ထွက်သွား
တဲ့ စကားကို လက်ဖျစ်တီးကာ 'ရှီရှီ' တွေ 'အိုအို'တွေ လုပ်ပြီး
ပြန်ရုပ်သိမ်းလို့လည်းမရတော့။

ရတီ့အကြည့်ကို ရင်မဆိုင်ရဲ၍ ခေါင်းကိုငုံထားမိသည်။ နေညို
နေညို တော်တော်ဖျင်းတဲ့ကောင်။ ဒါလောက် နူးနူးညံ့ညံ့ Ro-
mance ဖြစ်တဲ့စကားကို ဗွက်အိုင်ထဲမှာ ဝက် ဗွက်လူးပုံနဲ့ ပြော
လားတော့ရဲ့ဟု အပြစ်တင်စွာ တွေးမိ၏။ မချင့်မရဲစိတ်က ရင်
လှုပ်တိုက်ပြေးလွှားနေသည်။





"ရတီ ... ကိုယ့်ကို စိတ်ဆိုးသွားတာလားဟင်"

"ဆိုးတယ် နေညို၊ ရတီ ရှင့်ကို အရမ်းစိတ်ဆိုးတယ်။ ပြီး
တော့ အရမ်းလည်း အံ့ဩတယ် သိလား"

ဒီတစ်ခါ မိုးကြိုးပစ်ရင် ဒီကောင့်ကိုသာ တည့်တည့်ပစ်ချ
လိုက်ပါ မိုးနတ်မင်းကြီးရယ်။ ကိုယ်သိပ်ချစ်ရတဲ့သူ့ရဲ့အမုန်းကို ပြုံးပြုံး
ကြီး ခံနိုင်တဲ့အထဲမှာ ကိုယ်မပါတာ ကိုယ်သာသိသည်ပဲ။ ခေါင်းကို
ငုံ့ထားရင်း ဗွက်အိုင်ထဲသို့ ခုန်ဆင်းလို့လာသော မိုးစက်မိုးပေါက်များကို
သာ အကြောင်းမဲ့ ငေးနေမိလေ၏။ သူ့ကို အခွင့်ရေးသမားတစ်ဦးလို့
များထင်သွားပြီလား။ သို့သော် –

"ရတီက ဟိုးတောင်ကုန်းလေးပေါ်မှာ ထိုင်ကတည်းက
နေညို ဖွင့်ပြောမယ်လို့ထင်နေတာ ဟွန့်၊ အဲဒါဆို ဘယ်လောက်
Romance ဖြစ်မလဲ၊ ခုတော့"

"ဟာ ... ရတီ ရတီ ကိုယ့်ကို"

ဝမ်းသာမှုနဲ့စကားတွေက အထစ်ထစ်အငေါ့ငေါ့။ သူမက
အပြုံးလေးနဲ့ ရှက်မျက်စောင်းလေးဝင့်သည်။ ချစ်သူလေးကို ရင်ခွင်ထဲ
ဆွဲဖက်ထားမိသည်။ ဗွက်အိုင်ထဲက ရေတွေကို ထိုးဖွတော့ နှစ်ဦး
စလုံး ဗွက်ရေတွေပေကုန်ကြသည်။ ရတီက အရွှးတစ်ယောက်လို



www.burmeseclassic.com

www.burmeseclassic.com



အပျော်လွှန်နေတဲ့ သူ့ပါးကို ရွှံ့တွေသုတ်ပြီး 'တခစ်ခစ်' နဲ့ရယ်သည်။ သူပြန်သုတ်တော့ ခေါင်းလေးကို သူ့ရင်ခွင်ထဲအတင်းတိုးဝှေ့ပုန်းသည်။ သူကလည်း ရအောင်သုတ်သည်။ ချစ်သူက ငိုမဲ့မဲ့လေးဖြစ်သွားတော့ သူကပဲ သူ့အင်္ကျီနှင့် ချစ်သူ့ပါးကို သန့်စင်ပေးရသည်။ ဗလာကျင်းနေတဲ့ သူ့ရင်အုပ်ကျယ်တွင် ချစ်သူက ခေါင်းလေးမှေးမှီတော့ ရေစိုဆံနွယ်တွေကို ဖွဖွလေးငုံ့နမ်းမိသည်။ ချစ်သူက သူ့ရင်ခွင်မှာ မှေးစက်ရင်း သူ့ခါးကို တင်းတင်းရစ်ရစ် ဖက်တွယ်ကာ –

"ရတီ ... မောင့်ကို သိပ်ချစ်တယ်မောင်"

တိုးတိုးလေး။ ဒါပေမဲ့ ပီသ၏။ ပျော်လိုက်တာ။ မိုးစက်တွေက ချစ်သူနှစ်ဦးကို ကောင်းချီးပေးနေကြသည်။ လျှပ်ပန်းနွယ်များက တဖျပ်ဖျပ်နဲ့ ချစ်သူနှစ်ဦးကို မှတ်တမ်း တင်နေသလိုပင်။ နှစ်ဦးသား တစ်ဦးကိုတစ်ဦး တင်းရင်းစွာထွေးဖက်မိသည်။

ကဲ ကမ္ဘာပေါ်မှာ သူတို့နှစ်ဦးလို ဇွက်အိုင်ထဲမှာ ချစ်သူဖြစ်ခဲ့တဲ့လူ ရှိပါ့မလားနော့။ ဂင်းနစ်စာအုပ်ထဲတွင်ပင် မှတ်သားလောက်၏။ အပြန်မှာ ချစ်သူကို ရွှေ့ခနဲပွေ့ချီကာ သူ့ တောင်ကုန်းလေးရဲ့ အောက်ခြေအထိ ခက်ခက်ခဲခဲ ဆင်းခဲ့ရလေသည်။ မိုးက သည်းတုန်း။

❀ ❀ ❀



## အခန်း (၈)

သိပ်ချစ်စရာကောင်းတဲ့ ချစ်သူတစ်ယောက်ကို ပိုင်ဆိုင်ခွင့်ရသောသော သူ့ရဲ့မနက်ခင်းလေးက ကြည်ကြည်လင်လင်လေး နိုးထဖို့ကောင်း၏။ သို့သော် –

"အောင်မယ်လေး ... ကိုဝင်းမောင်ရဲ့ လုပ်ရက်လိုက်တာတော် ... လုပ်ရပ်လိုက်တာ၊ သေနာကျကြီး ... ဟီး ဟီး"

"မမြ ... နင့်အပေါက်ကို ပိတ်ထားနော်"

"မပိတ်နိုင်ဘူး ... မပိတ်နိုင်ဘူး အသုဘကြီးရဲ့"

"ဟာ ... ဒီမိန်းမတော့ ငါတယ်"

"ဂုံ ဂွမ်"



www.burmeseclassic.com

www.burmeseclassic.com



"အီး ဝါး"

အရပ်ရှစ်မျက်နှာ ကျန်တဲ့အရပ်တွေကတော့ နေသာသ[...] နေနေကြသလားမသိ။ သူကတော့ မနေနိုင်တော့။ ဘုတ်တုတ်နဲ့ညီ[...] ငိုသံတွေ၊ ဒန်အိုး ဒန်ခွက်သံတွေက ပလုံစီညံနေသည်။ အဲဒီ[...] နေညိုတစ်ယောက် အိပ်ရာမှ လူးလဲထကာ စစ်မြေပြင်အရပ်သို့[...] သုတ်ခြေတင်ရတော့၏။ တော်ကြာ ခြေလှန်လက်လှန်တွေ ဖြစ်[...] မှဖြင့်။

"မိမြ ... ငါလုပ်လိုက်ရင် နင်သေတော့မယ်နော်၊ [...] ... ဒီမိန်းမ"

"ဒုန်း"

ကိုဝင်းမောင် ပွဲကြမ်းနေပြီထင်သည်။ နေညို ခြေလှမ်း[...] ကို အရှိန်တင်လိုက်၏။ သူရောက်သွားတဲ့အချိန်ကျမှ သူဆွဲရမယ့်[...] ကိုဝင်းမောင်မဟုတ်ဘဲ မမြဖြစ်နေသည်။ ဟုတ်တယ်လေ၊ ငါ [...] လိုက်ရင် သေတော့မယ်ဆိုတဲ့ ကိုဝင်းမောင်က မမြလက်ချ[...] အသက်ထွက်တော့မည်။ သူ မကြားဖူးတဲ့ မကြားဝံ့မနေသာ ဆဲ[...] တွေကလည်း မိုးမွှန်လို့။ မယားစိတ် သားစိတ် ပင် ကုန်ချင်[...] (တကယ်)





မမြလက်ထဲမှာ ဟင်းချက်တဲ့ဒန်အိုးကြီး။ ထိုဒန်အိုးကြီးနှင့် မမြက ကိုဝင်းမောင်အား အပီဆော်နေလေသည်။ ကိုဝင်းမောင်ခမျာ မမြရိုက်ချက်တွေ အတော့်ကို အလူးအလဲခံနေရရှာသည်။ ခံစစ်အနေအထားနှင့် ကြိမ်းဝါးနေရှာ၏။

"မမြ ... တော်ပါတော့ဗျာ"

သူ ဖွတ်အတင်း ကြားဝင်လိုက်မှ မမြရဲ့ဒန်အိုးကြီးက လေထဲမှာ တန့်သွားတော့၏။ တော်သေးတာပေါ့။ မမြက အဲဒီတော့မှ မြေပေါ် ငုပ်တုပ်ကြီး ထိုင်ချကာ 'တအီးအီး' နဲ့ငိုတော့၏။ အဲဒါကို ကိုဝင်းမောင်က တစ်စခန်းထသေးသည်။

"ဖယ်ပါကွာ နေညိုရာ၊ ဒီမိန်းမကို မှတ်လောက်သားလောက်အောင် ဆုံးမဦးမယ်" ဆိုပြီး သူ့နောက်ကနေ အရှိုဂေါက်ဂတ် သူ့ဘော်ဒီနဲ့ ကြိမ်းဝါးနေသေး၏။ ဆွဲနေမှန်းသိလို့ လွှတ်ပေးလိုက်ချင်တာ။

"ဘယ်လိုဖြစ်ကြတာလဲဗျာ"

"နေညိုရယ် ... မောင်လေးပဲစဉ်းစားကြည့်ပါ၊ မမြမှာ တစ်အိမ်လုံးအတွက်လည်း နေပူစပ်ခါး အရပ်တကာလှည့် ဈေးရောင်းပြီး ရှာကျွေးရတယ်၊ အခု မိုးကျရင် အိပ်အမိုးလေးပြင်မိုးရအောင်ဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



အငတ်ခံပြီး ချွေချွေတာတာစုထားတဲ့ ငွေလေးကို ဒင်းက အရည်ဖျော် ပစ်တယ်လေ၊ ဟီး . . . ဆီမီးခွက်လောက်အိမ်လေးကို အမိုးမလုံတော့ ကလေးတွေမှာ မိုးရွာရင် နေစရာနေရာကို မရှိပါဘူး နေညိုရယ် . . . ဟီး ဟီး''

အင်း . . . ဟုတ်တော့လည်းဟုတ်သည်။ သူ စိတ်မကောင်း ဖြစ်သွားမိသည်။ တဲသာသာ မမြတို့အိမ်ကလေး၏အမိုးများသည် ကျိုးတိုးကျဲတဲ့။ အချို့နေရာများက အမိုးအပေါက်များသည် အတော် ရုပ်ပျက်ဆင်းပျက်ဖြစ်နေသည်။ မိုးရွာရင် အမိုးမလုံတဲ့အိမ်ပိစိ ထဲမှာ ကလေးတွေနဲ့ မမြရဲ့ဒုက္ခသည် သူ့ဟာနဲ့သူတော့ ကြီးကျယ် သည်လေ။ ဟင်း နောက်မှ သူက ကိုဝင်းမောင်ကိုမေးကြည့်မိသည်။ ပိုက်ဆံတွေ အကုန်သုံးပစ်တာလားဆိုတော့ အရက်ကြွေးဆပ်လိုက် သဖြင့် တစ်ပြားမှမကျန်ဟုဆို၏။ ပြီးတော့ သူက အဲဒီပိုက်ဆံတွေ မမြပိုက်ဆံမှန်းမသိလို့ သုံးမိတဲ့အကြောင်းပြောပြ၏။

ဖြစ်ပုံက တစ်သက်နဲ့တစ်ကိုယ် ဦးသုံးကြိမ်ပင်ပြည့်အောင် ဘုရားကို ဝတ်မပြုဖူးတဲ့သူက အဲဒီနေ့ကျမှ ပင့်ကူအိမ်တွေ၊ ဖုန်တွေ တက်နေတဲ့ ဘုရားစင်ကို သန့်ရှင်းအောင် ရှင်းလင်းပေးပါသတဲ့။ မမြကလည်း ဆပ်ပြာခွက်လောက် သူ့အိမ်လေးထဲတွင် သူ့လင်





ဆောင် လက်မရောက်သည့်နေရာမှာ ဘုရားစင်တစ်ခုသာရှိသည်မို့ ထားတဲ့ပိုက်ဆံအလိပ်လေးကို သားရေကွင်းလေးစည်းကာ ဘုရား ကျောင်းဆောင်လေးအောက်တွင် ဝှက်ထားသည်ဆို၏။ အဲဒါကို ဝင်းမောင်က ဘုရားက သူ့ကိုပေးတဲ့ပိုက်ဆံဆိုပြီး အရက်သောက် လိုက်တာဆိုပဲ။ ရှင်း၏ ပြတ်၏။

''မမြ . . . အိမ်အမိုးအသစ်မိုးဖို့စုထားတဲ့ငွေက ဘယ်လောက် လောက်''

''သုံး . . . သုံးသောင်းလောက်တော့ရှိမယ်ထင်တယ် . . .

''ကဲပါဗျာ . . . အဲဒီငွေ ကျွန်တော်ပေးပါ့မယ်၊ မမြလည်း ထမ်းဆင်းရဲနဲ့တော့၊ ကလေးတွေ မျက်နှာလည်း ငဲ့ကြပါဦးဗျာ၊ လည်း ဆက်ဖြစ်မနေကြနဲ့နော်၊ ကျွန်တော် ပိုက်ဆံသွားယူလိုက် မယ်''

''နေညို''

ကိုဝင်းမောင်က ကျေးဇူးတင်တဲ့အကြည့်တွေနဲ့ သူ့ကိုကြည့် ပြောတ၏။

''မင်းဟာ မင်းအမေနဲ့သိပ်တူတာပဲ၊ အန်တီစုရှိစဉ်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



ငါတို့မိသားစုလေးကို အခုလိုပဲ အမြဲစောင့်ရှောက်ကူညီခဲ့တယ်၊ ရှေ့ရှေ့ရောင်းနိုင်အောင် အရင်းအနှီးထုတ်ပေးခဲ့တာလည်း အန်တီ ထုတ်ပေးခဲ့တာ၊ မင်းတို့မိသားစုရဲ့ကျေးဇူးတွေက အများကြီးပါကွာ အများကြီးပါ''

''ကျွန်တော်တို့မိသားစုကို တကယ်ကျေးဇူးတင်တယ်ဆိုရင် ခင်ဗျား ဒီအရက်ကို ဖြတ်နိုင်အောင်ကြိုးစားပါဗျာ''

''အေးပါ ... ကောင်လေးရာ၊ ငါ ဒီနှစ်ထဲက ရှန်းထွက် အောင် ကြိုးစားပါ့မယ်ကွာ''

ကိုဝင်းမောင် မျက်နှာက အခုတော့လည်း နောင်တတ နှင့် ညှိုးငယ်လို့နေသည်။ ဟူး တကယ်တော့ သူလည်း သူ တစ်ယောက်မဟုတ်တာကြောင့် သုံးသောင်းဆိုသော ပမာဏသ သူ့အတွက်တော့များပါ၏။ ဒါတောင် သူ လိုချင်တဲ့ပစ္စည်းလေးတ ရှိ၍ စုထားတဲ့ ငွေလေးတွေပါ။ မဟုတ်ရင် ဒါတောင် သူလိုချ ပစ္စည်းလေးတစ်ခုရှိ၍ စုထားတဲ့ငွေလေးတွေပါ။ မဟုတ်ရင် သူလ အဲဒီပမာဏငွေကို ချက်ချင်းတော့ ပေးနိုင်မည်မဟုတ်ပေ၊ အဲဒီပ လေးကို သူ မရ၍ ဘာမှဖြစ်မသွား။ မပြေတို့အိမ်ခေါင်မိုးက ပြင်မ မိုးရွာရင် ကလေးတွေ နေစရာရှိမည်မဟုတ်ပေ။





သူ့တပည့်လေးတွေဖြစ်တဲ့ ဘုတ်ဘုတ်နဲ့ညိုလုံးတို့အား ထိုကဲ့သို့တော့ မဖြစ်စေလိုပါ။

''ဟင်''

ဝိုက်ခံယူရန် လှည့်အထွက်တွင် သူ့အား ရပ်ငေးကြည့်နေ သော ရတီကို တွေ့လိုက်တော့ သူ အတော်အံ့သြရပြန်၏။ သူမ ဘယ်အချိန်ကတည်းကရောက်နေခဲ့တာပါလိမ့်၊ သူ ရတီ့အနား သွက် သွက်လေး လျှောက်သွားလိုက်သည်။

''ရတီ ရောက်နေတာကြာပြီလား''

''အင်း ... နည်းနည်းတော့ကြာပြီမောင်''

''ဒါနဲ့များ ရတီရယ် ... မောင့်ကို လှမ်းခေါ်လိုက်တာ မဟုတ်ဘူး၊ လာ ... အိမ်ဘက်သွားရအောင်''

အဲဒီအချိန်မှာပဲ ရတီက သူ့ကို အပြုံးလေးနဲ့ စကားလေးတစ် ခွန်းကို ပြောလေသည်။

''မောင် ... မောင့်ရဲ့ချစ်သူတစ်ဦးဖြစ်ခွင့်ရတဲ့အတွက် ရတီ သိပ်ဂုဏ်ယူမိတယ် သိလား'' တဲ့လေ။

သူကတော့ အသာလေးပဲပြုံးမိကာ ချစ်သူခေါင်းလေးကို ချစ်စနိုးနဲ့ ဖွဖွလေးသာ ပုတ်လိုက်မိသည်။ အဲဒီနောက် တစ်ဦးလက်ကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးခွဲကာ ချစ်သူနှစ်ဦးသည် အိမ်ဘက်သို့ထွက်ခဲ့တော့၏။ ရတီက ပထမဦးဆုံး ရောက်ဖူးတဲ့ သူ့ရဲ့အိမ်လေးကို စိတ်ပါဝင်စားစွာကြည့်နေလေ၏။ သူ့ရဲ့အိမ်လေးဟာ သစ်သားအိမ်လေးတစ်လုံးပါပဲ၊ ခြံဝန်းထဲတွင်တော့ မေမေရှိစဉ်က စိုက်ပျိုးခဲ့သော ပန်းပင်အချို့ရှိသည်။

"မောင်တို့အိမ်လေးက နေချင်စရာလေးနော် မောင်"

ဒါဟာ ရတီရဲ့ရင်ထဲက စကားအမှန်ဆိုတာ လုံးဝ သံသယဖြစ်စရာမလိုအောင်ပင် ရတီရဲ့အမူအရာလေးက ရွှင်လန်းနေကာ မျက်ဝန်းလေးများက တလက်လက်နှင့်၊ အိမ်ထဲဝင်ကြပြီး ညှို့ခန်းထဲရောက်တော့မှ ရတီရဲ့ခြေလှမ်းတွေက တုံ့သွားကာ –

"မောင် ... ဘယ်သူမှမရှိကြဘူးလားဟင်"

အခုမှ အိမ်လေးရဲ့တိတ်ဆိတ်မှုကို ရတီသတိပြုမိသွားပုံရ၏။

"ဟင့်အင်း ... အိမ်မှာက မောင်နဲ့ မောင့်ရဲ့အဖေ နှစ်ယောက်တည်းနေကြတာလေ၊ အဖေက ဒီအချိန်ဆို ဈေးသွားဖွင့်ပြီ ရတီရဲ့"

"ဒါဆို ... အခု မောင်တစ်ယောက်တည်းပေါ့"

"အင်းလေ"

ပါးအို့လေးနှစ်ဖက်နီရဲသွားတာ တွေ့ရ၏။ ခေါင်းလေး





မသိမသာလေး ငုံ့ကိုင်းသွားသည်၊ သူ့ရဲ့အကြည့်တွေကို ရတီ ရှောင်ဖယ်နေ၏။ ပြီးမှ သူ့ကိုမကြည့်ဘဲ ခေါင်းငုံ့ထားလျက်နှင့်ပင် –

"မောင် ရတီ့ကိုအထင်မသေးပါနဲ့နော်။ ဟို ရတီက မောင်တစ်ယောက်တည်း ရှိနေမယ်မှန်း မသိလို့ပါ"

ဩော် ... အခုမှ ချစ်သူလေးရဲ့စိတ်ထဲက စိုးရွံ့မှုကို သူသိရတော့သည်၊ ရယ်လည်းရယ်ချင်သွားမိသည်။ သူ့ရဲ့ဘာဘီအရုပ်မလေး ချောက်နေလေပြီ။ ဘယ့်နှယ်ဗျာ၊ ကိုယ့်ချစ်သူကို အထင်သေးစရာလား နော့။

"ဩော် ... ကိုယ့်ချစ်သူအိမ်လာတာပဲ အထင်သေးစရာလား ရတီရယ်၊ ဘာလဲ ... ရတီက မောင့်ကို အခွင့်အရေးယူမယ့်လူလို့ ထင်နေလို့လား"

ချစ်သူရဲ့မေးစေ့လေးကို လက်ကလေးနဲ့ အသာဖျစ်ကာ သူမော့တော့ ရတီက ပျာပျာသလဲလေးငြင်းသည်။

"အို ... မဟုတ်ပါဘူး မောင်ရယ်၊ မောင့်ကို ရတီယုံပါတယ်"

ဟု ရတီက တိုးဖျော့စွာ ပြောလေသည်။

"ဒါပေမဲ့ ... အခုတော့ မောင့်ကို မယုံနဲ့တော့ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဘာလို့"

"ရတီကိုကြည့်ရင်း မောင် ယုံကြည်မှုကို အလွဲသုံးစားလုပ်ချင်လာလို့လေ"

ပြောပြီး ချစ်သူရဲ့နဖူးလေးကို ဖွဖွလေး မက်ရှိုက်စွာနမ်းသည်။ ရတီရဲ့မျက်လုံးလေးများသည် သူ့အနမ်းကြောင့် မှေးဆင်းသွားတော့၏။

"ဟာ မောင်ကွာ ... မျက်နှာလည်း မသစ်ရသေးဘဲ သွား ... မျက်နှာသွားသစ်ကွာ၊ ပြီးရင် လမ်းဆုံမှာ နန်းကြီးသုပ် သွားစားမယ်၊ မောင်နဲ့ မနက်စာအတူတူစားချင်လို့ ရတီ အိမ်ကတော ဘာမှစားမလာဘူး။ ကဲ ... သွား မောင် သန့်ရှင်းရေးသွားလုပ်တော့ ကွာ"

ပြောပြီး ရတီက သူ့ပခုံးနှစ်ဖက်ကို နောက်ဘက်သို့ လှည့် ပေးတော့ သူလည်း သန့်ရှင်းရေးလုပ်ရန် ရေချိုးအုတ်ကန်ဆီ ထွက် ရတော့သည်။ ညှိခန်းထဲမှာ ရတီက သူတို့မိသားစုဓာတ်ပုံ အယ် ဘမ်ကြီးထဲက ဓာတ်ပုံတွေကို စိတ်ဝင်တစားကြည့်ရင်း ကျန်ခဲ့ပါသည် သူ ရေကို ခပ်မြန်မြန်ချိုးရသည်။ အားလုံးပြီးသွားတော့ ညှိခန်း ဝင်လာတဲ့သူ့ကို ရတီက စူးစူးစိုက်စိုက်လေး ငေးကြည့်နေတာ သ





အားမိသည်။ ကိုယ့်ချစ်သူက ကြည့်တာဆိုပေမယ့် အနည်းငယ်တော့ နေခက်ရ၏။ ရှပ်အင်္ကျီအဖြူအကွက်စိပ်ကို ပုဆိုးအညိုကွက် တစ် ည်နှင့် တွဲဝတ်ထားတဲ့ သူ့ဒီဇိုင်းကို ရန်ကုန်မှာအနေကြာတဲ့ သူ့ရဲ့ ချစ်သူလေးကတော ဒီဇိုင်းဟုများထင်နေမည်လားဟုပင် တွေးဖြစ်၏။ သူ့အထင်လွဲမှားကြောင်း ခဏအကြာမှာတော့ သူသိခဲ့ရလေသည်။ ဘီက သူ့အနားလျှောက်လာပြီး သူ့အင်္ကျီလေးကို သပ်သပ်ရပ်ရပ် ဖြစ်သွားအောင် အနည်းငယ် ရွဲ့နေသော ပုံနေရာအား ပြင်ပေးသည်။

ချစ်သူရဲ့အယုအယဟာ ကြည်နူးဖွယ်ရာအတိပြီးသော ပီတိ ခံမျိုးကို ခံစားရစေ၏။ ပြီးမှ ရတီက သူ့ပုံစံကို ကျေနပ်သွားဟန်နှင့် ချက်ကြည့်ကာ –

"မောင်က အခုလိုပုံစံလေးနဲ့ သိပ်စမတ်ကျတာပဲသိလား"

"ကဲ ... ရတီ ဗိုက်ဆာနေပြီမဟုတ်လား၊ သွားကြရအောင် ဟာ"

အိမ်တံခါးသော့ခတ်အပြီး ကြည်နူးမှုတစ်ခုက သူ့ရင်ထဲ သိမ့်တိုးဝင်လာပြန်သည်။ ဖိနပ်ချွတ်နေရာမှာ ချွတ်ထားတဲ့ သူ့ရဲ့ ညှိုပါဖိနပ်လေးကို ရတီက ဖိနပ်တိုက်ဘရပ်ရှ်နှင့် သန့်ရှင်းအောင် တိုက်ပေးပြီးမှ သူ့ခြေထောက်နား အဆင်သင့်လာချပေးပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူ၏ အလိုက်သိ လိမ္မာမှုလေးက သူ့ကို အံ့ဩပီတိဖြစ်စေပေး
ဤမျှအထိတော့ ချစ်သူကို သူမကြည့်ရက်ပါ။ သူမျက်နှာဖြစ်သွား
ပုံကို ရတီက အကဲခပ်မိပုံရလေ၏။ သူ တစ်ခုခုပြောမည့်ဟန်ပြင်လိုက်
စဉ်မှာပဲ ရတီက –

"စီးလေ မောင်ရဲ့"

"ဩော် ... အင်း"

ကတ္တီပါဖိနပ်စီးနေတဲ့ သူ့ကို ရတီက ဘေးကနေ အပြုံး
နှင့် ငေးကြည့်နေပြန်၏။ ရတီ့ကို အိမ်ရှေ့တွင် ခဏထားကာ
မမြတို့အိမ် အပြေးအလွှား ပိုက်ဆံသွားပေးရသေးသည်။ ထို့နော
ချစ်သူနှစ်ဦးသည် ဒီမြို့လေးမှာ လက်ရာအကောင်းဆုံးဟု သ
ကြီးသော နန်းကြီးသုပ်ဆိုင်လေးသို့ ထွက်ခဲ့ကြတော့သည်။ ချစ်
အလှကို ဝိုင်းငေးကြတဲ့လူတွေအကြားမှာ အဲဒီနေ့က သူက
စူပါစတားမင်းသားပေါ့လေ။ လူမြင်ကွင်းမှာတော့ သူတို့ချစ်သူ
ဟာ နားလည်မှုရှိစွာ အနေအထိုင် ဆင်ခြင်ဖြစ်ကြသည်။ သူအတွ
ချစ်သူကို အနေမခက်စေလိုပါ။ ပြီးတော့ အခြေအနေ ကွာဟ
လည်း ဝေးကွာလှသည် မဟုတ်လား။

❀ ❀ ❀



## အခန်း (၉)

"ပျိုးပင်ရောင်းသည်" ဟု ဆိုင်းဘုတ်ချိတ်ဆွဲထားသော ခြံရှေ့တွင် သူ ဆိုင်ကယ်ကို ရပ်လိုက်တော့ ရတီက –

"မောင် ဘာလုပ်မလို့လဲဟင်" ဟု ဖဝေဖဝါဟန်လေးနှင့် သူမရဲ့ဆိုင်ကယ်ပေါ်မှ ဆင်းရင်းမေးသည်။ သူ ဘာမှ အဖြေမပေးဘဲ ရတီရဲ့လက်ကို အသာဆွဲကာ ခြံကြီးထဲ ဝင်ခဲ့လိုက်သည်။ နန်းကြီးသုပ်စားရင်းနဲ့ အတွေးလေးတစ်ခုက သူ့ခေါင်းထဲ ဝင်ရောက်လာခဲ့၏။ အဲဒါက ရတီနဲ့သူ့ရဲ့ကြားထဲမှာ အစဉ်အမှတ်ရစေမယ့် အထိမ်းအမှတ်ကလေးတစ်ခု ပြုလုပ်ချင်လာခြင်းပင်။ ခရေပင်ပျိုးလေးတစ်ပင် သူ ဝယ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူ့ရဲ့အိမ်ကို ပြန်လာကာ အိမ်ရှေ့မျက်နှာစာက ကွက်လပ်ကလေးတစ်ခုမှာ ခရေပင်လေးကို ရတီနဲ့သူ အတူ စိုက်ပျိုးဖြစ်ကြ၏။ ရတီရဲ့မျက်နှာလေးသည် အတော် အံ့သြပျော်ရွှင်နေသည့်ပုံပင်၊ ခရေပင်လေးကို စိုက်ပျိုးပြီးသွားတော့ တစ်ဦးကိုတစ်ဦး ပီတိဖြစ်စွာ ငေးကြည့်မိကြသည်။ ဒါဟာ ရတီနဲ့နေညိုတို့နှစ်ဦးရဲ့ အထိမ်းအမှတ်အချစ်သစ်ပင်လေးပေါ့။

ခရေပင်လေးကို နှစ်ဦးသဘောတူ 'အချစ်သစ်ပင်' ဟု အမည်ပေးခဲ့ကြသည်။

"မောင်က သိပ်စိတ်ကူးယဉ်ဆန်တာပဲ သိလား"

"ဒီခရေပင်လေးနဲ့ ပတ်သက်ပြီး မောင့်ရဲ့အနာဂတ်စိတ်ကူး တွေကိုသိရင် ရတီ ပိုပြီးအံ့သြသွားမယ်"

"ဟင် ... ဘာတွေလဲမောင်၊ ရတီသိချင်တယ် ပြောပြ"

သူ့ပခုံးပေါ် လက်ကလေးနှစ်ဖက်တင်ကာ သူ့စကားကို စိတ်ဝင်စားစွာ နားစွင့်နေသည့် ရတီရဲ့ပုံစံလေးက ကလေးငယ်တစ်ဦးလို ပင်။

"ဒီခရေပင်လေးကြီးလာတဲ့အချိန်ဆိုရင် ရတီနဲ့မောင် လက်ဆပ်ပြီးလောက်ပြီလေ၊ အဲဒီအချိန်ကျရင် မောင်က ဒီခရေပင်လေး





အောက်မှာ ခုံလှလှလေးတစ်လုံး ရိုက်မယ်၊ လသာတဲ့ညတွေမှာ အဲဒီခုံလေးပေါ်မှာ ရတီနဲ့မောင်အတူထိုင်ပြီး လမင်းကြီးရဲ့အလှကို တစိမ့်စိမ့်ခံစားမယ်၊ ကြယ်တွေကိုရေကြမယ်၊ ရတီပျင်းလာလို့ရှိရင် မောင်က ဂစ်တာတီးပြီး သီချင်းဆိုပြမယ်၊ ရတီက မောင့်ရဲ့သီချင်းသံ ကို နားထောင်ရင်း အိပ်ပျော်သွားခဲ့ရင် မောင်က ရတီ မနိုးအောင် တိတ်တိတ်လေး အိပ်ရာဆီကို မချွေမယ်၊ နှစ်တွေကြာလာလို့ ... မောင်တို့မှာ သားသား၊ မီးမီးတွေရလာတဲ့အခါကျရင်လည်း ဒီခရေပင် ကြီးဟာ ဖေဖေနဲ့မေမေရဲ့ ချစ်သက်တမ်းလို့ သူတို့လေးတွေကို ပြောပြရမယ်"

"မောင်ရယ် ... မောင်က စိတ်ကူးယဉ် သိပ်ဆန်တာပဲ နော်"

သူ့ပါးပြင်တွင် အနမ်းနွေးတစ်ခုစွန်း၏။ ရတီက ခြေဖျားလေး ထောက်ကာ သူ့ပါးကို ဖွဖွလေးနမ်းလိုက်ခြင်းပင်။ အို ချစ်သူရဲ့မျက်ဝန်း မှာ ပီတိမျက်ရည်တွေ ဝေ့သီလို့ပါလား။ တစ်ဦးကိုတစ်ဦး နှင့်သည်းစွာ ချစ်ကြတဲ့ချစ်သူနှစ်ဦးဟာ ထိုအချိန်ကတော့ ခွဲခွာခြင်းအကြောင်းတွေ ဘယ်တွေးဖြစ်မှာလဲလေ။ (ငါဟာ အိပ်မက်တွေ တယုတယ စိုက်ပျိုး ခဲ့တာပေါ့)



www.burmeseclassic.com

www.burmeseclassic.com



"သွားစို့ မောင်"

"ဟင် . . . ဘယ်လဲရတီရဲ့"

"မောင့်ရဲ့စိတ်ကူးလေးတွေက ရင်ခုန်စရာကောင်းလွန်း

ရတီ အချိန်တွေ မစောင့်ချင်တော့ဘူး။ အဲဒါကြောင့် တရားရုံးကိုသွာ

ပြီး မောင့်ကို ရတီ အခုပဲ လက်ထပ်တော့မလို့ရှင့်"

နှစ်ဦးသား ပေါ့ပါးစွာ ရယ်ဖြစ်ကြသည်။

နောက်နေတာမှန်းသိသော်လည်း တကယ်ကြီးလို သာ

မိပါ၏။ အဲဒီအချိန်မှာပဲ ရတီရဲ့လက်ကိုင်အိတ်လေးဆီမှ အသံ

တစ်ခု လွင့်ပျံလာသည်။ လက်ကိုင်အိတ်လေးထဲမှ ဟန်းဖုန်းမြည်

ပင်။ အဲသည်ခေတ်ကာလက ဖုန်းတစ်လုံး ဆယ့်ငါးသိန်းခန့်ပေါ်

ဈေး။

"မောင် ခဏနော်" ဟု ခွင့်တောင်းပြီး ရတီက ခပ်လှမ်းလှ

လေးမှာ ဖုန်းသွားပြော၏။ ဖုန်းပြောပြီး ပြန်လာတော့ ရတီ့မျက်နှာ

က အစောကနှင့်ဆန့်ကျင်ဘက်။ ကွာဟမှုတွေကြောင့် သိမ်ငယ်

မိသလိုရှိ၏။

"မေမေ ဖုန်းဆက်တာမောင်၊ ရတီ ပြန်ရတော့မယ်၊ မ

စ စားမယ်ဆိုပြီးထွက်လာတာ၊ မောင်နဲ့တွေ့တော့ ရတီအချိန်တွေ





မေ့သွားတာ မောင်ရဲ့ . . . အဟင်း"

ရတီက သူ့ပါးကို ကလေးငယ်တစ်ဦးလို ဖွဖွလေးဆွဲလိမ်

သည်။

"မောင် . . . ရတီသွားတော့မယ်နော်၊ မေမေတို့ မရိပ်မိ

အောင် မောင် ရတီတို့အိမ်ဘက် သိပ်မလာနဲ့ သိလား။ ရတီပဲ အခြေ

အနေပေးရင်ပေးသလို မောင့်ဆီလာခဲ့ပါ့မယ်၊ အခုအချိန်မှာတော့

အခြေအနေအရ မောင် ရတီ့ကို နားလည်ပေးပါနော် မောင်"

အပြုံးယဲ့ယဲ့နှင့်ချစ်သူကို ခေါင်းညိတ်ပြမိ၏။ ရတီ့ကို သူ

အထိ လိုက်ပို့သည်။ ထွက်ခွာသွားတဲ့ချစ်သူရဲ့ကျောပြင်ကို မျက်စိ

ဆုံး ရပ်ငေးနေမိ၏။ အကြောင်းပြချက် မယ်မယ်ရရမရှိတဲ့ သက်

ရှည်တစ်ခုကို သူ လေထုထဲပို့လွှတ်မိ၏။ အခြေအနေမတူတဲ့

ချစ်တစ်ခုအတွက် ပထမဆုံးကြိမ် စိုးရိမ်အားငယ်သောခံစားချက်

ခံစားရ၏။

'အချစ်သစ်ပင်' လေးကို အကြောင်းမဲ့စွာငေးနေရင်း အတွေး

က ဟိုးအဝေးဆီ ရွက်လွှင့်လို့နေမိ၏။ အဲဒီအချိန်တုန်းကသာ

ငေးကြည့်နေမိခဲ့တဲ့ 'အချစ်သစ်ပင်' လို့ သူတို့နှစ်ဦး အမည်ပေးထား

သာ ခရေပင်ပျိုလေးဟာ တစ်ချိန်မှာ 'အလွမ်းသစ်ပင်' အဖြစ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



အလွမ်းတွေသာ ဝေဆာဖူးပွင့်လိမ့်မယ်ဆိုတာ ဘုရားစူး ...သူ ယောင်လို့ပင် မတွေးမိခဲ့ပါ။ နှင့်သည်းစွာ ချစ်မိရင် နှင့်သည်းစွာ လွမ်းရတတ်သည်ကို သူမေ့ခဲ့ပါ၏။

“ရတီ ... ဒါက ဘယ်လိုဖြစ်ရတာလဲ၊ အပြင်သွားတာ ကြာလှချည်လား။ ပြီးတော့ ရွှေစင်ကိုလည်း ခေါ်မသွားပါလား”

အိမ်ထဲ လှမ်းအဝင်မှာပင် ဧည့်ခန်းထဲက မေမေ့ရဲ့အ စကားတွေကို ရင်ဆိုင်ရလေပြီ။

“ဟို ... နန်းကြီးသုပ်သွားစားတာပါ မေမေ၊ ရွှေစင် ခေါ်မသွားတာက ပွဲရုံမှာ လူအရမ်းကျနေလို့ပါ”

တကယ်လည်း ဒီနေ့မနက် ရတီတို့ မိုးမခပွဲရုံတွင် သီးနှံပွဲ များ ရှုပ်ထွေးနေသည်မို့ တော်ပါသေး၏။ ထို့ကြောင့် ရွှေစင် ယောက် ဖေဖေ့ကိုကူညီနေရသည်မို့ ကောင်တာတွင် အမှန်ပင် အ ရှုပ်နေသည်လေ။ ဖေဖေ့ရဲ့ပွဲရုံလုပ်ငန်းတွင် ရွှေစင်က အားကိ သလောက် ရတီကတော့ တစ်ခုမှ နားလည်သူမဟုတ်ချေ။





“နန်းကြီးသုပ်စားတာ တစ်နာရီခွဲလောက် ကြာသလားရတီ၊ သမီးထွက်သွားတာ ရှစ်နာရီခွဲလောက်ကလို့ မောင်မြင့်က မေမေ့ကို ပြောတယ်”

သေပါပြီ၊ စဉ်းစားစမ်းရတီ။ ဉာဏ်နီဉာဏ်နက်၊ ဉာဏ်ဝါ အကုန်ထုတ်စမ်း။ မသိမသိုင် အဲဒီကိုမောင်မြင့်ဆိုတဲ့ ပွဲရုံအလုပ်သမား ကိုလည်း စိတ်ထဲက တိုနေမိသည်။ မသိလိုက်ဘူးဆိုပြီးရောပေါ့။ လျှာရှည်လိုက်တာ။

“လမ်းဆုံက နန်းကြီးသုပ်ဆိုင်မှာ သမီးကို ကောင်လေး တစ်ယောက်နဲ့ ထိုင်နေတာတွေ့ခဲ့တဲ့လူရှိတယ် ရတီ၊ ပြောစမ်းပါဦး ... အဲဒီကောင်လေးက ဘယ်သူလဲရတီ၊ သမီးနဲ့ ဘယ်လိုပတ်သက် တာလဲ ရတီ”

သတင်းတွေကလည်း မြန်လိုက်တာ။ လူတွေ တော်တော် အားယားနေလားပင်မသိ။ မေမေကတော့ ရတီ့ကို စူးစိုက်ကြည့်ကာ သုံးစံအတိုင်း မျက်နှာထားတင်းတင်းနဲ့ သူမဆီကစကားကို စောင့်ဆိုင်း နေချေပြီ။ အလျှောက်ကောင်းမှ အထောင်းသက်သာမည့်အခြေအနေ မို့လား မိရတီရယ်။

ရတီက အပြုံးလေးနှင့် မေမေ့ဘေးက ဆိုဖာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တည်းဆိုသလို မေမေ့ရဲ့ခါးကို ကလေးငယ်တစ်ဦးလို သိုင်း
ဖက်ပစ်လိုက်သည်။ ဒါမှလည်း ကိုယ့်အမူအရာပျက်တာကို မေမေ
မရိပ်မိမှာပေါ့။

အခန်းထဲရောက်တော့ အိပ်ရာပေါ် ခြေပစ်လက်ပစ် လှဲချရင်း
တစ်ယောက်တည်းပြုံးမိသည်။ ထိုစဉ် အခန်းတံခါးပွင့်သွားပြီး ရွှေစင်
ဝင်လာတာ တွေ့ရသည်။ ရွှေစင်က ခုတင်မှာ တင်ပလ္လင်ထိုင်လိုက်ပြီး

"ရတီမ . . . နင် တစ်မနက်လုံး ဘယ်တွေသွားနေတာလဲ
ဟင်"

"နေညို့ဆီကိုသွားနေတာ"

"ဘာ . . . နေညို့ဆီကိုသွားနေတာ"

ရွှေစင့်သံက ကျယ်လောင်စွာ၊ ရွှေစင်ကိုတော့မညာလိုပါ
ပြီးတော့ ရွှေစင်ဆိုတာ ရတီငယ်နိုင်လေ။

"ရွှေစင် . . . ရတီနဲ့နေညို ချစ်သူတွေဖြစ်နေကြပြီ"

"ဘာ . . . ရတီ၊ နင်နဲ့သူနဲ့ တွေ့တာမှ လပိုင်းတောင် မ
သေးတဲ့ဟာ"

"တစ်ခါတစ်ရံ တစ်ဦးနဲ့တစ်ဦး ချစ်သူတွေဖြစ်ကြဖို့ဆိုတာ
အချိန်ကာလတွေ သိပ်မလိုအပ်ဘူး ရွှေစင်ရဲ့"





ရွှေစင်ကတော့ ရတီ့ကို နားမလည်နိုင်စွာကို ကြောင်ငေး
ကြည့်နေတာတွေ့ရသည်။ ရွှေစင့်ကိုတော့ မခြွင်းမချန် ပြောပြဖြစ်၏။
ရတီ့စကားတွေနားထောင်ရင်း တစ်ခါတစ်ရံ ရွှေစင့်ပါးစပ်ကလေးက
အံ့သြမှုကြောင့် 'ဟစ် ဟစ်' ဖြစ်သွားလိုက်၊ တစ်ခါတစ်ရံ လက်ကလေး
နဲ့ ရင်ဘတ်ကို ဖိလိုက် ဖြစ်နေချေ၏။ ရတီ့စကားအဆုံးမှာ ရွှေစင်က
ဆရာမကြီးလို တော်ကီတွေခြွေလေတော့သည်။

"သူက ချစ်တယ်လို့ပြောတာနဲ့ နင်က စဉ်းစားမယ်တို့
ဘာတို့ နည်းနည်းမှ မအောင်ဘဲ တန်းအဖြေပေးရသလား ရတီရဲ့
ခင်က မိန်းကလေးလေဟယ်"

"အာ . . . ရွှေစင်ကလည်း၊ ရတီရဲ့နှလုံးသားက သူ့ကိုချစ်
တယ်ဆိုတာ သေချာနေတဲ့ဟာ၊ ဘာစဉ်းစားစရာလိုလို့လဲ၊ ရတီက
တော့ အဲဒီအစဉ်အလာဆိုတာကြီးနဲ့ ရတီနှလုံးသားကို မညှဉ်းဆဲချင်
ဘူး . . . ဟင်း ဟင်း၊ အဲဒါကြောင့် နေညို့ကို နှလုံးသားက
ကောင်းဆိုတဲ့အတိုင်း ချစ်တယ်လို့ အဖြေပေးခဲ့တာ"

"နေစမ်းပါဦး ရတီ၊ ငါ မေးပါရစေဦး၊ နင်က နေညို့ကို
ဘာကြည့်ကြိုက်တာတုံးဟင်"

ရွှေစင့်အမေးကို ရတီက ရယ်ကျဲကျဲလုပ်နေပါ၏။ အနှုဆို



www.burmeseclassic.com

www.burmeseclassic.com



ရတီသည်လည်း ပြည့်စိုးနဲ့ရွှေစင်တို့နှစ်ဦး ချစ်သူတွေဆိုတာ နေညို ပြောပြ၍ သိခဲ့ရလေသည်။ ထို့ကြောင့် ...“ရွှေစင်ကော ပြည့်စိုး ဘာကြည့်ကြိုက်တာလဲဟင်” ဟု ရွှေစင်ကို ပြန်ချုပ်ရ၏။

“အဲ ... နင် နင်”

ရွှေစင်က ပြည့်စိုးနဲ့ သူ့ရဲ့ဇာတ်လမ်း ရတီသိသွားတဲ့အတွက် အတော်အံ့သြကာ ထုံးစံအတိုင်း နင်နေပြန်ပါ၏။ အဲဒီတော့မှ ရတီ ညစ်ကျယ်ကျယ်လေးပြုံးကာ –

“အဲဒီလောက်လည်း အံ့သြမနေပါနဲ့ ရွှေစင်ရယ်၊ စိတ် ရွှေစင်နဲ့ပြည့်စိုးအကြောင်းကို ရတီ ဘယ်သူ့ကိုမှ မပြောပါဘူး။ ဘာ တွေ့ပဲဟာ ကိုယ်ချင်းစာပါတယ်၊ ရွှေစင်လည်း ရတီ့အပေါ်မှာ ကို ချင်းစာတရားလေးထားပြီး ဒီကိစ္စတွေကို လျှို့ဝှက်ပေးထားပါနော်

သနားစဖွယ်မျက်နှာငယ်လေးနဲ့ ညီမဖြစ်သူက တောင်း နေတော့လည်း ရွှေစင်သနားသွားပုံရ၏။ သဘောထားအနည်း ပျော့ပျောင်းသွားသည်။ အင်းလေ၊ ဒီလိုတွေဖြစ်လာမယ်ဆိုတာလည်း ကြိုသိပြီးသားပဲလေ။ ဒီလောက်မြန်မြန်ကြီးလို့ ကြိုမတွေးခဲ့မိတာ ရှိသည်လေ။ တကယ်တမ်းတွေးကြည့်တော့လည်း နေညိုဆို ငုံ့သားပြီး စိတ်ထားနူးညံ့တဲ့သူပဲ။ ရွှေစင့်အနေနဲ့ကတော့ ညီမဖြစ်သူ





ဘာမတူစရာမရှိပါ။

သို့သော် ခက်တာက ရတီရဲ့အမေ အန်တီသစ်သာသိခဲ့ရင် လောင်သည်ကမှ နေစရာရှိချေဦးမည်။ သူ့ရဲ့တစ်ဦးတည်းသော ကို အန်တီသစ် ဘယ်လောက်ချစ်ပြီး ဘယ်လောက်မျှော်မှန်း သည်ကို အတူနေရသောရွှေစင်က အသိဆုံးမဟုတ်လား။

“သြော် ... စောစောက ရွှေစင်မေးတဲ့အမေးကို ရတီ နေတာ အဖြေတွေပြီ ရွှေစင်ရဲ့၊ ရတီက နေညို့ကို ဘာကြည့် တာလဲ ဆိုတာလေ၊ ရတီကတော့ နေညိုရဲ့ နူးညံ့ပြီး တစ်ဖက် ကို စာနာနားလည်တတ်တဲ့သူ့ရဲ့ နှလုံးသားနဲ့ အားနည်းသူကို တတ်တဲ့ ယောက်ျားပီသတဲ့စိတ်ဓာတ်လေးကြောင့် ချစ်သွား လို့ ထင်တာပဲ၊ အခုအသက်အရွယ်အထိ ရတီတွေ့ခဲ့ဖူးတဲ့ ကျားအားလုံးထဲမှာ နေညိုက ယောက်ျားအပီသဆုံးပဲ”

တလက်လက်ဖြာနေတဲ့ ရတီ့မျက်ဝန်းတွေကို ငေးရင်း ရွှေစင် တော့ ရင်မောနေမိလေသည်။ ရတီရဲ့ရောဂါကတော့ မသေးချေ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

မန္တလေးကပြန်ရောက်လာသည့်ပြည်စိုးက 'မြင့်မြင့်

ထိုးမုန့်ဘူးလေးဆွဲကာ သူ့အိမ်ကို တန်းလာသည်။ ဒီတစ်

ဒီကောင်သွားတာ အကြာဆုံး။ ပြည်စိုးတို့အိမ်က ကုန်တင်ကား

ထောင်ထား၍ စီးပွားရေးပြေလည်ကြပါ၏။ ပြည်စိုးဝယ်လာ

ထိုးမုန့်ကို လေးထောင့်တုံးလေးတွေလှီးကာ ပန်းကန်ထဲထည့်

နှစ်ခွက်ဖျော်ပြီး ခြံထောင့်တစ်နေရာမှာသာ နှစ်ဦးသားထိုင်ဖြစ်ကြ

ရင်ထဲမှာ ပြောစရာတွေကအများသားလေ။

ပြည်စိုး အသားတွေမည်းကာ အနည်းငယ်ပိန်သွား

သတိထားမိ၏။ 'သူနဲ့ရတီ ချစ်သူတွေဖြစ်သွားပြီ' ဟု သူပြော





ည်စိုး အတော်အုံ့အားသင့်သွားတာတွေ့ရ၏။

"ဘာလဲ ... မင်း တော်တော် အုံ့ဩသွားလား ပြည်စိုး"

သူ့အမေးကို ထိုးမုန့်တစ်တုံးကို ခက်ရင်းသေးသေးလေးနှင့်

ကော်ရင်း ပြည်စိုးက ခေါင်းညိတ်ပြသည်။

"အင်း ... ငါ အံ့ဩသွားတာတော့အမှန်ပဲ နေညို၊

ထဲမှာ အရမ်းမြန်နေသလားလို့"

"မြန်တော့ကောင်းတာပေါ့ကွ၊ မြန်တာတွေ၊ နှေးတာတွေက

ဆီကမကျပါဘူးကွာ၊ အဓိက,က တစ်ယောက်ကိုတစ်ယောက်

ဘာယ်ချစ်ဖို့ပါပဲ"

ပြည်စိုးမျက်နှာ အဓိပ္ပာယ်တစ်မျိုးနှင့်လေးနက်သွားတာ

ရ၏။ ဒီကောင်မျက်နှာကြီးက ဘာဖြစ်နေတာလဲ။ ရတီနဲ့သူ

သူတွေ ဖြစ်သွားတာကို ပြောလိုက်ရင် ဒီကောင်ပြည်စိုး

ဩဝမ်းသာသွားမယ် လို့ သူက တွေးထားတာ။

ခုတော့ ပြည်စိုးမျက်နှာဟာ တစ်စုံတစ်ရာကို စိုးရိမ်နေသလို

"မင်းမျက်နှာကြီးက ဘာဖြစ်နေတာလဲ၊ ငါနဲ့ရတီ ချစ်သူ

ဖြစ်သွားတာကို သိပ်ဝမ်းမသာသလိုပဲ ပြည်စိုး"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့မှ ပြည့်စိုးက ဟက်ခနဲ တစ်ချက်ပြုံးရင်း သူ့
အား ပုတ်ကာ

"မဟုတ်ပါဘူး နေညို့ရာ ... ငါ ဝမ်းသာပါတယ်၊ မ
ရတီ ချစ်သူတွေဖြစ်သွားကြတာကို မင်းပြီးရင် ဝမ်းအသာဆုံး
ငါပဲဖြစ်မှာပါ နေညို၊ ဒါပေမဲ့ ... မင်းက အရာရာကို အစွဲအလမ်း
တတ်တဲ့လူ၊ မိန်းကလေးတွေနဲ့ပတ်သက်ပြီး တစ်ခါမှလည်း အ
အကြုံမရှိတဲ့လူဆိုတော့ ရတီက မင်းကို အပျင်းပြေသဘောမျိုး
စားသွားမှာကိုတော့ ငါစိုးရိမ်မိတာအမှန်ပဲ နေညို၊ ပြီးတော့ မင်း
သားဟာ တစ်ခုခုဆို အရမ်းထိရှလွယ်တဲ့ နှလုံးသားဆိုတော့ တစ်
မင်းနှလုံးသားက ခံနိုင်ရည်မရှိမှာကို ငါစိုးရိမ်တယ် နေညို၊ ငါ ဒီစ
တွေပြောရတာ ရတီအပေါ်မှာ သံသယရှိလို့မဟုတ်ဘူးနော် နေ
ဒါပေမဲ့ ကံကြမ္မာဆိုတာကြီးကိုလည်း မေ့ထားလို့တော့ မဖြစ်ပြ
နေညို၊ ငါဆို ရွှေစင်နဲ့ပတ်သက်ပြီး အဆိုးဆုံးအထိ အမြဲပြင်ဆင်
တယ်၊ ငါ့နှလုံးသားကိုလည်း ခံနိုင်ရည်ရှိအောင် လေ့ကျင့်ပေး
တယ် နေညို၊ မင်းတို့ချစ်သူနှစ်ဦး ပျော်ရွှင်နေကြတဲ့ ဒီလိုအခ
ငါ ဒီစကားတွေ မပြောချင်ပါဘူးကွာ"

ပြည့်စိုးအား ကျေးဇူးတင်မိသည်။ သူငယ်ချင်းကော





သူ့အတွက် စိုးရိမ်သော ပြည့်စိုးအား နေညို နားလည်ပါ၏။

"ရတီနဲ့ငါဟာ တစ်ယောက်နဲ့တစ်ယောက် တကယ့်ကို
ဖြူဖြူစင်စင် မြတ်မြတ်နိုးနိုး ချစ်ကြတာပါကွာ၊ အဲဒီအတွက်တော့
မင်း လုံးဝသံသယမဖြစ်ပါနဲ့ ပြည့်စိုးရာ၊ မင်းပြောတဲ့ ကံကြမ္မာဆိုတာ
ကြီး မွှေလာရင်လည်း ငါတို့နှစ်ယောက် တစ်ယောက်လက် တစ်
ယောက်တွဲပြီး ရဲရဲကြီးရင်ဆိုင်ရမှာပေါ့"

"အေးပါကွာ ... ဒါဆို မင်းချစ်သူနဲ့ငါ့ကို မိတ်ဆက်ပေးဦး
နော် နေညို"

"ကြောင်"

"ကြောင်တာ မဟုတ်ဘူးကွ၊ ငါသိတဲ့ရတီက မင်းရဲ့ချစ်သူ
ရတီမဟုတ်ဘူးလေ၊ အခု ငါမိတ်ဆက်ပေးခိုင်းနေတာ မင်းရဲ့ချစ်သူ
ရတီ့ကိုကွ"

"အေးပါ ... အေးပါ"

ပြည့်စိုးက တစ်ခါတလေ အဲလိုအတည်ပေါက်ကြီး ဂေါက်
တတ်သည်။ သူနဲ့ပြည့်စိုး နှစ်ဦးသား ပေါ့ပါးစွာ ရယ်ဖြစ်ကြသည်။

"ဒါဆို ... ငါမေ့နေတာပြည့်စိုး၊ လာမယ့် ၂၀ ရက်နေ့ကွ
ငါ့အမေဆုံးတာ နှစ်နှစ်ပြည့်ကွ၊ အဲဒါ အိမ်မှာ ပြီးခဲ့တဲ့နှစ်လို



www.burmeseclassic.com

www.burmeseclassic.com



ရက်လည်ဆွမ်းကျွေးမယ်၊ အဲဒါ မင်းလာကူဦးကွာ''

အုံ့ဆိုင်းမှိုင်းညို့နေသော ကောင်းကင်ကြီးက မိုးရိပ်တွေဆင်လို့နေချေ၏။ အမေ သူတို့မိသားစုဘဝလေးထဲက အပြီးအပိုင် ခွဲခွာသွားစဉ်က မိုးတွေအရမ်းရွာနေတာ သူမှတ်မိ၏။ မှတ်မှတ်ရရ ဝေဒနာသည်းထန်နေသောအမေ့ကို မကြည့်ရက်တော့လို့ အိမ်အပြင်ဘက်ထွက်ကာ မိုးရေထဲမှာ သူနေခဲ့သည်။ အိမ်ထဲက ပြည့်စိုးထွက်လာပြီး ''နေညို အန်တီစုဆုံးပြီ'' ဟုပြောတော့ သူ ချုံးပွဲချငိုမိသည်။ ပြည့်စိုးလည်းငိုသည်။ မိုးရေထဲမှာ သူငယ်ချင်းနှစ်ဦး တစ်ဦးကတစ်ဦးဖက်ကာ ငိုခဲ့ကြသည်။ အစွဲအလမ်းကြီးတတ်သော သူ့နှလုံးသားတွင် ထိုအဖြစ်အပျက်များက စွဲထင်ကျန်ရစ်နေ၏။ ပြော် နှစ်နှစ်တောင်ရှိခဲ့လေပြီပဲ၊ စိတ်ကောင်း နှလုံးကောင်းရှိတဲ့ အမေဟာ ကောင်းမြတ်ရာဘုံဘဝတစ်ခုတွင် ထာဝရှိနေမည်ဟု အကြွင်းမဲ့ယုံပါ၏။ သို့သော် အခုထိ မိုးတွေရွာတိုင်း အမေ့ကိုသတိရ၏။ သူက ဒီနှစ် အမေ့ရဲ့ရက်လည်ဆွမ်းကျွေးကို ရတီတို့မိသားစုအား ဖိတ်ချင်ကြောင်းပြောတော့ ပြည့်စိုးက ''ဖိတ်ပေါ့ ဖိတ်ရမှာပေါ့၊ ဖိတ်စာသွားပို့ရင် သူပါလိုက်ခဲ့မည်'' ဟုပြောသည်။ ဒီရက်ပိုင်း ချစ်သူတစ်ယောက် အနေအထိုင်ကျဉ်းကျပ်နေသည်ထင်၏။ သူ့ဆီကိုလုံးဝမလာတာ နှစ်ရက်ပင်





ရှိပြီလေ၊ ရတီကို မတွေ့ရတဲ့ ထိုနှစ်ရက်မှာ သူ ဘယ်လိုမှ မနေတတ်ခဲ့။ ဒါ အခုတော့ ချစ်သူနဲ့တွေ့ရဖို့ အကြောင်းပြချက်တစ်ခုတော့ ရလေပြီ၊

အမေဆိုတာ ဘဝခြားသွားတာတောင် သားသမီးရင်ထဲက ဝေဒနာကိုသိနေသလားဟုပင် အမေ့ကို သတိတရတွေးဖြစ်သေး၏။ သူ ယူကျုံးမရဖြစ်ရတာတစ်ခုက ကမ္ဘာပေါ်မှာ သူအချစ်ရဆုံး အမျိုးသမီးနှစ်ဦးက တစ်ဦးနဲ့တစ်ဦး ဆုံစည်းမသွားရခြင်းပါပဲ၊ အမေနဲ့ရတီ၊ သူတို့နှစ်ဦးကို သိပ်ဆုံဆည်းစေချင်ပါသည်။ သို့သော် ဒါဟာ ဘယ်တော့မှ ဖြစ်မလာနိုင်တော့သော သူ့ရဲ့အာသီသတစ်ခုပင်ဖြစ်ပါ၏။ နောက်ဖြန်နံနက် ရတီတို့အိမ်သို့ ဖိတ်စာသွားပို့ရန် သူနဲ့ပြည့်စိုးတို့ ဆုံးဖြတ်လိုက်ကြသည်။ ရင်ခုန်လိုက်တာ။ ရတီ အုံ့သြသွားမှာ အသေအချာ။

❋

အိမ်ဖော်မလေးက ''မမလေး ညည်းသည်ရောက်နေတယ်'' ဟု လာပြော၍ ''ဘယ်သူများပါလိမ့်'' ဟူသောအတွေးနဲ့အတူ လှေကားမှဆင်းလာသောရတီနှင့် ရွှေစင်တို့နှစ်ဦး၏ ခြေလှမ်းတို့သည်



www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်ရသောမြင်ကွင်းကြောင့် တုံ့ခနဲရပ်သွားကာ တစ်ဦးကိုတစ်ဦး ကြည့်မိကြလေသည်။ ဧည့်ခန်းထဲကဆိုဖာပေါ်တွင် နေညိုနှင့်ပြည်စိုး သူတို့နှစ်ဦးဘေးတွင် မေမေက သတင်းစာဖတ်နေသည်။ ဘုရား ဘုရား။

သေတော့မှာပဲ ရတီ ရင်တွေထိတ်ရ၏။ ရွှေစင်က ဘယ်လို လုပ်မလဲဆိုတဲ့သဘောနှင့် မျက်ခုံးနှစ်ဖက်ပင့်ချီပြသည်။ ကိုယ်တော် ချောနှစ်ဦးကတော့ ခပ်တည်တည် မှင်သေသေရုပ်ကလေးတွေနှင့်

မေမေက သတင်းစာဖတ်နေရာမှ သူမတို့နှစ်ဦးကိုမြင်သွား ရ၏။ –

"သြော် သမီး ... ဒီမှာ သမီးသူငယ်ချင်းတွေရောက်နေ တယ်"

"ဟုတ် ... ဟုတ်ကဲ့"

မေမေ့ပုံစံက ဘာမှမဖြစ်သလို ခပ်အေးအေးပင်။သတင်း ကို ဆက်ဖတ်နေသည်။ သိတာပေါ့ ကိုယ့်အမေပဲ။ ပြီးမှ သူ ပုလိပ်စစ်သလိုစစ်တော့မှာ။ အတင့်ရဲသောချစ်သူကိုသာ ဗိုက်ခေါ် ဆွဲလိမ်ပစ်ချင်တော့၏။ မေမေတို့ရိပ်မိမှာစိုးလို့ အိမ်ဘက်ကိုတော့ လာပါနဲ့လို့ မှာထားတဲ့ဟာ။ အခုတော့ သူက အိမ်ဧည့်ခန်းထဲတော့





ရောက်နေပြီလေ။

"နေညိုတို့ပါလား။ ဘာကိစ္စရှိလို့လဲဟင်"

စိတ်လှုပ်ရှားမှုကြောင့် အသံမတုန်အောင် သတိထားမေးရ သည်။ မေမေမမြင်အောင်လည်း သတိထားဖို့ မျက်နှာရိပ်၊ မျက်နှာ ကဲပြရသေး၏။ ဒါတောင် မေမေက သတင်းစာဖတ်နေရင်း တစ်ချက် လှမ်းကြည့်သေး၏။

"ဟို ... မ အဲ"

အောင်မယ်လေး သေတော့မှာပဲ။ မောင်လို့သာ ပြောရင် တော့ အဲဒီအချိန် ရတီက တကယ်ထွက်ပြေးမိမှာ။ တော်သေးလို့ အကင်းပါးသောပြည်စိုးက နေညို့ကို တံတောင်နဲ့တွက်၍ သတိပေး လိုက်တာမြန်ပေလို့။ မဟုတ်ရင်တော့ မတွေးဝံ့။

"ဟို ... မနက်ဖြန် ငါ့အမေဆုံးတာ နှစ်နှစ်ပြည့်လေ ရတီ၊ အဲဒါ ရက်လည်ဆွမ်းကျွေး တရားနာလာဖိတ်တာပါ"

"သြော်"

အခုမှ အပူလုံးကြီးကျသွားတော့၏။ နေညိုက ဖိတ်စာကို စားပွဲပေါ်တင်ရင်း ရတီကိုအမူအရာဖြင့် တစ်ခုခုတော့ ပြောနေသလို ပင်။ သို့သော် ရတီက နားမလည်။ မေမေရိပ်မိသွားမှာကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



အတော်စိုးရိမ်နေမိသည်။

"ရတီရော ရွှေစင်ပါ လာဖြစ်အောင်လာခဲ့နော်၊ ဟို ... ဦးတို့ အန်တီတို့လည်း လာနိုင်ရင် လာခဲ့ပါခင်ဗျ"

နေညို့စကားကြောင့် ... မေမေက သတင်းစာဖတ်နေရာမှ–

"အန်တီတို့ကတော့ မနက်ပိုင်းဆို ပွဲရုံက အရမ်းအလုပ်များတော့ လာဖြစ်မယ်မထင်ပါဘူးကွယ်"

ဟုပြောပြီး မေမေက သူ့ သတင်းစာ သူဆက်ဖတ်နေလေသည်။ နေညို့နဲ့ပြည့်စိုးမျက်နှာက မေမေ့စကားကြောင့် လင်းဖြာသွားသည်ကို ရတီက မျက်စောင်းလေးချိတ်တော့ မောင်က ရယ်ဟဟလေးလုပ်နေသည်။

"နေညို့နဲ့ပြည့်စိုးတို့ ကော်ဖီသောက်ပြီးမှပြန်လေ"

"ဟာ ... နေပါစေ၊ မသောက်တော့ပါဘူး ရတီ၊ ဟိုတခြားအိမ်တွေကိုလည်း ဖိတ်စာတွေလိုက်ဝေရဦးမှာမို့ ပြန်တော့မယ်၊ မနက်ဖြန်ကျရင်သာ နှစ်ယောက်စလုံးလာဖြစ်အောင်လာခဲ့ကြနော်၊ မျှော်နေမှာနော်"

"မျှော်နေမှာနော်" ဆိုတဲ့စကားကို သူက ရတီမျက်နှာကို





စူးစူးလေးကြည့်ကာပြောတော့ ရင်ဖိုရ၏။ တကယ်တော့ မောင့်ကို ရတီလည်း သိပ်လွမ်းနေတာပါ မောင်ရယ်။ မေမေ မရိပ်မိအောင် မောင့်မျက်နှာလေးကို အလွမ်းပြေ ခိုးငေးရတာအမော။ ရှပ်အင်္ကျီ အကွက်စိပ်လက်ရှည်လေးနဲ့ ပုတီးအပြာကွက်ကို တွဲဖက်ဝတ်ဆင်ထားတဲ့ မောင့်ရဲ့ပုံစံလေးဟာ ဘယ်အချိန်ပဲကြည့်ကြည့် ရတီ့အတွက်တော့ ဆန်းသစ်နေသည်လေ။ မောင်တို့နှစ်ဦးပြန်တော့ အိမ်ခြံအထိ လိုက်ပို့ပေးဖြစ်သည်။ အဲဒီအချိန်မှာပဲ မောင်က ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်ကာ "ရတီ ဖိတ်စာထဲမှာစာပါတယ်"ဟု တိုးတိုးလေးပြောသွားသည်။

အဲတော့ မောင်နဲ့ပြည့်စိုးပြန်သွားတော့ ရတီနဲ့ရွှေစင် နှစ်ဦးသား တိုင်ပင်မထားဘဲ ဧည့်ခန်းထဲပြန်ပြေးရပြန်သည်။ တော်ပါသေးရဲ့ စားပွဲပေါ်က ဖိတ်စာက အနေအထားမပျက်။ မေမေက သတင်းစာ ဆက်ဖတ်နေသည်။ အဲဒီတော့မှ ရတီနဲ့ရွှေစင် ကိုယ်စီ သက်ပြင်းချရတော့သည်။ မောင်ရယ် ရင်တွေထိတ်အောင် သိပ်လုပ်တာပဲကွယ်။

"ရတီရယ် ... အရမ်းလွမ်းတာပဲ၊ မနက်ဖြန်တော့ လာဖြစ်အောင်လာခဲ့ပါကွာ၊ မောင် ရတီ့ကိုမျှော်နေမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



စာလေးက တိုတိုလေးပါပဲ။ ဒါပေမဲ့ . . . ရတီ အခေါက်ခေါက်အခါခါ ဖတ်မိသည်။ မောင့်ရဲ့လက်ရေးလေးတွေက သိပ်လှတာပဲ။ ဝိုင်းဝိုင်းစက်စက် ညီညီညာညာလေး။ မောင့်ရဲ့စာလေးကို ရင်ဘတ်တွင် ဖိကပ်ထားမိသည်။

မနက်ဖြန်ရယ် မြန်မြန်ရောက်ပါတော့။

* * *



## အခန်း (၁၁)

"ယောက်ျားကြိုက်တော့ ဆိုက်ဆိုက်လာ၊ မိန်းမကြိုက်တော့ မျှော်လိုက်တာ" ဆိုတဲ့ စကားပုံသည် သူနဲ့ရတီအတွက်တော့ ပြောင်းပြန်နိုင်ပင်။ ရတီ့ကို သူမျှော်ရတာ လည်ပင်းအတော်ရှည်နေပြီလေ။ ချစ်သူက ဆိုက်ရောက်မလာသေး။

"လာမှာပေါ့ကွာ . . . မင်းကလည်း ဣန္ဒြေလေးဘာလေး ဆယ်ပါဦး"

ဘေးနားကပြည်စိုးက မျောက်မီးခဲကိုင်ပုံစံဖြစ်နေတဲ့ သူ့ကို ကြည့်ပြီးနောက်လာဟန်နှင့်ပြောတာကိုလည်း သူ ဂရုမစိုက်နိုင်ပါ။ လမ်းကို ငေးမျှော်လိုက်၊ ဟိုလျှောက်၊ ဒီလျှောက်လုပ်လိုက်၊ ခါးထောက်လိုက်၊



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါ လက်ပိုက်ပြီးရပ်မျှော်လိုက်နဲ့ သူ့ကို ပြည်စိုးက စိတ်ပျက်သလို
တစ်ချက်ကြည့်ကာ ဘာမှတော့ မပြောတော့ချေ။

"ဟော . . . လာပါပြီဗျာ"

မျှော်နေတဲ့သူက အရင်မမြင်ဘဲ ပြည်စိုးက အရင်မြင်သွား
အဲဒီတော့မှ လက်ကနာရီ ငုံ့ကြည့်နေတဲ့ သူမော့ကြည့်လိုက်တော့
အားပါး သူ မက်တပ်မေ့သွားလောက်အောင်ပင် ချစ်သူရဲ့အလှတို့က
ကျက်သရေတစ်မျိုး လွှမ်းခြုံကာ မဟာဆန်ဆန်လေးလှနေတာ
လိုက်ရလေသည်။ မြန်မာဆန်ဆန် ရိုးရိုးရှင်းရှင်းဝတ်စုံလေးနဲ့ အဲ
ကောင်မလေးဟာ သူ့ရဲ့ချစ်သူလေးတဲ့လား။

စတစ်အဖြူကို ပိုးပုဆိုးနဲ့တွဲဝတ်ထားတဲ့သူ့ကို သူမ
"အံမယ် အံမယ်" ဆိုတဲ့မျက်နှာပေးမျိုးနဲ့ တစ်ချက်ကြည့်ကာ ပြုံး
တော့ သူ မနေတတ်။ ချစ်သူရဲ့အဲဒီအကြည့်အောက်မှာ ရှက်
ရှက်ကန်းနှင့် အနေခက်မိ၏။ ပြီးတော့ သူက အဝတ်အစား
တောက်တောက်ပြောင်ပြောင်ကြီးတွေ ဝတ်လေ့ဝတ်ထမရှိဘူး
အခုက မဖြစ်သာလွန်းလို့သာ ဝတ်ထားရတာ မနေတတ်။ အဲဒါ
ရတီက သူ့ကိုကြည့်ပြီး ပြုံးတော့ ပိုအနေခက်တာပေါ့။

"ရတီရေ . . . ရတီတို့ကို မျှော်နေတာတဲ့လေ၊ ထိုင်လို

www.burmeseclassic.com



လိုက် လည်ပင်းရှည်အောင် မျှော်လိုက်နဲ့ မနက်ခြောက်နာရီလောက်
တည်းက ဖင်တကြွကြွနဲ့ အိမ်ခြေမရ ဖြစ်နေတာလေ"

"ဟယ် . . . တကယ်ကြီး"

ပြည်စိုးရဲ့ အတိသယဝှက်နှယ်တဲ့စကားကြောင့် ချစ်သူ
မျက်နှာလေးက ဝင်းဖန့်သွားလေသည်။ ရွှေစင်ကလည်း အားကျမခံ။

"အောင်မယ်လေး . . . နေညိုက ခြောက်နာရီလောက်က
ည်းက မျှော်နေတာ အသာထားဦး။ ဒီက မရွှေချောက မနက်လေး
ရီလောက်ကြီးကိုထပြီး ရေချိုး၊ အလှတွေပြင်ပြီး သွားမယ် တကဲကဲ
ပ်နေတာ မနည်းဆွဲထားရတယ်၊ တကယ် မပြောလိုက်ချင်ဘူး"

"အာ . . . ရွှေစင်နော်"

သူတို့လေးဦးစလုံး ပေါ့ပါးစွာ ရယ်ဖြစ်ကြသည်။ အဲဒီနောက်
ထဲဝင်ခဲ့ကြသည်။ သံဃာတော်များကြွလာတော့ သူနဲ့ပြည်စိုးက
ဖက်၊ ရတီနဲ့ရွှေစင်က တစ်ဖက် ခြေသုတ်ဝတ်လေးများဖြင့် သံဃာ
တော်များအား ဦးခိုက်သန့်စင်ပေးကြ၏။

ကိုယ့်ချစ်သူနဲ့အတူ ကောင်းမှုကုသိုလ်တစ်ခုကို ပြုလုပ်နေရ
အခိုက်အတန့်လေးဟာ သိပ်ကြည်နူးဖို့ ကောင်းလှသည်။
ခြေသုတ်ဝတ်လေးများဖြင့် သံဃာတော်များအား ဦးခိုက်သန့်စင်

www.burmeseclassic.com



ပေးနေစဉ် တစ်ကြိမ်တော့ ရတီ့နဖူးနဲ့ သူ့နဖူး ဖွဖွလေး ထိခတ်သွ
သည်။

နှစ်ဦးသားတစ်ဦးကိုတစ်ဦးကြည့်ကာ ကြည်နူးစွာပြုံးမိ
သည်။ ကြည်နူးစရာ အမှတ်တရတွေဆိုတာ ကြေကွဲစရာအလွမ်း
အပြင် တစ်ချိန်ချိန်မှာ ပြောင်းလဲသွားတတ်သည်ကိုတော့ ချစ်သူနှ
စလုံး မေ့လျော့နေခဲ့ကြသည်။ အင်းလေ၊ လောကမှာ အရာရာ
ကြိုတင်ပြီးသာ သိနိုင်မယ်ဆိုရင် ကြေကွဲစရာ နောင်တတွေက မွေး
လာစရာအကြောင်းကို မရှိဘူး မဟုတ်လား။

BURMESE CLASSIC

"အဟင့် ဟင့်"

"ဟင်း . . . ရတီငိုနေတယ်၊ ဘာဖြစ်လို့လဲဟင်၊ ပြော
ရတီရဲ့ မောင်စိတ်ပူလိုက်တာကွာ"

ချစ်သူ့ပါးက မျက်ရည်တွေကို သုတ်ပေးရင်း သူ ရင်
မေးမိသည်။ တရားနာနေတဲ့အချိန်အထိ ရတီက သူ့ဘေးမှာ သူနှ
ရှိနေခဲ့သည်။ အမျှဝေ၊ ရေစက်ချအပြီး သူကြည့်လိုက်တော့ ရ
သူ့ဘေးမှာမရှိတော့။ ဘယ်အချိန်က အသာလေးထသွားသည်
ထို့ကြောင့် ရေစက်ချပြီးတော့ သူ ရတီကို အမြန်ပတ်ရှာရ
ထိုအခါမှ သူတို့အိမ်ဝိုင်းရဲ့ လူရှင်းတဲ့သစ်ပင်ရိပ်ကလေးအော





ရတီကို တွေ့ရလေသည်။ သစ်ပင်လေးအောက်မှာ "ရှိုက် ရှိုက်"
ငိုနေသောချစ်သူ။

"ရတီ . . . ငိုချည်းမနေနဲ့လေ၊ ဘာဖြစ်တယ်ဆိုတာ မောင့်ကို
ပြောဦးမှပေါ့၊ မောင်ရင်တွေပူလာပြီကွာ"

အဲဒီတော့မှ ရတီက ရှိုက်သံစွက်တဲ့အသံလေးနဲ့။

"မောင့်ကိုသနားလို့ပါ" ဟု တိုးလျစွာပြောလေသည်။

"မောင့်ကို သနားလို့ ဟုတ်လား"

ပါးပြင်မှာ မျက်ရည်တွေနဲ့ ရတီက ပြုံးစစနဲ့ သူ့အမေးကို
ခေါင်းလေးညိတ်ပြ၏။

"အစောက ရေစက်ချ အမျှဝေတုန်းက မောင် မျက်ရည်ကျ
တာတွေ့ရတော့ ရတီ့စိတ်ထဲ မောင့်ကိုသနားပြီး ငိုချင်လာတာနဲ့ ဒီမှာ
လာငိုနေတာ၊ မောင့်အမေကို မောင် အရမ်းသတိရနေမှာပဲနော်"

တဲ့လေ။

"ရတီရယ်"

ဪ . . . ကိုယ်ငိုရင် ရတီလည်းငိုချင်လာသတဲ့လား။
သူ့ရဲ့ သူ့အပေါ်ထားတဲ့ချစ်ခြင်းက ခမ်းနားလိုက်တာ။ အမေ့ရဲ့
ည်ကိုတပ်ကာ အမျှဝေတော့ ဝမ်းနည်းမှုက လှိုက်တက်လာသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သူ မျက်ရည်ကျခဲ့မိသည်၊ မဖြစ်ပါဘူး။ နောက်ဆို ရတီရှေ့မှာ သူ ဝမ်းနည်းမှုကို အတတ်နိုင်ဆုံး ဖုံးဖိထားရမည်ဟုလည်း ဆွေး... လိုက်မိသည်။ ကိုယ်မှ ခံစားထိရှလွယ်တယ်ထင်နေတာ သူ့လေး... ပိုဆိုးနေပါ့လား။

❀

BURMESE CLASSIC

မိုးမမြင် လေမမြင် ပျော်ရွှင်နေကြတဲ့ ချစ်သူနှစ်ဦးရဲ့ကြား... ကို ခွဲခွာခြင်းဆိုတဲ့ တစ္ဆေတစ်ကောင်ဟာ ညနေခင်းတစ်ခုမှာ ... ရောက်လာခဲ့လေသည်။ အဲဒီညနေက သူက ဘုတ်ဘုတ်နဲ့ညှိုလုံး... စာသင်ပေးနေချိန် ရုတ်တရက် ရတီရောက်လာခဲ့လေသည်။ တစ်... မျက်နှာ တစ်ဦး အရိပ်တကြည့်ကြည့် အမြဲရှိခဲ့ကြသော သူတို့နှ... သည် တစ်ဦးမျက်နှာညှိုးနေလျှင် တစ်ဦးက ချက်ချင်းရိပ်မိ... ရတီမျက်နှာ အတော်ညှိုးဖျော့နေသည်ကို သူသတိထားမိသည်... ကြောင့် ဘုတ်ဘုတ်နှင့်ညှိုလုံးကို စာကျက်ခိုင်းထားခဲ့ပြီး သူ ရ... အမြန်လျှောက်လာခဲ့လိုက်သည်။

“မောင်”





အနားရောက်တော့ ရတီက ရုတ်တရက် သူ့ရင်ခွင်ထဲ တိုး...ဝင်ကာ ငိုပါတော့၏။ “ရတီ မောင်နဲ့မခွဲနိုင်ဘူး မောင်ရယ်” ဟုလည်း ...ကြိမ်ကြိမ်ပြောနေသည်။ ဘာမှန်းညာမှန်းမသိ ဇဝေဇဝါနှင့် ရင်ထိတ်...သွားမိ၏။

“ဘာတွေဖြစ်လာတာလဲ ရတီရယ်၊ မောင်တို့က ဘာလို့ ...ရမှာလဲ”

“မောင် ... ဒီညကားနဲ့ ရတီ ရန်ကုန်ကိုပြန်ရတော့မယ်၊ ...ကြောင့် ဟင့်၊ မောင်နဲ့ခွဲပြီး ရတီ ဘယ်ကိုမှ မသွားချင်တော့ဘူး မောင် ...ယ် ရတီတို့ ထွက်ပြေးကြရအောင်နော်၊ မောင် ရတီ့ကို တစ်နေရာ ...ကို ခေါ်သွားပေးပါ မောင်ရယ်”

ကျောက်ရုပ်တစ်ရုပ်လို သူ တောင့်တောင့်ကြီး ရပ်နေမိ၏။ ...ချင်းကြီးပါလား။ ဒါဟာ အင်မတန် ထက်မြက်ပါးနပ်တဲ့ ရတီ့ ...ဆေး ခေါ်မြွသစ်ရဲ့ လှည့်ကွက်ကော မဖြစ်နိုင်ဘူးလား။ ချစ်သူရဲ့ ...ရည်တွေက သူ့ရင်ဘတ်မှာ စွန်းထင်းလို့၊ ဖြစ်နိုင်ရင် အခုချက်ချင်း ...လက်ကိုဆွဲပြီး သူ အဝေးတစ်နေရာကို ထွက်ပြေးလိုက်ချင်ပါ...။ နှလုံးသားရဲ့ဆန္ဒကို ဦးနှောက်ကခွင့်မပြု။

“မောင် ... ရတီတို့ ထွက်ပြေးကြရအောင်နော် မောင်။



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ ရတီရဲ့ကိုယ်ပိုင်ပိုက်ဆံနဲ့ မှတ်ပုံတင်ယူလာတယ် မောင်ရဲ့"

ရတီက သူမ စလင်းဘတ်အိတ်လေးထဲမှ မှတ်ပုံတင် ငွေစက္ကူတစ်ထပ်အား သူ့ကို ဝမ်းသာအားရထုတ်ပြရှာ၏။ သူမ အ အချာကို ပြင်ဆင်လာခဲ့ပုံပါပဲ။ ငုံလင်းခြင်းတွေ၊ မျှော်လင့်ခြင်းတွေ ရတီရဲ့ မျက်ဝန်းတွေထဲမှာ သူတွေ့နေရ၏။ ဟင့်အင်း၊ ဒီအချိန် မဖြစ်သင့်သေးဘူး။

ရှုံးသွပ်မိုက်မဲမှုကြောင့် နာကျင်စရာ နောင်တတရားတွေ အုံနဲ့ကျင်းနဲ့ မွေးဖွားလာနိုင်သည်လေ။ ချစ်သူကို အတတ်နိုင် ဖျောင်းဖျရသည်။ ထိုအခါ ... ရတီက သူ့ကို သံသယဝင် လာ ၏။

"မောင်က ရတီကို တာဝန်မယူချင်လို့လားဟင်"

ချစ်သူရဲ့စကားက ရင်တစ်ခုလုံး အောင့်မျက်နာကျင်စေ

"မဟုတ်ပါဘူး ရတီရယ်၊ မောင်က ဖြစ်သင့်တာတစ် ပြောပြတာပါ၊ ပြီးတော့ ဒီတစ်နှစ်ပြီးရင် ရတီလည်း ဘွဲ့ရပြီ မောင်တို့ အခုအချိန်မှာ စိတ်လိုက်မာန်ပါ လုပ်လိုက်မယ်ဆိုရင် ကြိုတင်ပြင်ဆင်မထားတဲ့အတွက် အခက်အခဲတွေ ရင်ဆိုင်ရ ရတီ့ရဲ့ပညာရေးလည်း ထိခိုက်သွားမယ်၊ မောင် ရတီ့ရဲ့ပညာရေ





တော့ အထိခိုက်မခံနိုင်ဘူးကွာ၊ ရတီ ... ဒီတစ်နှစ်တော့ ကျောင်း ဆက်တက်လိုက်ပါ၊ အဲဒါဆို မောင့်အတွက်လည်း ပြင်ဆင်ဖို့ အချိန် ရတာပေါ့။ မောင်လည်း ရတီနဲ့ ဘယ်ခွဲချင်ပါ့မလဲ ရတီရယ်။ ဒါပေမဲ့ ... မောင်တို့ အကောင်းဆုံးလမ်းကိုပဲ ရွေးချယ်ရမှာပဲမဟုတ်လား၊ ရတီက လိမ္မာပါတယ်။ တစ်နှစ်ဆိုတာ ၃၆၅-ရက်တည်းပါ ရတီရယ်၊ ကယ် ... ခဏလေး၊ ရတီမယုံရင် တစ်ရက်ကုန်သွားတိုင်း အုပ်လေးတစ်အုပ်မှာ တုတ်ချောင်းလေးတစ်ချောင်းခြစ်ထား၊ တ်ချောင်းလေးတွေ ၃၆၅-ချောင်းပြည့်သွားပြီး ၃၆၆-ချောင်း မြောက်ဆိုရင် ရတီနဲ့မောင်နဲ့ အတူတူနေရပြီ၊ တုတ်ချောင်းလေးတွေ စ်ထောင်ကျော်ဆိုရင် သားသားမီးမီးတွေတောင် ရနေပြီ ... ပဲ"

သူ့စကားအဆုံး မခြောက်တတ်သေးတဲ့ မျက်ရည်စီးကြောင်း နဲ့ ချစ်သူက ငိုမဲ့မဲ့လေးပြုံးသည်။ သူ့ဖိုက်ခေါက်ကိုဆွဲ၏။ နေ င်သည် ဖျော့ကျလို့လာနေပြီ၊ ထိုညနေခင်းသည် သူ့အတွက်တော့ ကြွကွဲရိပ်တွေ လိမ်းသုတ်ထားသော ညနေခင်းသာ ဖြစ်ချေ၏။ ချစ်သစ်ပင်လေးနားမှာ ခုံပုလေးနှစ်လုံးချကာ ရတီနဲ့သူ ထိုင်ဖြစ်ကြ ချစ်သူက သူ့ပခုံးထက် ခေါင်းလေး မှေးမှီထား၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ကျမှ နေလုံးကြီးကလည်း duty ချိန်ပြီးသွားတဲ့ ဝန်ထ
တစ်ဦးလို ခပ်သုတ်သုတ်လေး အလုပ်ဆင်းဖို့ ပြင်နေသလိုပင်။

"မနက်ဖြန်ဆို မောင်နဲ့ရတီဟာ မိုင်ပေါင်း ၃၀၀ ကြီးတော
ဝေးနေကြရတော့မှာနော် မောင်"

သူ့ပခုံးထက်မှာ မှေးနွဲ့ရင်း ရတီ့စကားကြောင့် သူ
မျက်ရည်ဝဲချင်ချင်။ မဖြစ်လာသေးပါဘူး။ စိတ်ကိုတင်းရ၏။

"ရတီ . . . မောင့်ကို သတိရလာလို့ရှိရင် မောင် တစ်ခါ
ဖူးတဲ့ နည်းလေးကိုသုံးပြီး မောင်တို့အကြောင်းတွေ ပြန်တွေးလိုက်
အဲဒီအခါ ရတီရဲ့ဘေးနားမှာ မောင့်ကို ရတီတွေ့ရမှာပါ၊ မိုင်
ဘယ်လောက်ခြားခြား နှလုံးသားချင်းနီးရင် ဝေးကွာခြင်းဆိုတာ
တော့ပါဘူး ရတီရယ်"

သူ့စကားအဆုံးမှာ ရတီက သူ့ပါးကို ဖွဖွလေးနမ်းသည်
နှုတ်ဆက်အနမ်းဟုတော့ သူ မသတ်မှတ်လိုပါ။ ညြီးစားဘဝ
ပဏမဆုံးအဖြစ် ထိုညနေက သူ ရတီရဲ့နှုတ်ခမ်းဖူးလေးအား မွတ်
စွာ နမ်းရှိုက်ဖြစ်၏။ ရတီ မျက်ဝန်းလေးများက သူ့အနမ်းအောက်
မှေးမှိတ်လို့သွားတော့သည်။ မရည်ရွယ်ပါပဲ သူ့လက်တွေက ရ
ခန္ဓာကိုယ်နေရာအနှံ့အပြား ပွတ်သပ်မိ၏။





အတော်ကြာမှ အထိန်းအကွပ်မဲ့သွားတဲ့ သူ့စိတ်တွေကို အတော်ထိန်းလိုက်ရသည်။ လွတ်ချင်ချင်စိတ်ကို ထိန်းကွပ်ရင်း –

"ဆောရီး ရတီရယ် . . . မောင့်စိတ်တွေ နည်းနည်းလွတ်သွားတယ်"

ဟု အားနာစွာ ရတီ့ကို သူတောင်းပန်မိ၏။ ထိုအချိန်မှာပင်

"ရတီ"

ဆိုတဲ့အသံနဲ့အတူ ရွှေစင်က ရေကြီးသုတ်ပျာပုံစံနှင့် ဝင်လာလေသည်။ ပြည့်စိုးကိုလည်းတွေ့ရသည်။ မျက်နှာကလည်း သုန်မှုန်နေချေ၏။

"ရတီ နင် ဘယ်လိုလုပ်လိုက်တာလဲဟာ၊ အခု အိမ်မှာ ဖွက်လောရိုက်နေပြီ၊ ကားက ၅း၀၀ နာရီထွက်မှာလေ၊ အခုပဲ . . . ၆း၀၀ နာရီရှိနေပြီ၊ အဝတ်အစားတွေလည်း ဘာမှမထည့်ရသေးဘူးဆို"

ရတီက သူ့မျက်နှာကို တစ်ချက်ငေးကြည့်သည်။ သူ ကိုယ်ကိုယ်ကိုယ် အတတ်နိုင်ဆုံး တည်ငြိမ်အောင် ထိန်းသိမ်းရင်း–

"သွားတော့လေ ရတီ၊ တုတ်ချောင်းလေး ၃၆၆–ချောင်း ပြည့်တဲ့နေ့ကျရင် ပြန်ဆုံကြမယ်နော်" အားတင်းကာ အတတ်နိုင်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



တည်ငြိမ်အောင် ထိန်းသိမ်းရင်း သူပြောတော့ ရတီက ဆို့ဆို့နင့်နင့် ရှုံးခနဲ သူ့ကို တစ်ချက်ငေးကြည့်သည်။

နှစ်ဦးသား ဆို့နင့်လို့နေ၏။ စိတ်ကိုချုပ်ထိန်းရတာ ပင်ပန်းလိုက်တာ။

"အချစ်သစ်ပင်လေးရေ သွားတော့မယ်နော်" ...ဟု ရတီက ခရေပင်လေးကို သက်ရှိတစ်ယောက်လို နှုတ်ဆက်နေတဲ့ မြင်ကွင်းကို သူ မကြည့်ရက်၍ မျက်နှာလွှဲထားမိသည်။ အဲဒီအချိန် စိတ်ရှိလက်ရှိ "အား" လို့ သူ အကျယ်ကြီးအော်ပစ်ချင်နေမိသည်။ ဒါဆို ...ရင်ထဲ အနည်းငယ်တော့ ပေါ့သွားမည်ထင်၏။ သုံးပတ် ဆိုတဲ့အချစ်သက်တမ်းက တဆိတ်တိုလွန်းမနေဘူးလား။

"မောင် ရတီသွားတော့မယ်နော်"

အကြည့်လွှဲထားရင်းမှ ခေါင်းညိတ်ပြမိ၏။ ထွက်ခွာသွားသော ချစ်သူ၏ခြေသံပျောက်သွားမှ မျက်နှာကို လက်နှင့်အုပ်ကာ သူ ငိုမိ၏။

ပြည်စိုးက တိတ်ဆိတ်စွာနဲ့ ပခုံးအား ဖျစ်ကာအားပေးသည်။ ချစ်သူမရှိတဲ့ သူ့ရဲ့မနက်ဖြန်တွေကို သူ ဘယ်လိုကျော်ဖြတ်ရမှာပါလိမ့်။ အခုခေတ်လို အင်တာနက်တွေ၊ ဖုန်းတွေ မတွင်ကျယ်သေးဘဲ





အဲသည်ခေတ်ကတော့ ...အလွမ်းဆိုတာ တခမ်းတနားကို စာဖွဲ့ရလောက်အောင် ခမ်းနားခဲ့ပါသည်။ နှုတ်သျှင်နှောင်လိုလည်း သူ လွမ်းတတ်ပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ရန်ကုန် အောင်မင်္ဂလာအဝေးပြေးကားဝင်းအတွင်းသို့ Express ကားကြီး ဝင်ရောက်လို့နေချိန်တွင် မေမေက သူမကိုနှိုး ရတီ တစ်ယောက်နိုးလာခဲ့လေသည်။ နိုးနိုးချင်း ကားပြတင်းပေါက်ကို ကြည့်လိုက်မိတော့ မြင်ကွင်းအချို့က မှုန်ဝါးဝါး။ မောင်နဲ့ မိုင်ပေါင်း များစွာ ဝေးခဲ့ပြီဆိုတဲ့အသိကြောင့် စိတ်ထဲ ရုတ်တရက် ဝမ်းနည်းလာ သလိုပင်။

အို အပြင်မှာ မိုးတွေရွာနေပါလား။ ကားမှန်ပြတင်းမှာ ခိုတွဲ စီးကျနေတဲ့ မိုးရေစက်တွေကို ငေးရင်း မောင့်ကိုသတိရစိတ်နဲ့ ငေးငိုင် နေတဲ့ သူမကို မေမေက စနိုးတာဝါတစ်ခုပေးရင်း –





"သမီး ... ရော့ စိတ်ကြည်သွားအောင် တာဝါနဲ့ မျက်နှာကို နည်းနည်းသန့်ရှင်းရေးလုပ်လိုက်သမီး"

"ဟုတ်"

မေမေပေးသော စနိုးတာဝါနှင့် မျက်နှာကို ကပျာကယာ သန့်စင်လိုက်သည်။ မနက် ၆း၀၀ နာရီ ဝေလီဝေလင်းဆိုပေမယ့် ရန်ကုန်ကောင်းကင်က လွမ်းစရာကောင်းအောင်ကို အုံ့မှိုင်းလို့နေသည်။ မိုးဖွဲဖွဲအောက်မှာ ထီးကိုယ်စီနှင့် Taxi ကားသမားတို့က ဥဒဟိုသွားလာ နေသော ခရီးသည်များအား သူ့ထက်ငါ အလုအယက် ခေါ်ငင်နေကြ သည်။

ထိုစဉ် ရတီ့ရဲ့အိတ်ထဲမှ ဟန်းဖုန်းမြည်သံလေးက ထွက်ပေါ် လာခဲ့သည်။ ပေါ်နေသောနံပါတ်ကို တစ်ချက်ကြည့်ကာ ရတီက ဖုန်းကို မေမေ့ကိုသာ လှမ်းပေးလိုက်သည်။ နည်းနည်းလေးစိတ်ညစ် သွားမိသည်။

"ဩော် သား ... အင်း ရောက်နေပြီ သားရဲ့၊ ဝင်းထဲကို ဝင်နေပြီ၊ ဒုက္ခရှာလို့ကွယ် ... မိုးက တစိုစိုနဲ့ အားနာလိုက်တာ ကွယ်"

မေမေ့အသံတို့က ရတီနားထဲ ကြားတစ်ချက်၊ မကြားတစ်



www.burmeseclassic.com

www.burmeseclassic.com



ချက်။ မိုးစက်တွေကိုငေးရင်း မောင့်ကိုသာ အပြင်းအထန် သတိရနေ

မိသည်။

"မောင်မင်းညီဆက်တာ သမီး၊ မေမေတို့ကို လာကြို့တာ

သမီးရဲ့"

"ဩော် ... ဟုတ်"

မေမေ့စကားကို ထိုမျှသာတုံ့ပြန်ဖြစ်၏။ မင်းညီဆိုသောလူ

ရတီရဲ့ဆက်သွယ်မှုက အနည်းငယ်တော့ ရှုပ်ထွေး၏။ မင်းညီနဲ့ရတီ

မေဂျာတူ၊ တစ်ကျောင်းတည်းဖြစ်သည်။ မင်းညီက အစစအရာ

ပြည့်စုံသော လူကုံထံသူဌေးသားတစ်ဦးပင်။ ငွေကို ရေလို ဖြုန်း

သော မင်းညီရဲ့ဘေးနားမှာ မိန်းမလှလေးများ ဒုနဲ့ဒေးပင်။ ကျောင်း

ချောပေ့ လှပေ့ဆိုတဲ့မိန်းကလေးတိုင်းလို မင်းညီနဲ့မပတ်သက်ခဲ့ဘူး

မရှိသလောက်ကို မင်းညီဆိုတာ ဖျံတိုင်းကြိုက်တဲ့နှင်းဆီနိုင် တ

လေ။

ရည်းစားဆိုတာ ဟောတစ်ယောက်၊ ဟောတစ်ယောက်

ထည့်လဲတွဲသော မင်းညီကို ရတီက လုံးဝကိုကြည့်မရခဲ့ချေ။ မိ

ကလေးအတော်များများ ကြွေကြသော မင်းညီဆိုတဲ့ အဲဒီလူကို

ကတော့ လုံးဝကို အထင်မကြီးချေ။ ထို့ကြောင့် ခပ်တန်းတန်း





နေခဲ့၏။ သို့သော် ခပ်တန်းတန်းနေမရအောင် အကြောင်းတရားတို့က သူမနှင့်မင်းညီကို ပတ်သက်မှုရှိအောင် ဖန်တီးခဲ့လေ၏။ အဲဒါက မင်းညီ၏အစ်ကိုဖြစ်သူ မင်းကိုနှင့် ရန်ကုန်က ရတီ့ရဲ့ဝမ်းကွဲအစ်မ (မေမေ့အစ်မ၏သမီး) ဖြူသဇင်တို့သည် သမီးရည်းစားများဖြစ်နေခြင်းပဲ။ တစ်နေ့တော့ မမဖြူသဇင် အတင်းခေါ်၍ Dagon Centre သို့ ရတီလိုက်သွားရာမှ မင်းကိုနဲ့အတူပါလာသော မင်းညီနဲ့ရတီတို့ စတင်ဆုံစည်းခဲ့ရခြင်း ဖြစ်လေသည်။

စိတ်ထဲတွင် ခပ်ကင်းကင်းနေလိုသော်လည်း လူမှုရေးအရ ရတီက အလိုက်သင့်လေးပဲ ဆက်ဆံခဲ့ပါသည်။ စကားစပ်မိသွားရာမှ မင်းညီကရတီကို သူနှင့်မေဂျာတူ၊ အတန်းတူမှန်း သိသွားခဲ့တော့တာ ပင်။ အဲဒီအချိန်ကစပြီး ကျောင်းမှာ မင်းညီက သူမ အနေအထိုင် ကျဉ်းကျပ်လောက်အောင်ပင် တောက်တဲ့လို ကပ်နေတော့တာဖြစ်၏။

အရင်က ခပ်မှိန်မှိန်၊ ခပ်အေးအေးသာ ကျောင်းမှာနေတတ်သောသူမသည် မင်းညီ ထိုသို့တွယ်ကပ်နေချိန်မှ စ၍ လူအများ၏ စိတ်ဝင်စားခြင်းကို ခံရတော့၏။

နောက်တော့ မင်းညီသည် မမဖြူသဇင်မှတစ်ဆင့် လူကြီး များအား ချဉ်းကပ်သည်။ ရတီ့အဖေါ်ဆိုလျှင် မင်းညီတို့အသိုင်းအဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လောက်ချမ်းသာကြောင်း၊ ဆွေကြီးမျိုးကြီးများဖြစ်ကြောင်းကို ရတီမေမေနှင့်ဆုံတိုင်း တွတ်ထိုးလေ့ရှိသည်။

ရတီမေမေဒေါ်မြသစ်ကလည်း သူ့အစ်မစကားကို နား ထောင်ရင်း တပြုံးပြုံး။ ပုလင်းတူ ဘူးဆို့တွေကိုး။ ပြောရရင် ထို တောင်းသောအချိန်ကာလတစ်ခုအတွင်းမှာပင် ရတီပတ်ဝန်းကျင်မှာ ရှိတဲ့ ဆွေမျိုးအသိုင်းအဝိုင်းအားလုံးက မင်းညီမှ မင်းညီဖြစ်သွားတော့ သည်။

လောကကြီးကလည်း အဆန်းသား။ ခပ်မိုက်မိုက် အလန် ဖယားတွေ ပွစိတက်နေသော မင်းညီသည် တစ်နေ့တော့ သူမကို ချစ်သည်ဟု တဖွဲ့တနွဲ့ပြောဆိုရင်ဖွင့်လာခဲ့တော့သည်။ မင်းညီရဲ့ တဖွဲ့ တနွဲ့ပြောဆိုနေသော ထိုအချစ်စကားမျှကို သူမက ယဉ်ကျေးမှုတန်း အရသာတည်တည်ငြိမ်ငြိမ် နားထောင်ပေးခဲ့သော်လည်း လုံးဝ ရှင် မခုန်ခဲ့ပါ။

ဒီအခြေအနေကို ဖြစ်ရိုးဖြစ်စဉ် သာမန်တစ်ခုမျှသာ သူမ သဘောထားခဲ့သည်။ ဖြစ်နိုင်ရင် ချက်ချင်းကို သူမငြင်းချင်သည်။ သို့သော် အကြောင်းပြချက်က ရှာမရခဲ့။ သူတစ်ပါးအားနည်းချက်များ ကို ရှာကြံပြီး ငြင်းရမှာလည်း အားနာနေမိသည်။





သေချာတာကတော့ သူမနှလုံးသားက မင်းညီကို ဘယ်လိုမှ နေရာချထားပေးဖို့ရာ ဆင်ခုန်၍မရခဲ့။ ထို့ကြောင့် ဇာတ်ကမျောနေခဲ့ရသည်။ မင်းညီကလည်း သူမ မတောင်းဆိုတဲ့ကတိတွေ အထပ်ထပ်ပေးသည်။ အရင်ကအချိုး တွေ ပြင်ပါမည်ဟုလည်း တဖွဖွပြောသည်။ တကယ်လည်း မင်းညီက အရင်က သူ့စရိုက်၊ သူ့ပုံစံအားလုံး ပြုပြင်ခဲ့ပါသည်။ ခက်တာက သူမနှလုံးသားသည် မင်းညီအတွက် ပေးစရာ ဘာမှရှိမနေခြင်းပါပဲ။

ထိုအချိန်က မောင်နဲ့သူမ မတွေ့ဆုံခဲ့ကြသေးပါ။ အခုတော့ သူမနှလုံးသားထဲမှာ မောင်က ရာနှုန်းပြည့်စိုးမိုးလို့ထားလေပြီ မဟုတ် လား။ မောင့်ကို မင်းညီနဲ့ သူမရဲ့ပတ်သက်မှုကို ပွင့်လွှင့်လင်းလင်း ပြောပြခဲ့ရ၍ မှားများသွားပြီလားဟု တွေးမိပါသေးသည်။ ပြီးမှ မောင်က တစ်ခုခုဆို တနုံ့နုံ့နဲ့ ကြိတ်ပြီးခံစားတတ်တာကို သတိရမိတော့ ပြောဖြစ်တာ ကောင်းသည်ဟုတွေး၍ စိတ်ဖြေရသည်။ မောင့်ကို သူ့အတွက် ကြောင့်မှ စိတ်အနှောင့်အယှက်မဖြစ်စေလိုပါ။ ပြီးတော့ မှတစ်နှစ်ပါပဲလေ။

ကားပေါ်ကဆင်းသည်နှင့် အသင့်စောင့်နေသော မင်းညီက အပြုံးမျှသာလဲဟန်နှင့် မေမေနဲ့သူမကို မိုးမစိုအောင် ဂရုတစိုက် ထီးမိုး ပေးလေသည်။ ထို့နောက် သူ့ကားတံခါးကို သွက်သွက်လေးဖွင့်လာ



www.burmeseclassic.com

www.burmeseclassic.com



မေမေနဲ့သူမကို ကားထဲဝင်စေ၏။ ပြီးတော့ သူက ရတီတို့ပါလာသေ အထုပ်အပိုးများကို ကားနောက်ဖုံးလှပ်ကာထည့်သည်။ မိုးက နည် နည်းသည်းထန်လာသည်။ အားလုံးပြီးသွားတော့မှ မင်းညီက ကား ခန်းထဲကို ခပ်သွက်သွက်လေးဝင်၏။

မေမေနဲ့သူမကတော့ ကားထဲမှာမို့ မိုးလုံသော်လည်း မင်း က သူမတို့အထုပ်အပိုးတွေကို ထီးတစ် ချောင်းနဲ့ မနိုင်မနင်း ယောက်တည်း ကားနောက်ခန်းထဲထည့်ရသည်မို့ သူ့ခန္ဓာကို အပေါ်ပိုင်း နေရာအတော်များများ မိုးရေတို့က ရွဲနစ်ကုန်၏။ မင်းညီ အနည်းငယ်တော့ အားနာသွားမိသည်။

"မောင်မင်းညီရယ် အားနာစရာကွယ်၊ ဒုက္ခရှာလို့ မိုး လေထဲ လာကြိုနေရသေးတယ်ကွယ်၊ အန်တီတို့ Taxi ငှားလာလည် အဆင်ပြေပါတယ်၊ သားရယ် သက်သက်ဒုက္ခရှာလို့ကွယ်"

"မဟုတ်တာ အန်တီရဲ့၊ ကျွန်တော့်အတွက် အပန်းမကြီး ဘူး ... ရပါတယ်"

မင်းညီစကားအဆုံး မေမေက သဘောကျစွာပြုံး၏။ မောင်းနေရင်း မင်းညီက နောက်ကြည့်မှန်ထဲကနေပြီး သူမကို မ ခဏ ကြည့်နေသည်ကို သတိပြုမိသည်။





ထို့ကြောင့် သူမအကြည့်တို့ကို မှန်ပြတင်းမှတစ်ဆင့် အပြင်မှ စက်တွေဆီသို့သာ ပို့လွှတ်ထား လိုက်၏။ မိုးစက်တွေကိုငေးရင်း အောင်နဲ့သူမ စတင်ဆုံစည်းခဲ့ကြသော မိုးသည်းနေ့ကို အမှတ်ရနေမိ သည်။ ရတီတို့နေသော (---) ကွန်ဒို တိုက်ခန်းရောက်သည်အထိ င်းညီက လိုက်ပို့ပေး၏။

ရတီ့အဒေါ် မေမေရဲ့အစ်မသည် သဘောအရာရှိတစ်ဦးနှင့် င်ထောင်ကျသည်မို့ ငွေကြေးပြည့်စုံကုံလုံသည်။ ထို့ကြောင့်လည်း မေက ရတီ အထက်တန်းကျောင်းသူဘဝကတည်းက အဒေါ်ဖြစ် ဆီသို့ ပို့ထားခဲ့လေသည်။

တိုက်ခန်းသို့ရောက်သည်နှင့် အစ်မဝမ်းကွဲဖြစ်သူ မြသဇင်က သာအားရ ဆီးကြိုလေသည်။

"အောင်မယ်လေး ငါ့ညီမရယ်၊ ကျောင်းပိတ်ရက်ကလေး ကိုခဏပြန်သွားလိုက်တာ အသားတွေမည်းပြီး ပိန်သွားပါလား"

မမသဇင်ရဲ့စကားကို ရတီကတော့ အသာပဲပြုံးနေမိ၏။ မတို့ညီအစ်မနှစ်ဦးကလည်း ညစာခန်းဆက်တီပေါ်တွင် စကား တ်ဆုံကြနေကြသည်။

"နေဦး ရာသီဥတုကောင်းတဲ့နေ့ကျမှ တို့ညီမနှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



Spa သွားပြီး ခေါင်းစခြေဆုံး အပြတ်သွားရှိုင်းကြရအောင်''

ခရီးပန်းလာသောကြောင့် ရတီကတော့ အတော်နားချင် ပါပြီ။ မမသဇင်က 'ရတီပြန်မလာသေးဘူးလား' နှင့် မင်းညီတ တွတ်မေးသည့်အကြောင်းများကို အနှောင့်အသွားမလွှတ် ခရေ လွှတ် ပြောနေတော့ ရတီမှာ စိတ်ကျဉ်းကျပ်သည့်ကြားက အောင် နားထောင်နေရပြန်ပါ၏။ စိတ်မပါဘဲ ဟန်ဆောင်အပြုံးလေးလုပ် ရတာလည်း ပါးတွေညောင်းလိုက်တာနော်။

''ဘယ်လိုလဲကိုယ်တော်၊ အခု ရတီပြန်လာပြီလေ၊ လွှ ဆို၊ ပြောလိုက်လေ၊ ဟွန့် ... အခုကျမှ တေမိလုပ်နေတာ ရေ''

ရန်ကုန်သူပီပီ မမသဇင်ရဲ့စကားကြောင့် မင်းညီက ခေါ ကုတ်ကာ ရယ်ကျဲကျဲလုပ်နေပြန်၏။ ရတီအတွက်ကတော့ စိ လျော်ခတ်သောစကားတွေက ရိုးအီနေပါပြီ။

''ဟို မမသဇင် ... ရတီ ခရီးပန်းလာလို့ သွားနားတော့ နော်၊ မင်းညီ ရတီ့ကိုခွင့်ပြုပါဦးနော်။ ဟို ခေါင်းတွေအရမ်းကိုက် လို့ပါ''

အလိမ္မာလေးနှင့် ရှောင်ထွက်ပါသည်ဆိုမှ ကိုယ်တော်





ညီက ဆေးခန်းသွားမလား၊ ဘာလားနှင့် ပျာပြနေသေးသည်။ ညစ်ရတဲ့အထဲမှာ အဲဒါတွေလည်းပါသည်။ ''ရတယ် ရတယ်၊ သောက်ပြီးနားလိုက်ရင် ကောင်းသွားမှာပါ'' ဟုပြောပြီး ခပ်သုတ် တ်ပဲ ကိုယ့်အခန်းကိုထွက်ခဲ့ရတော့သည်။ ဒါတောင် –

''နွေးနွေးထွေးထွေးအိပ်နော် ရတီ၊ မပေါ့နဲ့၊ အခုအချိန်က ပ်ကွေးတွေ အရမ်းဖြစ်နေတာ'' ဟူသော မင်းညီရဲ့အသံက နောက် ကပ်ပါလာသေး၏။ မောင်ရယ်၊ ရတီ့စိတ်တွေကတော့ စတင် ကျဉ်းကျပ်စပြုနေပါပြီ မောင်ရယ်၊ မျိုသိပ်ဟန်ဆောင်နေရတဲ့ဘဝကြီး ဲ ရတီ ဘယ်အချိန်အထိ စီးမျောရဦးမှာလဲ။

မောင့်ကို လွမ်းလိုက်တာ။

အခန်းထဲရောက်တော့မှ မွေ့ရာထူကြီးပေါ်သို့ ခြေပစ် လက် ပ်လှဲချလိုက်မိသည်။ ထို့နောက် တစ်စုံတစ်ရာကို သတိရကာ အိပ်ရာ က်မှ လူးလဲပြန်ထလိုက်ပြီး ဘေးနားက စားပွဲပေါ်မှ စာအုပ်ကလေး စ်အုပ်ကိုယူပြီး ပထမဆုံးစာမျက်နှာတွင် ရတီသည် (၊) တုတ်ချောင်း ‌တစ်ချောင်းအား ထင်ထင်ရှားရှား ပီပီသသ ရေးခြစ်လိုက်လေ သည်။

ပြီးမှ ... တစ်ယောက်တည်းပြုံးမိသည်။ ခဏအကြာတွင်



www.burmeseclassic.com

www.burmeseclassic.com



ရတီသည် သူမအခန်းရဲ့ပြတင်းလိုက်ကာများအား ဆွဲပိတ်ကာ မီးမှုန် မှိတ်လိုက်လေသည်။ တိတ်ဆိတ်ခြင်းနဲ့အတူ မောင်သည် သူမအနား ရောက်လာသလို။

မောင်နဲ့သူမ စကားတွေအများကြီး ပြောနေကြသည်။ မောင် ပြောသလိုပေါ့။ မိုင်တွေ ဘယ်လောက်ခြားခြား နှလုံးသားချင်းသာ နီးရင် ဝေးကွာခြင်းဆိုတာ မရှိတော့ဘူးပေါ့။ ဒီအချိန် မောင်လည်း ရတီကို သတိရနေရဲ့လား။

❋ ❋ ❋



## အခန်း (၁၃)

"ရတီ သမီး . . . မိန်းမတစ်ယောက်ရဲ့ဘဝမှာ အကောင်းဆုံး ခွင့်အရေးဆိုတာ အကြိမ်ကြိမ်တော့ မရတတ်ဘူး သမီး၊ မေမေ ပြောတာ သမီးနားလည်တယ်နော် သမီး"

မပြန်ခင် မေမေ ပြောသွားသောစကားများ။ ပထမဆုံးအနေနဲ့ ဟာ အတော်ကျပ်တည်းသောအခြေအနေ၊ ဖိအားများအောက်တွင် ကနေသလို ခံစားမိ၏။ ရတီမှာ ရင်ဖွင့်တိုင်ပင်စရာဟူ၍ ဘေးနား တစ်ယောက်မျှမရှိ။ အားလုံးက သူမကို မင်းညီနှင့် အမြန်အဆင် စေချင်နေကြသည်လေ။ "ရတီ့မှာ အသက်တမျှ ချစ်ရတဲ့နေညီ ယ်" ဟု ရတီ ရိုးသားစွာဖွင့်ဟဝန်ခံလိုက်ချင်သည်။ အခုလို



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေကြီးမှာ မျှော်မနေချင်တော့။ သို့သော် ဖြစ်လာမယ့်အကျိ ဆက်တွေက မတွေးဝံ့စရာပင်။ အဆိုးဆုံးကတော့ မောင်နဲ့ရတီ ဝေ သွားနိုင်သည်လေ။ ထို့ကြောင့် မချစ်သော်လည်း အောင့်ကာနမ်းနေ ပါသည် မောင်။

ရတီတတ်နိုင်တာတစ်ခုက အချိန်အတိုင်းအတာ တစ်ခု ဆွဲထားရုံကလွဲပြီး ရတီ ဘာများတတ်နိုင်ဦးတော့မှာလဲကွယ် အဲဒီအချိန်အတိုင်းအတာတစ်ခုကို လွန်မြောက်သွားရင်တော့ အားလုံး ကို ဆန့်ကျင်ကျော်နိုင်းပြီး ရတီ မောင့်ဆီကို ရဲရဲရင့်ရင့်ကို ပြေးထွ လာခဲ့တော့မယ်မောင်ရယ်။ မောင်ကြိုနေမှာပါနော်။

သိပ်ချစ်ရတဲ့မောင်နဲ့အတူ ဘဝကိုဖြတ်သန်းတော့မယ် မော ရယ်။ သက်ပြင်းငွေ့ငွေ့ချကာ ဗလာစာအုပ်လေးထဲတွင် (၈) တု ချောင်းလေးတစ်ချောင်းကို ရတီ ရေးခြစ်လိုက်ပြန်သည်။ ထို့နော တုတ်ချောင်းလေးများအား အကြိမ်ကြိမ်အခါခါ ရေတွက်နေမိသည် နည်းနည်းတော့ များလာပြီ။

တုတ်ချောင်းလေးတစ်ချောင်းတိုးလာတိုင်း မောင်နဲ့ပိုနီးကာ လာသလို ခံစားရလေ၏။ တစ်ယောက်တည်း ပြုံးမိနေစဉ်မှာပဲ မွေး ပေါ်က သူမဟန်းဖုန်းမြည်သံက ထွက်ပေါ်လာသည်။ ကြည့်လိုက်





တော့ နံပါတ်က နယ်က သူမတို့အိမ်ရဲ့ ဖုန်းနံပါတ်။

"ဟယ်လို"

"ရတီ . . . နှင် ရန်ကုန်မှာ တော်တော်ကြီးပျော်နေတယ်ထင် တယ် မိန်းမ၊ ရန်ကုန်ရောက်ကတည်းက ငါ့ဆီကို ဖုန်းလေးတောင် ဆက်ဖော်မရဘူး" ဟု တစ်ဖက်မှ ရွှေစင်ရဲ့အပြစ်တင်သံကိုကြားရ၏။

"မဟုတ်ပါဘူး ရွှေစင်ရယ်၊ ရွှေစင် သူရောနေကောင်းရဲ့ လား။ ဟို သူ ရတီ့ဆီကို ဖုန်းလည်းမဆက်ဘူး ရွှေစင်၊ ရတီပေးခိုင်းတဲ့ ဖုန်းနံပါတ်ကို ရွှေစင် နေညို့ကို မပေးရသေးလို့လားဟင်"

"အောင်မယ်လေး . . . ပေးပါတယ် မမလေးရယ်၊ မမလေး ပေးခိုင်းတဲ့ ဖုန်းနံပါတ်ကို ရွှေလက်တော်အရောက် ကျွန်တော်မျိုးမ သွားရောက်ဆက်သခဲ့ပါတယ်"

ရွှေစင်ရဲ့ ရွှတ်နောက်နောက်အပြောကြောင့် ပြုံးမိသည်။

"အဲဒါဆို သူက ရတီဖုန်းကို ဘာလို့မဆက်တာလဲ မသိဘူး ရွှေစင်ရယ်"

"ငါ့အထင်တော့ နေညို နင့်ဆီကို ဖုန်းဆက်မှာမဟုတ်ဘူး ရတီ၊ ဘာလို့လဲဆိုတော့ နင့်ဖုန်းနံပါတ်ပေးလိုက်တဲ့နေ့က နေညို့က ကျွန်တော်ဆက်ဖြစ်မယ် မထင်ပါဘူးဗျာတဲ့၊ ငါကလည်း ဘာဖြစ်လို့လဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုက်လိုက်ပါ၊ အဲဒီ၊ ရတီ့ဟန်းဖုန်း ပြဿနာမရှိဘူးလို့ပြောပါသေးတယ်။ ဒါပေမဲ့ သူက မဆက်တော့ပါဘူးတဲ့။ ပြီးတော့ပြောသေးတယ်။ ရတီ့အကြောင်းကို သူသိတယ်တဲ့။ နင်က ဝမ်းနည်းလွယ်တယ်၊ မျက်ရည်လွယ်တယ်တဲ့။ သူ ဖုန်းဆက်လိုက်လို့ နင် ဝမ်းနည်းခံစားသွားရတာမျိုး မဖြစ်စေချင်ဘူးတဲ့၊ အဲဒါကြောင့် သူ ဖုန်းမဆက်တော့ပါဘူးလို့တော့ ငါ့ကိုပြောသွားတယ် ရတီ''

ရွှေစင့်စကားတွေထဲမှာ မောင်ရဲ့ သူမအပေါ်ထားတဲ့ မေတ္တာတရားကို ခံစားမိ၏။ ပါးပြင်မှာ မျက်ရည်တချို့ စီးကျလို့လာ၏။ သူမ၏မောင်သည် ထိုသို့ မျှသိပ်ထိန်းသိမ်းနိုင်စွမ်းအား ကြီးမားသူတစ်ဦးလည်းဖြစ်လေသည်။

''ဟယ်လို . . . ဟဲ့ ရတီ ဘာဖြစ်သွားတာလဲ၊ ငြိမ်လှချည်လား''

''ဟင် . . . အင်း ဘာမှမဖြစ်ပါဘူးရွှေစင်ရဲ့၊ ရုတ်တရက် မောင့်ကို သတိရသွားမိလို့ပါ''

''ဖြစ်ရတယ်'' ဟု တစ်ဖက်က ရွှေစင့်အသံစူးစူးကို ကြားရသည်။

ရွှေစင့်အား မင်းညီကိစ္စကို ပြောဆိုရင်ဖွင့်လိုက်ရရင်





ကောင်းမည်လားဟု စဉ်းစားလိုက်မိသေးသော်လည်း ထိုအတွေးကို ခေါင်းထဲက ချက်ချင်းထုတ်ပစ်လိုက်သည်။ မဖြစ်ချေ။

ရွှေစင့်ကိုယုံကြည်သော်လည်း အကြောင်းတစ်ခုခုကြောင့် မောင်သိသွားခဲ့ရင် မောင် သိပ်စိတ်ညစ်ညူးသွားမှာ။ မောင့်ကို ဘာအကြောင်းနဲ့မှ စိတ်အနှောင့်အယှက် မဖြစ်စေလိုပါ။ သူမတို့ချစ်သူနှစ်ဦးသည် ထိုကဲ့သို့လည်း တစ်ဦးကိုတစ်ဦး အမြဲလိုလို ငဲ့ညှာခဲ့ကြပါ၏။ တစ်ဦးအတွက် တစ်ဦးက အမြဲထည့်တွက်စဉ်းစားတတ်သည်ချည်း။

ရွှေစင်နဲ့ဖုန်းပြောပြီးတော့ ရင်ထဲတွင် အနည်းငယ်ပေါ့သွားသလိုတော့ရှိ၏။ သူမ ပြတင်းတံခါးရဲ့အပြင်ဘက် ကောင်းကင်ပြာကြီးထဲတွင် ငှက်တစ်အုပ် လွတ်လပ်စွာပျံသန်းလို့သွားတာကို မျက်စိတစ်ဆုံး ငေးကြည့်နေမိသည်။ အခုနေ သူမသာ ငှက်ကလေး တစ်ကောင်ဖြစ်ရင် မောင့်ဆီကို ပျံသန်းသွားချင်လိုက်တာ။

❁

မျှော်လင့်ချက်တွေ တလှလှနဲ့ ရှင်သန်နေထိုင်ရတဲ့ဘဝကြီး



www.burmeseclassic.com

www.burmeseclassic.com



ဟာ သိပ်နေလို့ထိုင်ရို ကောင်းတာပါပဲ။ လူ့နံ့တာ မွှော်လင့်ချက်တွေနဲ့ အသက်ရှင်နေကြတဲ့အမျိုးလေ။

နောက်ဆုံး တစ်ထောင်တန်လေးကို စဘူးလေးထဲထည့်ပြီးတော့ သူ စဘူးကိုလှုပ်ကာကြည့်သည်။ အထဲက ငွေစက္ကူများ၏လှုပ်ရှားသံများက ပင်ပန်းထားသမျှတို့ကို အမောပြေစေသည်လေ။

"အေး . . . အလုပ်ချည်းပဲ ဖိလုပ်မနေနဲ့ဦး၊ အအိပ်အစားမှန်မှန်နဲ့ ကိုယ့်ကျန်းမာရေးကိုလည်း ဂရုစိုက်ဦးနေညို၊ မင်းကိုယ်မင်းလည်း မှန်ထဲပြန်ကြည့်ဦး၊ ငါးကျည်းခြောက်ကတောင် အဲဒေါ်ရမယ့်ရုပ် ဖြစ်နေပြီ"

ပြည်စိုးစကားကို သူ ရယ်ကျဲကျဲသာလုပ်နေလိုက်သည်။ ကိုယ့်ကို စိုးရိမ်လို့ပြောတာမှန်ပေမယ့် သူကတော့ နည်းနည်းမှ ပင်ပန်းသည်ဟု မထင်ပါ။

"မင်းတက်တာ ခေါက်ရေစိတ်လွန်းတယ်နေညို။ သူများတွေ တစ်ခေါက်မှာ မင်းက နှစ်ခေါက်နှုန်းလောက် ဖြစ်နေပြီနေညို"

ပြည်စိုးပြောတာလည်းမလွန်ပါ။ သူက အဖေဆီမှ အရင်းအနှီးလေးတောင်းပြီး ဆိုင်ကယ်ဝယ်ရောင်းလုပ်နေခဲ့သည်ပင်။ ထိုအလုပ်က သူနှင့်အကျိုးပေးသည်ထင်သည်။ တစ်လအတွင်းမှာပင်





အဖေထုတ်ပေးထားတဲ့ငွေအရင်းကို သူပြန်ဆပ်နိုင်ခဲ့သည့်အပြင်။ အခုဆို ကိုယ်ပိုင်ငွေအနည်းငယ်ပင် သူ့မှာ စုဆောင်းမိနေပြီ။ ပြီးတော့ သူက တရုတ်ပြည် ကြယ်ငါးပွင့်အထိ ကိုယ်တိုင်တက်ဝယ်၊ သူတို့မြို့အရောက် ကိုယ်တိုင်စီးပို့။

လမ်းခရီးမှာ သူချွေတာရင် ချွေတာသလို ပိုက်ဆံက မြိုးမြိုးမြက်မြက်ကလေးကျန်သည်။ တရုတ်ပြည်ကြယ်ငါးပွင့်မှ အရောင်းတွင်ကျယ်မည့် တရုတ်ပစ္စည်းလေးများအားလည်း တစ်နိုင် သယ်ဆောင်ကာ သူတို့မြို့လေးရှိ သူနှင့်ရင်းနှီးတဲ့ စတိုးဆိုင်လေးများတွင် ပစ္စည်းရောင်းငွေချေစနစ်ဖြင့် လိုက်လံဖြန့်ဖြူးသေးသည်။ ထိုပစ္စည်းကလေးများမှရသော အမြတ်ကလည်း မဆိုးပါ။

ငွေကြေးကို ကိုယ်တိုင်ရှာဖွေရသောအခါမှ ငွေကြေး၏တန်ဖိုးကို သူ ပိုသိလာရသည်။ အဖေ့ကိုလည်း ကိုယ်ချင်းစာမိသည်။ အန္တရာယ်များလှသည်မို့ သိပ်မလုပ်စေချင်သော်လည်း အဖေက အတိအလင်းတော့ သူ့ကိုမတားပါ။ သတိထားဖို့တော့ မကြာခဏပြော၏။ ဝယ်လာသည့်ဆိုင်ကယ် ဈေးတည့်ကာ ရောင်းထွက်ပြီဆိုသည်နှင့် သူက ချက်ချင်းနောက်တစ်ခေါက်ပြန်တက်သည်။ အလုပ်နှင့်သူသည် လုံးချာလည်နေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ပြည့်စိုးက သူ့အား ယခုကဲ့သို့ သတိပေးပြောဆို နေခြင်းဖြစ်လေ၏။ သူကတော့ စဘူးလေးကိုသာ ပီတိဖြစ်စွာ ငေး ကြည့်နေမိသည်။ အဲဒီစဘူးလေးထဲမှာ သူ့ရဲ့အနာဂတ်မျှော်လင့်ချက် အိပ်မက်တွေရှိသည်လေ။

အခုအချိန်မှာ သူ ငွေများများ စုဆောင်းထားနိုင်ပါမှ ရတီနဲ့ သူ ဘဝသစ်တစ်ခု ထူထောင်ကြတဲ့အခါ ချစ်သူလေးကို မျက်နှာမငယ် အောင် သူထားနိုင်မည်လေ။ ချမ်းချမ်းသာသာကြီးမဟုတ်သည့်တိုင် ပြည့်ပြည့်စုံစုံလေးတော့ ချစ်သူကို သူထားနိုင်ချင်သည်။

အခုဆို သူစုထားတဲ့ငွေဟာ နှစ်သိန်းစွန်းစွန်းပင် ရှိနေလေပြီ ကြိတ်ထားနေညီ။ မျှော်လင့်ချက်တွေနဲ့ မနက်ဖြန်တိုင်းဟာ သူ့အတွက် တောက်ပလို့နေသည်။

❀

"ကိုယ် အရင်က မိန်းကလေးတွေ ထည့်လဲတွဲခဲ့ဖူးတယ် ဆိုပေမယ့် ဘယ်သူ့ကိုမှ လေးလေးနက်နက် မချစ်ခဲ့ဖူးပါဘူး ရတီ ရတီနဲ့တွေ့မှ ကိုယ်ဟာ အချစ်ကို လေးလေးနက်နက် တန်ဖိုးထားပြီ





ချစ်တတ်လာခဲ့တာပါ၊ ရတီ ကိုယ့်ဆီမှာရှိနေတဲ့ မကြိုက်တဲ့အချက်တွေ ကိုပြောပါ၊ ကိုယ့်ဘက်က ချက်ချင်းပြုပြင်ဖို့အသင့်ပါပဲ ရတီရယ်၊ ကိုယ့်အချစ်ကိုတော့ ယုံကြည်လက်ခံပေးပါကွာ"

မင်းညီပြောတဲ့ ထိုစကားတွေဟာ အခြားမိန်းမပျိုတစ်ဦးသာ ဆိုရင်တော့ အတော်ရင်ခုန်ဝမ်းသာသွားမည်မှာ အသေအချာပင်။ ရတီကတော့ ခုံလေးပေါ်မှာ အိန္ဒြေမပျက် လက်ပိုက်ကာ တည်ငြိမ်စွာ ထိုင် နားထောင်နေခဲ့ပါသည်။ သူမက အင်းယားရေပြင်စပ်မှာ ငုပ်လျှိုး လုလု နေလုံးကြီးကိုသာ ငေးနေပေမယ့် ဘေးနားက မင်းညီကတော့ သူမမျက်နှာအား တရှိုက်မက်မက်ငေးကာ ချစ်စကားတွေ ခြွေလုစ်လို့ နေတုန်း –

"ကိုယ် ရတီ့ဆီက အဖြေတစ်ခုတော့လိုချင်ပြီကွာ"

"ရှင့်အတွက် ကျွန်မမှာ ပေးစရာအဖြေကို မရှိတာပါ မင်းညီ၊ အဲဒီအတွက် ကျွန်မ စိတ်မကောင်းပါဘူး။ ဒီကမ္ဘာမှာ နေညို ဆိုတဲ့ ကျွန်မရဲ့ချစ်သူကလွဲပြီး နောက်ထပ် ဘယ်ယောကျ်ားကိုမှ ကျွန်မနှလုံးသားက မချစ်နိုင်တော့ပါဘူးရှင်" ဟု အဲဒီအချိန်တုန်းက သူမနှုတ်ဖျားက ဘာလို့ ပြောမထွက်ခဲ့ပါလိမ့်။ ထစ်ငေါ့နေခဲ့မိတာ ပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမတစ်ယောက်ဟာ ဘဝမှာ အနည်းဆုံး တစ်ကြိမ်တစ် တော့ သူ့ရဲ့ မွေးရာပါအတတ်ပညာဖြစ်တဲ့ မာယာဆိုတာကို အသုံး ရတတ်ပါသည်။ သူမ ရိုးသားချင်ပါသည်။ သို့သော် သူမ ရိုးသားစွာ အမှန်တရားတစ်ခုကို ဖက်တွယ်လိုက်ပါက မောင်နဲ့သူမ ဝေးသွားနို သည်ပင်။ ထိုသို့သော ဘယ်နည်းနှင့်မျှ အဖြစ်မခံနိုင်ပါ။ ထို့ကြော ရတီသည် အချိန်ကာလတစ်ခုအထိတော့ မာယာဝတ်ရုံလေး လွှမ် ထားရပေဦးမည်။ မင်းညီအတွက်တော့ ရိုးသားစွာ စိတ်မကောင် သည်မှာအမှန်။

"ရတီ စဉ်းစားနေပါတယ် မင်းညီ၊ ရတီ့ကို အချိန်အတို အတာတစ်ခုအထိတော့ စိတ်ရှည်ပေးပါနော်"

သူမစကားအဆုံး မျက်နှာသိပ်မကောင်းပေမယ့် မင်းညီ ကြိုးစားပြုံးကာ ခေါင်းညိတ်သဘောတူရှာ၏။

"ကိုယ်နားလည်ပါတယ် ရတီ၊ ကိုယ့်အချစ်တွေကို နားလည်လက်ခံလာတဲ့အချိန်အထိ ကိုယ် စိတ်ရှည်ရှည်နဲ့ စောင့် ရတီ"

"ရတီ့ကို အခုလို နားလည်ပေးတဲ့အတွက် ကျေးဇူးတင် တယ် မင်းညီ။ အဲဒါဆို ရတီတို့ပြန်ကြရအောင်နော်။ သိပ်ကြာ





နှင့်တီနဲ့ မမသဇင်တို့ စိတ်ပူနေကြလိမ့်မယ်"

စကားအဆုံး မင်းညီက ညှို့ရိုသောအကြည့်စူးစူးဖြင့် ရတီကို စိုက်စိုက် တစ်ချက်ကြည့်သည်။ ရတီကတော့ မျက်လွှာကိုသာ သာချထားလိုက်ပါ၏။ မင်းညီ၏ ထိုအကြည့်တွေအောက်မှာ မိန်း လေး ဘယ်နှစ်ယောက်လောက်များ အရည်ပျော်ကျဖူးခဲ့သည်တော့ သိ။ ရတီပင် ကြက်သီးမွေးညင်းလေးများထကာ အနေရခက်ခဲ့သွား တော့ ဝန်ခံရမည်ပင်။

ရန်ကုန်မြို့ပြ၏ နီယွန်မီးများက လင်းလက်စပြုနေပြီ၊ အပြန် တစ်လျှောက် ဘေးနားက မင်းညီမသိအောင် ရတီတစ်ယောက် ခါ သက်ပြင်းချမိသည်၊ မောင့်အပေါ်မှာ သစ္စာမဲ့သလိုများ ဖြစ်နေ သား။ အခြေအနေအရ မောင်နားလည်ပေးပါ မောင်ရယ်ဟု ရင်ထဲ သာ မောင်ကို တိတ်တခိုးလေး တောင်းပန်နေမိ၏။

"ဒြော် ရတီ . . . မနက်ဖြန်ကျောင်းသွားဖို့ ကိုယ်လာခေါ် နော်"

"ဟုတ်"

"ရတီ့ကို ကိုယ်သိပ်ချစ်တယ်နော်၊ အဲဒါလေးတော့ မမေ့နဲ့ Good Night, See You ရတီ"



www.burmeseclassic.com

www.burmeseclassic.com



ခပ်ကြမ်းကြမ်း မောင်းထွက်သွားသော မင်းညီရဲ့ကာ
ကျောက်ရုပ်တစ်ရုပ်လို အသက်မဲ့စွာ ဝေးနေမိသည်။ ထို့နောက် 
သည့် အသက်မဲ့ခြေလှမ်းများဖြင့် Lift ဆီသို့ လျှောက်ခဲ့တော့သ
အခန်းထဲရောက်တော့ အဝတ်အစားတွေပင် မလဲသေးဘဲ စားပွဲ
ဗလာစာအုပ်လေးယူပြီး တုတ်ချောင်းလေးများအား ရေတွက်
သည်။ ဟန်ဆောင်မျိုသိပ်ရတာ ပင်ပန်းလိုက်တာ မောင်ရယ်

❋ ❋ ❋



## အခန်း (၁၄)

"ရတီ ... ရတီ"

သူ့ရဲ့ခေါ်သံတို့သည် ခြောက်သွေ့ကွဲအက်နေသည်။ သူ
အဆက်မပြတ်ခေါ်နေသော်လည်း ရတီက ကြားဟန်မတူ။ သူ့ကို
ကျောခိုင်းကာ ရေ့တူရှုအရပ်ဆီသို့သာ ရတီက ခပ်သွက်သွက် ခြေ
လှမ်းတွေနှင့် သွားနေသည်။ သူမြတ်နိုးသောရတီ့ရဲ့ဆံနွယ်ရှည်များက
လှုလှု လွင့်ခါနေသည်။

"ရတီ ... မောင့်ကို စောင့်ဦးလေ"

ပါးစပ်ကလည်းပြော သူ ရတီဆီသို့လည်း အပြေးသွားမိ
သည်။ မိုလုလုအနေအထားအရောက် သူ့ခြေလှမ်းတို့ တုံ့သွားရ၏။



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့ရတီရဲ့ရှေ့မှာ ကမ္ဘာပျက်နေသလို မြို့ကြီးတစ်ခု။ သူမျက်စိရှေ့ တင် လမ်း၊ တံတား၊ တိုက်တာအဆောက်အဦးတွေအားလုံး တ ဝုန်း ပြိုကျနေသည်။ သူ အံ့ဩစွာငေးကြည့်နေစဉ်မှာပဲ ရတီ မောင်ဟု တိုးလျှစွာခေါ်လိုက်သလို သူ့စိတ်ထဲထင်မိ၏။ ထို့နော ရတီက ကြောင်ငေးရပ်ကြည့်နေသော သူ့ကို တစ်ချက်မျှလှည့်ကြ သည်။

ဟင် ရတီ့ပါးမှာ သွေးရောင်နီစွေးစွေးမျက်ရည်တွေ။ မသွေးတွေလား၊ မျက်ရည်တွေလား။ ချစ်သူကိုကြည့်ရင်း ပူပန်စိ အဟုန်ကြောင့် ရင်သည် နင့်စိုးနေရသည်။ သူငေးကြည့်နေစဉ်မှာ ရတီက သူ့ကို တစ်ချက်မျှ ပြုံးကြည့်ကာ တဝုန်းဝုန်းပြိုကျနေသော မြို့ပျက်ကြီးဆီ တိုးဝင်လို့သွားတော့သည်။

"ရတီ . . . ရတီ မသွားနဲ့လေ"

ရင်ကွဲမတတ် စိုးရိမ်စွာ သူ ဟစ်အော်တားဆီးနေပါသေ လည်း ရတီက ကြားဟန်မတူ။ သူ့ခြေထောက်တွေသည်လည်း လှုပ်ရှား၍မရတော့၊ ရတီကတော့ သူနဲ့ဝေး၍ ဝေး၍သွားကာ နော ဆုံး မြို့ပျက်ကြီးထဲ တိုးဝင်ပျောက်ကွယ်သွားတော့သည်။

မျက်ရည်တွေနှင့် သူချစ်သူကို ဟစ်အော်တားဆီးနေမိသ





ရတီ မသွားပါနဲ့၊ ပြန်လာခဲ့ပါ။

"ရတီ"

ရုတ်တရက် အိပ်မက်ကလန့်နိုးတော့ ချွေးများက သူ့ တစ် ကိုယ်လုံး ရွှဲနစ်လို့နေသည်။ ဟာကွာ . . . ကျက်သရေယုတ်လိုက်တဲ့ အိပ်မက်၊ သူ့စိတ်ကို တည်ငြိမ်အောင် ကြိုးစားထိန်းရသည်။ အိပ်မက် ပါလားဟု ကြိုးစားဖြေသိမ့်ရ၏။

"နေညို . . . နိုးပြီလား၊ ဘယ်လိုလဲ သက်သာလား ကောင်"

သူ့ခုတင်ဘေးက စားပွဲပေါ်ကို ကော်ဖီခွက်ကလေးတင်ရင်း ပြည်စိုးကမေးသည်။ ပြီးတော့ ပြည်စိုးက သူ့နဖူးကို စမ်းသည်။

"ကိုယ်ပူတော့ ကျသွားပါပြီ၊ ကော်ဖီနဲ့မုန့် စားလိုက်ဦး ညို၊ ပြီးရင် . . . ဆေးသောက်ရမယ်"

သူ ခေါင်းညိတ်ပြလိုက်ရင်း –

"ကျေးဇူးတင်ပါတယ်ကွာ ပြည်စိုး" . . . ဟု သူငယ်ချင်း သူ့အား စိတ်လိုလက်ရ ကျေးဇူးတင်စကားဆိုမိ၏။ မနေ့က ည်းက သူ ဖျားနေခဲ့တာဖြစ်သည်။ သူ ဖျားနေသောတစ်ချိန်လုံး အိပ်ချိန်မှအပ တစ်နေကုန်လုံး သူငယ်ချင်းဖြစ်သူကသာ ပြုစု



www.burmeseclassic.com

www.burmeseclassic.com



ပေးခဲ့သည် မဟုတ်လား။

"အေး . . . နေပူမရှောင် မိုးရွာမရှောင် အလုပ်လောဘကြီးတဲ့ ကောင်၊ အခုတော့ ဒဏ်တည်ပြီမဟုတ်လား။ ခန္ဓာကိုယ်ဆိုတာ စိတ် သွားတိုင်း ကိုယ်မပါနိုင်ဘူးဆိုတာ မင်းသိပြီ မဟုတ်လား"

ပြည်စိုးရဲ့ ကရုဏာဒေါသောကို သူ အသာပဲပြုံးနေလိုက်၏။ ခံတွင်းပျက်နေ၍ ဘာမှ သိပ်မစား မသောက်ချင်သော်လည်း ပြည်စိုးကျေနပ်အောင် ပေါင်မုန့်တစ်လုံးကို ကော်ဖီနှင့် အတင်းမျှော လိုက်ရ၏။ ပြီးတော့မှ အစောက အိပ်မက်ဆိုးကိုသတိရကာ –

"ပြည်စိုး . . . ငါ ရတီ့ကို အိပ်မက်မက်တယ်၊ အိပ်မက်က သိပ်မကောင်းဘူးကွာ၊ အိပ်မက်ထဲမှာ ရတီက ငါ့ကိုထားပြီး အဝေးကို ထွက်သွားတယ်တဲ့ကွာ၊ ပြီးတော့ အိပ်မက်ထဲမှာ ရတီကငိုနေ တယ်၊ ရတီ နေမကောင်းရဲ့လားမသိဘူးကွ၊ ငါ ရတီ့ကို သတိရလိုက် တာ ပြည်စိုးရာ"

သူ့စကားအဆုံး ပြည်စိုးက သူ့လက်ထဲကို သောက်ရမည့် ဆေးများထည့်ပေးရင်း မျက်နှာပျက်နေတဲ့သူ့ကို တစ်ချက်အကဲခတ် သလိုကြည့်ရင်း –

"အဖျားသွေးရှိနေတဲ့အချိန်မို့ စိတ်က ကယောင်ချောက်ချား





အိပ်မက်ဆိုးတွေမက်တာနေမှာပါ နေညိုရာ၊ စိတ်ထဲ သိပ်ထည့် ထားပါနဲ့ကွာ။ ပြီးတော့ လူကြီးတွေပြောတာ မင်းမကြားဖူးဘူးလား။ အိပ်မက်ဆိုတာ ပြောင်းပြန်ယူရတယ်ဆိုတာလေ။ မင်း အိပ်မက်ထဲမှာ ရတီက မင်းကိုထားပြီး ထွက်သွားတယ်ဆို။ ပြောင်းပြန်ယူရင် မင်း နားကို သူရောက်လာမယ်ဆိုတဲ့သဘော။ အိပ်မက်ထဲမှာ ရတီက ငိုနေတယ်ဆိုရင် အပြင်မှာ မင်းရတီက ပြုံးပျော်နေရတယ်ဆိုတဲ့ သဘောပေါ့ကွာ"

ဟုတ်မှာပါ။ အဲဒီအတိုင်း ဖြစ်ပါစေ။ ပြည်စိုးစကားကြောင့် အတန်အသင့်တော့ စိတ်သက်သာရာရသွားသလို ရှိ၏။ အခုလို ကျန်းမာရေးမကောင်းဖြစ်ကာ အားငယ်နေတဲ့အချိန်မျိုးမှာ ချစ်သူရဲ့အပြုံး အယုအယကို တောင့်တမိသည်ကားအမှန်။ ထုတ်တော့မပြော ပါ။ အဲဒီစကားပြောလိုက်ရင် အပင်ပန်းခံပြုစုပေးနေတဲ့ ပြည်စိုးက သနားဆိုပြီး လျှာအတောင့်လိုက်ထွက်အောင်ပင် လည်မျိုကိုတက်နင်း မည်လားမသိ။

"မင်း အဲဒီလောက်တောင် သတိရနေရင် ဖုန်းဆက်ပါလား နေညိုရာ။ ဖုန်းနံပါတ်လည်း မင်းဆီမှာရှိနေသားနဲ့ဟာ"

ပြည်စိုးစကားကို သူ မဆိုင်းမတွပင် ခေါင်းခါပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နေပါစေကွာ၊ တော်ကြာ ဖုန်းဆက်လိုက်တော့မှ န... ယောက်စလုံး ဝေဒနာတွေ ပိုတိုးကုန်ပါ့မယ်။ တစ်ခါတလေ တိတ်... တိတ်ကလေး လွမ်းနေရတာက အလွမ်းကိုလူသိအောင် ထုတ်ဖေ... ပြောဆိုနေရတာထက် ပိုကောင်းပါတယ်ကွာ"

သူ့အိပ်ရာခေါင်းရင်းမှ ဖီးကွက်ရုပ်စုဘူးလေးကို တစ်ချ... ငေးကြည့်မိသည်။ မျှော်လင့်ချက် အိပ်မက်ကလေးတွေက တိုး... တိတ်တိတ်။

"မင်း တရေးလောက်အိပ်လိုက်ဦး။ ဒါမှအားရှိသွားမှာ"

အိပ်ရင် အားရှိသတဲ့လား။ ဒါဆို ကမ္ဘာပေါ်မှာ အင်အား... အကြီးမားဆုံးလူသားတွေဆိုတာ အိပ်ချည်းနေကြတဲ့သူတွေပေါ့... ကပ်သီးကပ်သပ် သူတွေးဖြစ်သေး၏။ လူ့သက်တမ်း၏ သုံးပုံတစ်... သည် အိပ်စက်ခြင်းဖြင့် ကုန်ဆုံးကြရသည်မဟုတ်လား။ ဒါက တစ်... ရှစ်နာရီလောက်သာ အိပ်စက်တဲ့လူတွေနော်။ ပိုးစိုးပက်စက်အအိပ်... သော သူများကတော့ သူ့တို့သက်တမ်းတစ်ဝက်လောက်ကို အိပ်... ခြင်းဖြင့် ဖြုန်းတီးပစ်ကြလေ၏။ နမြောစရာကောင်းလိုက်တာ။ အ... တွေက တောင်ရောက် မြောက်ရောက်။

❀





အပြင်သွားလိုစိတ်မရှိ၍ အိမ်တွင်းအောင်းကာ နိုင်ငံခြား ဇာတ်လမ်းခွေတစ်ခွေကိုကြည့်နေစဉ်မှာပင် သူငယ်ချင်းဖြစ်သူ ကျော်နီ တို့က ရောက်လာခဲ့သည်။ ကျော်နီတို့က ငြိမ်ချက်သားကောင်းနေသော မင်းညီကို တစ်ချက်ငေ့ကြည့်လျက်။

"ဝါ့ကောင်ကြီး ဒီရက်ပိုင်း ပျောက်ချက်သားကောင်းလှချည် လားကွ။ ဘာလဲ ... သက်သတ်လွတ်စားပြီး ဥပုသ်စောင့်နေတာ လား"

"မဟုတ်ပါဘူးကွာ ... အပြင်ထွက်ချင်စိတ်မရှိလို့ပါ၊ ပြီးတော့ ... ငါ ဒီရက်ပိုင်း နည်းနည်းညစ်နေလို့ကွ"

"မင်းလို လိုတရသူဌေးသားတစ်ယောက်က စိတ်ညစ်နေ တယ်ဆိုရင် ငါတို့တော့ ကြိုးဆွဲချသေရမလိုဖြစ်နေပြီ၊ ဟား ဟား ... ဆိုစမ်းပါဦး။ မင်းက ဘာတွေများ စိတ်ညစ်နေတာတုံး သူငယ်ချင်း ရာ၊ ကြေနွ ... မင်းရဲ့အထည်ဆင်လေး ရတီမိုးမြင့်ဆိုတဲ့ ကောင်မ လေးကြောင့်ပဲ ဖြစ်ရမယ်၊ ဟုတ်လား။ အခြေအနေက မထူးခြားသေး ဘူးလား မင်းညီ"

ကျော်နီတို့အမေးကို စိတ်ပျက်စွာ ခေါင်းခါပြမိ၏။ မင်းညီ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပျက်သွားပုံကို တစ်ချက်ကြည့်ရင်း ဂျော်နီတိုးက 'တဟားဟား' အော်ရယ်တော့သည်။ သူများစိတ်ဒုက္ခရောက်နေတာကို အားမနာလျှာမကျိုး ဒင်းမို့ရယ်ရက်သည်။

"မင်းညီ . . . မင်းညီ၊ အပွဲပွဲ နွှဲလာခဲ့တဲ့ကျွားက ရတီမိုးမြင့်ဆိုတဲ့ ကောင်မလေးနဲ့ တွေ့တော့မှ ကြောင်လို ညောင်လို့ အော်နေပါပေါ့လား . . . ဟား ဟား"

"ဟေ့ကောင် . . . ငါ တကယ်ညစ်နေတာနော်၊ မနောက်နဲ့"

မင်းညီ အတည်ပေါက်နဲ့ဟောက်လိုက်မှ သကောင့်သားက မျက်နှာပိုးသပ်တော့၏။ ပြီးတော့မှ ရုတ်တရက် တစ်စုံတစ်ခုကို သတိရသွားဟန်နှင့် ဝမ်းသာအားရ လက်ဖျစ်ကစ်ချက်တီးကာ –

"ငါသိပြီ ငါသိပြီ" ဟု ထအော်သည်။

မင်းညီကတော့ စိတ်ရှုပ်စိတ်ပျက်သလို မျက်မှောင်ကျုံ့လျက်သာ ဂျော်နီတိုးအားကြည့်နေလိုက်တော့သည်။ ထိုအခါမှ ဂျော်နီတိုးက မင်းညီရဲ့ဘေးနားက ဆက်တီဆိုဖာပေါ် ပြောင်းထိုင်လိုက်ပြီး သူ့ပခုံးကို ပုတ်ကာ –

"ဒီမယ် မင်းညီ . . . ဒီလ ၁၇ ရက်နေ့က မင်းမွေးနေ့ မဟုတ်လား"





ဟင် . . . ဟုတ်ပါရဲ့။ သူမေ့နေတာ။ ဒီတစ်ခါတော့ ဂျော်နီတို့ရဲ့မှတ်ဉာဏ်ကို ချီးကျူးရမည်ပင်၊ အင်းပေါ့၊ သူ့မွေးနေ့ဆိုလျှင် ဒင်းတို့အဝမျိုဆို့၊ အပြတ်ကဲကြရသည့်မို့ အသေအလဲ မှတ်ထားတာလည်း ဖြစ်နိုင်ပါသည်။ လွှတ်လပ်ရေးနေ့နဲ့ ပြည်ထောင်စုနေ့ကိုသာ မသိရင်နေမယ် ဒင်းတို့ သူ့မွေးနေ့ကိုတော့ ဘယ်တော့မှမမေ့မည် မထင်ချေ။ သူကလည်း နှစ်စဉ် မွေးနေ့ကို ကြီးကြီးကျယ်ကျယ်ကို လုပ်လေ့ရှိတာကိုး။ ဂျော်နီတိုးက လက်ဖျောက်တစ်ချက် ဖျောက်ခနဲတီးကာ–

"အဲဒါ မင်းအတွက် အခွင့်အရေးပဲ မင်းညီ၊ ငါပြောသလိုသာလုပ်၊ မင်းရဲ့မွေးနေ့မှာ မင်း ရတီရဲ့အချစ်ကို မွေးနေ့လက်ဆောင်အဖြစ် ပိုင်ဆိုင်ရလိမ့်မယ် မင်းညီ"

"ဟ . . . ဟုတ်ပါ့မလား မောင်ကာလျှရဲ့"

"ဩော် . . . ငါပြောသလိုသာလုပ် မဟုတ်ရင်"

ဆိုပြီး ဂျော်နီတိုးကတော့ ပါးစပ်ကလည်း ကစ်ခနဲပြောကာ သက်ညှိုးနှင့် သူ့လည်ပင်းကို ဖြတ်ပြနေသည်။

"ဆိုစမ်းပါဦး . . . ငါက ဘာလုပ်ရမှာလဲ"

"ဒီလိုကွာ ++++++"

ဂျော်နီတိုးစကားတွေနားထောင်ရင်း မင်းညီတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကြက်သီးမွေးညင်းများပင် ထလာရ၏။

"ဟာ . . . ဒါ ရတီကိုလက်ထပ်ဖို့အထိ ရည်းစူးပြီး တကယ် ချစ်တာကွ။ အဲလိုမျိုးတော့"

မင်းညီစကားမဆုံးလိုက်။ ကျော်နီတိုးက ဖြတ်ပြောလိုက်သည်။

"အေး . . . လက်ထပ်ဖို့အထိ ရည်ရွယ်ထားတယ်ဆိုတာသိတ္တ်လည်း ငါက မင်းကို ဒီလိုအကြံမျိုးပေးတာ မင်းညီ၊ မင်းက ဘာတွေ စိုးရိမ်နေတာလဲ။ မင်းမှာ ငွေကြေးရှိတယ်၊ အသိုင်းအဝိုင်းရှိတယ် တစ်ခုခုဖြစ်လာခဲ့ရင်တောင် မင်းရဲ့အသိုင်းအဝိုင်း ငွေကြေးအင်အားနဲ့ အဲဒီအရာကို လွှမ်းမိုးပစ်လို့ရတယ် မင်းညီ"

မင်းညီတစ်ယောက် အနည်းငယ်တော့ တွေဝေသွားမိသည်။

"ဒီမှာ မင်းညီ . . . အခွင့်အရေးဆိုတာ နှစ်ခါမလာဘူးနော် ကြောက်ရင်လွှဲ ရဲရင်မင်းဖြစ်ဆိုတဲ့စကားပုံရှိတယ်၊ မင်းဘက်က ခေါင်းလေးတစ်ချက်သာညိတ်လိုက် ကျန်တာတွေ ငါအားလုံးစီစဉ်ပေးမယ် အိုကေ"

အဲဒီနေ့က . . . ကျော်နီတိုးကို သူ ခေါင်းညိတ်ပြခဲ့မိသလား တော့ မသေချာ။ သေချာတာက သူ ဟင့်အင်းလို့တော့ မငြင်းမိခဲ့





မိန်းကလေးတွေနဲ့ ပတ်သက်လာရင် ကျားရဲတစ်ကောင်လို ကျင့်ကြံ နေထိုင်တတ်တဲ့ သူ့ရဲ့အရင်စရိုက်က ကျော်နီတိုးရဲ့ ခပ်ထွေထွေ စကား တွေကြောင့် ပြန်လည်ရှန်းကြွလို့လာတော့သည်။ စကားပုံတောင် ရှိသည်ပဲ။ "အချစ်နဲ့စစ်မှာ မတရားတာမရှိ" ဟု ဆိုထားသည် မဟုတ်လား။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

မွေးနေ့သို့ရောက်လာကြသူများကို ဆီးကြိုညှိခံနေရသော်လည်း မင်းညီတစ်ယောက် စိတ်နှင့်ကိုယ် မကပ်သလို ဖြစ်နေ[illegible] ခြံဝဆီသို့လည်း မကြာခဏ လှမ်းမျှော်နေမိသည်။ ရတီနဲ့မမသဇင်[illegible] သွားခေါ်တဲ့ကိုကို့ ကလည်း ကြာလိုက်တာ။ အမှန်က ရတီကို သူကိုယ်[illegible] တိုင်ပင် သွားခေါ်လိုက်ချင်တာပါ။ "မွေးနေ့ရှင်မရှိရင် မဖြစ်ဘူး"[illegible] ဆိုကာ အားလုံးက ဝိုင်းတားကြ၍သာ။

မင်းညီတစ်ယောက် လည်ပင်းတမျှော်မျှော်ဖြစ်နေစဉ်[illegible] ခြံဝမှာ ကိုကိုရဲ့ကားကြီးက မောင်းဝင်လာသည်။ ကားပေါ်ကဆင်း[illegible] သော ရတီ့ကို အတွေ့မှာတော့ မင်းညီရဲ့မျက်လုံးတွေက အံ့[illegible]





မှင်တက်နေမိ၏။ ဒဏ္ဍာရီထဲက စင်ဒရဲလားလေးများ သူ့မွေးနေ့ပွဲ ရောက်လာလေသလား ထင်မိ၏။ ငွေမင်ရောင် ပိုးဂါဝန်လက်ပြတ် ကလေးက ဖြူနုဝင်းမွတ်နေသော ရတီရဲ့အသားအရေနှင့် လိုက်ဖက် လွန်းလှချေ၏။

"Happy Birthday ပါ မင်းညီ" ဟု မွေးနေ့ဆုတောင်းပေး ပြီး ရတီက သူ့အတွက် မွေးနေ့လက်ဆောင်ပါကင်ဘူးလေးကို သူ့ဆီ သို့ လှမ်းပေးသည်။ မမသဇင်ကလည်း လက်ဆောင်တစ်ခုနှင့်အတူ မွေးနေ့အနမ်းအဖြစ် သူ့ပါးကို ဖွဖွပင်နမ်းလိုက်သေး၏။ ရတီသာ ထိုကဲ့သို့ အနမ်းမျိုးပေးပါက သူ အရမ်းဝမ်းသာပျော်ရွှင်ရမည်ပင်။ ညီအစ်မနှစ်ဦးဆိုပေမယ့် မမသဇင်က ရန်ကုန်သူတစ်ဦးမို့ ဆိုရှယ်ကျ သည်ဟု ပြောရမည်ပင်။ သူ့ရဲ့ရတီကတော့ အရှက်အကြောက်ကြီးသူ လေ။ ညီအစ်မနှစ်ဦးကတော့ လုံးဝ opposite ပါပဲ။

နောက်တော့ သူတို့အားလုံး မင်းညီကိုယ်တိုင် သီးသန့်စီစဉ် ထားသော စားပွဲဝိုင်းတွင် ထိုင်လိုက်ကြသည်။

"Happy Birthday မင်းညီ"

သူတို့စားပွဲမှာထိုင်စအချိန်မှာပဲ ကျောင်းမှသူငယ်ချင်း တစ် သိုက်က သူ့ကို Birthday Wish လုပ်ရင်း လာနှုတ်ဆက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအထဲက သူနဲ့ရတီအကြောင်းကို အနည်းငယ်သိကြသူအချို့က–

"မွေးနေ့မှသည် ချစ်တဲ့မိန်းကလေးနဲ့အတူတကွ အသက်ထက်ဆုံး ပျော်ရွှင်နိုင်ပါစေဗျာ" ဟု ရတီအား မျက်စပစ်ပြရင်း ဆုပေးကြသည်။ ပုံစံလေးကိုက အတော်အသည်းယားစရာကောင်းတဲ့ကောင်မလေး။

"ပေးတဲ့ဆုနဲ့ အခုချက်ချင်းကို ပြည့်ပါစေကွာ"

ထိုစကားကို မင်းညီက ရတီကို စူးစူးစိုက်စိုက်ကြည့်၍ ပြောလိုက်သော်လည်း ရတီကတော့ သူ့အကြည့်တွေကို ရှောင်ဖယ်နေခဲ့လေသည်။

"ကဲ … စလိုက်ကြရအောင်" ဟုဆိုကာ မင်းညီက သူ့ရှေ့စားပွဲပေါ်က နိုင်ငံခြားဖြစ် Beer ပုလင်းအား ဖောက်ပြီးငှဲ့လိုက်သည်။

"မမသဇင်ကတော့ ဂျူးပါ၊ ကိုကို Beer သောက်တိုင်း မမသဇင်ပါ လိုက်သောက်တယ်ဆို။ ကိုကိုက ပြောတာပဲ … မမသဇင်က ဂျူးတဲ့"

"ဟင် … ဟုတ်လားကိုကို"

"အလကားသက်သက် ညီညီက နောက်နေတာပါ သဇင်ရယ်"





တောင်းပန်နေတဲ့ကြားက သူ့စကားကြောင့် ကိုကို တစ်ယောက် ဗိုက်ခေါက်တစ်ချက်တော့ ဆွဲလိမ်တာခံရသေး၏။ သူရော [illegible]ပါ ပြုံးမိကြသည်။ မင်းညီက ရတီရှေ့သို့ Beer ငှဲ့ထားသော ခွက်ကလေးချပေးတော့ –

"ရတီမသောက်တတ်လို့ပါ မင်းညီ" လို့ ရတီကငြင်းလေသည်။

"ဟုတ်တယ် … မင်းညီရဲ့ ရတီက အကျင့်မရှိဘူး၊ သဇင် ညီမလေးက အရိုင်းလေး … ဟင်း ဟင်း"

"ဒါဆို … ဝိုင်လောက်တော့ ဖြစ်တယ်မလားရတီ၊ ကိုယ် [illegible] တစ်ဦးတည်းအတွက် စပါယ်ရှယ် ဝိုင်စီစဉ်ထားတယ်"

"ဟို"

"ငြင်းမနေပါနဲ့ ရတီရယ်၊ မွေးနေ့ရှင် စိတ်ချမ်းသာအောင် [illegible]လောက်နဲ့တော့ ဂုဏ်ပြုပေးလိုက်ပါ"

မမသဇင်ကပါ ဝင်ပြောပေးတော့မှ ရတီက လက်ခံလေသည်။

"ခဏနော် … ကိုယ် ရေခဲသေတ္တာထဲက ဝိုင်ပုလင်းသွားယူ[illegible]ဦးမယ်၊ Please Waite"



www.burmeseclassic.com

www.burmeseclassic.com



သူ အိမ်ထဲရောက်သည်နှင့် သူ့အားသို့ ဂျော်နီတို့ ရောက် သည်။ အတွေ့အကြုံမရှိသူတစ်ဦးလည်းမဟုတ်ပါပဲနှင့် မင်းညို ရင် အရှိန်းခုန်ကာ စိတ်လှုပ်ရှားနေမိသည်။ ဝိုင်ပုလင်းကို ဖောက် လက်တွေက တုန်ယင်နေသည်။ ဝိုင်ပုလင်းထဲသို့ ဂျော်နီတို့ မသိသော ဆေးပြားတွေထည့်နေ၏။

ပြီးတော့မှ သူ့ပခုံးကိုပုတ်ကာ သူ့အကျင့်အတိုင်း ကျ လုပ်ကာ မျက်စိမှိတ်ပြ၏။ အဓိပ္ပာယ်ကတော့ အေးဆေးသာ ပေါ့။

ပြီးတော့ သတိပေးသလို ပြောသေးသည်။

"စိတ်အေးအေးထား မင်းညို၊ အားလုံးက တဖြည်း ချင်း အစီအစဉ်တကျ ဖြစ်သွားလိမ့်မယ်၊ မင်းက ရလာတဲ့အခွင့် ကို အသာလေး အသုံးချသွားရုံပဲ၊ အဓိက,က မင်းကောင်မ ဝိုင်များများ သောက်ဖို့ပဲ၊ ဝိုင်တွေ သူ့ဗိုက်ထဲများများ ရောက် သူ့ အသိစိတ်ထဲမှာ မင်းကိုချစ်လာလေ ဖြစ်လာလိမ့်မယ် မ မင်း အဆင်ပြေသွားရင်သာ ငါ့ကို မမေ့နဲ့နော်"

"အေးပါကွာ"

အဲဒီနောက် စနိုးတာဝါတစ်ခုနှင့် မျက်နှာမှ ချွေးစေး





သုတ်ပြီး သူထွက်ခဲ့တော့သည်။ အချစ်စိတ်ဆိုတာ တစ်ခါတစ်ရံ သူ၏ဆင်ခြင်တုံတရားအား အနိုင်ယူ လွှမ်းမိုးတက်လေသည်။ မမွှေးနေ့ ပွဲကျင်းပရာ ခြံဝင်းထဲတွင် ဆူညံရှုပ်ထွေးလို့နေဆဲ။

ကိုမင်းကိုနဲ့ မမသဇင်တို့အတွဲက သူတို့မိတ်ဆွေများနှင့် စကားလက်ဆုံကျကာ ဟိုဝိုင်းကူး ဒီဝိုင်းကူးနှင့် ဘယ်ရောက်သွား မှန်းမသိတော့။ ရတီတို့စားပွဲဝိုင်းတွင် ရတီနှင့်မင်းညို နှစ်ယောက်တည်း ကျန်ခဲ့ကြသည်။ အချို့စားပွဲဝိုင်းများမှ မိန်းကလေးအချို့က မွေးနေ့ ရှင်မင်းညို ဂရုတစိုက်ရှိလွန်းသောသူမကို စိတ်ဝင်စားသော မျက်ဝန်း တွေနှင့် 'ကွက်ကြည့် ကွက်ကြည့်' လုပ်နေကြသည်မို့ အနည်းငယ် တော့ အနေခက်လှ၏။

မင်းညိုငှဲ့သေးသောဝိုင်ကို နှစ်ခွက်လောက် သောက်ရသေး သော်လည်း သူမခေါင်းထဲ ရီဝေဝေဖြစ်စပြုနေပြီဖြစ်သည်။ ဘေးနားက မင်းညိုပြောသောစကားများကိုလည်း သူမနားထဲ ကြားတစ်ချက် မကြားတစ်ချက်။

ရန်ကုန်ရောက်ကတည်းက တစ်ယောက်တည်း မျိုသိပ်ခံစား ခဲ့ရသော မောင့်ကိုသတိရစိတ်တွေ၊ ခံစားချက်အစိုင်အခဲတို့သည် ယခုတော့ ပေါ့ပါးသွားသလိုပါပဲ။ သူမရှေ့ဖန်ခွက်ထဲရှိ နီမှုန်ပျစ်



www.burmeseclassic.com

www.burmeseclassic.com



"အရည်များသည် ထိုမျှ အစွမ်းထက်လေသည်လား။ မင်းညီကလည်း
သူမသောက်၍ ကုန်သွားသည်နှင့် နောက်တစ်ခွက် ငှဲ့ပြီးနေပြီ။ တ
ခွက်ပြီးတစ်ခွက်နှင့် နောက်ဆုံးမှာ ရတီ အတော်မူးသွားခဲ့သည်
သမင်ကတော့ ကျားရှေ့မှောက်လျက် လဲလေပြီ။

"ရတီ ... ရရဲ့လားဟင်"

ရတီ့မျက်စိထဲမှာ မင်းညီက ချာချာလည်နေပြီ။ နံဘေး
ဆူညံသံများက ရတီ့နားထဲမှာ မခံမရပ်နိုင်အောင် ကျယ်လောင်လို့
သည်။

"မင်းညီ ... ရတီ့ကို တိတ်ဆိတ်တဲ့နေရာတစ်ခုကို ခေါ်သွား
ပေးပါလား။ ရတီ ခေါင်းတွေ အရမ်းမူးလာလို့ပါ"

"အိုကေလေ ... ရတီ အိမ်ထဲမှာ အမူးပြေသည်အထိ
ခဏနားလိုက်ပေါ့။ ကိုယ်လိုက်ပို့ပေးပါ့မယ်"

"ကျေးဇူးပဲ မင်းညီ"

သူမခါးကို ခပ်တင်းတင်းပွေ့ဖက်ခြင်းခံရတာကို သိနေသော်
လည်း ရုန်းဖယ်နိုင်စွမ်းမရှိပါ။ မင်းညီပခုံးကိုမှီကာ မင်းညီခေါ်သော
ရာသို့သာ လိုက်ပါလာမိ၏။ ကမ္ဘာကြီးက ချာချာလည်နေသည်
မျက်လုံးများကို မှေးမှိတ်ထားရသည်။ ဆူညံမှုတွေနဲ့ဝေးတဲ့နေရာ





ရောက်တော့ နားမှုဖြစ်မည်။

မွှေ့ရာထူအိအိတစ်ခုပေါ် သူမရောက်သွားသည်။ မျက်လုံး
များကို မဖွင့်ဘဲ ပါးစပ်မှသာ "ကျေးဇူးပဲမင်းညီ" ဟု တိုးဖွဖွ မင်းညီ
အား ကျေးဇူးတင်စကား ဆိုမိ၏။ မင်းညီပြန်ထွက်သွားသံသဲ့သဲ့ကို
ကြားရ၏။

အခန်းလေးက တိတ်ဆိတ်လို့နေသည်။ မောင့်ကိုသတိရ
စိတ်နဲ့အတူ မောင် တစ်ခါပြောဖူးတဲ့နည်းလေးကို သတိရပြီး သူမ
မောင့်အကြောင်းတွေကို တွေးနေမိသည်။ မောင့်ကိုလွမ်းလိုက်တာ
မောင်ရယ်။

အခန်းတံခါးဖွင့်သံသဲ့သဲ့ကြားရ၏။ မောင် သူမအနားကို
ရောက်လာပြီထင်သည်။ မျက်လုံးများကို မဖွင့်ရဲ။ သူမအနားက
မောင့်ရဲ့ပုံရိပ်တွေ ပျောက်ကွယ်သွားမှာစိုးသည်။ မောင်က သူမမျက်နှာ
ပြင်အနှံ့ မွတ်သိပ်စွာ နမ်းရှိုက်သည်။

တဖြည်းဖြည်း ... မောင့်ရဲ့အချစ်တွေက အရှိန်းဆန်လာ
သည်။ မောင်ရယ် သိပ်ဆိုးတာပဲကွယ်။ မောင့်ရဲ့လိုအင်ဆန္ဒတွေကို
ခြင်းကွယ်ချင်။ မောင့်ကို ရတီ စိတ်ချမ်းသာစေချင်ပါသည် ...
မောင်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းလေးထဲတွင် အရိပ်အချို့ တွန်းထိုးရုန်းကန်လျက် ညည်းညူသံသဲ့သဲ့က တစ်ချက်တစ်ချက် လွင့်ဝဲလို့၊ ထိုညတွင် ချစ်ရ တို့၏ သန့်စင်မွန်မြတ်သော နှလုံးသွေးတို့ဖြင့် ယုယုယယ စိုက်ပျိုးခဲ့ သော သစ္စာပန်းခင်းတစ်ခုလုံး ပိုးကျခဲ့လေသည်။

✻ ✻ ✻

## အခန်း (၁၆)

သွားပြီ။ ဟင့်အင်း . . . မဟုတ်ဘူး, မဟုတ်ပါဘူး။

"ဟင့် . . . ဟင့်"

"ရတီ တံခါးဖွင့်ပါဦး၊ ကိုယ်တောင်းပန်ပါတယ် ရတီရယ်၊ ယ်ရှင်းပြတာကို ခဏလေးနားထောင်ပေးပါဦး"

မရှင်းနဲ့။ မကြားချင်ဘူး။ တံခါးအပြင်က အဆက်မပြတ် က်ပေါ်နေသော မင်းညီရဲ့တောင်းပန်တိုးလျှိုးတဲ့အသံတွေ၊ မမသဖင် ၍ တံခါးဖွင့်ပါဦးဆိုတဲ့အသံတွေကို မကြားချင်တော့၍ နားနှစ်ဖက်ကို တ်ထားမိ၏။ တောင်းပန်တယ်ဆိုတာနဲ့ ခွင့်လွှတ်ရမတဲ့လား။ ရှင်းပြ င်းကော နားလည်ပေးရမှာတဲ့လား။ တွေးတိုင်း အော်ဂလီဆန်





www.burmeseclassic.com

www.burmeseclassic.com



လောက်အောင် ရှုံ့ရှာမိ၏။ မိမိကိုယ်ကိုလည်း ခွင့်မလွှတ်နိုင်။ ရက်
လိုက်ကြတာ။ အောက်တန်းကျလိုက်တာ။

"မောင်"

ရုတ်တရက် မောင့်ကိုသတိရမိတော့ ရတီ့ပါးပြင်ထ
မျက်ရည်ဥကြီးများ ဒလဟောစီးဆင်းလာတော့သည်။ ဖြူစင်ရိုးသ
သော ဒမောင့်ရဲ့ပုံရိပ်လေးတွေကို မြင်ယောင်ရင်း ကြေကွဲမှုက အ
မသတ်၊ ကိုယ့်ချစ်သူကို နှမ်းမိတာလေးကိုပင် များများသလဲ တော
တတ်သောမောင်။ ထိုသို့သော ချစ်သူမျိုးအပေါ်တွင်မှ ရတီ သစ္စ
ဖောက်ခဲ့မိလေပြီ။ ရတီ ဘယ်လိုမှ မဖြေသိမ့်နိုင်ပါ။

အထဲက ရတီလော့ခ်ချထားသော်လည်း သော့အပိုဖြင့်
ကာ သူတို့အားလုံး ရတီအနားရောက်လာခဲ့ကြသည်။ မင်းညီ
အပြစ်သားတစ်ဦးလို မျက်လွှာချထားပါသည်။ ကိုမင်းကိုက အာ
အားနာအကြည့်တစ်မျိုးဖြင့် ကြည့်သည်။ မမသဇင်က ရှိုက်ကြီးတ
ငိုနေသော ရတီ့ကို ကျောလေးသပ်ကာ နှစ်သိမ့်၏။ ဒါဟာ အိပ်
ဆိုးတစ်ခုသာ ဖြစ်လိုက်စမ်းပါတော့။

" "ရတီ ... ညီမလေး ဖြစ်ချင်တဲ့ဆန္ဒကိုပြောပါ။ ညီမ
ပြောသမျှ ကိုကိုတို့ဘက်က အားလုံးလိုက်လျောဖို့ အဆင်သင့်





ကိုကိုညီရဲ့ မိုက်မဲ့ရဲဆန်တမှုအတွက် ကိုကို မိဘတွေကိုယ်စား ကိုကို
ကပဲ အနူးအညွတ် တောင်းပန်ပါတယ်၊ ဩစီက ကိုယ်တို့ရဲ့မိဘတွေ
ကိုလည်း ကိုကို ဒီကိစ္စကို အကြောင်းကြားပြီးပါပြီ၊ ညီညီ မင်း
ရတီကို ကျေနပ်အောင် တောင်းပန်လိုက်ပါ။ ပြီးတော့ မင်းရဲ့ အရင်
အချိုးတွေကို အကုန်ပြင်ပါ"

မင်းကိုက ငိုရှိုက်နေသော ရတီအား နှစ်သိမ့်ရန် ညီဖြစ်သူ
အား မျက်ရိပ်ပြခဲ့ကာ ထွက်သွားတော့သည်။ အားလုံးပြီးဆုံးသွားခဲ့ပြီ
ဖြစ်သည်။

ရတီ ဘာလုပ်ရမလဲ၊ မျှော်မှန်း၍မရတော့လောက်အောင်
အနာဂတ်တို့က ပျောက်ရှကုန်ပြီလား။ မောင်နဲ့ဝေးရရင်တော့ ရတီ
သေရမည်ထင်သည်။

"ရတီ ... ကိုယ်တောင်းပန်ပါတယ်ကွာ၊ ရတီကို ကိုယ်
အရမ်းချစ်လွန်းလို့ ဖြစ်သွားရတာပါ ရတီရယ်"

ရတီ့ပခုံးကို သိုင်းယှက်ဖက်တွယ်လာသော မင်းညီရဲ့လက်
တွေကို ခပ်ကြမ်းကြမ်း ပုတ်ထုတ်လိုက်သည်၊ စက်ဆုပ်အော်ဂလီဆန်
စွာ မင်းညီကို တစ်ချက်ကြည့်ရင်း မဲ့ပြုံးပြုံးမိ၏။ ချစ်လို့ဖြစ်သွားရတာ
တဲ့လား။ သွားစမ်းပါ။ အပေါစား ဒရမ်မာတွေ ချိုးမနေစမ်းပါနဲ့



www.burmeseclassic.com

www.burmeseclassic.com



မင်းညီ။ စိတ်မကောင်းသလို ဟန်ဆောင်ထားတဲ့ ရှင့်ရဲ့အတွင်းစိတ် အမှန်မှာတော့ ရှင် အရမ်းပျော်နေတယ် မဟုတ်လားဟင်။ ရှင်ရဲ့ လိုအင်ဆန္ဒတစ်ခုအောက်မှာ ရိုးသားဖြူစင်တဲ့ချစ်သူနှစ်ဦးရဲ့ နှလုံးသားတွေ ကြေမွစုတ်ပြတ်သွားပြီဆိုတာ ရှင်သိရဲ့လား။

"ရတီကို ကိုယ် အမြန်ဆုံး လက်ထပ်ပါရစေနော်"

မင်းညီ စကားအဆုံး မျက်ရည်တွေနှင့် ရတီခန္ဓာကိုယ်လေး ဆတ်ခနဲ တစ်ချက်တွန့်သွားလေသည်။ ပြီးမှ အံတစ်ချက် တင်းတင်း ဖိကြိတ်ရင်း –

"စိတ်ချ မင်းညီ၊ ရှင့်ကို ကျွန်မလက်ထပ်မှာပါ"

ဟု ပီပီသသ ဖြည်းညင်းစွာ ပြောလိုက်သည်။ အပျော်ကြောင့် မင်းညီမျက်နှာသည် ဝင်းခနဲ။ မျက်တောင်တစ်ချက်အပိတ်မှာ မျက်ရည် တစ်စက်က ပါးပြင်ပေါ်သို့ စီးကျလာလေသည်။

"ဝမ်းသာလိုက်တာ ရတီရယ်"

မင်းညီက ဝမ်းသာပျော်ရွှင်စွာ ရတီ့ရဲ့ခန္ဓာကိုယ်လေးကို ခပ်တင်းတင်း ထွေးပွေ့လိုက်လေသည်။ မချစ်မနှစ်သက်တဲ့ယောကျ်ား တစ်ယောက်ရဲ့ ရင်ခွင်ထဲကနေပြီး ချစ်သူကို တမ်းတနေရတဲ့ မိန်းမ တစ်ယောက်ရဲ့ခံစားချက်က ဆိုးဝါးခါးသီးလိုက်တာ မောင်ရယ်။





မင်းညီရင်ခွင်ထဲမှာ ရတီ ငိုနေမိ၏။

"ဝေါ . . . ဝရော"

ထိုအချိန်မှာပင် မိုးများက ရုတ်တရက် သည်းသည်းမည်းမည်း ရွာသွန်းလိုက်လာတော့သည်။ ပြတင်းတံခါးမှ မြင်နေရသော မိုးစက်များကို ငေးရင်း မိုးရေများထဲတွင် ပြုံးနေသော မောင့်ရဲ့မျက်နှာလေးကို မြင်လိုက်ရသလို ထင်မိ၏။ မိုးတွေရွာတိုင်း ရတီငိုနေရတော့မှာပါ မောင်ရယ်။ ဖြူစင်တဲ့ မောင့်ရဲ့ဘဝထဲက သစ္စာမဲ့တဲ့ မိန်းမယုတ်ကို ရတီလက်နဲ့ ကိုယ်တိုင်သုတ်သင်လိုက်တော့မယ် မောင်။

အသောမသတ်နိုင်သော ကြေကွဲနာကျင်မှုတွေနှင့် ရတီ လူးလိမ့်နေအောင် ခံစားကြေကွဲရသည်။ ငိုရလွန်း၍ ရတီ မျက်လုံးများ နီရဲမို့အစ်လို့နေ၏။ မသန့်စင်တော့သော ရတီရဲ့ခန္ဓာကိုယ်ကြီးကို …ုန်ထဲမှာပင် ပြန်မကြည့်ချင်လောက်အောင် စက်ဆုပ်ရွံရှာနေမိ၏။

တုတ်ချောင်းလေးများရေးခြစ်ထားသော ဗလာစာအုပ်လေးကို ငေးရင်း မျက်ရည်ဖြိုင်ဖြိုင်ကျမိသည်။ မောင်နဲ့ဝေးရပြီဆိုတဲ့အသိက နှလုံးသားကို ဓားချွန်ချွန်နှင့် ထိုးဆွသလို ရတီရဲ့အဖြစ်အပျက်ကို လူကြီးမိဘများအား ဖုံးဖိထားခဲ့ပါသည်။ သို့သော် မိဘများအပါအဝင် ပတ်ဝန်းကျင်မိတ်ဆွေအသိုင်းအဝိုင်းများကိုတော့ မင်းညီနဲ့ရတီဟာ



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူများအဖြစ် ဝရားဝင်အသိပေးခဲ့ကြပါသည်။

အများရှေ့မှာ မင်းညီရဲ့ချစ်သူအဖြစ် ဟန်ဆောင်အပြုံးတု လေးနှင့် ရတီသည် အများကွယ်ရာတွင် 'တအိ အိ' နှင့် ကျိတ်ငိုခဲ့ရ ပါ၏။ သစ္စာမဲ့သူတစ်ဦးအဖြစ် ကိုယ့်ကိုယ်ကိုယ် အတော်ရှုံ့မုန်းစက်ဆုပ် နေမိသည်။

တစ်ခါတစ်ရံ မိုက်ရူးရဲဆန်စွာ မောင့်ဆီပြေးထွက်သွားလိုက် ချင်သည်။ အဖြစ်မှန်တွေအားလုံးကို မောင့်ရင်ခွင်ထဲကနေပြီး မောင် နားလည်အောင် ရှင်းပြလိုက်ချင်သည်။ စိတ်သဘောထားကြီးမြတ် သော မောင်သည် ထိုအခါ …အပြုံးလေးနှင့် ခွင့်လွှတ်မည်သာ ဖြစ်၏။

ဟင့်အင်း၊ အဲဒီလို ဘယ်တော့မှ မဖြစ်ရဘူး။ မသန့်ရှင်း သော ခန္ဓာကိုယ်ကြီးနှင့်တော့ အတ္တကြီးစွာ မောင့်ရဲအချစ်ဖြူဖြူတွေကို သူမ မခံယူလိုတော့ပါ။ သူမ မောင့်အပေါ် ထိုမျှအထိ အတ္တမကြီးရက် နိုင်ပါ။

မျက်ရည်တွေနှင့်ရတီသည် တုတ်ချောင်းလေးများအား နောက်ဆုံးအနေဖြင့် ငေးခနဲ တစ်ချက်ကြည့်ကာ မင်အနီရောင်ဖြင့် သူမက ဘောင်တစ်ခုခတ်လိုက်တော့သည်။ အနာဂတ်မရှိတော့သော





အတိတ်ရဲ့နွေရွဲတွေပေါ့။ မိန်းမတစ်ယောက်ရဲ့ အခဆုံးစွန်သော ချစ်ခြင်း မျိုးဖြင့် မောင့်အား သူမ ချစ်ခဲ့တော့မည်။

ထိုဆုံးဖြတ်ချက်အတွက် သူမ နာကျင်ခံစားသော်လည်း နောင်တတော့ ဘယ်တော့မှ ရမည်မဟုတ်ချေ။ ကျေးဇူးပြု၍ မောင့်ရဲ့ နာကြည်းမှုတွေကို ဆုလာဘ်တစ်ခုအဖြစ် ရတီကိုပေးသနားခဲ့ပါ မောင်။

နှလုံးသားခုံရုံးတွင် သူမကိုယ်တိုင် သူမနှလုံးသားအား သေမိန့်ချခဲ့လေသည်။ ထိုအတွက် သူမသည် လုံးဝ အယူခံမဝင် လိုတော့ပါ။

"ရတီ နယ်ကိုခဏပြန်မယ် မင်းညီ"

သူမစကားအဆုံးမှာပင် မင်းညီက –

"ဒါဆို ကိုယ် လိုက်ပို့ပေးမယ်လေ ရတီ၊ အဟင်း …ကိုယ့် ချစ်သူရဲ့မြို့လေးကို ကိုယ်လည်း ရောက်ဖူးသွားတာပေါ့"

ဟု မင်းညီက ရတီလက်ကလေးကို သူပါးမှာအပ်ရင်း တောင်းဆိုလာသည်။

"ရတီ တစ်ယောက်တည်းပဲ သွားချင်တယ် မင်းညီ"

သူမစကားကြောင့် …မင်းညီမျက်နှာ သိသိသာသာ



www.burmeseclassic.com

www.burmeseclassic.com



ညှိုးသွား၏။ ချစ်သူနှစ်ဦးရဲ့ နှလုံးသားတွေကို မီးရှို့သဂြိုဟ်ရမယ့် နှလုံးသားရှာပနကို ရှင်က တစိမ့်စိမ့်များ အရသာခံကြည့်နေချင်သေး လို့လားဟင်ဟု နာကြည်းစွာ တွေးဖြစ်၏။

"အကြာကြီးတော့ မနေနဲ့နော် ရတီ၊ ကိုယ် ရတီနဲ့ အကြာ ကြီး ခွဲမနေနိုင်ဘူးဗျ"

"ခဏလေးခွဲရမယ့်ရှင်တောင် ဒီလောက်ခံစားတတ်နေရ တစ်ဘဝစာလုံး ခွဲကြရတော့မယ့် ကျွန်မတို့ချစ်သူနှစ်ဦးက ဘယ် လောက်များ ကြေကွဲနေရမလဲဆိုတာ ရှင်တွေးကြည့်ပါဦး။ ကိုယ်ချ စာကြည့်ပါဦး" ဟု မင်းညီကိုကြည့်ရင်း တွေးမိလေသည်။ ဝဲတက် လာသော မျက်ရည်တို့ကို ကော့ညွှတ်သော မျက်တောင်များ အကူ အညီနှင့် ဖယ်ရှားရ၏။

မင်းညီက သူမပခုံးလေးကို ဖွဖွလေးဖက်တွယ်လို့လာသည် သူမကတော့ မလှုပ်မယှက်ငြိမ်သက်စွာပဲ အဝေးက ဝင်လုလုနေ ကြီးကိုသာ ငေးကြည့်နေမိ၏။ မင်းညီက လေအငွေ့မှာ ဝဲလွင့်နေ ရတီရဲ့ဆံနွယ်များကို တယုတယသပ်တင်ပေးသည်။

မင်းညီရဲ့အယုအယ အကြင်နာများကို ရတီသည် ဝက် ဆန်ဆန်သာ ခံယူခဲ့ပါသည်။ ခံစားခြင်းလည်းမရှိ၊ ငြင်းပယ်ခြင်း





လည်းမရှိ၊ ရတီ့မှာ ခံစားစရာ နှလုံးသားမှ မရှိတော့တာလေ။

"ရတီတို့ပြန်ကြရအောင် မင်းညီ"

ဟု သူမပြောတော့ မင်းညီက ခေါင်းညိတ်သဘောတူလေ သည်။ မင်းညီမှာ ကောင်းကွက်တစ်ခုရှိလေသည်။ အဲဒါကတော့ အရာရာကို သူမရဲ့သဘောဆန္ဒအတိုင်းသာ ဖြစ်စေခဲ့ခြင်းပါ။ အခု လည်း မြို့ပြင်ထွက်၍ လယ်ကွင်းတွေကိုကြည့်ရင်း လေကောင်းလေ သန့်ရှူချင်သည်ဟု သူမ တောင်းဆိုတဲ့အခါ မင်းညီက တကူးတကယ် မြို့ပြင်သို့ ကားမောင်း၍ လိုက်ပို့ပေးခဲ့ခြင်းပင်။

လယ်ကွင်းများအား ဖြတ်သန်း၍လာသော လေထဲတွင် ပါဝင် သော ကျေးလက်ရနံ့ကို အလွမ်းပြေခံစားရပါ၏။ သူမကို ကွန်ဒို အောက်တွင် မင်းညီကားရပ်လိုက်တော့ သူမ တံခါးဖွင့်ကာ ဆင်းမည် အပြုတွင် ရုတ်တရက် ခန္ဓာကိုယ်ကို ဆွဲလှည့်ခြင်းခံရကာ မင်းညီရဲ့ ရင်ခွင်ထဲ ရောက်သွားရသည်။

"အို"

ကျွမ်းကျင်လှသော မင်းညီရဲ့ ခပ်ကြမ်းကြမ်းအနမ်းတွေ အောက်မှာ သူမ မလူးသာ မလွန့်သာတော့။ ရင်ထဲမှာ ငိုချင်လာမိ သည်။ ဒီလိုအခြေအနေကြီးကို စက်ဆုပ်လှသည်။ 'မောင်ရွှေ' ဟုသာ



www.burmeseclassic.com

www.burmeseclassic.com



ခေါ်သံတွေက ရင်ထဲမှာ ပဲ့တင်ထပ်နေတော့သည်။ ဆန္ဒရှမှက်တွေနဲ့ တောက်လောင်နေတဲ့ မင်းညီရဲ့မျက်ဝန်းတွေက နာကျင်ကြေကွဲနေတဲ့ မိန်းမတစ်ယောက်ရဲ့ ပါးပေါ်က မျက်ရည်တစ်စက်ကို မမြင်နိုင်တော့ပါလေ။

❋ ❋ ❋



## အခန်း (၁၇)

မိုးက လွှမ်းစရာကောင်းအောင်ပင် ဖွဲဖွဲလေးကျဆင်းလို့နေသည်။

"ရတီ . . . ဒီအထဲမှာရေသန့်၊ ပြီးတော့ ဒါက ရှူဆေးရတီ၊ ဒါက ရတီ လမ်းမှာအိပ်ချင်ပြေစားဖို့ အချဉ်ပေါင်း၊ ဒါက ရတီကြိုက်တဲ့ sprite အအေးဘူး"

ရတီ ထိုင်ခုံနေရာမှာထိုင်ပြီးသည်အထိ မင်းညီက အောက်ကို ငြိမ်မဆင်းသေးဘဲ တတွတ်တွတ်နှင့် အမှာစကားတွေ ခွေလှစ်တုန်းသူ့ရဲ့ ခပ်ချွဲချွဲအပြောတွေကြောင့် ဘေးခုံမှလူများပင် ရတီတို့ကို ပြုံးစိစိနှင့် ကြည့်လာကြ၍ ရတီ အနေကျုပ်လာသည်။ ထို့ကြောင့် -



www.burmeseclassic.com

www.burmeseclassic.com



"ကားထွက်တော့မယ် မင်းညီ၊ ပြန်တော့လေ"

ဟု မသိမသာ နှင်ရတော့သည်။ ထိုအခါမှ သူ့ရဲ့ ခပ်ချွဲချွဲ စကားသံတိတ်သွားပြီး ခပ်ဆွေးဆွေး အကြည့်လေးနှင့် –

"ရတီ အကြာကြီးမနေနဲ့နော်၊ ကိုယ် အရမ်းလွမ်းနေမှာ"

ဟု ရတီ့ဘေးက လွတ်နေတဲ့ ထိုင်ခုံနေရာလေးအား တ ချက်ကြည့်ရင်း ဆိုသည်။ မင်းညီက ရတီအား သက်သောင့်သက်သာ ရှိစေရန် ထိုင်ခုံနှစ်နေရာစာ လက်မှတ်စီစဉ်ပေးခဲ့ခြင်းပါ။ အခုတော့ သူမှာ လွတ်နေသောထိုင်ခုံနေရာလေးကိုကြည့်ကာ ရတီနှင့်အတူ သူပါ လိုက်ခဲ့ချင်သောစိတ်ကို အတော်ချုန်းအုပ်နေရပုံရှိသည်။

"ကဲ ... ကားထွက်ပါတော့မယ်ခင်ဗျာ၊ ခရီးသည်တွေ ပို့ဆောင်နှုတ်ဆက်တဲ့သူများ ဆင်းပေးကြပါခင်ဗျာ"

ကားရှေ့ခန်းဆီမှ စပယ်ယာကောင်လေးရဲ့ အော်သံကြား မင်းညီက –

"ကိုယ်သွားတော့မယ်နော်"

ဟု လေးတွဲ့သောအသံတစ်မျိုးနှင့် သူမအား နှုတ်ဆက် သည်။ သူမ ခေါင်းညိတ်ပြလိုက်သည်။

"ဟင်"





Express ကားပေါ်မှဆင်းသွားသော မင်းညီသည် ခပ်လှမ်းလှမ်းမှာရပ်ထားသော သူ့ကားဆီသို့မသွားဘဲ သူမထိုင်နေရာ ကားပြတင်းအနားမှာလာရပ်နေပြန်၏။ မိုးရေထဲမှာ ရပ်နေပြန်ပါပြီ။

ထိုအချိန်မှာပင် Experss ကားကြီးက ဘီးလိမ့်စပြုနေပြီ၊ မိုးစက်များစီးကျနေသော မှန်ပြတင်းမှ သူမ လှမ်းငေးကြည့်လိုက်တော့ မိုးရေထဲမှာ မင်းညီက သူမအား လက်ပြနှုတ်ဆက်နေတာတွေ့ရသည်။ သူမ ငေးကြည့်နေစဉ်မှာပင် မိုးစက်မှုန်များအကြား၌ မင်းညီ၏ပုံရိပ်သည် တဖြည်းဖြည်းချင်း ဝေဝါး၍ ပျောက်ကွယ်သွားတော့သည်။

"အဟွပ် ဟွပ်"

"အမေ ... ထိုင်ရတာအဆင်ပြေရဲ့လား အမေ"

"အေး ... ပြေ၊ ပြေပါတယ်ကွယ်၊ အဟွပ် ဟွပ်"

ဘာရယ်မဟုတ်၊ သူမဘေးအလယ်ခုံ (အလယ်ထိုင်ခုံ) မှ သူမ အမေအရွယ် အဒေါ်ကြီးတစ်ဦးကို ရတီ သတိထားလိုက်မိသည်။ အဒေါ်ကြီးရဲ့ အလယ်ခုံရှေ့မှာ ပလတ်စတစ်ခုံပုလေးဖြင့် (သင့်ရာဟုခေါ်သည်) ထိုင်နေသော လူရွယ်သည် ချောင်းတဟွပ်ဟွပ် အဆက်မပြတ်ဆိုးနေသော သူ့အမေကို စိတ်မသက်သာသလို အကြည့်မျိုးဖြင့် ငေးကြည့်နေတာတွေ့ရ၏။ ကားက ထိုင်ခုံနေရာအားလုံး လူအပြည့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ လွတ်နေသည်ဆို၍ ရတီ့ဘေးမှ ထိုင်ခုံနေရာတစ်ခုသာ ရှိလေသည်။

အဒေါ်ကြီး၏ ချောင်းတဟွပ်ဟွပ်သံကြောင့် ဘေးကလူအချို့က လက်ကိုင်ပုဝါထုတ် နှာခေါင်းပိတ်သူပိတ်၊ တစ်ဖက်လှည့်သူလှည့်နှင့်။ အလယ်ထိုင်ခုံ အသေးလေးတွင် ထိုင်နေရသဖြင့် အဒေါ်ကြီး ဝဖိုင့်ဖိုင့်ခန္ဓာကိုယ်ကြီးမှာ အဆင်ပြေဟန်မတူပါ။

ရတီ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည်။

"အန်တီ . . . အဲဒီမှာထိုင်ရတာ အဆင်မပြေဘူးထင်တယ် သမီးဘေးက ဒီလွတ်နေတဲ့ထိုင်ခုံမှာ ထိုင်လို့ရပါတယ် အန်တီ"

အဒေါ်ကြီးမျက်နှာသည် အံ့ဩဝမ်းသာသွားပုံရလေသည်။ ဘေးကလူများကလည်း ခေတ်လူငယ်တစ်ဦး၏ အလိုက်တသိ ကူညီမှုကို အံ့ဩချီးမွမ်းသောအကြည့်တစ်မျိုးဖြင့် သူမအား ကြည့်ကြလေသည်။ ထိုအကြည့်များအတွက် ရတီသည် ဂုဏ်ယူသလို၊ ပီတိဖြစ်သလို ခံစားချက်တစ်မျိုးကိုလည်း ခံစားလိုက်ရ၏။ ထိုအရသာသည် ချိုမြိန်လှပါဘိခြင်း။

"အခုလိုကူညီတာ ကျေးဇူးတင်ပါတယ် သမီးရယ်"

ဟု အစချီကာ အဒေါ်ကြီးက ချောင်းတဟွပ်ဟွပ်ဖြင့်





မိမိကိုယ်သူ မိတ်ဆက်နေ၏။ သြော် . . . အဒေါ်ကြီးကလည်း သူမတို့မြို့လေးကပဲကိုးဟု ထိုအခါမှ သူမ သိရပါသည်။ ပန်းနာရင်ကျပ်ရောဂါကိုတောင် သူမတို့မြို့လေး၏ ဇီဝက ပေါက်စများက သက်သာအောင် စွမ်းဆောင်နိုင်သဖြင့် ရှိစုမဲ့စုလေးများရောင်းချပြီး ရန်ကုန်က သမားတော်နှင့်လာပြရသည်ဟု ဆိုပါ၏။ ပြောပြီး ချောင်းတဟွပ်ဟွပ် ဆိုးကာ မောနေပြန်၏။ ရာသီဥတုကလည်း မိုးတဖွဲဖွဲနှင့် အေးစိမ့်စိမ့်။ ခဏအကြာတွင်တော့ သူမဘေးက အဒေါ်ကြီးမှိန်းမောကာ ငြိမ်သက်သွားလေတော့သည်။

အစောက ထိုင်ခုံနှစ်နေရာမှာ ကိုယ်တစ်ဦးတည်းမို့ သက်သောင့်သက်သာရှိလှသော်လည်း ယခုမူ ရတီခန္ဓာကိုယ်လေးက ဟိုလှည့်မရ ဒီလှည့်မရ ဖြစ်နေချေ၏။ ဝဖိုင့်ဖိုင့်အဒေါ်ကြီး၏ ခန္ဓာကိုယ်မှာ နေရာ၏ သုံးပုံနှစ်ပုံခန့်ကို စိုးမိုးထားသည့်ပြင် ခန္ဓာကိုယ်ကြီးက ရတီ့ဘက်သို့ပါ ယိမ်းအိနေပြန်၏။

မောင်နှံ့မဆုံခင် လွန်ခဲ့သည့်နှစ်များက ရတီမိုးမြင့်ပုံစံဖြင့်ဆိုလျှင် ရတီသည် ယခုကဲ့သို့ ကူညီလိမ့်မည်မဟုတ်ပါ။ အထူးသဖြင့် ချောင်းတဟွပ်ဟွပ်နှင့် လူတစ်ဦးကို ရတီ့ဘေးနားမှာ နေရာပေးပြီး ကူညီရလောက်အောင် ရတီ့စိတ်က ရင့်ကျက်နိုင်မည် မဟုတ်ပေချေ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် နေညိုဆိုတဲ့ သိပ်ကို နှလုံးသားလှသော မောင်နှင့် ဆုံတွေ့ပြီး မှာတော့ ရတီ့စိတ်တို့သည် မောင့်အား ညွတ်နူးလေးစားစိတ်တို့ဖြင့် ပြောင်းလဲလာခဲ့ရခြင်းဖြစ်သည်။ အတိတ်ကို သတိတရတွေးမိတော့ မျက်ရည်တို့ ကျဆင်းလာပြန်သည်။

စိတ်ကိုတင်းရသည်။ မောင့်ရှေ့မှာတော့ ရတီ မငိုမိအောင် ထိန်းရပါမည် မောင်။ အပြင်းထန်ဆုံး၊ အညှာအတာအကင်းမဲ့ဆုံး စကားလုံးမြားတွေနဲ့ မောင့်နှလုံးသားကို ပစ်ခွင်းရပါလိမ့်မည် မောင်။

မောင့်ရဲ့ရင်ထဲမှာရှိတဲ့ ချစ်ခြင်းတွေကို အမုန်းတွေ၊ နာကြည်းစက်ဆုပ်မှုတွေအဖြစ် ပြောင်းလဲသွားအောင် ရတီ ဟန်ဆောင်ကောင်းဖြစ်မည်လေ။ မောင့်ကို သိပ်ချစ်တဲ့ ရတီ့ရဲ့နှလုံးသားကို ရတီကိုယ်တိုင် သုတ်သင်တော့မည် မောင်။

သစ္စာမဲ့တဲ့ မိန်းမယုတ်ကို ဖြူစင်မြင့်မြတ်တဲ့ မောင့်နှလုံးသားထဲက ရတီကိုယ်တိုင် ဆွဲနုတ်တော့မည်။ အဖြစ်အပျက်တွေက ဒီလောက် ဆိုးဆိုးဝါးဝါး မြန်မြန်ဆန်ဆန်ကြီးဖြစ်လာခဲ့လိမ့်မယ်လို့ ရတီ တကယ်ကို မတွေးခဲ့မိတာပါ မောင်ရယ်။ ခုတော့။

"အဟင့် ဟင့်"

"သမီး သမီး"





ဘေးမှ တစ်စုံတစ်ယောက်၏ ပုတ်နှိုးခြင်းခံရမှ ပစ္စုပ္ပန်ထဲ သူမ ပြန်ရောက်ခဲ့ရတော့သည်။ ဘေးက အဒေါ်ကြီးက ရေသန့်ဘူး ကမ်းပေးရင်း –

"သမီး ... ရော့ ရေလေးသောက်လိုက်၊ သမီး အိပ်မက်ဆိုးတွေ မက်နေတာ ထင်တယ်၊ ရော့ ရော့ ... ရေလေးသောက်လိုက်ဦး"

အို ဟုတ်ပါ့ရဲ့။ ဘေးမှ လူတစ်မျိုးက သူမကို ပြုံးစိစိနှင့် ကွက်ကြည့် ကွက်ကြည့်။ တိတ်ဆိတ်နေတဲ့ ကားထဲမှာ သူမ ငိုသံ အတော်ကျယ်လောင်လို့ သွားသည်ထင့်။ ပြီးမှ မျက်ရည်တွေကို တမန်းကတမ်းပွတ်သုတ်ရင်း "ကျေးဇူးအန်တီ" ဟုဆိုကာ ရေသန့်ဘူးထဲမှရေအနည်းငယ်သောက်လိုက်ရ၏။ ရေသောက်ပြီးမှ –

"အန်တီ အခု ဘယ်ရောက်နေပြီလဲဟင်" ဟု မေးမိသည်။ အန်တီကြီးက ကားပြတင်းပေါက်ဘက်ကို မေးငေါ့ပြရင်း –

"ပြည်ကို ဝင်နေပြီ သမီးရဲ့" ဟု ပြန်ဖြေ၏။

အဒေါ်ကြီးမေးငေါ့ညွှန်ပြရာဆီသို့ ကားပြတင်းမှ ကြည့်လိုက်တော့ မီးရောင်တွေ လင်းထိန်နေတဲ့ နဝဒေးတံတားကြီးကို တွေ့လိုက်ရသည်။ ဪ ပြည်ကိုတောင် ရောက်နေပြီကိုး။ ပြည်မြို့ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်နဲ့ သူမတို့မြို့လေးရဲ့ အလယ်လောက်မှာတည်ရှိသောမြို့ ဘာလိုလိုနဲ့ ခရီးတစ်ဝက်ပင် ကျိုးလာခဲ့လေပြီ။ သူမ ပင့်သက်မော ရှိုက်မိသည်။ မောင်နဲ့သူမကြားထဲမှာ ကွာခြားနေတဲ့မိုင်တွေကို ယုတ် လျော့သွားအောင် Express ကားကြီးက အစွမ်းကုန်တိုက်စားလို့ နေသည်။

သူမရင်ထဲတွင်တော့ မောင်နှင့်နီးကပ်လို့လာသည်နှင့်အမျှ နှလုံးသားက တဆစ်ဆစ်နှင့် မခံမရပ်နိုင်အောင် နာကျင်ခံစားနေရ၏။ ကားထဲတွင် တိုးလျှလျှဖွင့်ထားသော သီချင်းသံက တိုးတိုးငြိမ့်ငြိမ့်လေး စီးမျောလို့နေသည်။

♬ ဟိုတုန်းက တို့နှစ်ယောက် မတွေ့ဖြစ်ခဲ့ကြရင် ××× ဟိုတုန်းက တို့နှစ်ယောက်စလုံး မဆုံဖြစ်ဘူးကြရင်၊ ဟိုတုန်းက တို့ နှစ်ယောက် မပတ်သက်ခဲ့မိရင် ××× ရင်မနာ မရဘူး ♬

ရတီတို့လည်း သီချင်းလေးထဲကလို မဆုံဖြစ်ခဲ့ကြရင် အခုလို ရင်နာစရာ ခွဲခွာမှုဆိုတာ ရှိမလာနိုင်ဘူးနော်။ ခုတော့ မောင်ရယ်

"——"

ရုတ်တရက် ရတီ ဟန်းဖုန်းမြည်သံကြောင့် ရတီသည် ပတ် ဝန်းကျင်ကို အားနာသွားရလေသည်။ အချို့က အိပ်မောကျနေသည်





မဟုတ်လား။ နံပါတ်ကြည့်လိုက်တော့ မင်းညီ။ ဟင် ညတစ်နာရီ ထောင် ထိုးနေတဲ့ဟာ။ သူက မအိပ်သေးဘူးလားဟုတွေးရင်း ဟဲလို ဟု လက်ခံစကားပြောဖြစ်၏။

ထို့နောက် အတော်မူးနေပြီဖြစ်သော မင်းညီရဲ့ အာလေး လျှာလေးနဲ့ပြောသော စကားများကို ခံစားချက်ကင်းမဲ့စွာ၊ စက်ရုပ် ဆန်ဆန် နားထောင်ပေးရပြန်၏။ ကားကြီးကတော့ မြို့ငယ်လေးဆီ ဦးတည်ကာ တရိပ်ရိပ်ပြေးလွှားဆဲ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"တောက် ... ယုတ်မာလိုက်ကြတာ၊ ယုတ်မာလိုက်ကြတာ အဲဒါ ရာဇဝတ်မှုမြောက်တယ်ဟဲ့။ တောက် ... အဲဒီမင်းညီဆိုတဲ့ ကောင် အနားမှာရှိလို့ကတော့ စင်းနှီးတုံးပေါ်တင်ပြီးကို နုတ်နုတ်စင်းပြီး စင်းကောလုပ်ပစ်တယ်၊ နေစမ်းပါဦး ရတီရဲ့ ... နင်က ဘာတစ်ခွန်း မတုံ့ပြန်ဘဲ ဒီအတိုင်းပဲ မျက်ရည်လေးတရွှဲရွှဲနဲ့ သူတို့လုပ်သမျှ ခေါင်းငုံ့ခံနေရောလားဟင်"

ဒေါသကြောင့် ရွှေစင်ခန္ဓာကိုယ်သည် နတ်ပူးသလို တဆတ် ဆတ် တုန်ယင်နေလေသည်။ ပြီးတော့ အားမလို အားမရနှင့် တအင်း ငိုနေသော ရတီဘေးနား ဝင်ထိုင်လိုက်ရင်း –





"ငိုနေရုံနဲ့ မပြီးဘူးရတီ၊ အခု ... နင် ဘာဆက်လုပ်မလဲ ဟင်"

ဟုမေးပြီး ရွှေစင်က သက်ပြင်းသဲ့သဲ့ချသည်။ ထို့နောက် တစ်ခုခုကို အလေးအနက်တွေးနေသည့်ဟန်ဖြင့် ငြိမ်သက်သွားသည်။

"ဒီမယ် ရတီ ... ငါ တွေးမိတာတစ်ခုတော့ရှိတယ်ဟ"

ရွှေစင့်စကားကြောင့် မျက်ရည်တွေနှင့် သူမ ရွှေစင်ကို အားကိုးကြီးစွာ ကြည့်မိသည်။ နေနစ်သူအတွက် ကောက်ရိုးတစ်မျှင်က သည်း အားကိုးစရာပဲလေ။

"ဒီလိုအဖြစ်မျိုးတွေဆိုတာ မိန်းကလေးတိုင်း မဟုတ်ရင် တောင် ကံနည်းအကြောင်းမလှတဲ့ မိန်းကလေးအတော်များများက တော့ ကြုံရတာပါပဲဟာ၊ ပြီးတော့ ဒီကိစ္စမျိုးဆိုတာ ကာယကံရှင်ကို ပြောရင် ဘယ်သူမှ မသိနိုင်ပါဘူးဟာ၊ နင်ဖြစ်ခဲ့တာကလည်း ငါတို့မြို့ နဲ့ မိုင်ပေါင်းများစွာဝေးတဲ့ ရန်ကုန်မှာဆိုတော့ ဒီကိစ္စဟာ ငါတို့မှ ပြောရင် ဘယ်သူမှမသိနိုင်ပါဘူးဟာ"

"တော်ပါတော့ ရွှေစင်၊ လိမ်ညာဟန်ဆောင်ပြီး ကိုယ့်အတွက် တစ်ခုတည်းအတွက်နဲ့ ရိုးသားဖြူစင်တဲ့ ကိုယ့်ချစ်သူကို အသုံးမချနိုင် ဘူး ရွှေစင်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို . . . နှင် နင်က"

စိတ်လှုပ်ရှားစွာဖြင့် ထုံးစံအတိုင်း နှင် နေတဲ့ရွှေစင့်ကို သူမက စကားတစ်ခွန်းပြောလိုက်တော့ ရွှေစင်က ထုံးစံအတိုင်း ဟင်ခနဲ ရင်ဘတ်ကလေး ဖိလို့။

"ရတီ နေညိုကိုလမ်းခွဲလိုက်တော့မယ်"

ရွှေစင်က 'စဉ်းစားပါဦးရတီရယ်' ဟု အထပ်ထပ်ပြောသေး သည်။ သို့သော် ရတီ ဆုံးဖြတ်ချက်ချပြီးပြီ ဖြစ်လေသည်။

သိပ်ချစ်လွန်းလို့ မောင့်ကို မုန်းပစ်ခဲ့တာပါ မောင်ရယ် ဒါဟာ မိန်းမတစ်ယောက်ရဲ့ အဆုံးစွန်းသော ချစ်ခြင်းပေါ့မောင်ရယ်

"နှင် ဒီလိုသာ ဆုံးဖြတ်ခဲ့ပြီဆိုရင်တော့ နင်နဲ့နေညိုတို့ရဲ့ ဇာတ်လမ်းဟာ အရမ်းကို ဇာတ်နာသွားလိမ့်မယ် ရတီ"

ဟု ရွှေစင်ကတော့ သတိပေးသလို ပုံစံနှင့် ညည်းညည်းလေး ဆိုသည်။

"ရွှေစင် . . . ရတီ့ကို ကတိတစ်ခုပေးပါ"

ရွှေစင်က ညီမဖြစ်သူအား ကရုဏာသက်စွာ တစ်ချက်ကြည့် ရင်း သူမပါ မျက်ရည်တွေကျလာတော့သည်။ ပြီးမှ မဲ့ပြုံးလေးနှင့် နှုတ်ခမ်းတစ်ချက်မဲ့ကာ –





"ဘာလဲရတီ . . . အခုကိစ္စတွေကို နေညိုအပါအဝင် ဘယ်သူ့ကိုမှ မပြောပါဘူးဆိုတဲ့ ကတိလား"

ရတီ ခေါင်းညိတ်ပြလိုက်တော့ ရွှေစင်က သူမကိုဖက်ကာ "ငါကတိပေးပါတယ် ရတီရယ်" ဟု ပြောရင်း ညီအစ်မနှစ်ဦး တစ်ဦး ကိုတစ်ဦး ပွေ့ဖက်ရင် ငိုမိကြသည်။ အခုအချိန်မှာတော့ ရွှေစင်သည် သာ သူမအပေါ် နားလည်စာနာမှုအပေးနိုင်ဆုံးသော သူတစ်ယောက် မဟုတ်လား။ မိန်းမသားဆိုတာ တစ်ခုခုဆိုရင် မျက်ရည်ကိုသာ အဖော်ပြုရသူတွေဖြစ်သည်။

"ရတီရယ် . . . နင် နေညို့ကို လမ်းခွဲမယ်ဆိုရင်တောင် အဖြစ်မှန်အတိုင်း ရှင်းပြပြီး လမ်းခွဲလိုက်တာ မကောင်းဘူးလားဟင်"

"ဟင့်အင်း . . . ရွှေစင်၊ မောင့်စိတ်ကို ရတီအသိဆုံး။ အဲဒီနည်းသုံးပြီး ဖြတ်မယ်ဆိုရင် မောင် ရတီ့ကိုပြတ်မှာမဟုတ်ဘူး။ မောင် ရတီ့ကို မုန်းတီးစက်ဆုပ်သွားစေမယ့်နည်းကို ရတီသုံးမှရမှာ"

မျက်ရည်တွေနဲ့ ကြေကြေကွဲကွဲလေးပြောနေသော ရတီ့ကို ရွှေစင်က နားမလည်နိုင်စွာ ငေးကြည့်နေလေသည်။ ပြီးမှ –

"နင်တို့နှစ်ယောက်ဟာ အမြဲ တစ်ယောက်ကိုတစ်ယောက် ထည့်တွက်စဉ်းစားတတ်ကြတယ်နော်၊ တကယ်ချစ်ကြတဲ့ နင်တို့



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူနှစ်ဦးကျမှဟာ၊ တောက် . . . ငါတော့ တစိမ့်စိမ့်တွေးရင်း အဲဒီ မင်းညီဆိုတဲ့ တဏှာရူးကို သွားသတ်ချင်လာပြီဟာ''

ရွှေစင် မင်းညီကို ကြိမ်းဝါးနေစဉ်မှာပင် ရတီက သူမအခန်း ပြတင်းလိုက်ကာအား ဖွင့်ကာ အပြင်သို့ ငေးမောကြည့်ရှုလိုက်သည်။ ဟင်၊ ကောင်းကင်တစ်ခွင်လုံး မည်းမှောင်နေကာ မိုးရိပ်တွေ ဆင်နေ ချေပြီ။ မိုးရေထဲမှာ ဆုံစည်းခဲ့တဲ့မောင့်ကို သူမ မိုးရေထဲမှာပဲ ထားခဲ့ ရတော့မည်ထင်ပါသည်။ မိုးရိပ်ညိုမှုများကို ငေးရင်း ရတီ ငိုနေမိပြန်ပါ သည်။ မိုးရွာတိုင်း မျက်ရည်တွေမခမ်းသ၍ သူမ ငိုနေရပါဦးမည်။

❁

အဖျားပျောက်၍ နာလန်ထကာစအချိန်မှ အပြင်မထွက်ချင်၍ ကော်ဖီတစ်ခွက်ဖျော်ကာ ဆရာဦးအောင်သင်းရဲ့ မျိုးဆက်သစ်တို့ တိုးတက်ရစ်ဖို့ဆိုတဲ့ စာအုပ်လေးဖတ်ကာ မိုးအေးအေးနဲ့ ငြိမ့်နေစဉ်မှာ ပင် ရုတ်တရက် ပြည့်စိုးက ရောက်ချလာခဲ့ခြင်းဖြစ်သည်။ ဟင် . . . ဒီကောင်ကတော့ ငယ်ငယ်ကအတိုင်း မိုးသည်းရင် ပိုးက ထ လာသည် ထင်ပါရဲ့ဟုတွေးရင်း ပြုံးမိသည်။





မိုးရေတွေ ရွှဲရွှဲစိုနေ၍ ပြည့်စိုးက အိမ်ထဲသို့မဝင်ဘဲ သူ့ကို ရေးကြီးသုတ်ပျာဟန်နှင့် လက်ယက်၍ ခေါ်နေသည်။

''ဘာတုံး ဟေ့ကောင် . . . ငါ နာလန်ထစပဲရှိသေးတယ်၊ မိုးရေ မချိုးဘူးနော်''

သူက မိုးရေပတ်ချိုးဖို့လာခေါ်နေသည်ထင်၍ ဦးအောင် အငြင်းစကားခံထားလိုက်သည်။

''မိုးရေချိုးတာ၊ မချိုးတာနောက်ထား အရေးကြီးလို့ကွ၊ မြန်မြန်လာစမ်းပါ''

ပြည့်စိုးအမူအရာက အမှန်ပင် အရေးကြီးနေသည့်ဟန် ပြူး တူး ပြတဲနှင့်မို့ ''ဘာတုံးကွာပြော'' ဟုဆိုကာ ပုဆိုးပြင်ဝတ်ရင်း ဘောက်ဆတ် ဘောက်ဆတ်နှင့် သူ့လျှောက်သွားလိုက်သည်။

''နေညို . . . ရတီ ပြန်ရောက်နေတယ်''

အမှန်အတိုင်းပြောရရင် ရင်က တော်တော်ကြီးကို ဆောင့်ခုန် သွားတာပါ။ ဒါပေမဲ့ သူက ပြည့်စိုးရဲ့အကြည်အညိုကင်းမဲ့ချင်စရာ မျက်နှာပြုံကြီးကိုကြည့်ရင်း –

''ဟား ဟား . . . ကလေးကွက်တွေကွာ ပြည့်စိုးရာ သွားစမ်းပါ . . . မင်း မိုးရေချိုးဖို့ အဖော်မရှိတာနဲ့ ငါ့ကို လာဟာတ်



www.burmeseclassic.com

www.burmeseclassic.com



မနေစမ်းပါနဲ့၊ မင်းရဲ့ပွေးကွက် ညှဉ်းကွက်တွေလောက်ကတော့ ပျင်းသေးတယ် သူငယ်ချင်း''

''ငါ တကယ်ပြောနေတာ နေညို''

ဟမ် . . . ရုပ်တည်ကြီးနဲ့ပြောလာသောအခါတွင်တော့ သူက ပြည်စိုးမျက်နှာကို အသေအလဲ အကဲဖမ်းရတော့သည်။

''ဟေ့ကောင်ပြည်စိုး . . . ကျန်တဲ့ကိစ္စ နောက်ရင်နောက် နော်၊ ရတီနဲ့ ပတ်သက်ပြီးတော့ မနောက်ပါနဲ့ကွာ''

''ငါ နောက်နေတာ မဟုတ်ဘူးနေညို၊ ရတီပြန်ရောက်နေ တယ်။ ဒီညနေ ၅း၀၀ နာရီမှာ မင်းနဲ့သူဆုံနေကျ မြို့အနောက်ဘက် က တောင်ကုန်းလေးမှာ သူ မင်းကိုစောင့်နေမယ်တဲ့၊ ငါ နေ့လယ်က မြို့ထဲမှာဆုံတုန်းက ပြောသွားတာနေညို၊ ငါလည်း အိမ်ကကားပြင်နေ ရတာနဲ့ နာရီကို မကြည့်မိဘူး။ အခုမှ နာရီကြည့်မိပြီး အပြေးအလွှား လာပြောရတာ''

''ဟမ် . . . သေစမ်း သေနာ၊ အခုမှလာပြောရသလား'' ဟု စိတ်ထဲက ပြည်စိုးအား ကျိန်ဆဲမိသည်။ နာရီကိုကြည့်လိုက်တော့ ငါးနာရီထိုးပြီး၍ ဆယ့်ငါးမိနစ်ပင်စွန်းလုလု။

တိုင်မှာချိတ်ထားတဲ့ ဆိုင်ကယ်သော့ ပြေးဖြုတ်ရသည်





ရှုံအကျီတစ်ထည်ကို အမြန်ဝတ်ကာ အိမ်နေရင်းပုဆိုးကို ခပ်မြန်မြန်လဲ နေသည်။

ထို့နောက် ကွင်းလုံးပုံကျနေသော ပုဆိုးအဟောင်းကိုပင် ကောက်တော့ဘဲ သူ ပြေးထွက်ခဲ့တော့သည်။

နောက်က . . .

''ဟေ့ကောင် နေညို . . . ထီးယူသွားဦးလေ၊ နာလန်ထကြီး မင်း ပြန်ဖျားနေဦးမယ်'' ဟု ပြည်စိုးရဲ့သတိပေးသံကို သူ လက်ခါ ပြလိုက်ရင်း –

''မယူတော့ပါဘူးကွာ၊ ထီးတစ်ဝက်နဲ့ ဆိုင်ကယ်စီးလည်း ထူးတာမှ မဟုတ်တာ၊ ငါသွားပြီဟေ့ . . . ခိုးထဲ မင်းလုပ်တာနဲ့ ငါချစ်သူ ကြီးတော့ မိုးရေထဲမှာ ငါ့ကို လည်တဆန့်ဆန့်နဲ့ မျှော်နေလောက် ပြီ မင်းပြန်ရင် အိမ်တံခါးတွေသော့ခတ်ပြီး သော့ကို ထားနေကျနေရာ မှာပဲ ထားခဲ့လိုက် ပြည်စိုးရေ''

မိုးရေတို့က ခဏလေးနှင့် သူ့တစ်ကိုယ်လုံး ရွှဲရွှဲစိုသွားတော့ သည်။ ဆိုင်ကယ်အရှိန်ဖြင့် လေတိုးမှုကြောင့် တုန်နေအောင်ချမ်းသော် လည်း သူ အရှိန်မလျှော့မိပါ။

ထိုအချိန်မှာ လျှပ်တို့ပျက်ကာ –



www.burmeseclassic.com

www.burmeseclassic.com



"ကိုမ်း" . . . ဟူသော ကျယ်လောင်သော မိုးခြိမ်းသံ ကြောင့် သူ လီဗာကို ထပ်တင်လိုက်သည်။ ချစ်သူက မိုးခြိမ်းလျှင် ကြောက် တတ်သည် မဟုတ်လား။

❋ ❋ ❋



## အခန်း (၁၉)

ထီးယူမလာမိသောကြောင့် သူမတစ်ကိုယ်လုံး မိုးရေစို ရွှဲ စိုနေသော်လည်း နေရာတွင် မလှုပ်မယှက် မောင့်ကို ရပ်စောင့် နေမိသည်။ ဒီနေရာလေးက မောင်နဲ့သူမ ချစ်သူတွေဖြစ်ခဲ့ကြသော နေရာလေးဟုတွေးရင်း ဝမ်းနည်းနာကျင်ရသည်။

"ရတီ"

ရုတ်တရက် ခေါ်သံနှင့်အတူ မောင်က မိုးရေတွေကြားထဲမှ သူမဆီသို့ ဝမ်းသာအားရပြေးလာသည်။ ရုတ်တရက် ချက်ချင်း ပူဆွေး ဝမ်းနည်းနေတဲ့မျက်နှာကို ဖုံးအုပ်ရသည်။ လက်ကိုပိုက်ကာ ခပ်တင်း တင်း မျက်နှာထားတစ်မျိုးဖြင့် ပြေးလာသော မောင့်ကို ရင်ထဲက



www.burmeseclassic.com

www.burmeseclassic.com



ခံစားချက်ဖြင့် ဆန့်ကျင်ကာ မင်သေသေဖြင့်ပင် ခပ်အေးအေးမျက်လုံ
များဖြင့် ကြည့်နေလိုက်သည်။ မောင်ကတော့ ထိုအပြောင်းအလဲ
သတိထားမိဟန်မတူပါ။ အနားကိုရောက်သည်နှင့် "ရတီရယ်၊ လွမ်း
လိုက်တာ ရတီရယ်" ဟု ဆိုကာ သူမအား တင်းကျပ်စွာ ဖက်တွယ်
ထားလေသည်။

"မောင့်ကို ရတီလည်းလွမ်းနေတာပါ မောင်ရယ်" ဟု
လေးဆိုကာ မောင့်ရင်ခွင်ထဲ တိုးဝင်ချင်စိတ်ကို အံတင်းကာ အတင်း
ချိုးနှိမ်ရ၏။ ပင်ပန်းလိုက်တာ။ ဆန္ဒကိုချိုးသတ်ကာ ဟန်ဆောင်ခြင်း
ဟာ ဘယ်လောက်ပင်ပန်းသည်ကို ကြုံဖူးသူတွေမှ ကိုယ်ချင်းစာတယ်
ကြလိမ့်မည် ထင်ပါ၏။ "စိတ်တင်းစမ်းရတီ။ နင်လုပ်နိုင်ပါတယ်"
ဟု မာန်တင်းရင်း ဖက်တွယ်ထားတဲ့ မောင့်လက်တွေကို ရတီ ပုံး
မှ ဖယ်ချလိုက်သည်။ ထိုအခါမှ မောင်က ရတီရဲ့ အေးတိအေး
အမူအရာကို သတိထားမိသွားပုံရ၏။

"ရတီ . . . ဘာဖြစ်နေတာလဲ၊ ရတီကြည့်ရတာ တစ်
နေသလိုပဲ"

မောင့်အမေးကို ဖြေဖို့အတွက် မောင့်မျက်နှာဆီ တစ်
ကြည့်မိတော့ ရင်ထဲမှာ ကျင်ခနဲ။ ကြည့်စမ်းပါဦး မောင် အသား





ညည်းပြီး ပိန်သွားလိုက်တာ။ ဖုန်းထဲကနေပြီး ရွှေစင် တစ်ခါပြောဖူး
သော "ဟဲ့ နေညို့က အခု နေပူမရှောင် မိုးရွာမရှောင် အလုပ်တွေ
အအားလုပ်ပြီး နင့်ကို ပြည့်ပြည့်စုံစုံထားနိုင်အောင်ဆိုပြီး ပိုက်ဆံတွေ
စုနေတယ်တဲ့" ဟူသော စကားကို ကြားယောင်မိတော့ ပါးပြင်က
နွေးခနဲဖြစ်သွားသည်။ မိုးမင်းကြီးကို ကျေးဇူးတင်ပါသည်။ ရတီရဲ့
မျက်ရည်တွေကို မောင်မမြင်အောင် မိုးရေတွေနဲ့ ကွက်ဝှက်ပေးလို့
ပေါ့။

"နေညို"

ကွဲရှရှပေါ်ထွက်လာတဲ့ သူမအသံကြောင့် သူ ဆတ်ခနဲ
ခစ်ချက်တွန့်သွားကာ ခပ်စိမ်းစိမ်း အခေါ်အဝေါ်ကြောင့် နားမလည်
သော အကြည့်တစ်မျိုးဖြင့် သူမကိုကြည့်နေလေသည်။ မောင့်ရဲ့ဆံပင်
ဆိုတိုလေးများတွင် မိုးရေစက်တို့က တစက်စက်စီးကျနေသည်ကို
သူမ တဒင်္ဂတော့ ငေးသွားမိသည်။ တိတ်ဆိတ်ခြင်းက မောင်နဲ့ရတီ
ကြားမှာ ကြီးစိုးသွားသည်။ ထိုတဒင်္ဂသည် သူမနဲ့ မောင်ရဲ့ချစ်ခြင်း၏
အနားသတ် မျဉ်းတစ်ကြောင်းသာ ဖြစ်ပါလိမ့်မည်။

"ရတီတို့ လမ်း ခွဲ ကြ ရ အောင်"

အဆုံးသတ်မှာ ရင်ထဲက ဆို့နစ်မှုကြောင့် အမျှားခတ်



www.burmeseclassic.com

www.burmeseclassic.com



တိမ်ဝင်သွားသော်လည်း မောင်တစ်ယောက် ပီပီသသကြားလိုက်ပါ
ဟု ဆုတောင်းမိသည်။ ထိုစကားကို သူမ နောက်တစ်ခါ ထပ်ပြော
မည် မထင်တော့။ မပိုမိအောင် တင်းထားသော်လည်း မျက်ရည်တို့
တားဆီးမရ။

တော်ပါသေးရဲ့။ မျက်ရည်တွေ မိုးရေနဲ့ရောသွားသည်
မောင် မမြင်နိုင်ချေ။ မရှိုက်မိအောင်တော့ ထိန်းရချေမည်။ မော
တစ်ခုခုပြောရန် မျှော်လင့်မိသော်လည်း မောင့်ဆီက ဘာသံမှထွ
မလာ။ အံ့ဩသောမျက်ဝန်းညိုများဖြင့်သာ ရတီအား ကြောင်ငေး
နေလေသည်။ မောင့်ပုံစံက ရတီ့ရဲ့စကားကို အတည်ပြုနိုင်သေ
မပေါ်သော ဖဝေဖဝါဟန်မျိုး။ နားကြားလွဲသည်ဟု မှတ်ယူနေပုံမျိ

"ရတီ အခုလာတာ နေညို့ကိုလာနှုတ်ဆက်တာပါ။
မကြာခင်မှာ ရတီ လူတစ်ယောက်နဲ့ လက်ထပ်တော့မယ် နေညို"

"ဘာ ... မင်း ဘာပြောလိုက်တယ် ရတီ"

အားတင်းထားစမ်း ရတီ။ မောင်နဲ့မတွေ့ခင်ကတည်
မှန်တစ်ချပ်ရှေ့မှာ မျက်ရည်တွေနဲ့ အလူးအလဲလေ့ကျင့်ခဲ့ရသေ
မျက်နှာအမူအရာတစ်မျိုးကို ချက်ချင်း ချိန်းပစ်လိုက်သည်။ ရင်ထဲ
ခံစားချက်အရိပ်တွေ မျက်နှာတွင် မထင်ဟပ်စေရ။





"နေညို့ကို အသည်းခွဲသလို ဖြစ်သွားခဲ့တဲ့အတွက် ရတီ တောင်းပန်ပါတယ် နေညို။ နားလည်ခွင့်လွှတ်ပေးပါလို့တော့ ရတီ မတောင်းဆိုတော့ပါဘူး။ အမှန်က နေညိုနဲ့မဆုံခင်အချိန်ကတည်းက ရတီ့မှာ လူကြီးချင်းသဘောတူ စီစဉ်ထားတဲ့လူ ရှိပြီးသားပါ။ အဟင်း ... ဘဝနဲ့အချစ်ဟာ တစ်ခါတလေမှာ ထပ်တူမကျနိုင်ဘူးလေ၊ နေညိုနဲ့ ဆုံတွေ့ခဲ့ချိန်မှာ နေညို့ကို မချစ်မိအောင် ရတီ ကိုယ့်နှလုံးသားကို အတတ်နိုင်ဆုံးတော့ ချုပ်ထိန်းခဲ့ပါသေးတယ်၊ ဒါပေမဲ့ ... မရခဲ့ဘူး၊ ရတီ့နှလုံးသားကို ရတီ မလွန်ဆန်နိုင်ပော့ဘဲ နေညို့ကို ချစ်မိသွားတယ်၊ အခုတော့ ဒါဟာ အိပ်မက်ဆန်တဲ့ ရူးသွပ်မှု တစ်ခုဆိုတာ ရတီ သဘောပေါက်သွားပါပြီ၊ အချိန်ကာလတိုတောင်း တယ်ဆိုပေမယ့် ရတီ နေညို့ကို တကယ်ချစ်ခဲ့တယ်ဆိုတာတော့ ယုံကြည်ပေးပါ၊ နေညို့ရဲ့ ချစ်သူတစ်ယောက်ဖြစ်ခွင့်ရခဲ့တဲ့အချိန် ကာလတစ်လျှောက်မှာ ရတီ့ကို ကြည်နူးပျော်ရွှင်စေခဲ့တဲ့အတွက် နေညို့ကို ကျေးဇူးတင်နေမှာပါ နေညို"

သူမစကားအဆုံးမှာ သူ့ရဲ့မျက်ဝန်းတွေက မယုံကြည်နိုင် လောက်အောင်ပြောင်းလဲသွားသော သူမရဲ့ပုံစံကို စူးစူးနစ်နစ်ကို ငေး စိုက်ကြည့်နေခဲ့လေသည်။ ခဏလေးအတွင်းမှာပင် သူ့မျက်ဝန်းများထဲ



www.burmeseclassic.com

www.burmeseclassic.com



တွင် ဒေါသရဲ့ အရိပ်အယောင်များ စွန်းထင်းလို့လာခဲ့သည်။ နာကြည်းမုန်းတီးခြင်းများ သူ့မျက်နှာတွင် ပေါ်လွင်လို့လာသည်။ သူမ လိုချင်သည့် အရာမဟုတ်လား။ မုန်းစမ်းပါမောင်၊ မောင့်ရှေ့ကမိန်းမယုတ် တူးတူးခါးခါး မုန်းပစ်လိုက်ပါတော့။

"မင်း . . . မင်းကွာ တောက်"

မောင်က သူမပခုံးစွန်းနှစ်ဖက်ကို ဒေါသတကြီး ဆုပ်ကိုင်ပြီးမှ ဒေါသကို ချုပ်တီးမျိုသိပ်လိုက်ပုံရကာ ဆောင့်တွန်းပစ်လိုက်သည်။ မောင် ငိုနေသည်လား။ မောင့်ပါးပြင်ပေါ်က စီးကျနေသော အရာတွေသည် မိုးစက်တွေလား။ မျက်ရည်တွေလား တွေးဖြစ်သည်။

"သွားပြီ . . . သွားပြီကွာ၊ ငါ့ မျှော်လင့်ချက်တွေ ငါ့အိပ်မက်တွေ အကုန်ကျကွဲကုန်ပြီကွာ၊ အကုန်လုံး အစိတ်စိတ်အမွှာမွှာ မင်း ရိုက်ခွဲပစ်လိုက်ပြီ ရတီမိုးမြင့်၊ မင်းမှာ လက်ထပ်ရမယ့်သူရှိရဲ့သားနဲ့ သူ့ကိုလည်း မင်း လက်ထပ်မှာ သေချာနေရဲ့သားနဲ့ မင်း ဘာလို့ ငါ့နှလုံးသားထဲ ဝင်လာသေးလဲကွာ၊ ငါ့နှလုံးသားက မင်း ဝင်ချင်တိုင်း ဝင် ထွက်ချင်တိုင်းထွက်လို့ရတဲ့ လမ်းဘေးက ဇရပ်မဟုတ်ဘူးကွ"

မောင့်ရဲ့အသံတို့သည် ဒေါသကြောင့် ပြာတောက်နေသည်။ လက်သည်းခေါက်ခေါက်ထိုးကာ သူမကို မုန်းတီးရွံရှာစိတ်ဖြင့် အော်ဟစ်နေသော မောင့်ကို စာနာသနားနေမိ၏။ ဒေါသကြောင့် မောင် ဘယ်လောက်တောင် ပူလောင်နေရမည်လဲ။



မောင်က သူ့ရှေ့တွင် ကျောက်ရုပ်တစ်ရုပ်လို ငြိမ်သက်နေမိသော သူမကို အေးစက်စက် တစ်ချက်ကြည့်သည်။ မောင် အံကို တင်းတင်းကြိတ်ထားသည်ကိုတော့ မောင့်ရဲ့တင်းနေသော မေးကြောကြီးများက သက်သေပြနေကြသည်။

တစ်ချိန်က နူးညံ့ခြင်းများဖြင့် ပျော့ပျောင်းနေတတ်သော မောင့်ရဲ့မျက်ဝန်းထဲတွင် နာကြည်းမုန်းတီးမှု အနိုးအရိပ်တွေ ပြည့်သိပ်နေလေပြီ။

"မင်း ဝဋ်မလည် ပါစေနဲ့လို့ ငါ ဆုတောင်းပါတယ် ရတီမိုးမြင့်၊ ငါ သွားမယ်"

မုန်းတီးစက်ဆုပ်သောမျက်ဝန်းများနှင့် စူးစူးကြည့်ကာ တစ်လုံးချင်း ပီပီသသ အံကြိတ်ပြောသွားသော ထိုစကားအဆုံးမှာပဲ မောင်က ပြတ်သားစွာပင် သူမအား ကျောခိုင်းထွက်ခွာသွားလေတော့သည်။ မိုးစက်တွေကြားထဲ မောင့်ပုံရိပ် တိုးဝင်ပျောက်ကွယ်သွားသည်အထိ ငေးကြည့်နေမိသည်။ မောင်ရေဟုလည်း စိတ်ထဲမှာ အကြိမ်များစွာ မောင့်ကို ခေါ်နေမိလေသည်။

www.burmeseclassic.com



တင်းထားရသော စိတ်တွေကို လွှတ်ချလိုက်တော့ မိုးရေထဲပုံခနဲ သူမ လဲကျသွားတော့သည်။ ရှိုက်ကြီးတငင်ငိုမိသည်။ မိုးစက်တွေကြားထဲမှာ မှုန်ဝါးဝါးမြင်နေရသော ဘုရားအိုလေးဆီ လက်အုပ်ချီလျက် တိုးဖွဖွ ဆုတောင်းမိပါသည်။

''ဘဝဆက်တိုင်း ချစ်သူနဲ့ ကွေကွင်းရသော ဝဋ်ဆင်းရဲကင်းဝေးရပါလို၏ အရှင်ဘုရား''

''ကျိမ်း''

ကျယ်လောင်ပြင်းထန်သော မိုးခြိမ်းသံကြောင့် သူမခန္ဓာကိုယ်ကလေး သိမ့်ခနဲ တစ်ချက်တုန်သွားသော်လည်း မှီခိုစရာ မောင်ရဲ့ရင်ခွင်ကား မရှိတော့။ သေးငယ်ဝမ်းနည်းစိတ်က လှိုက်တက်လာသည်။

မောင်နဲ့သူမ ချစ်သူတွေဖြစ်ခဲ့ကြသော ဖွက်ရေအိုင်လေးကို ငေးရင်း ယူကျုံးမရရှာငိုမိ၏။ သူမတစ်ဦးတည်း ဆောက်တည်ရာမဲ့မိုးရေထဲမှာ အချိန်ဘယ်လောက်ကြာအောင် ငိုနေမိသည်မသိ သူ့ကိုယ်ပေါ် ထီးတစ်လက် အုပ်မိုးလာသည့်အခါမှ အားကိုးကြီးနှမော့ကြည့်မိတော့ ရွှေစင်။

''ဝဋ်ကြွေးကြီးလှချည်လား ရတီရယ်''





ဖွက်အိုင်လေးထဲမှာ တရှုံ့ရှုံ့ငိုကြွေးနေသော သူမအား ရွှေစင်က တနာနားလည်သော ကရုဏာမျက်ဝန်းများဖြင့် ငုံ့မိုးကြည့်နေလေသည်။

''ပြန်ကြရအောင် ရတီရယ်၊ နင် အရမ်းအေးနေပြီ။ ကိုယ့်ကိုယ်ကို အဲလောက်ကြီး မနှိပ်စက်ပါနဲ့ဟာ''

''ရွှေစင်၊ နေညို့ရတီ့ကို အရမ်းစိတ်နာသွားပြီ၊ သူ အရမ်းခံစားနေရမှာပဲ ရွှေစင်ရယ်''

မိုးရေတွေရွှဲစိုနေပြီဖြစ်သော သူမခန္ဓာကိုယ်လေး တဆတ်ဆတ်တုန်ယင်လို့နေအောင် သူမ ချမ်းနေပြီဖြစ်၏။ မိုးက တဝေါဝေါနှင့်သည်းထန်စွာရွာနေဆဲ။

ဆေးအရှိန်နှင့် အိပ်မောကျနေသော သူငယ်ချင်းဖြစ်သူနေညို့အား နွေးနွေးထွေးထွေးဖြစ်အောင် စောင်ခြုံပေးပြီးချိန်မှာပဲ ဆေးရုံအခန်းပေါက်ဝတွင် တီခနဲ ရပ်တန့်သွားသော ဒေါက်ဖိနပ်သံကြောင့် ပြည်စိုး လှည့်ကြည့်မိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ရုတ်တရက် ဖျဉ်းစပ်နေအောင်ပင် ဒေါသတို့က တရိပ်ရိပ် တက်လို့လာရသည်။ ထို့ကြောင့် သူ အပေါက်ဝဆီသို့ ခပ်သုတ်သုတ် လျှောက်သွားကာ –

"မင်း ဘာလာလုပ်တာလဲ ရတီမိုးမြင့်"

အော်ဟစ်ပြောလိုက်ချင်သော်လည်း အခုမှ အိပ်မောကျသွား သော နေညိုနိုးသွားမှာစိုး၍ ခပ်အုပ်အုပ်အသံဖြင့်သာ ပြောလိုက်ရ သည်။ အားမရ။

"နေညို ဆေးရုံတက်နေရတယ်ဆိုလို့ မိတ်ဆွေတစ်ဦး အနေနဲ့ သတင်းလာမေးတာပါ"

"မိတ်ဆွေ ... ဟား ဟား"

ပြည်စိုး ခပ်အုပ်အုပ်အသံဖြင့် ရယ်သည်။ တက်လည်း တက် နိုင်တဲ့မိန်းမ။

"ဒီမှာ မင်းကြောင့် ငါ့သူငယ်ချင်း သေတော့မလို့ကွ သိရဲ့ လား။ မိုးရေထဲမှာ ခွေခွေလေးသတိလစ်နေတာ၊ ငါသာမတွေ့ခဲ့ရင် အခုလောက်ဆို မြေကြီးထဲရောက်နေပြီကွ။ ပြန်ပါ ... ပြန်ပါတော့ ယောကျ်ားတစ်ယောက်ကို ဒီလောက် ဒုက္ခပေးရုံနဲ့ ကျေနပ်ပါတော့





ဟာ၊ သူ့ခမျာ သေလုမျောပါးကို ခံစားနေရတာပါ၊ ရွှေစင် ... နှင့်ညီမကို နှင်ပြန်ခေါ်သွားတော့ဟာ"

ခါးထောက်ကာ အတင်းနှင်လွှတ်နေသော သူ့ကိုကျော်ပြီး ရတီက ခုတင်ထက်မှာ အိပ်မောကျနေသော နေညို့ကို ငေးခနဲ တစ်ချက်ကြည့်သည်။ မျက်လုံးထဲမှာ မျက်ရည်တွေ ဘာတွေ ဝဲလို့ ပါလား။ အလကား အိုက်တင်တွေဟာ ခပ်ချဉ်ချဉ်တွေးရင်း ပြည်စိုးက နှုတ်ခမ်းတွေကို တွန့်ကွေးကာ ပေါ်တင်ကြီးကို မဲ့ပစ်လိုက်သည်။

"ပြန်ဆိုပြန်ပါ့မယ် ပြည်စိုးရယ်၊ ဒါပေမဲ့ ... မပြန်ခင် သူ့ကို ခဏလောက်တော့ ကြည့်ပါရစေ၊ ဟို သူမနိုးအောင် တိတ်တိတ် ကလေးပဲ ခဏလောက်ကြည့်ပြီး ပြန်မှာပါ"

ဟက် ... တော်တော် သရုပ်ဆောင်ကောင်းတဲ့မိန်းမ။ မင်းသမီးလုပ်စားဖို့တောင် ကောင်းပါသေးရဲ့။

"ဘာလဲ ... ကိုယ့်ကြောင့် သေလုမျောပါး စိတ်ဒုက္ခခံစား နေရတဲ့ ယောကျ်ားတစ်ယောက်ရဲ့မျက်နှာကို ခဏလေးပဲဖြစ်ဖြစ် အရသာရှိရှိ ကြည့်ချင်သေးတယ်ဆိုပါတော့"

"ပြည်စိုး ... နင်"

"ရွှေစင် ... ရွှေစင် ဘာမှဝင်မပြောပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူမစကားကြောင့် သူ့ကို တစ်ခုခုပြောဖို့ပြင်နေသော ရွှေစင် ငြိမ်ကျသွားတာတွေ့ရ၏။ ပြည်စိုးက စိတ်ကိုအတော်ကြီးလျှော့ချလိုက် ဟန်နှင့် အံကို ခပ်တင်းတင်းကြိတ်ရင်း ခပ်နှိမ့်နှိမ့်အသံဖြင့် –

"ကောင်းပြီ ရတီမိုးမြင့်၊ မင်းကို ငါ တစ်မိနစ်အချိန်ပေးမယ်၊ ဒါပေမဲ့ . . . မင်းကတိအတိုင်း သူ မနိုးအောင် တိတ်တိတ်လေးပဲ ကြည့်ရမယ်၊ တစ်မိနစ်ပြည့်ရင်တော့ လာရာလမ်းအတိုင်း တိတ်တိတ် ဆိတ်ဆိတ် ပြန်ကြွပေတော့"

ပြောပြီး ပြည်စိုးက လက်မှနာရီကို တစ်ချက်ကြည့်ကာ သူမတို့ဝင်သာအောင် လမ်းဖယ်ပေးလိုက်ပါ၏။ ဆေးရုံအခန်းလေး အတွင်းမှာ အပ်ကျသံပင် ကြားရလောက်အောင် တိတ်ဆိတ်သွားတော့ ၏။

သူမက နေညို့ခုတင်ဘေးမှာရပ်ကာ နေညို့မျက်နှာကို တစိမ့်စိမ့်ငေးကြည့်လို့နေတာ တွေ့ရသည်။ ပြည်စိုးက တစ်မိနစ်ဟု ခွင့်ပေးထားသော်လည်း စက္ကန့်လေးဆယ်ကျော်ကျော်လေးမှာပဲ တံခါး ဝမှာ ခါးထောက်ကာ ရှုတင်းတင်း ရပ်ကြည့်နေသောပြည်စိုးကို ရတီ က "ကျေးဇူးပဲ ပြည်စိုး" ဟုပြောကာ ဆေးရုံကော်ရစ်ဒါတစ်လျှောက် ခပ်သွက်သွက်လေး ပြေးထွက်သွားတော့သည်။ ရွှေစင်က ပြည်စိုးကို





ခပ်တင်းတင်း တစ်ချက်ကြည့်ကာ သူမ၏ညီမနောက်သို့ အပြေး ကလေး လိုက်သွားတော့သည်။

ရွှေစင်ရဲ့ ထိုအကြည့်ကြောင့် ဒေါသတွေနဲ့ကျန်ရစ်ခဲ့သူကား ပြည်စိုး။

"လာ . . . လာချည်သေး၊ ငါးဖယ်က ပြောင်းပြန်လှန်လို့၊ အဲဒီအကြည့်က ငါတို့ကကြည့်ရမှာဟ" လို့ ပြောပစ်လိုက်ချင်တာ။ စိတ်ထဲက ကျလိကျလိနဲ့။ ထိုစဉ် 'ရေ ရေ' ဟူသော နေညို့အသံ ကြားမှ ဒေါသတွေ လိပ်တက်နေရာမှ နေညို့ဆီ အပြေးအလွှား သွားရ တော့သည်။

"ငါ့နှာခေါင်းထဲ ရေမွှေးနံ့ရနေသလားလို့ ပြည်စိုး"

"ဟမ် . . . မင်းစိတ်ထင်လို့နေမှာပါ နေညိုရာ၊ ဆေးရုံထဲမှာ မင်းနှာခေါင်းက ရေမွှေးနံ့ရတယ်လို့ ငါတော့ မရပါဘူး။ မင်းစိတ်ထင် လို့နေမှာပါ"

ပြောပြီး နေညို့ရှေ့မှာ နှာခေါင်း ရှုပွ ရှုပွနဲ့ အနံ့ခံသလို လုပ်ပြလိုက်ရသည်။ မွှေးပျံ့တဲ့ရနံ့တစ်မျိုး နှာခေါင်းထဲ တိုးဝင်လာပေ မယ့် ရုပ်တည်ကြီးနဲ့ပဲ နှာစေးပစ်လိုက်ရသည်။ နေညို့ရဲ့မျက်ဝန်းများ က ဆွေးရိပ်ဖျော့တော့လို့သွားတာ တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ငါ့စိတ်ထင်လို့နေမှာပါ" ဟု တိုးတိုးလေး ရေရွတ်၏။ ထို့နောက် နေညိုက ဆေးရုံပြတင်းပေါက်မှ အဝေးသို့ ငေးမောနေတော့၏။ အရင်က နေညိုသည် တက်ကြွလန်းဆန်းနေသလောက် အခု သူ့ရှေ့ကနေညိုသည် အချိန်တိုင်း ငူငူငိုင်ငိုင်နှင့်။

နေညို့ရဲ့ပုံစံကိုကြည့်ရင်း ပြည်စိုးကတော့ ရတီမိုးမြင့်ဆိုတဲ့ မိန်းမကိုပဲ ဒေါသတွေ အလိပ်လိုက်ထွက်နေမိတော့သည်။

❊ ❊ ❊



## အခန်း (၂၀)

♫ အသေးတစ်လုံး xxx အကြီးတစ်လုံး xxx ကမ္ဘာကြီးမှုးအောင်သောက်ပစ်မယ် xxx ကိုယ့်ဘဝကိုယ်အရှုံးပေးလို့ xxx ကိုယ့်ခေါင်းကိုက်အောင် သောက်ပစ်မယ် xxx မှုးမယ် xxx ဟိုနားသွားလိုက ဒီနားသွားလိုက် xxx ကိုယ်သာ မှုးအောင်သောက်မယ် xxx ဟေ့ xxx ဟိုနားတစ်ခွက် xxx ဒီနားတစ်ခွက် xxx ဘုံဆိုင်ထဲက ကောင်မလေး xxx မင်းကြောင့် ကိုယ်အရက်သောက်ပြီဟေ့ xxx သစ္စာမရှိတဲ့ ဆံရှည်မလေးရယ် ♫

"ဟား ဟား . . . . ချီးယားစ် ကိုဝင်းမောင်"

"ချီးယားစ် ကောင်လေး"



www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်နေတဲ့ ညဥ့်ယံမှာ သူနဲ့ကိုဝင်းမောင်တို့နှစ်ဦး အသံများသော ကျယ်လောင်စွာ။ ရေနံဆီမီးခွက်ကလေးထွန်းထားသော စားပွဲဝိုင်းလေးပေါ်မှာ စီးကရက်အတိုဖင်ဆီခံများ။ ညဦးပိုင်းက စီစဥ်ပေးသော လက်ဖက်အခြောက်သုပ် (ဆီမမြင်ရ၍) အရက်ပုလင်း ဖန်ခွက်တို့နှင့် ပြည့်နေသည်။

အရင်က နေညိုကို ရင်းရင်းနှီးနှီး သိကျွမ်းခဲ့သူတစ်ဦး သာ ယခုအချိန် သူ့ကိုလာကြည့်မည်ဆိုပါလျှင် ဒါ နေညိုမဟုတ်ဘူး ပြောရလောက်အောင်ပင် သူ့ပုံစံက အတော်ကြီးကို ပြောင်းလဲသွား ဖြစ်သည်။ ရက်ပေါင်းများစွာ မဖြီးသင်သော သူ့ဆံပင်များက ဖရိုဖ ဘုတ်သိုက်။

မရိတ်သင်တာကြာလေပြီမို့ နှုတ်ခမ်းမွေး မုတ်ဆိတ် တို့က အရင်က ခပ်ရေးရေးသာရှိရာမှ ယခုအခါတော့ ထိုးထိုး ထောင် ညှဥ်းသိုးသိုးနှင့် သူ့ပုံစံက ရာဇဝင်လူဆိုးရုပ်ပေါက်နေ

အရင်က အရက်ကို လျှာပေါ်ပင် တင်မကြည့်ခဲ့ဖူး နေညိုသည် ယခုတော့ နေ့ရောညပါ အရက်ကို နှစ်နှစ်ခြိုက်ခြိုက် သောက်သုံးတတ်လာသည်။ စီးကရက်ကို တစ်လိပ်ပြီးတစ်လိပ် ဖွာတတ်ခဲ့ပြီ။ သူ ဒီလိုနေလာခဲ့သည်မှာ နှစ်ပတ်လား တစ်လ





သေချာစွာ မသိတော့ချေ။

သူ ခွက်ထဲကအရက်ကို တရှူးထိုးမော့နေသည်ကို ခပ်လှမ်းလှမ်းမှ ဘုတ်တုတ်နဲ့ညိုလုံးတို့က မြူးတိမြူးကြောင်လေး ကြည့်နေကြသည်။ ဒါဟာ တစ်ချိန်က သူတို့ကိုစာသင်ပေးခဲ့သော ဦးဦးဆရာမှ ဟုတ်ပါရဲ့လားဟု သူတို့လေးတွေ တွေးနေမည်လား မပြောတတ်။

ကိုဝင်းမောင်က သူ့သောက်နေသည်ကိုကြည့်ရင်း –

"ဟကောင်လေး သောက်လှချည်လား" ဟုပြောသည်ကို သူ အသာပဲ ပြုံးနေလိုက်သည်။ သူ နောက်တစ်ခွက်ငှဲ့ကာ ရေနှင့် ရောစပ်လိုက်သည်။

"မင်း ဒီလိုကြီးပဲ နေတော့မှာလား နေညို"

အမေးသံနှင့်အတူ ရုတ်တရက်ရောက်လာသောပြည်စိုးက သူ့ဘေးနားတွင် ဝင်ထိုင်၏။ ဟက်ခနဲ အသံမဲ့ခြောက်ကပ်ကပ် သူ ရယ်လိုက်မိသည်။ မျှော်လင့်ချက်တွေ ကြေမွသွားတဲ့လူတစ်ယောက်တာ ဒီလောက်တော့ ကြေကွဲခွင့်ရှိရမှာပေါ့။ တကယ်တော့ အသည်းကွဲတယ်ဆိုတာ လူပီသလို့ပဲ။ ၃၁ ဘုံမှာပဲ အသည်းကွဲလို့ရတာ။

"တန်လို့လား နေညို၊ သစ္စာမဲ့တဲ့မိန်းမတစ်ယောက်တွက် ဘဝတစ်ခုလုံး ဖျက်ဆီးပစ်ရလောက်အောင် တန်လို့လားကွာ၊



www.burmeseclassic.com

www.burmeseclassic.com



ဟင် ... မိန်းမ မရှားပါဘူး သူငယ်ချင်းရာ"

သူက တိတ်ဆိတ်နေမိသည်။ ပြီးတော့ ရှေ့က အရက်ခွက် ကို ယူပြီး တစ်ရှိန်ထိုး မော့သောက်ပစ်မိသည်။ ပြည်စိုးက သူ့ကိုကြည့် ရင်း စိတ်လေလာပုံရသည်။ "ပေးကွာ ငါပါသောက်မယ်" ဆိုပြီး မသောက်တတ်ဘဲနှင့် သူပါ ဝင်ရော၍ သောက်လေသည်။

ထိုညက သုံးယောက်စလုံး တော်တော်ကို မူးသွားခဲ့ကြသည်။ ဝါရင့်ဂုရု ကိုဝင်းမောင်ပင် သူ့ကို ဆလံသကာ စားပွဲလေးပေါ် ခေါင်း ကျိုးသွားတော့သည်။ အသည်းကွဲတဲ့လူက အရက်ပိုသောက်နိုင်သည် လားတော့မသိ။

"ဝေါ့ အော့ ဝေါ့"

အိပ်ရာပေါ် ပက်လက်လှန်လိုက်သည်နှင့် သူ အန်ထွေ သည်။ အစာမရှိ၍ အရည်တွေချည်း အန်သည်။ အန်ရလွန်း၍ မောဟိုက်ကာ ချွေးစေးများပြန်နေ၏။ မျက်ရည်တွေပင် စီးကျလာ ၏။

"သား"

ခေါ်သံကြောင့် သူ အားယူမော့ကြည့်လိုက်တော့ အမေ အလွန်မောဟိုက်နေ၍ လူက ဖုတ်လိုက် ဖုတ်လိုက်ဖြစ်နေသည်





"ဗျာ" တစ်လုံးပင် သူ ပြန်မထူးနိုင်ခဲ့ပါ။ ရီဝေဝေအကြည့်များဖြင့်သာ အမေ့ခေါ်သံအား တုံ့ပြန်နိုင်လေသည်။

"သား ... ယောကျ်ားတစ်ယောက်ဟာ မိန်းမတစ်ယောက်နဲ့ ပတ်သက်ပြီး အသည်းကွဲပြီဆိုရင် ဖြစ်လေ့ဖြစ်ထရှိတဲ့ အခြေအနေက နှစ်မျိုးပဲရှိတယ် သား။ ပထမတစ်မျိုးက သူ့ရဲ့ လက်ရှိအခြေအနေ အဆင့်အတန်းကနေ ထိုးကျပြီး လမ်းဘေးရောက်အောင် သူ့ဘဝ သူ့ဖွဲ့ချဖျက်ဆီးသွားတဲ့ အသည်းကွဲနည်း။ နောက်တစ်နည်းကတော့ အသည်းကွဲခံစားနေရတဲ့ သူ့ရဲ့ခံစားချက်တွေကို အင်အားအဖြစ်အသုံး ချပြီး သူ့ဘဝကို ဟိုးအမြင့်ဆုံးအထိရောက်အောင် ကြိုးစားတည် ဆောက်သွားတဲ့နည်းပဲ ငါ့သား။ ရှင်းရှင်းပြောရရင်တော့ သားရယ် ပထမနည်းက အောက်တန်းစား အသည်းကွဲနည်း၊ ဒုတိယနည်းက တော့ အဆင့်မြင့်မြင့် အထက်တန်းကျကျ အသည်းကွဲနည်းပဲ ငါ့သား။ သားကို အမေ အသည်းမကွဲနဲ့လို့တော့ မပြောပါဘူး။ ဒါပေမဲ့ မိဘ တစ်ယောက်အနေနဲ့တော့ ကိုယ့်သားသမီးတစ်ယောက် လမ်းဘေး ရောက်၊ စုတ်ပြတ်သွားတာမျိုးတော့ မမြင်ချင်ဘူး သားရယ်။ အဲဒီတော့ သားအနေနဲ့ ငါ ဘယ်လိုအသည်းကွဲမယ်ဆိုတာတော့ သား သေချာ စဉ်းစားစေချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး အဖေက လှည့်ထွက်သွားဖို့ပြင်သည်။

"အဖေ"

သူ့ခေါ်သံကြောင့် အဖေက ပြန်ငဲ့ကြည့်သည်။

"သား ဒုတိယနည်းနဲ့ပဲ အသည်းကွဲမယ်အဖေ"

အဖေပြုံး၏ ဒါမှငါ့သားဟု အဖေ ကြုံးဝါးနေမည်လား။

"သား နိုင်ငံခြားသွားချင်တယ် အဖေ၊ အဲဒါ အဖေ သားကို အမြန်ဆုံးစီစဉ်ပေးပါ အဖေ၊ သား ငွေတွေအများကြီးရှိချင်တယ်၊ သား ချမ်းသာချင်တယ်"

"ဟေ"

မထင်မှတ်သောစကားကြောင့် အဖေ အတော်အံ့အားသင့်သွားပုံတော့ရ၏။ ထို့နောက် တစ်စုံတစ်ရာကို အလေးအနက် တွေးနေဟန် အဖေငြိမ်သက်သွား၏။

ပြီးမှ ...

"အင်း ... ဒါဟာလည်း သားအတွက် ကောင်းမွန်တဲ့ ရွေးချယ်မှုတစ်ခုပါပဲ၊ ဒါပေမဲ့ ... သား သေချာတော့စဉ်းစားလိုက်ပါဦး၊ သားဘက်က ဆုံးဖြတ်ပြီးပြီ သေချာတယ်ဆိုရင်တော့ အဖေ စီစဉ်ပေးရမှာပေါ့။ ကဲ ... နားလိုက်တော့ သား"





အဖေထွက်သွားသည်ကို သူငေးနေမိသည်။ စိတ်ထဲက သည်း –

"သားဘက်ကတော့ သေချာပြီအဖေ" ဟု ရေရွတ်နေမိ၏။ အခုအချိန်မှာ အမှတ်တရတွေ အားလုံးရဲ့ဝေးရာမှာ နေလိုက်ခြင်းက ဆန္ဒတွေ သက်သာရာရစေမည်ဟု သူထင်သည်။ ထို့ကြောင့် အားလုံးနှင့် အဝေးဆုံးသို့ သူပြေးထွက်ရှောင်ပုန်းနေပါတော့မည်။

သူ့ဘဝတစ်လျှောက်လုံး သူ တစ်ခါမှ မတပ်မက်ခဲ့ဖူးသော ငွေဆိုသည့်အရာအား ပထမဆုံးအနေဖြင့် သူ တပ်မက်လာမိသည်။ ငွေဆိုသောအရာနှင့် လူတွေအားလုံး သူ့ဘဝကို အားကျစိတ်နှင့် မော့ကြည့်ရလောက်အောင် တည်ဆောက်ပစ်ချင်မိ၏။ အဖေပြောသွားသော စကားများကို နားထဲတွင် ကြားယောင်လာမိ၏။

အခုအချိန်ကစပြီး သူ့ရင်ထဲကခံစားချက်တွေကို အားအင်တွေအဖြစ် ပြောင်းလဲပြီး သူ့ဘဝကို အကောင်းဆုံး တည်ဆောက်ရည်။ ထိုညက မပီပိုးတဝါး အိပ်မက်ထဲမှာ တိမ်မြူတွေနှင့် သူဆော့ကစားနေရသည်။

❀



www.burmeseclassic.com

www.burmeseclassic.com



လွမ်းလောက်အောင်ကို မိုးတွေ ဖွဲဖွဲလေးကျဆင်းနေတဲ့ တစ်ခုသော ညနေခင်းတစ်ခုမှာ မြို့ငယ်လေးရဲ့ရင်ခွင်ထဲက သူခွဲခွာခဲ့ ရတာပေါ့။ သူ့ရဲ့ 'ထွက်တော်မူ နန်းက ခွာတယ်'' အခမ်းအနားလေးက ခြောက်ကပ်ကပ်လေးပါပဲလေ။

အဖေ့ကို သူ ကန်တော့လိုက်သည်။ တကယ်တမ်းခွဲရမည် ဆိုတော့လည်း တိတ်ဆိတ်စွာ ကိုယ်စီဆို့နင့်လို့၊ ကိုယ်စီ ခံစားချက်တွေ ကို မျိုသိပ်လို့။ မွေးကတည်းက ဒီမြို့လေးမှာပဲ နေထိုင်ကြီးပြင်းခဲ့ သောသူဟာ ခွဲမယ့်ခွဲရတော့လည်း အစိမ်းလိုက်ကြီးပါလား။

အဖေ့ကို သူကန်တော့နေစဉ် သူ့နောက်မှာ သူ့ကိုလိုက်ပို့ကြ မည့် ပြည်စိုးနဲ့ ကိုဝင်းမောင်က တိတ်ဆိတ်စွာ ရပ်ငေးနေကြလေ၏။ နံရံထက်မှာ ချိတ်ဆွဲထားသော ဓာတ်ပုံထဲမှာ အမေကလည်း သူ့ကို အပြုံးလေးနှင့် နှုတ်ဆက်နေသယောင်။

အဖေတစ်ခု၊ သားတစ်ခုတဝမှာ အဖေ့ကို ဒီလို တစ်ယောက် တည်းပစ်ထားခဲ့ခြင်းဟာ တရားပါရဲ့လားဟု တွေးဖြစ်၏။ မနက်ဖြန် ကစပြီး အဖေဟာ သူမရှိတော့တဲ့ ဒီအိမ်လေးထဲမှာ အထီးကျန် ဆန်ဆန် တစ်ကိုယ်တည်း နှစ်ပေါင်းများစွာ ဖြတ်သန်းနေရတော့မှာ





ဟူသော အသိက နှလုံးသားကို တဆစ်ဆစ် နာကျင်စေခဲ့၏။

''ကဲ . . . သား သွားတော့လေ၊ ကားချိန်နီးနေပြီ''

အဖေ့အသံတွေ မတုန်အောင် အတော်ကြီး ဟန်ဆောင်ပြော သော်လည်း အဖေ့ဟန်ဆောင်ခြင်းက ပေါ်လွင်လှ၏။ အဖေ သူ့ကို မကြည့်၊ အကြည့်တွေကို လွှဲဖယ်ထား၏။ သူ မတ်တပ်ရပ်လိုက်သည် နှင့် ကိုဝင်းမောင်က သူ့ရဲ့ ခရီးဆောင်အိတ်ကြီးကို ဆွဲမလိုက်တော့ သည်။

''အဖေ သားသွားတော့မယ်နော်၊ အဖေ ကျန်းမာရေးကို ဂရုစိုက်ပါနော်''

သူ့ကိုမကြည့်ဘဲ အဖေ ခေါင်းညိတ်ပြ၏။ မြန်မြန်သွားမှဖြစ် တော့မည်။ မဟုတ်ရင် သူ ငိုမိပေတော့မည်။ ထီးကိုယ်စီနဲ့ အိမ်ထဲက အထွက်တွင် မမြကို သုတ်သုတ်ပျာပျာနှင့် သူ့ဆီလျှောက်လာတာ တွေ့ရသည်။ မမြနှင့်အတူ ဘုတ်ဘုတ်နဲ့ညိုလုံးလေးတို့ပါ ပါသည်။

''နေညို . . . မမြတို့ကဆင်းရဲတော့ မင်းအတွက်လက် ဆောင်တွေ ဘာတွေ မပေးနိုင်ဘူးကွယ်၊ ရော့ . . . ဒီမှာ မင်းကြိုက်တဲ့ ငါးပိကြော်စပ်စပ်လေး၊ မမြကိုယ်တိုင် သေချာကြော်ထားတာ''

မမြက ဖန်ပုလင်းဘူးလေးနှင့် ငါးပိကြော်ပုလင်းလေးကို



www.burmeseclassic.com

လှမ်းပေး၏။ ဆို့တက်လာသော မျက်ရည်တွေနှင့် –

“ကျေးဇူးတင်ပါတယ် မမြရယ်။ ကျွန်တော်မရှိတဲ့အချိန်မှာ အဖေ့ကိုတော့ ဂရုစိုက်ပေးပါနော်”

“စိတ်ချသာသွားပါ ကောင်လေး”

“အဲဒီအတွက်တော့ မင်းစိတ်မပူပါနဲ့ ကောင်လေးရာ။ ငါတို့ အားလုံး မင်းအဖေကို ဂရုစိုက်မှာပါ”

ကိုဝင်းမောင်ကပါ ဝင်ပြောလိုက်၍ အဖေ့အတွက် ပူပင်စိတ်တို့ လျော့ကျလို့ သွားပါ၏။

“ဘုတ်ဘုတ်နဲ့ညိုလုံး ကျောင်းကိုမှန်မှန်တက်ရမယ်နော်။ ပြီးတော့ ဦးဦးမရှိတဲ့အချိန်မှာ ဟောဒီဦးဦးက ဘုတ်ဘုတ်နဲ့ညိုလုံးကို စာဆက်သင့်ပေးလိမ့်မယ် သိလား”

“ဟုတ်ကဲ့ ဦးဦးနေညို၊ ဦးဦးနေညိုပြန်လာရင် ဘုတ်ဘုတ်တို့အတွက် မုန့်တွေအများကြီးဝယ်ခဲ့နော် ဦးဦးနေညို”

“ဟုတ်ပါပြီဗျာ၊ ဦးဦးနေညိုပြန်လာရင် မုန့်တွေရော အရုပ်တွေပါ ဝယ်ခဲ့မယ်နော်”

ဘုတ်ဘုတ်နဲ့ညိုလုံးကို သူမရှိတဲ့အချိန်မှာ စာဆက်သင်ပေးရန် သူ ပြည့်စုံအား ပြောထားပြီးဖြစ်လေသည်။ သူ့ရဲ့သူငယ်ချင်း



ပီသစွာ ပြည့်စုံကလည်း စိတ်လိုလက်ရပင် သဘောကျလေသည်။

ထို့နောက် ထီးတစ်ချောင်းနဲ့ သူ ခရေပင်လေးဆီသို့ လျှောက်သွားလိုက်သည်။ မိုးစက်တွေကြားထဲမှာ ခရေပင်လေးက ယိမ်းနွဲ့ကာ သူ့ကိုနှုတ်ဆက်စကားဆိုနေသယောင်။ သူ ခရေပင်လေးကို စေ့စေ့ငေးရင်း တဆစ်ဆစ် ကိုက်ခဲကြွတော့သည်။

ခရေပင်လေးရေ ့နှုတ်ဆက်ခဲ့ပါတယ်ကွာဟု စိတ်ထဲမှပဲ နှုတ်ဆက်မိသည်။ မင်းလည်း ရှေ့လျှောက် ရှင်သန်နိုင်အောင် ကြိုးစားပါ။ ငါလည်း ငါ့ဘဝကို ရှင်သန်နိုင်အောင် ကြိုးစားဖို့ ငါသွားရတော့မယ် ခရေပင်လေးရေ။

“သွားကြရအောင် နေညို၊ ကားနောက်ကျနေမယ်”

သူ့ပခုံးကိုဖက်ရင်း ပြည့်စုံကပြောတော့ သူ ပြည့်စုံကို ခေါင်းညိတ်ပြလိုက်ပါသည်။ လမ်းတစ်လျှောက် ကိုယ်စီတိတ်ဆိတ်နေကြသည်။ မြို့လေးရဲ့လမ်းမကလည်း နီကျင်ကျင်ဓာတ်တိုင်မီးရောင်အောက်တွင် တိတ်ဆိတ်စွာ လဲလျောင်းလို့။ မိုးစက်မှုန်တွေကြားထဲက သူတို့မြို့လေးကို နာကျင်စွာ နောက်ပြန်လှည့်ငေးဖြစ်၏။

နေခဲ့ပေဦးတော့ မြို့လေးရေ။ တစ်နေ့ မင်းရဲ့ရင်ခွင်ကို ငါ အရောက်ပြန်လာခဲ့မှာပါ။ ထိုမြို့လေးတွင် သူ့ရဲ့နှလုံးသားကို ချုပ်နှံ

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပါသည်။ အဲဒီနေ့က Express ကားပေါ်ရောက်တော့ ထိုင်ခုံနေရာဆီ သူ မသွားနိုင်သေးပဲ ကားရှေ့ခန်းက ဝင်ထွက်ပေါက်မှာ မတ်တတ်ရပ်နေခဲ့၏။

ပြည့်စိုးက မိုးရေထဲမှာ ထီးလေးနှင့် တံခါးပေါက်နားရပ်ကာ နောက်ဆုံးကားထွက်ချိန်အထိ သူ့ကိုအဖော်ပြုပေး၏။ ကားဘီးလှိမ့်တော့ သူ အပေါက်ဝမှခေါင်းပြူကာ ပြည့်စိုးတို့အား ငေးကြည့်နေမိသည်။ မိုးစက်တို့က သူ့ခေါင်းနှင့်မျက်နှာကို ထိစင်ကြ၏၊ မိုးရေထဲမှာ ပြည့်စိုးက သူ့ကို လက်ပြနှုတ်ဆက်၏။ ထို့နောက် ပြည့်စိုးနဲ့အတူ သူတို့မြို့လေးသည်ပါ သူ့မြင်ကွင်းထဲမှ ပျောက်ကွယ်သွားတော့သည်။

ဟင် သူ့ပါးမှာ မျက်ရည်တွေလား မိုးရေတွေလား။

❋

ဖုန်းထဲမှ ရွှေစင်ပြောသည်များကို နားထောင်ရင်း သူမ တင်းထားသည့်ကြားမှ မျက်ရည်များ စီးကျလာခဲ့ပြန်ပါသည်၊ မောင့်ကိုသနားမိသည်။ တည်ငြိမ်အေးချမ်းသောမောင့်ဘဝလေးသည် ရုတ်တရက် ကြောင့် ကစဉ့်ကလျား ဖြစ်ခဲ့ရပြီပေါ့ဟု တွေးရင်း ရှိုက်ငိုမိသည်။





"ပိုက်ဆံတွေအများကြီးရှာပြီး ငွေတွေနဲ့ သူ့ဘဝကို တည်ဆောက်မယ်ဆိုပြီး နိုင်ငံခြားကို ထွက်သွားတာတဲ့လေ"

သြော် . . . မျက်ရည်တွေကြားထဲမှ မောင့်အတွက် ဝမ်းသာပီတိ ဖြစ်ရပါသည်။ သူမကိုမုန်းတီးနာကြည်းတဲ့စိတ်နဲ့ပဲဖြစ်ဖြစ် မောင့်ရဲ့ဘဝ မြင့်မားပြောင်းလဲသွားသည်ဆိုလျှင် ဝမ်းအသာဆုံးသူက သူမပင် ဖြစ်ပါလိမ့်မည်။

"ဟဲ့ . . . နင်တို့ပြဿနာတွေဖြစ်ပြီးကတည်းက ငါနဲ့ပြည့်စိုးလည်း တကျက်ကျက်ပဲ သိလား၊ တစ်ခါတလေ နင့်ဘက်က မခံနိုင်လွန်းလို့ အမှန်အတိုင်း ငါ ရှင်းပြလိုက်ချင်တာဟာ၊ နင့်ကို ငါ ကတိပေးထားမိလို့သာ ရတီရယ်၊ နင်နဲ့ငါက ညီအစ်မတွေဆိုတော့ နင့်ကို တစ်ခုခုပြောရင် တကယ်မခံချင်ဘူး၊ ငါ့မှာ ပြန်လည်း မပြောသာဘူးပေါ့ဟာ၊ ဟဲ့ . . . ကျောင်းပြီးရင် နင် အဲဒီအယုတ်တမာနဲ့ စေ့စပ်တော့မယ်ဆို"

ရွှေစင်က မင်းညီဆိုလာခင် အသေမုန်းသူမို့ မင်းညီအကြောင်းပြောလျှင် သူမစိတ်ထဲရှိသလို နာမ်စားရိုင်းရိုင်းတွေသာ သုံးနှုန်းတတ်လေသည်။

"ငါကတော့ နင့်ရဲ့စေ့စပ်ပွဲကို မလာတော့ဘူးဟာ၊ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



ကောင်ကို တွေ့ရင် ငါ စိတ်ထိန်းနိုင်မှာမဟုတ်ဘူး ရတီ၊ အန့်တီသန်းကတော့ နှင်နဲ့မင်းညီ စေ့စပ်ပွဲအတွက် တော်တော်သဘောကျနေပုံပဲ''

ပြောရင်း သူမဘက်က ဘာမှပြန်မပြောဘဲ ငြိမ်ကျနေသည်ကို ရွှေစင်သတိထားမိသွားပုံရလေသည်။ သက်ပြင်းသဲ့သဲ့ချသံကြားရပြီး –

''ဖြစ်ပြီးခဲ့သမျှတွေကို မေ့ပစ်လိုက်တာ အကောင်းဆုံးပါပဲ ရတီရယ်။ အားလုံးက ဖြစ်ပြီးသွားခဲ့ပြီပဲ။ အဲဒီတော့ ကိုယ့်ရဲ့လက်ရှိ ပစ္စုပ္ပန်ကိုပဲ စိတ်ချမ်းချမ်းသာသာ နေနိုင်အောင် ကြိုးစားပါရတီရယ်''

ရွှေစင်မှန်းချသွားပြီး ညစ်ညူးနေတဲ့စိတ်တွေနဲ့ ပြတင်းကနေ အပြင်ကို ငေးကြည့်လိုက်တော့ ရန်ကုန်မိုးက သည်းနေသည်။ ပြတင်းပေါက်မှ လက်ထုတ်ကာ မိုးရေစက်များကို ထိတွေ့နေမိသည်။ မိုးရဲ့ အငွေ့အသက်၊ အထိအတွေ့တွေနဲ့အတူ တစ်ခါက အတိတ်တစ်ခုကို သတိရနေမိသည်။ တစ်ခါက မောင်နဲ့ချစ်ခဲ့ဖူးကြတဲ့အတိတ်တော်ဟာ အခုမြင်နေရတဲ့ မိုးစက်မှုန်တွေလို ဝေဝါးလို့ပေါ့။

ဘယ်သူမဆို အတိတ်ဆိုတာ ကျောခိုင်းထားခဲ့ရတဲ့အရာပဲ လေ။





''ရတီ . . . မင်းညီရောက်နေတယ် ညီမလေး''

ရုတ်တရက် အနားရောက်လာသော မမသဖင်မမြင်အောင် မျက်ရည်စတွေ သိမ်းဆည်းရသည်။

ဧည့်ခန်းထဲဝင်လာသောသူမကို မင်းညီက ရွှန်းရွှန်းစားစား ပြုံးပြ၏။ သူမကတော့ ဝတ်ကျေတန်းကျေ ပြုံးသည်ဆိုရုံမျှသာ။

''ရတီ့ကိုလာခေါ်တာ ရတီ၊ မေမေတို့က စေ့စပ်လက်စွပ်ကို ရတီကိုယ်တိုင် စိတ်ကြိုက်ရွေးစေချင်လို့တဲ့လေ။ တော်ကြာ သူတို့ရွေးတဲ့ဒီဇိုင်းကို ရတီမကြိုက်မှာစိုးလို့တဲ့လေ''

''သြော် . . . ရပါတယ်မင်းညီ၊ အဆင်ပြေသလိုပဲ''

''ဘယ်ဟုတ်ပါ့မလဲ ရတီရယ်၊ လူကြီးတွေက ခေါ်ခိုင်းလိုက်တဲ့ဟာပဲ၊ သွား . . . လိုက်သွားပြီး ကိုယ်ကြိုက်တဲ့ပုံစံလေးကို သေချာရွေးပေးလိုက် သမီး''

အဒေါ်ဖြစ်သူပြောစကားကြောင့် ရတီမှာ ရှောင်လွှဲလို့မရတော့ပါ။

''အဲဒါဆို ခဏနော် မင်းညီ၊ ရတီ အဝတ်အစားသွားလဲလိုက်ဦးမယ်''

''အိုကေရတီ . . . အေးအေးလုပ်ပါ၊ ကိုယ်စောင့်နေမယ်''



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ရတီသည် အဝတ်အစားလဲရန် သူမအခန်းဆီသို့ စက်ရုပ်ဆန်ဆန် ခြေလှမ်းများဖြင့် လျှောက်လာခဲ့တော့သည်။ မင်းညီကတော့ ဧည့်ခန်းထဲတွင် အဒေါ်ဖြစ်သူနှင့် စကားပြောရင်း ကျန်နေခဲ့လေသည်။

အခုဆို နှစ်ဖက်မိဘများ မျက်နှာစုံညီ မတွေ့ရသေးသော်လည်း မင်းညီရဲ့မိဘများနှင့်တော့ သူမသည် အတော်အတန် ရင်းနှီးနေလေပြီ။ မင်းညီမိဘများကလည်း သူမအား လိုလားနွေးထွေးမှု အပြည့်ဖြင့် နွေးထွေးစွာ ဆက်ဆံလေသည်။

❀ ❀ ❀



# (၆) နှစ်ခန့်ကြာသော် ...

www.burmeseclassic.com

www.burmeseclassic.com

လူမိုက်က ခွင့်မလွှတ်ဘူး၊ မေ့လည်း မမေ့ဘူး။
လူပြိန်းက ခွင့်လွှတ်တယ်၊ မေ့လည်းမေ့တယ်။
လူလိမ္မာကျ ခွင့်လွှတ်တယ်၊ ဒါပေမဲ့ . . . မေ့မမေ့ဘူး။

Thomas Szasz

(US - psychiatrist)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

အမိမြေဟူသည့်အသိက ရင်ကို နွေးထွေးစေသည်။ လေယာဉ်ပြတင်းပေါက်မှ ရွှေတိဂုံစေတီတော်ကြီးကို ထင်ထင်ရှားရှား သပ္ပာယ်စွာ ဖူးတွေ့ရ၏။ ရန်ကုန်လေဆိပ်သည် လွန်ခဲ့သော ခြောက်နှစ်ခန့်ကထက် များစွာ တိုးတက်ပြောင်းလဲခဲ့လေပြီ။ ဟင်း ... ရှုတကရော။

လွန်ခဲ့သည့် ခြောက်နှစ်က ခပ်ကုတ်ကုတ်တောသားလေး တစ်ယောက် ဤလေဆိပ်မှပင် ဝေဒနာတွေ တနင့်တပိုးနှင့် ထွက်ခွာ သွားခဲ့ဖူးသည်လေ။ အခုတော့ ... သူ နှုတ်ခမ်းတွန့်ကွေးကာ သဘောကျသလို ပြုံးမိ၏။ သူစီးထားသော တန်ဖိုးကြီးရှူးဖိနပ်ဆီမှ



www.burmeseclassic.com

www.burmeseclassic.com



သူ ခြေတစ်လှမ်း လှမ်းလိုက်တိုင်း 'တဂွပ်ဂွပ်' မြည်နေသံကို သူ သဘောကျနေမိသည်။ ယုံကြည်မှုအပြည့်နဲ့ သူ့ရဲ့ခြေလှမ်းတွေက လေဆိပ်အဆောက်အဦးပြင်ပဆီသို့ ဦးတည်လိုက်သည်။ Taxi တစ်စီးက သူ့အနား ထိုးရပ်လာကာ –

"ကားသွားမလား ဆရာ" ဟုမေးလေသည်။

သူ ခေါင်းညိတ်ကာ Taxi ထဲဝင်ထိုင်လိုက်သည်။ ကား သမားက "ဘယ်ကိုမောင်းရမလဲ ဆရာ" ဟု မေးတော့ သူ ရုတ် တရက် မဖြေတတ်။ ရန်ကုန်သည် သူနှင့် အစိမ်းသက်သက်မဟုတ် လား။

"ရန်ကုန်မှာ Service အကောင်းဆုံး Hotel တစ်ခုကို ပို့ပေးကွာ"

သူ့ပုံစံအနေအထားနဲ့ သူ့စကားက အလွန်လိုက်ဖက်သွား သည်ထင်၏။ Sedona Hotel သို့ Taxi သမားက မောင်းပို့ပေး လေသည်။ ကားသမားကို ကားခအပြင် မုန့်ဖိုးပါ ပေးလိုက်သည်။

ပိုက်ဆံရှိတဲ့ဘဝက ယုံကြည်မှုအပြည့်နဲ့ နေရထိုင်ရတာ တယ်ကောင်း။

Reception မှာ သူ အခန်းယူလိုက်ပြီး အခန်းခကို





အစ်ခါတည်း ရှင်းပေးလိုက်သည်။ ပင်ပန်းခဲ့သမျှ ဒီတစ်ညတော့ ကောင်းကောင်းအနားယူပစ်ရမယ်။ အခန်းထဲရောက်တော့မှ အပေါ် ဆပ် Cost အင်္ကျီကိုချွတ်ပြီး မွေ့ရာထူကြီးပေါ် ပက်လက်လှန်ကာ ခေါကျော့ဆန့်ရသည်။

ထို့နောက် လိုက်ကာစကြီးကို ဆွဲဖွင့်လိုက်တော့ သူ အံ့သြ ဝင်သက်သွားလောက်အောင် လှပသောရှုခင်းက သူ့ကိုဆီးကြိုနေလေ သည်။ အင်းယားရဲ့ နေညိုချိန်အလှတရားကို သူ့အခန်းမှနေ၍ အတော်ကြာအောင် ငေးမောနေမိ၏။ ပျော်မြူးနေသော ချစ်သူစုံတွဲ လေးတွေကို ငေးရင်း ရင်ထဲကဒဏ်ရာဟောင်းက ကိုက်ခဲလို့လာပြန် ၏။ ခြောက်နှစ်တောင်ကြာခဲ့ပြီတဲ့လား။

လန်းဆန်းသွားအောင် သူ ရေကိုစိမ်ချိုးပစ်လိုက်သည်။ ကိုယ်လုံးပေါ်မှန်ကြီးရှေ့မှာရပ်ရင်း မှန်ထဲကလူကို တအံ့တသြကို အားကျစိတ်နဲ့ သူငေးနေမိ၏။ မင်းလုပ်နိုင်ခဲ့ပြီ နေညို။ သဘောကျစွာ သူ အရူးကဲ့သို့ တဟားဟား အော်ရယ်ပစ်မိသည်။ အခုအချိန် သူ့ကို အရင်တုန်းကနေညိုဆိုတာ မှတ်ပုံတင်ပြမှပဲ ယုံကြတော့မည်ထင်၏။

တစ်ယောက်တည်း အရူးလို ရယ်နေရင်း ပါးပြင်ပေါ်သို့ မျက်ရည်ပူများ စီးကျလာပြန်၏။ အဖေ့ကို သတိရစိတ်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ နိုင်ငံခြားကို သူရောက်ပြီး (၃) နှစ်အကြာမှာပင် အဖေ ဆုံးပြီဆိုသောသတင်းက သူ့ဆီ ရောက်လာခဲ့လေသည်။ ရှုးမတတ် ခံစားခဲ့ရ၏။ သူ ဝမ်းနည်း ခံစားရလေ ရတီမိုးမြင့်ဆိုသော မိန်းမကို မုန်းတီးနာကြည်းစိတ်က ပြင်းထန်လာလေဖြစ်သည်။ ပြောရရင်တော့ အခုလိုဘဝမျိုးရဖို့အတွက် သူပေးဆပ်ခဲ့ရသော အရင်းအနှီးကလည်း ကြီးမားလှသည်လေ။

ခြောက်နှစ်လုံးလုံး သူတစ်ပါးတိုင်းပြည်တွင် သူ ကြိုးစား ရုန်းကန်ခဲ့ရသည်။ ငွေကို ကျစ်ကျစ်ပါအောင် အလေအလွင့်မရှိအောင် ချွေတာစုဆောင်းခဲ့သည်။ ခြောက်နှစ်ပြည့်၍ သူပြန်တော့မည့်အချိန် မှာပင် အနည်းဆုံးတစ်လလျှင် တစ်ကြိမ်တော့ ကံစမ်းသည့်အနေဖြင့် သူ မှန်မှန်ထိုးခဲ့သော ထီလက်မှတ်မှ ထီဆုကြီးပေါက်ခဲ့သည်။

ယခုဆို မြန်မာနိုင်ငံတွင် သူဌေးပေါက်စတစ်ဦးအဖြစ် ရပ် တည်နိုင်လောက်သော ငွေကြေးပမာဏကို သူ ပိုင်ဆိုင်ခဲ့လေပြီ။ သူ့ဘဝတွင် အစားထိုးမရနိုင်သော ကြီးမားသော ဆုံးရှုံးမှုများကို ခါးစည်းခံပြီးမှ သူရရှိခဲ့သောဘဝ။

စတိတ်စင်ပေါ်မှ မြူးကြွသောသီချင်းသံများ၏ စည်းချက်များ နှင့် ယိမ်းနွဲ့လှုပ်ရှားနေသော ခန္ဓာကိုယ်ကောက်ကြောင်းများကို သူ





ငေးနေမိ၏။ တောသားပီပီ တိတ်ဆိတ်ပြီး ဟိတ်ကြီးဟန်ကြီးနိုင်စွာဖြင့် အရက်ကို သူမသောက်တတ်၍ Hotel Bar တွင် မသောက်တော့ဘဲ ကားငှားကာ စင်တင်နှင့်တွဲဖက်ထားသော အဆင့်မြင့် Restaurant တစ်ခုသို့ ထွက်လာခဲ့ခြင်းဖြစ်သည်။ သူရွေးချယ်တာ မှန်သွားသည်။ ဆူညံသောဂီတသံများက ရင်ထဲကဝေဒနာတွေကို ခဏတော့ မေ့သွား စေပါသည်။

တစ်ဦးတည်း တိတ်တဆိတ် သောက်နေရသော်လည်း သူ မပျင်းမိ။ အရက်သောက်နေရင်းမှ ကိုဝင်းမောင်နှင့်ပြည့်စုံကို သတိရ သေး၏။ သူတို့ဘေးနားရှိနေလျှင် ဘယ်လောက်တောင် ပျော်စရာ ကောင်းလိုက်မည်လဲ။

တစ်ခါက မပြည့်မစုံနှင့် ခပ်နွမ်းနွမ်း အရက်ဝိုင်းလေးကို သူမမေ့။ အခုတော့ . . . သူ့ရှေ့မှာ အကောင်းစားအရက်နှင့် ကောင်းမွေဆိုသည့် အစားအစာများ အလျှံအပယ် ဖြစ်နေ၏။ အတွေး များနှင့် သူတွေးနေစဉ်မှာပင် . . .

♬ ဒီလိုမိုးသည်းထဲမှာ တွေ့ခဲ့ရတဲ့ ××× ကောင်မလေး တစ်ယောက်ကို ××× အကြင်နာတွေ အကုန်အစင် ××× စုစည်းကာ ချစ်မိလို့ ♬



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

မော့သောက်ရန်ဟန်ပြင်နေသော အရက်ခွက်က လေထဲတွင် တန့်ရပ်လို့သွား၏။ သီဆိုနေသော ကောင်မလေးကလည်း အဆိုပိုင်နိုင်ပုံရ၏။ သီချင်းသံက သူ့ရင်ထဲထိ စီးဝင်လို့လာ၏။

♫ ဒီလို မိုးသည်းထဲမှာ နှုတ်ဆက်ထွက်ခွာ ရီဝေတဲ့အကြည့်ကို ××× တိမ်ပြာတွေ ညိုလေတိုင်း ××× အသည်းမှာ ××× စူးနစ်လို့ ××× ဒီမိုး ဒီမိုး ××× ဒီမိုးသည်းတဲ့နေ့တွေ ××× ဒီမိုး ဒီမိုး ××× ဒီမိုးသည်းတဲ့ညတွေ ရှည်လွန်းတယ် ♫

ခံစားရခက်သော ဝေဒနာတစ်ရပ်ဆီသို့ သီချင်းသံက သူ့ကို တွန်းပို့နေလေသည်။

"ညီလေး . . . ခဏ"

သူခေါ်သံကြောင့် သူ့အနားသို့ စိတ်တာကောင်လေးက ရိုကျိုးတဲ့အမူအရာလေးနဲ့ ရောက်လာချေ၏။

"အဲဒီကောင်မလေးကို အဲဒီဆိုင်မှာ ဈေးအမြင့်ဆုံးဆုကာ ဘာလဲ"

"Crown သရဖူ"

"ဟုတ်ကဲ့ အစ်ကို"





စိတ်တာလေးက ဦးညွတ်တွက်ခွာသွားပြီး မကြာခင်မှာပဲ အဲဒီကောင်မလေး ခေါင်းပေါ်ကို သရဖူတစ်ခု တင်ပေးလိုက်တာတွေ့ရသည်။ စင်ပေါ်က သီချင်းဆိုနေတဲ့ ချာတိတ်မရဲ့အကြည့်တွေ သူ့ထံ ဝဲလာသည်။ သူကတော့ ခပ်အေးအေးပဲ အရက်သာ ဆက်သောက်နေလိုက်သည်။

ခဏအကြာမှာ –

"ထိုင်မယ်နော်" ဆိုတဲ့အသံကြောင့် သူ မော့ကြည့်မိတော့ အစောက ဒီမိုးသီချင်းဆိုသွားသောကောင်မလေး။ အဲဒီတော့မှ သူက ကြားဖူးနားဝအစဉ်အလာတစ်ခုကို သတိရမိ၏။ သူကတော့ အဲလို ရည်ရွယ်ခြင်းမရှိပါ။ ရိုးရိုးသားသားပင် သူ သီချင်းသံကို နှစ်သက်သဘောကျ၍ ဂုဏ်ပြုခြင်းမျှသာ။

"မင်း တစ်ခုခုသောက်လေ"

ကောင်မလေးက စိတ်တာအားခေါ်ကာ Coke တစ်ဘူးမှာလိုက်၏။ အတွေ့အကြုံမရှိသူမို့ သူကတော့ အဲသလောက်ပဲ ညွှန်ခံတတ်ပါ၏။ ခေတ်ရဲ့အဆင်အပြင် ကြွပ်ကြွပ်ရွရွ ဒီဇိုင်းတစ်မျိုးဖြင့် ကောင်မလေးက အတော်လှလေသည်။ ခေတ်စကားနဲ့ပြောရရင်တော့ တော်တော်ဂေါ်သည်ဟုပြောရမည်ပင်။ အအေးလေးသောက်လိုက်၊



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုစကားတွေဖောင်နေအောင်ပြောလိုက်၊ ရှေ့ကအစားအသောက်တွေကို တူလေးနဲ့ညှပ်ကာစားလိုက်နှင့် သူမက အတော်ဟုတ်နေ၏။ သူမရဲ့လှုပ်ရှားမှုတိုင်းမှာ လှစ်ဟာသွားသော အသားစိုင်များကို မကြည့်ပါဘဲ မြင်နေရသည်။ ထို့အတွက် သူမက တော့ အနည်းငယ်မျှ အနေခက်သည့်ပုံမပေါ်။ ကောင်မလေးက သူ့ကိုယ်သူ ကောလေးဟု မိတ်ဆက်၏။

"ဦးက ရန်ကုန်ကမဟုတ်ဘူးဆိုတော့ အခု ဘယ်မှာတည်းလဲဟင်"

"ဆီဒိုးနား"

"ဆီဒိုးနား"

"အင်း . . . ဘာဖြစ်လို့လဲ"

ကောင်မလေး၏မျက်ဝန်းအကြည့်တွေက အစောကထက် အရောင်လက်လာသည်ဟု သူထင်မိ၏။ သူ့ကိုလည်း ဦးတဲ့။ ဩော် ရယ်ချင်စိတ်နဲ့အတူ ငါအတော်အသက်ကြီးပါပေါ့လားဟု တွေးမိသေး၏။ စကားလမ်းကြောင်းက သိသိသာသာကြီး ပြောင်းသွား၏။ ကောင်မလေးက သူ့ရဲ့ဒီဗိုင်းကိုမျှ အားမနာ သူ့ဘဝအကြောင်း သနားစရာကောင်းအောင် တဖွဲ့တနွဲ့ ပြောနေသည်။ ပြောရရင် စပ်ဖြဲဖြဲဂျိုကာ





တစ်ကောင်ဝိုနေသလိုမျိုးဖြစ်နေသည်။ အင်းလေ အပျင်းတော့ပြေတာပေါ့ဟု တွေးရင်း နားထောင်ပေးဖြစ်ပါ၏။ သူ အတော်ရီဝေလာသည်။ ဘေလ် (Bills) တောင်းကာ ဝိတ်တာအား ရှင်းပေးလိုက်၏။ ပိုငွေများကို ဝိတ်တာအား ဘောက်ဆူးပေးလိုက်သည်။

"ဦးမျက်နှာကိုကြည့်ရတာ မလန်းသလိုပဲ၊ ဦး တစ်ခုခုကြောင့် စိတ်ညစ်နေသလားဟင်"

သူ အတော်မူးနေပြီဖြစ်သည်။ ပြန်မှဖြစ်တော့မည်။ သူ ကောင်မလေးအား မုန့်ဖိုးပေးရန် အခုမှ သတိရလာ၏။ ပိုက်ဆံတစ်အုပ် သူထုတ်လိုက်စဉ်မှာပဲ –

"ဦးခွင့်ပြုမယ်ဆိုရင် ဦးနဲ့အတူ ကောလေး ဒီည အဖော်ပြုပေးချင်ပါတယ်"

ဟိုတယ်အခန်းထဲရောက်တော့ သူက အရက်တစ်ခွက်ငှဲ့ကာ သောက်နေမိ၏။ ကောလေးက သူနဲ့ ခပ်လှမ်းလှမ်းမှာ ဝတ်ရုံလွှာကို တစ်လွှာချင်း ခွာချနေ၏။ ပြီးတော့ ရေချိုးခန်းထဲ ဝင်သွားသည်။ သူ သက်ပြင်းချမိသည်။ ခဏအကြာမှာ သူ့ကျောပြင်ကို နောက်ကနေ ကောလေးက ဖက်တွယ်လာ၏။ သူ နှာခေါင်းထဲမှာ ညှီ့ရှိသော ရေနံ့တစ်မျိုး ဝင်လာ၏။ နူးညံ့အိစက်သော အထိအတွေ့။



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီး ကေလေး ... ကိုယ်စိတ်မပါဘူး"

ဓာတ်ရှိန်အမြင့်မှာ ရုတ်တရက် သူက ရွတ်ရှန်းထွက်လိုက်၍ ကောင်မလေး နှုတ်ခမ်းစူသွားသည်။ မတတ်နိုင်။ အထီးကျန်မှုအတွက် ဘေးနားမှာ အဖော်တစ်ဦး သူတောင့်တမိသော်လည်း သူ တောင့်တမိသောအဖော်က သူ့ခံစားချက်ဝေဒနာတွေကို နားလည်ခံစားပေးနိုင်ရဲ့ မျှသာ။

ငွေ၏တန်ခိုးသည် ကြီးမားလှချေ၏။ မိန်းမတွေအားလုံ ဒီပုပ်ထဲက ဒီပဲချည်းပဲဟု ခပ်ချဉ်ချဉ်တွေးမိသည်။ နာကြည်းမှုနဲ့အတူ မိန်းမတစ်ယောက်ရဲ့မျက်နှာက သူ့စိတ်အာရုံဝယ် ကပ်ငြိလာပြန်၏ ဟာ သူ့ခေါင်းကို ခါထုတ်လိုက်ကာ ဖန်ခွက်ထဲရှိအရက်ကို မော့ သောက်ပစ်လိုက်၏။ ကေလေးကတော့ သူ့ပုံစံကိုကြည့်ကာ အရူး တစ်ယောက်လို့ထင်နေမည်လား မပြောတတ်ချေ။

"ကေလေး ... ငါ့ကို မင်းရဲ့ပေါင်ပေါ်မှာ ခဏလောက် အိပ်စက်ခွင့်ပြုပါလား"

သူတောင်းဆိုချက်အတိုင်း ကေလေးက လိုက်လျော၏

"ငါ့နဖူးကို ဖွဖွလေးပွတ်သပ်ပေးနိုင်မလား ကေလေး"

မျက်လုံးမဖွင့်နိုင်တော့။ သူ့စကားအဆုံးမှာပင် သူ့နဖူး





ဆံနွယ်များကို ကေလေးက ကလေးငယ်တစ်ဦးကို ချော့သိပ်သလို ဖွဖွလေးပွတ်သပ်ပေး၏။ အမေ့ကိုသတိရလိုက်တာ။ မှိတ်ထားသော သူ့မျက်ဝန်းထဲမှ မျက်ရည်တစ်စက်စီးကျ၏။

နောက်တော့ မူးယစ်ရီဝေစွာ သူ့ရင်ထဲကဝေဒနာတွေကို သူ တတွတ်တွတ်ပြောနေမိ၏။ ဘယ်လောက်ကြာအောင် သူပြောနေမိသည်မသိ။ သူ့ပါးပြင်ပေါ် စိုခနဲဖြစ်သွားမှ သူ မျက်လုံးဖွင့်ကြည့်လိုက်မိသည်။

"ကေလေး ... မင်းငိုနေတယ်"

"ဟို ... ကေလေး ဦးကိုသနားလို့ပါ။ ဦး အရမ်းခံစားခဲ့ရမှာ ပဲနော်"

သူ ပြုံးမိသည်။ ကိုယ့်ချစ်သူမဟုတ်သော မိန်းကလေး တစ်ယောက်ရဲ့ပါးကမျက်ရည်တွေကို ပထမဆုံးအကြိမ် တယုတယ သုတ်ပေးဖြစ်၏။ အခုမှ ဆုံစည်းရသော မိန်းကလေးတစ်ယောက်ပင် သူ့ကို မျှဝေခံစားပေးနိုင်သည်။ သူသိပ်ချစ်ခဲ့ရတဲ့ မိန်းမတစ်ယောက် ကတော့ သူ့ခံစားချက်တွေကို ဥပေက္ခာပြုခဲ့သည်မဟုတ်လား။ ထိုည က မိန်းကလေးတစ်ဦးနှင့် ရိုးရိုးသားသားပင် မွေ့ရာတစ်ခုထဲမှာ သူ အိပ်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မနက်ရှစ်နာရီလောက်မှာ သူနိုးခဲ့သည်။ သူဘေးမှာ ကေလေးက ခွေခွေလေးနှင့် သူ့ကိုဖက်ကာ အိပ်နေသည်။ သူ ကေလေး လက်ကို အသာဖယ်ခွာကာ ရေချိုးခန်းထဲဝင်ခဲ့၏။ ထို့နောက် ပိုက်ဆံ တစ်ယပ်ကို စားပွဲပေါ်တင်ခဲ့ကာ သူ့ရဲ့ခံစားချက်ဝေဒနာများကို တစ်ညတာ ဝေမျှခံစားပေးခဲ့သော မိန်းကလေးအား တိတ်တဆိတ်ပဲ နှုတ်ဆက်လိုက်တော့သည်။

ထို့နောက် Reception တွင် နောက်တစ်ရက်အတွက်ပါ ပိုက်ဆံပိုရှင်းပေးခဲ့ပြီး အကျိုးအကြောင်းပြောပြကာ သူကတော့ Check-out လုပ်လိုက်တော့သည်။ ကေလေးဆိုတဲ့ ကောင်မလေး အိပ်ရေးဝပါစေလေ။ ညက သူ့ဝေဒနာတွေကို မျှဝေခံစားပေးခဲ့ရတာ မဟုတ်လား။

❋

တောင်မှာငိုတဲ့မိုး။

သော့ပိတ်ထားသောအိမ်လေးကိုကြည့်ရင်း ရင်ထဲမှာ စို့လာရသည်။ ခြောက်နှစ်တာကာလအတွင်း အရာရာပြောင်းလဲသွားသော်





လည်း သူ့အိမ်လေးကတော့ မပြောင်းလဲ။

"ကောင်လေး . . . မင်းပြန်လာပြီနော်"

သူ လှည့်ကြည့်လိုက်တော့ သူ့နောက်တွင်ရပ်နေသော ကိုဝင်းမောင်ကို တွေ့လိုက်ရလေသည်။ သူ ခေါင်းညိတ်ပြလေလျှင် ကောင်လေးရာဟု ဝမ်းနည်းသံကြီးနှင့် ပြောကာ ကိုဝင်းမောင်က သူ့ကိုဖက်ကာ ငိုလေတော့သည်။ တင်းထားသည့်ကြားမှ သူလည်း ငိုမိသည်။

"နေညို"

"ပြည်စိုး"

ခြောက်နှစ်တိတိ ဝေးကွာခဲ့ရသောသူငယ်ချင်းနှစ်ဦး ဝမ်းသာ ဝမ်းနည်းဖြစ်ကာ မျက်ရည်တွေနှင့်ပွေ့ဖက်ဖြစ်ကြသည်။ ခြောက်နှစ်အတွင်းမှာ ပြည်စိုးရဲ့ပုံစံက အတော်ကို လူကြီးဆန်သွားတာ တွေ့ရသည်။

အိမ်တံခါးဖွင့်ကာ အထဲဝင်လိုက်တော့ သူ့အိမ်လေးထဲတွင် ထွက်ခဲ့သော ခြောက်နှစ်ကအတိုင်း ပစ္စည်းများအားလုံး နေသားတကျ။

"ငါတို့ မင်းအဖမ်းခံရတဲ့အတိုင်း မင်းရောက်မလာခင် ဒီအိမ်လေးကို သေချာစောင့်ရှောက်ထိန်းသိမ်းခဲ့တယ် ကောင်လေး"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ်ဗျာ . . . ကိုဝင်းမောင်"

အဖေ့အခန်းလေးထဲ ဝင်ကြည့်မိတော့ အဖေ့ကိုသတိရစိတ်ကြောင့် မျက်ရည်မဆည်နိုင်တော့။ အဖေ့အိပ်ရာလေးပေါ်မှာ အဖေ့ရဲ့ ခေါင်းအုံးလေးကိုဖက်ရင်း သူ ရှိုက်ကြီးတငင် ငိုမိသည်။ သူ့ခံစားချက်ကို နားလည်စွာပဲ ကိုဝင်းမောင်နဲ့ပြည့်စိုးတို့က တိတ်ဆိတ်စွာပဲ ရပ်စောင့်နေကြပါ၏။ အဖေ့ရဲ့စာအုပ်စင်လေး။ အဖေ အမြဲနားထောင်ခဲ့တဲ့ ရေဒီယိုလေး အားလုံးက နေသားကျစွာပင်။

"မင်းအဖေက သူမသေခင်မှာ သူ့မှာရှိတဲ့ အတွင်းပစ္စည်းတွေ ငွေတွေအားလုံးကို သူ့မိတ်ဆွေရှေ့နေတစ်ယောက်ဆီမှာ မင်းအတွက်ထားခဲ့တယ် နေညို"

ပထမဆုံးအကြိမ် ငွေစက္ကူတွေအား မုန်းမိသည်။ ဒီငွေတွေရဖို့ ပေးဆပ်ရတဲ့အရာတွေက ကြီးမားလိုက်တာ။ ငွေစက္ကူတွေ သုံးမကုန်အောင် ပေါများနေတော့ရော ဘာလုပ်ရမှာလဲ။ ဘဝက ဘာလဲ။

သူ့ဘဝသူ အဓိပ္ပာယ်ကင်းမဲ့လာသလို ခံစားလာနေရသည်။ အဲဒီမိန်းမကြောင့် ငါ့ဘဝတစ်ခုလုံး နေလောင်ပန်းလို ညှိုးနွမ်းခြောက်သွေ့သွားခဲ့တာ။ တောက်။

ဟွန်း . . . သူကတော့ အခုအချိန်မှာ ဟာ မတွေးမိအောင်





သူ့ ခေါင်းကို ခါထုတ်ပစ်လိုက်သည်။

"နေညို"

ပြည့်စိုးက ခေါ်ပြီး ပြောရခက်နေဟန်ဖြင့် တုံ့ဆိုင်းမှိုချသည်။ ပြီးမှ –

"တကယ်တော့"

တကယ်တော့ဟုပြောပြီး ပြည့်စိုးက သူ့ကို အကဲခပ်သလို တစ်ချက်ကြည့်နေပြန်၏။ ပြောသင့် မပြောသင့် ချင့်ချိန်နေပုံရ၏။

"တကယ်တော့ ငါတို့ထင်သလို ရတီမိုးမြင့်က သစ္စာမဲ့တဲ့ မိန်းကလေးတစ်ယောက်မဟုတ်ဘူး နေညို။ သိပ်ကို သနားစရာကောင်းတဲ့ မိန်းကလေးတစ်ယောက်ပါကွာ"

"ဘာ . . . ဒီမှာပြည့်စိုး အဲဒီမိန်းမနာမည် ငါ့ရှေ့မှာ ထပ်မပြောနဲ့၊ အဲဒီမိန်းမကြောင့် စုတ်ပြတ်သွားတဲ့ငါ့ဘဝကို ငါ ခက်ခက်ခဲခဲ ပြန်တည်ဆောက်ထားရတာကွ၊ အဲဒီတော့ မင်း ငါ့ရှေ့မှာ အဲဒီမိန်းမအကြောင်း ဘယ်တော့မှ မပြောမိစေပါနဲ့ ပြည့်စိုး"

လက်ညှိုးငေါက်ငေါက်ထိုးကာ သူ့ ဒေါသတကြီးကို ပြည့်စိုးအား ပြောလိုက်မိသည်။

"ပြောရမယ် နေညို . . . အမှန်တရားတစ်ခုကိုတော့ နင်



www.burmeseclassic.com

www.burmeseclassic.com



မကြားချင်လည်း ပြောရမှာပဲ"

စကားသံကြောင့် သူကြည့်လိုက်တော့ ရွှေစင်။ ဟာ ဘာရေ လဲကွာ။ ဒေါသထွက်နေသည်မို့ ရွှေစင့်ကို သူ ခပ်ငေါ့ငေါ့ပဲ ဘုကြည့် ပစ်မိသည်။

"ဟုတ်ပါတယ် နေညို၊ ငါတို့ပြောတာကို မင်း ငါးမိနစ် လောက်ပဲ ခဏလေးနားထောင်ပေးပါ၊ ပြီးရင် . . . မင်း အားလုံးကို နားလည်သွားမှာပါ"

ပြောပါ မပြောပါလည်း ပြောမနေတော့။ စိတ်ရှုပ်ထွေးစွာနှင့် သူ ခါးထောက်ကာ ကျောခိုင်းရပ်နေလိုက်တော့သည်။

"ငါလည်း အဖြစ်မှန်တွေ မသိခင်တုန်းကတော့ မင်းလောက် နီးနီး ရတီ့ကို မုန်းခဲ့မိပါတယ်၊ တကယ်တော့ ရတီဟာ သစ္စာမဲ့တဲ့ မိန်းကလေးတစ်ယောက် မဟုတ်ပါဘူး နေညို၊ သူဟာ မင်းကို တကယ်ချစ်ခဲ့တာပါ"

"ကမ္ဘာအရယ်ရဆုံးပျက်လုံးတစ်ခု မင်း ငါ့ကိုလာပြောနေတာ လား ပြည်စိုး"

"ငါ စကားမဆုံးသေးဘူး နေညို"

ပြောစမ်းပါဦးဆိုတဲ့ ပုံစံနဲ့ သူ ပြည်စိုးကို သရော်တော်တော်





မဲ့ပြုံးတစ်ချက် ပြုံးပြလိုက်သည်။

"ဒီမှာနေညို . . . ဒီဗလာစာအုပ်လေးကိုကြည့်လိုက်"

ပြည်စိုးထိုးပေးတဲ့ ဗလာစာအုပ်ရဲ့စာမျက်နှာဖြူလေးပေါ်တွင် မင်နီဖြင့် ဘောင်ခတ်ခြင်းခံထားရသော တုတ်ချောင်းခြစ်ကလေးတွေ ကို တွေ့ရသည်။

"ဒါ . . . ရတီ ရန်ကုန်မှာကျောင်းတက်နေတဲ့ အချိန်တုန်းက မင်းပြောခဲ့သလို တစ်ရက်ကုန်သွားတိုင်း တုတ်ချောင်းလေးတစ်ချောင်း ခြစ်ထားတာပဲ နေညို"

ဟင် . . . လျှပ်ခါမှုတစ်ခုက ရင်ကိုလာရိုက်၏။

"ဒါပေမဲ့ . . . သူ ကံဆိုးခဲ့တယ်နေညို၊ ရတီ့မှာ ချစ်သူရှိမှန်း မသိဘဲ ရတီ့ကို အသေအလဲကြိုက်နေတဲ့ လူတစ်ယောက်ရှိတယ်၊ မင်းညီတဲ့၊ အဲဒီလူက အသိုင်းအဝိုင်းကြီးကြီးထဲကဆိုတော့ ရတီ့အမေ အပါအဝင် ဆွေမျိုးစုအားလုံးက ရတီ့ကို အဲဒီလူနဲ့ သဘောတူကြတယ် လေ၊ ရတီ့မှာချစ်သူရှိပါတယ်လို့လည်း ဖွင့်ပြောမရတဲ့ အခြေအနေ ဆိုတော့ သူ့ခမျာ အလိုက်သင့်ကလေးပဲ နေခဲ့ရတာပေါ့၊ အကယ်၍ ရတီကသာ မင်းနဲ့သူဟာ ချစ်သူတွေပါလို့ပြောခဲ့ရင် မင်းနဲ့သူ့ တစ် သက်လုံး ဝေးရတော့မှာကို သူသိတယ်လေ၊ အဲဒါကြောင့် သူ . . .



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပြီးမယ့်ရက်အထိ အချိန်ဆွဲထားဖို့ နည်းလမ်းပဲ သူ့မှာ ရှာစရာ ရှိတော့တာပေါ့ နေညို၊ အဲဒီလိုနဲ့ တစ်နေ့မှာတော့ ရတီရဲ့လိုက်လျော ဆက်ဆံမှုကို အခွင့်အရေးယူပြီး အဲဒီမင်းညီဆိုတဲ့ကောင်ဟာ ရတီကို စော်ကားခဲ့တယ်နေညို၊ မင်းမသိနိုင်ပေမယ့် မသန့်ရှင်းတော့တဲ့ သူ့ ခန္ဓာကိုယ်ကြီးနဲ့ မင်းကို ဆက်ပြီးမချစ်ရက်တော့အောင်ကို သူက မင်းအပေါ်မှာ တကယ်အလေးအနက်ချစ်ခဲ့တာပါကွာ၊ အဲဒါကြောင့် မင်း သူ့ကို မုန်းတီးနာကြည်းသွားအောင်လို့ သူ သေချာကို အကွက် ကျကျ လုပ်ခဲ့တာနေညို၊ တကယ်သေချာတွေးကြည့်လိုက်ရင် ရတီဟာ သနားဖို့ကောင်းသလို မင်းအပေါ်ထားတဲ့ သူ့အချစ်တွေ ကလည်း လေးစားစရာတောင် ကောင်းပါတယ်ကွာ''

''ငါက အဖြစ်မှန်အတိုင်း နင့်ကိုရှင်းပြဖို့ ပြောပါသေးတယ် ဟာ၊ ဒါပေမဲ့ . . . သူက လက်မခံဘူး။ အဖြစ်မှန်အတိုင်း နင်း သိသွား ရင် နင်က သူ့ကိုခွင့်လွှတ်ပြီး ဆက်ချစ်နေမှာတဲ့၊ နင့်ရဲ့ခွင့်လွှတ်မှုကို သူ မလိုချင်တော့ဘူးတဲ့ဟာ''

ရွှေစင်က ပြောရင်း အတော်စိတ်မကောင်းဖြစ်လာဟန်နှင့် အသံများ တိမ်ဝင်သွားတော့သည်။ ရတီရယ်။ အခုမှ တကယ်တို ရင်ကွဲရပြီထင်ရဲ့။





''ပြည့်စိုး . . . မင်းတို့ပြောနေတာတွေက အမှန်တွေပဲလား၊ တကယ့်အမှန်တရားတွေလား၊ ငါ့ကို ပြောပါဦးကွာ''

စိတ်လှုပ်ရှားစွာ ပခုံးနှစ်ဖက်ကို တရစပ်ခါရမ်းကာ မေးလာ တဲ့ သူ့စကားကို လေးတွဲစွာ ခေါင်းတစ်ချက်ညိတ်ပြခြင်းဖြင့် ပြည့်စိုးက အတည်ပြုပေးပါ၏။

''ရတီ . . . အခု အဲဒီကောင်နဲ့လက်ထပ်သွားပြီလားဟင် ပြည့်စိုး''

''သူတို့ လက်မထပ်ရသေးပါဘူး နေညို၊ သူတို့ ဘယ်တော့ မှ လက်ထပ်ဖြစ်ကြတော့မှာ မဟုတ်ပါဘူး''

ဟုတ်တာပေါ့။ မုန်လိုက်တာ သူငယ်ချင်းရာ။ သူ ကျေနပ်စွာ တစ်ချက်ပြုံးမိ၏။ အခု သူ့မှာ ငွေရှိသည်။ တစ်ချိန်က ရတီ ဘာတွေပဲ ဖြစ်ခဲ့ပါစေ သူ ခွင့်လွှတ်နိုင်ပါသည်။ ရတီ့ဘဝကို ဖျက်ဆီးစော်ကားတဲ့ အဲဒီကောင်ကို သတ်မည်။

ပြီးရင် ချစ်သူနှစ်ဦး ဘဝကို အေးအေးချမ်းချမ်းလေးပဲ နေတော့မည်။ အတွေးတွေနှင့် တစ်ယောက်တည်း ကျေနပ်စွာ သူ ပြုံးနေစဉ်မှာပင် သူ့အတွေးတွေကို မိုးကြိုးပစ်ချလိုက်သလို ပြည့်စိုးရဲ့ စကားသံက ထွက်ပေါ်လာခြင်းပင်။



www.burmeseclassic.com

"ရတီ့ကိုစော်ကားခဲ့တဲ့ မင်းညီဆိုတဲ့ကောင်မှာ HIV ပိုးရှိ နေလို့ သူတို့မင်္ဂလာပွဲကို ဖျက်သိမ်းခဲ့ကြတာ နေညို"

"ဘာ ... ဟာ ဟာကွာ၊ ဒါဆို ရတီ့မှာလည်း"

ပြည်စိုးက အံတစ်ချက်ဖိကြိတ်ကာ ခေါင်းညိတ်ပြသည်။ ပြည်စိုးဘေးက ရွှေစင်က 'တအိအိ' ငိုလေသည်။ မျက်လုံးက ပြာခနဲ ဖြစ်သွားသည်။

"ဟာ ... အား"

အနားမှာရှိတဲ့ မှန်အကြီးကြီးတစ်ချက်ကို လက်သီးနဲ့ ထိုးခွဲ ပစ်လိုက်သည်။

"ချလွမ်း"

သူ့လက်သီးချက်ကြောင့် မှန်ချပ်ကြီးကွဲကြေသွားသလို သူ့ရဲ့ စိတ်တွေလည်း ကွဲကြေသွားခဲ့လေပြီ။ မှန်ကွဲစများထိရှ၍ သွေးများက တစ်စက်စက်။

"နေညို ... စိတ်ကိုထိန်းပါ သူငယ်ချင်းရာ"

"ငါ့တစ်သက်လုံး ဒီစိတ်ကိုထိန်းလာခဲ့တာကွာ၊ ခုတော့ ... ငါ မထိန်းနိုင်တော့ဘူး ပြည်စိုး။ ငါ့ဘဝမှာ အစားထိုးမရတဲ့အရာတွေကို တစ်ခုပြီးတစ်ခု ငါ ဆုံးရှုံးခဲ့ရပြီးပါပြီကွာ၊ ဒီတစ်ခါ ရတီကိုတော့ ငါ





လုံးဝ အဆုံးရှုံးမခံနိုင်တော့ဘူး ပြည်စိုး။ ရတီ ဘယ်ဘဝရောက်ရောက် ဘာကြီးပဲဖြစ်နေပါစေ ရတီ့ကို ငါချစ်တယ်၊ သူဟာ ထာဝရငါ့ချစ်သူပဲ ပြည်စိုး။ ငါ့ဆီမှာရှိသမျှ ငွေတွေအားလုံး ကုန်သွားပါစေ ရတီရဲ့ ရောဂါကို ပျောက်အောင် ငါ ကုမယ် ပြည်စိုး။ အခု ရတီ ဘယ်မှာလဲ ပြည်စိုး။ ငါ သူနဲ့အရမ်းတွေ့ချင်တယ်ကွာ၊ သူ့အပေါ် ငါ အထင်လွဲ ခဲ့တာတွေ တောင်းပန်ချင်တယ်ကွာ"

"သူ မင်းကို စောင့်နေပါတယ်ကွာ"

ရွှေစင်ကတော့ တအိအိနှင့် ငိုရှိုက်၍နေဆဲပင်။

❀

သူ အသက်ပင်ရှူမိရဲ့လားမသိ။ အံကို တင်းတင်းဖိကြိတ် ထားရင်း ဝမ်းနည်းမှုကို ချုပ်ထိန်းနေရ၏။ ဆရာဝန်ပြောသွားသော စကားများကို ပြန်လည်ကြားယောင်နေမိသည်။ ဟင့်အင်း ... သောက် ရှူး။ ဒီလိုနယ်မြို့လေးက ဆရာဝန်ပေါက်စ စကားတွေက ဘာလို့မှန် ရမှာလဲ။

"လူနာမှာက Heart Attack လည်းရှိတော့ ခက်နေတယ်

www.burmeseclassic.com



ဗျာ၊ ဒီရောဂါအတွက်ဆေးက နောက်ရောဂါအတွက် Side effect ရှိနေတယ်''

ဦးမိုးမြင့်၊ ဒေါ်မြသစ်တို့၏ တစ်ချိန်က ထည်ဝါခဲ့သောမျက်နှာများသည် အခုတော့ ညှိုးရော်သွေ့ခြောက်လို့။

''သမီး အခန်းထဲမှာရှိတယ် မောင်နေညို''

သူ့ကိုပြောပြီး ဦးမိုးမြင့်တစ်ယောက် ခေါင်းငိုက်စိုက်နှင့် ထွက်သွားလေတော့သည်။ တစ်ချိန်က မော်ကြွားထည်ဝါသော ဒေါ်မြသစ်သည်လည်း သူ့ကိုကြည့်ရင်း သူ့သမီးလေးအတွက် ယူကြုံးမရ ဖြစ်လေဟန်နှင့် တရှုံ့ရှုံ့ ငိုလေတော့သည်။ ရတီ့အခန်းရှေ့တွင် သူရပ်နေမိသည်။ စိတ်ကိုတည်ငြိမ်အောင် စုစည်းရသည်။ ပြီးမှ တံခါးကို အသာတွန်းဖွင့်ကာဝင်ခဲ့သည်။

မြင်လိုက်ရသည့်မြင်ကွင်းကြောင့် ခြေလှမ်းတို့ပင် တုံ့ရပ်သွားရ၏။ မွေ့ရာထူပေါ်တွင် အိပ်မောကျနေသောသူသည် ရတီတဲ့လား။ တစ်ချိန်က အလှတရားတို့သည် စိုးစိမျှပင် ရှာဖွေမတွေ့ရတော့ချေ။ ပိတုန်းရောင်ဆံကေသာများသည် ခုတော့ ညှိုးခြောက်နေကြပြီ။ သူ အမြတ်တနိုးနမ်းရှိုက်ခဲ့ဖူးသော ပါးပြင်မို့အစ်အစ်လေးသည် အခုတော့ ချိုင့်ခွက်လို့နေလေပြီ။ သူနဲ့ အခါခါ တွဲခဲ့ဖူးသော လက်ကလေးသည်





အခုတော့ ပိန်လှီသေးသွယ်သွားပြီ။

'ရတီ ရတီရယ်' တသသနှင့် စိတ်ထဲက အကြိမ်များစွာ ခေါ်နေမိသည်။ အသိစိတ်ကင်းမဲ့သူတစ်ဦးလို သူ ရတီ့အနားသို့ လျှောက်သွားလိုက်သည်။ ထို့နောက် အိပ်မောကျနေသော ရတီ့နဖူးပြင်လေးကို ဖွဖွလေး မွှေးကြူလိုက်စဉ်တွင် မျက်ရည်တစ်စက်က ရတီပါးပေါ်လွင့်ကျလို့သွား၏။ ရတီ့ခန္ဓာကိုယ်လေးတစ်ချက် တုန်သွားကာ မှေးပိတ်နေသော မျက်ဝန်းများ ပွင့်အာ၍ လာလေသည်။

''မောင်''

တိုးဖျော့သော ခေါ်သံ၊ နွမ်းလျသောအပြုံး။

''မောင် ပြန်လာပြီနော်၊ ဝမ်းသာလိုက်တာ မောင်ရယ်''

သူ ကြုံလှီသေးကွေးလှသော ချစ်သူလက်ကလေးကိုယူ၍ သူ့ပါးမှာ အပ်ထားမိသည်။ သူ့ပါးပြင်က မျက်ရည်တို့ကို ရတီက သုတ်သင်ပေး၏။

''မငိုပါနဲ့ မောင်ရယ်၊ ဘာလို့ငိုရတာလဲဟင်''

''မောင့်ကို အစကတည်းက အမှန်အတိုင်း ပြောခဲ့ပါလား ရတီရယ်၊ ခုတော့''



www.burmeseclassic.com

www.burmeseclassic.com



"မောင် . . . ရတီ့ကို မမုန်းဘူးလားဟင်"

"ဘာလို့မုန်းရမှာလဲ ရတီရယ်၊ ဖြစ်ခဲ့တာတွေအားလုံးဟာ ရတီ့အပြစ်တွေမှမဟုတ်တာ၊ ပြည့်စိုးနဲ့ရွှေစင်တို့ ရှင်းပြလို့ မောင် အားလုံးကိုသိထားပြီးပါပြီ ရတီရယ်၊ ရတီ ဘာမှ အားမငယ်နဲ့နော်၊ ရတီအနားကို မောင်ပြန်ရောက်လာပြီ နောက်ဆို မောင်တို့ ဘယ်တော့မှ မခွဲတော့ဘူးနော်"

မျက်ရည်တွေနှင့် နှစ်ဦးသား ကြည်နူးစွာ ပြုံးမိ၏။

"ဝမ်းသာလိုက်တာ မောင်ရယ်၊ မောင်ရဲ့အဲဒီစကားနဲ့တင် ရတီ သေပျော်ပါပြီမောင်ရယ်"

ထိတ်လန့်တုန်လှုပ်စွာ သူ ရတီ့ပါးစပ်ကလေးကို လက်ညှိုးလေးနဲ့ အသာပိတ်လိုက်ရင်း –

"ရတီ နောက် အဲလို နိမိတ်မရှိတဲ့စကားတွေ မပြောပါနဲ့နော်၊ မောင် ပိုက်ဆံတွေများကြီးရှာလာခဲ့တယ်၊ ရတီ့ရောဂါကို ပျောက်ကင်းအောင် ကုနိုင်သလောက်ကုန်ပါစေ မောင်ကုမယ်၊ နိုင်ငံခြားအထိ ရတီ့ကို ခေါ်သွားပြီးကုမယ်၊ ရတီ့ဘက်က မောင့်ကို တစ်ခုပဲ ကတိပေးပါ ရတီ၊ နောက်ကို စိတ်အားလျော့တဲ့စကားတွေ မပြောပါနဲ့ဆိုတဲ့ ကတိပဲပေးပါ ရတီ"





သူ့စကားအဆုံးရတီက အပြုံးလေးနှင့်ခေါင်းညိတ်ကာ ကတိပေးရှာ၏။ ထို့နောက် . . . ရုတ်တရက် ရင်ဘတ်ကို လက်ကလေးနဲ့ ဖိကာ . . .

"နှလုံးတွေ သိပ်အောင့်တာပဲ မောင်ရယ်၊ အသက်ရှူလို့လည်း မဝသလိုပဲ"

ဟု ညည်းရှာ၏။ သူ သွတ်လက်စွာပင် အခန်းပြင်တင်းလိုက်ကာများ ဆွဲဖွင့်လိုက်၏။ ခပ်ကြမ်းကြမ်းလေတစ်ချက်အဝှေ့တွင် မိုးသက်ရနံ့များက အခန်းလေးဆီသို့ တိုးဝင်လာကြသည်။

"မောင် . . . မောင်နဲ့ရတီတို့ အတူစိုက်ခဲ့တဲ့ အချစ်သစ်ပင်လေးဆီကို ရတီသွားချင်တယ်၊ အခုအချိန်ဆို ခရေတွေ ပွင့်နေလောက်ပြီ မောင်၊ ဟိုအရင် ကျန်းမာရေးကောင်းတုန်းကတော့ ရတီ အချစ်သစ်ပင်လေးဆီ နေ့တိုင်းရောက်ဖြစ်တယ် မောင်ရဲ့၊ အဟင်း . . . မောင့်အိမ်လေးကို ငေးပြီး မောင့်ကို အလွမ်းဖြေရတာပေါ့၊ အချစ်သစ်ပင်လေးဆီ ရတီကို လိုက်ပို့နော်မောင်"

"အင်း . . . ရတီ နေကောင်းတဲ့အခါကျတော့ သွားမယ်လေ"

"ရတီက ဘယ်တော့မှ နေပြန်မကောင်းတော့ရင်ကော ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ရတီစကားကြောင့် သူ မျက်နှာပျက်သွားတော့ ရတီက သူ့ကို အပြုံးလေးနှင့် –

"ရတီ . . . အခု မောင်နဲ့တွေ့လိုက်ရတော့ ဝေဒနာတွေ အကုန်ပျောက်ကုန်ပြီ မောင်ရဲ့ အခုပဲ အချစ်သစ်ပင်လေးဆီ သွားကြစို့နော်"

သူ မငြင်းပယ်နိုင်တော့ပါ။

❀

ခရေပင်လေးဆီရောက်တော့ ရတီသည် ဟန်မဆောင်နိုင်လောက်အောင်ကို မောဟိုက်ပင်ပန်းလို့နေသည်။ ဝေဒနာကို သူ မရိပ်မိအောင် မာီမပြင် ဟန်ဆောင်လို့နေ၏။ ပတ်ဝန်းကျင်တွင် ခရေရနံ့လေးများက လွှမ်းစရာကောင်းအောင်ပင် သင်းမြနေလေသည်။ တစ်ချက်တစ်ချက် လေအဝှေ့မှာ ခရေပွင့်လေးများက မြေပြင်ဆီသို့ ကြွေကျသည်။

"မောင် ရတီကို ဂစ်တာတီးပြပါလားဟင်"

သူ ခေါင်းညိတ်ပြလိုက်သည်။ သူ အိမ်ထဲကဂစ်တာကို ခပ်မြန်မြန်သွားယူလိုက်သည်။ သူ ပြန်ရောက်လာတော့ ခုံတန်းလေးပေါ်မှာထိုင်နေသော ရတီသည် ခရေပင်လေးကို ခေါင်းလေးမော့ကာ အသက်ကို ခက်ခဲပင်ပန်းတကြီး ရှူရှိုက်လို့နေတာ တွေ့ရ၏။

"ရတီ . . . အရမ်းမောနေသလားဟင်"

"ရတီ . . . သက်သာပါတယ် မောင်ရဲ့"

အပြုံးနွမ်းလေးနဲ့ အဲဒီစကားဟာ မောင့်ကို စိတ်ချမ်းသာအောင် ညာနေတယ်ဆိုတာ မောင်သိတာပေါ့ ရတီရယ်။

"မောင့်ရဲ့သီချင်းသံကို မောင့်ပေါင်လေးပေါ်မှာ အိပ်ရင်း ရတီ နားထောင်မယ်နော်"

သူ ခေါင်းညိတ်ပြလိုက်ပြီး ရတီ့ကို သက်သောင့်သက်သာ ဖြစ်စေရန် ခုံတန်းလျားရှည်လေးပေါ်တွင် လဲလျောင်းစေလိုက်၏။ ရတီက သူ့ပေါင်ပေါ်ခေါင်းလေးမှေးတင်ထားရင်းမှ သူ့မျက်နှာကို ရွှန်းရွှန်းလဲ့လဲ့လေး ငေးနေရှာ၏။ ရတီရဲ့ဆံနွယ်ရှည်များပေါ်သို့ လေအဝှေ့မှာ ခရေတချို့ ကြွေကျ၏။

"တီးလေ မောင်ရဲ့"

ထိုအခါမှ ဝဲခါလာသော မျက်ရည်တွေကို သိမ်းထုတ်ကာ ဂစ်တာကို ကြိုးညှိရ၏။






www.burmeseclassic.com

www.burmeseclassic.com



"မောင် ... ဘာသီချင်းဆိုပြရမလဲဟင်"

ရတီက သူ့ကို ပြုံးပြ၏။ ဝေဒနာကြောင့် ထိုအပြုံးမှာ ခပ်မှဲ့မှဲ့ ကလေးဖြစ်နေတာ သတိထားလိုက်မိတော့ ရင်ထဲမှာ ကျင်ခနဲခံစားရ၏။ ကောင်းကင်တွင် မိုးသားမည်းမည်းများကလည်း တလိပ်လိပ်နှင့် မည်းတက်လို့လာချေပြီ။

မိုးသားမည်းမည်းများကို မော့ငေးရင်း ရတီက သူ့ကို တိုးတိုး ကလေးပြောလိုက်လေသည်။

"ဒီမိုး"

ဒီမိုးတဲ့လား။ ဒီသီချင်းကိုဆိုရင် သူ ငိုမိမည်ထင်ပါ၏။ သို့သော် သူ ရတီရဲ့ဆန္ဒကို လိုက်လျောကာ ခေါင်းညိတ်၍ သဘောတူလိုက်ပါသည်။ ဒီကရှေ့ချစ်သူရဲ့ဆန္ဒမှန်သမျှ အကုန်ဖြည့်ဆည်းပေးရမည်။

"ကြော် ... မောင်၊ မောင့်ရဲ့သီချင်းသံကို နားထောင်ရင်း ရတီ အိပ်ပျော်သွားခဲ့ရင် မောင်က ရတီ မနိုးအောင် အိပ်ရာဆီကို တိတ်တိတ်လေး မ,ချွေပေးမယ် မဟုတ်လားဟင်"

မျက်ရည်မကျမိစေရန် သူ့မျက်နှာကို မော့ထားမိသည်။ မဟုတ်ရင် သူ့မျက်ရည်တွေ ရတီ့ပါးပြင်ပေါ် စိုစွတ်ကုန်တော့မည်။ စကားအနည်းငယ်ပြောရုံနှင့်ပင် ရတီ မောဟိုက်နေပြီ။ ဖားဖိုတစ်ရပ်





ရတီ ရင်ဘတ် အနိမ့်အမြင့်သည် ခပ်ကြမ်းကြမ်း။ လေကကြမ်းလာသည်။ လေနဲ့အတူ မိုးရဲ့အငွေ့အသက်တို့ ပါလာချေပြီ။ ခရေပွင့်လေးများ အရင်ကထက် ပိုကြွေလာသည်။ မြေပြင်ပေါ်မှာ ခရေပွင့်ဖြူဖြူများ ပြန့်ကြဲလို့နေသည်။ ရတီက သူ့ပေါင်ပေါ်တွင် မျက်လုံးလေးများ မှေးမှိတ်ထားကာ သူ့သီချင်းသံကို နားစွင့်လို့နေပြီ။

♫ ဒီလိုမိုးသည်းထဲမှာ xxx တွေ့ခဲ့ရတဲ့ ကောင်မလေး
တစ်ယောက်ကို xxx အကြင်နာတွေ အကုန်အစင် xxx စုစည်းကာ
ချစ်မိလို့ ♫

သူ့သီချင်းသံကို မျက်လုံးလေးများ မှေးမှိတ်ထားရင် ရတီက နားထောင်နေသည်။ လေက ကြမ်းလာသည်။ သူက သီဆိုနေဆဲ ရတီကလည်း သူ့ရဲ့ပေါင်ပေါ်မှာ ခေါင်းလေးမှေးစက်ထားရင်း နားထောင်လို့နေမြဲပင်။ ခရေပွင့်ဖြူဖြူအချို့သည် ရတီဆံနွယ်များတွင် တင်ငြိလို့နေသည်။

♫ ဒီလို xxx မိုးသည်းထဲမှာ နှုတ်ဆက်ထွက်ခွာ xxx
သွား တဲ့အကြည့်ကို xxx နာကျင်စွာခံယူရင်း xxx မျက်ရည်စီးကျလို့
xxx ဒီမိုး ဒီမိုး xxx ဒီမိုးသည်းတဲ့နေ့တွေ xxx ဒီမိုး xxx ဒီမိုး xxx
မိုး သည်းတဲ့ညတွေ ရှည်လွန်းတယ် ♫



www.burmeseclassic.com

www.burmeseclassic.com



လျှပ်များက တစ်ချက်တစ်ချက် ဝင်းခနဲ ပြိုးပြက်နေလေပြီ ကောင်းကင်တစ်ခွင်လုံး မည်းမှောင်လို့သွားတော့သည်။ ရတီ့ရဲ့ ရင်ဘတ်အနိမ့်အမြင့်သည် တဖြည်းဖြည်းချင်း နှေးကွေးလေးလံနေ သည်ကို သူ သတိမထားမိခဲ့ချေ။

သူ့သီချင်းအဆုံးသတ်မှာပင် မိုးအော်သံတွေကြားရသည်။ မိုးစက်ပေါက်များ ခုန်ဆင်းလို့လာချေပြီ။ ရတီကတော့ ငြိမ်သက်လျက် နေမြဲ။ ရတီ အိပ်ပျော်သွားတာလား။

"ရတီ . . . ရတီ . . . မိုးတွေရွာနေပြီ ရတီရဲ့၊ မောင်တို့ အထဲသွားကြရအောင်နော်"

သူ့စကားသံကို ရတီက တုံ့ပြန်ခြင်းမပြုတော့။ သူ့ရင်သည် ဒိတ်ခနဲ။ ဟင့်အင်း၊ သူ့သီချင်းသံကို နားထောင်ရင်း ဆေးအရှိန်နဲ့ ရတီ အိပ်မောကျနေတာနေမှာပါ။ မိုးရေစက်တွေရတီ မျက်နှာပေါ် မကျအောင် သူ့ခန္ဓာကိုယ်ကို ငုံ့ကိုင်းအုပ်မိုးကာ ရတီ့ကို လှုပ်နှိုးနေ သည်။

ရတီ ဆံနွယ်များသည်မို့ ရေတွေရွှဲမိုနေကြပြီ။ အစောက မြေမှာကြွေနေသော ခရေပွင့်လေးများသည် မိုးရေတို့နှင့်အတူ စီးမျော သို့။ ဂစ်တာလေးလည်း မိုးရေတွဲရွဲစိုလို့သွားလေပြီ။





"ရတီ . . . ရတီ"

သူ့ခေါ်သံကို ရတီက မကြားဘူးလား။ သူ အထပ်ထပ် အခါခါ ခေါ်နေမိသည်။

"နေညို"

ခေါ်သံကြောင့် သူ ကြည့်လိုက်တော့ ပြည်စိုး။ သူ့နှုတ်ခမ်းတွင် လက်ညှိုးကပ်ကာ ပြည်စိုးအား တိတ်တိတ်နေရန် အချက်ပြလိုက်၏။

"ရှူး . . . ရတီ အိပ်ပျော်နေတယ်ကွ၊ သူ မနိုးအောင် ငါ အိပ်ရာဆီ မ,ရွှေ့လိုက်ဦးမယ် ပြည်စိုး"

မိုးရေထဲမှာ ပြည်စိုးက သူ့ပုံစံကို စိတ်မချမ်းမြေ့စွာ ကြည့်နေ၏။ ရွှေစင်က ပါးစပ်ကို လက်ကလေးအုပ်ကာ အသံမထွက်အောင် ကြိတ်ငိုနေသည်။

"နေညို . . . ရတီ အသက်မရှိတော့ဘူး နေညို"

"ဂျိမ်း"

ပြည်စိုးစကားအတိုင်း လျှပ်တွေပျက်ကာ မိုးခြိမ်းသံတစ်ခု ထွက်ပေါ်လို့လာသည်။ ဟင့်အင်း . . . မဟုတ်ဘူး။ မဟုတ်ဘူး ရတီက အိပ်ပျော်နေတာပါကွဟု ရင်ထဲက အော်ဟစ်နေမိသော်လည်း အပြင်



www.burmeseclassic.com

www.burmeseclassic.com



မှာတော့ သူဆွဲ့အသူလို ကြောင်ငေးနေမိသည်။ ဒီတစ်ခါတော့ မင်းစကားကို ငါ လုံးဝမယုံဘူး ပြည်စိုး။ မိုးခြိမ်းသံကို သိပ်ကြောက်တတ်တဲ့ ကောင်မလေးက မိုးရေထဲမှာ ငြိမ်သက်လို့နေပြီပဲ။

ရတီ့ကို သူ့ရင်ခွင်ထဲတွင် တင်းကျပ်စွာ ထွေးပွေ့ထားမိ၏။ မောင့်ကို ဘယ်တော့မှ မခွဲကြတော့ဘူးဆို။ ရတီက သူ့ရင်ခွင်ထဲမှာ အပြုံးယဲ့ယဲ့လေးနှင့် ငြိမ်သက်နေသည်။

"မဟုတ်ပါဘူး ပြည်စိုးရာ၊ သူ အိပ်နေတာပါကွာ။ သူ အိပ်နေတာပါ"

မိုးရေတွေ ရွှဲနိုနေပြီဖြစ်သော ရတီ ခန္ဓာကိုယ်လေးနွေးအောင် ခပ်တင်းတင်း ပွေ့ဖက်ထားရင်းမှ သူ ပြည်စိုးအား အော်ပြောလိုက်သည်။

ရတီ၏ရေစိုဆံနွယ်အချို့သည် သူ့ပါးပြင်မှာ ကပ်ညိနေကြ၏။ သူ့မျက်ရည်များသည် မိုးစက်များနှင့်အတူ ရတီ့ရဲ့ပါးပြင်ပေါ် စီးကျလို့နေသည်။

ကိုဝင်းမောင်နှင့် မမြတို့လည်း ချစ်သူနှစ်ဦးကိုကြည့်ကာ ငိုနေကြသည်။

"အား"





ရတီကို ခပ်တင်းတင်းပွေ့ဖက်ကာ ကောင်းကင်ကြီးကို မော့ကြည့်ပြီး နာနာကျင်ကျင် အော်ဟစ်ပစ်လိုက်သည်။ ရင်ထဲက အစိုင်အခဲကြီးမားသော ဝေဒနာရဲ့ ပြယုဂ်တစ်ခု။ ခဏအကြာတွင် ရတီ မိဘများနှင့်အတူ လူမှုရေးကူညီရေးအသင်းရဲ့ ကားလေးက ထိုးရပ်လို့လာသည်။

"ကောင်လေးရာ၊ မင်းအဖြစ်က ဆိုးလှချည်လားကွာ" ဟု ကိုဝင်းမောင်က မချိတင်ကဲ ရေရွတ်နေ၏။ အားလုံးရဲ့ ကရုဏာမျက်ဝန်းများက သူနဲ့ရတီဆီမှာ တစ်စုတစ်စည်းတည်း ကျရောက်လို့။

"မိုးရေထဲမှာ သိပ်ကြာသွားရင် မကောင်းဘူးနေညို"

"ခဏလေးနေကြပါဦးကွာ။ မင်းတို့ထင်သလို ရတီက မသေပါဘူးကွာ။ သူ ဆေးရှိန်နဲ့ ခဏလေးအိပ်ပျော်နေတာပါကွာ။ ငါပြောတာယုံပါ။ သူ ခဏနေရင် နိုးလာတော့မှာပါကွာ၊ ရတီ ရတီ"

အရူးတစ်ယောက်လို ရင်ခွင်ထဲက ရတီကို တစာစာခေါ်နေသော်လည်း ရတီ့ရဲ့မျက်ဝန်းလေးများက ပွင့်အာမလာတော့။ ရတီ့ရဲ့ နှုတ်ခမ်းများက တင်းတင်းစေ့ပိတ်လျက် သူ့ကို ဘာစကားမျှမဆိုရှာတော့။

ပြည်စိုးနဲ့ကိုဝင်းမောင်က သူ့ကို အတင်းအကျပ် ကော်တွယ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြသည်။ သူ့ကို အနုနည်းနဲ့ ချုပ်နှောင်လိုက်ကြခြင်းပါပဲ။ မလုပ်နဲ့၊ မလုပ်ကြပါနဲ့။ လူအချို့က သူ့ရင်ခွင်ထဲမှ ရတီတို့ဆွဲထုတ်သွားကြပြီ။ ဝဲခါနေသော ရတီရဲ့ရေစိုဆံနွယ်လေးများဆီမှ ခရေပွင့်လေးတွေ လွင့်ကျကျန်ရစ်ခဲ့၏။

"မလုပ်ကြပါနဲ့၊ မလုပ်ကြပါနဲ့ဗျာ။ ကျွန်တော့်ချစ်သူကို ခေါ် မသွားကြပါနဲ့"

မျက်ရည်တွေနဲ့ အော်ဟစ်တားဆီးနေတဲ့ သူ့စကားကို ဘယ်သူကမှ နားမထောင်ကြတော့ပါ။

"ရတီ"

"စိတ်ကိုထိန်းပါ နေညိုရာ"

ချစ်သူကို တင်ဆောင်သွားသောကားလေးသည် မိုးစက်များကြားထဲတွင် ဝေး၍ ဝေး၍။ သူ ဒူးနှစ်ဖက် ညွတ်ခွေကျသွားတော့သည်။ ဆက်လက်ရပ်တည်ခြင်းငှာ မစွမ်းသာတော့ပြီ။ မိုးက အညှိုးနှင့်များ ရွာလေရော့သလား။

"ကံတရားက ငါ့အပေါ်မှာ ဘာကြောင့် ဒီလောက် ရက်စက်ရတာလဲကွာ။ ငါချစ်တဲ့လူတွေနဲ့ ငါ့ကို ဘာကြောင့် ရက်ရက်စက်စက် ခွဲရတာလဲကွာ။ ငါ့မှာ ဘာအပြစ်ရှိလို့လဲ၊ ငါ့ချစ်သူမှာရော ဘာအပြစ်





ရှိလို့လဲ"

မြေကြီးကို လက်သီးနှင့် အကြိမ်များစွာ ပစ်ထိုးရင်း အော်ဟစ်ပေါက်ကွဲနေတဲ့သူ့ကို ပြည့်စိုးနဲ့ကိုဝင်းမောင်က အတင်းဖက်ကာ တားဆီး၏။ ဟိုးအရင် ပျော်ရွှင်ခဲ့ကြတဲ့ ချစ်သူနှစ်ဦးရဲ့ဘဝလေးကိုသာ ပြန်ရမည်ဆိုပါက သူ့မှာရှိသော ငွေကြေးအားလုံးနှင့် လဲလှယ်ချင်ပါ၏။ ခြောက်နှစ်လုံးလုံး သူ မမက်မောခဲ့တဲ့ ငွေကြေးတွေနောက်ကိုလိုက်ခဲ့ရသည်။ အခု ထိုငွေတွေက ဘာအသုံးဝင်တော့လို့လဲ။ ကိုယ့်ချစ်သူ တစ်ယောက်ကိုတောင် မကာယ်တင်နိုင်ခဲ့ပါ။

"ဂျိမ်း"

"မရှာနဲ့၊ မရှာပါနဲ့မိုးရယ်။ ခင်ဗျား တစ်ခါရွာတိုင်း ကျွန်တော့် နှင်တွေ တစ်ခါကွဲရလို့ပါ။ မရှာပါနဲ့ မရှာနဲ့"

"နေညို နေညို"

"ကောင်လေး"

ဒေါသတကြီး အော်ဟစ်နေရင်း သူ အရုပ်ကြိုးပျက် မြေပြင်ပေါ်သို့ လဲကျသွားတော့သည်။

❀



www.burmeseclassic.com

www.burmeseclassic.com



ပေးဆပ်ရခြင်းသည်လည်း အရှုံး

ရယူပိုင်ဆိုင်ရခြင်းသည်လည်း အရှုံး

အချစ်နဲ့မကင်းနိုင်တဲ့ လူတွေအတွက်တော့

သံသရာမှာ ရှုံးပြီးရင်း ရှုံးနေမှာပါပဲ။

ခေါင်မိုးပေါ် တဝေါဝေါရွာသွန်းနေသော မိုးရေကျသံများနှင့်အတူ သူ သတိရလာ၏။ သူ ဘယ်ရောက်နေသည်လဲ။ သူ ခုတင်ပေါ်မှာ ခေါင်းတင်ကာ အိပ်ပျော်နေသောပြည်စိုးကို တွေ့ရ၏။ ဟင် သူ့လက်မှာလည်း ဆေးပိုက်တွေနှင့်။ ဒါ ဆေးရုံလား။ ရတီ ရုတ်တရက် ရတီ့ကိုသတိရမိသည်။ အပြင်မှာ ရွာသွန်းနေသော မိုးကလည်း သည်းထန်လှ၏။ နာရီကိုမော့ကြည့်မိတော့ ည ၁၀း၃၀။ ရတီ ရတီ့ဆီ သူ သွားချင်သည်။ မိုးခြိမ်းသံတစ်ချက်ကြားရချိန်တွင်တော့ သူ သွက်လက်စွာပင် လက်က ဆေးပိုက်တွေကို ဖြုတ်ပစ်လိုက်သည်။ အခုအချိန်ဆို ရတီတစ်ယောက်တည်း ကြောက်နေလိမ့်မည်။ ထို့နောက် ပြည်စိုးမနိုးအောင် သူ တိတ်တိတ်လေး ထွက်ခဲ့တော့၏။

မိုးရေထဲတွင် သူ ရတီ့ဆီသို့ မနားတမ်းပြေး၏။ မိုးတစ်ချက် ခြိမ်းတိုင်း သူ အားသွန်ပြေး၏။ လျှပ်အပြက်တွင် ဖြူဖြူဖွေးဖွေး





အုတ်ဂူများကို သူ့ရှေ့တွင် မြင်နေရ၏။ 'ရတီ . . . ရတီ' ဟု အရူးတစ်ယောက်လို ရေရွတ်ရင်း သူချစ်သူကို ရှာမိသည်။

"မောင်ထွေး အသက် ၂၀ နှစ်"

မဟုတ်သေးဘူး။

"ဒေါ်ညို အသက် ၈၈ နှစ်"

သူ အုတ်ဂူတစ်ဂူချင်းဆီ သေချာစွာကြည့်ရင်း ရတီ့ကို ရှာဖွေနေမိ၏။ ထိုအချိန် လျှပ်တစ်ချက်အပြက်မှာ မြင်လိုက်ရသောမြင်ကွင်းကြောင့် သူ့ခြေလှမ်းတို့ တုံ့ရပ်ကာသွား၏။ ဆေးရောင်သစ်လွင်သော အုတ်ဂူဖြူလေးတစ်လုံး။ မိုးရေထဲတွင် ထိုအုတ်ဂူလေးဆီသို့ မမိုတ်မသုန် ငေးစိုက်ကြည့်ရင်း သူ တိုးကပ်သွားမိ၏။

"မရတီမိုးမြင့် အသက် ၂၅ နှစ်"

လျှပ်အပြက်မှာ သူ ရတီ့ကို တွေ့လိုက်ရလေပြီ၊ သူ့အုတ်ဂူဖြူလေး ဖွေးဖွေးလေး ပွတ်သပ်နေမိ၏။ ဒီအုတ်ဂူဖြူလေးထဲမှာ ရတီ အိပ်ပျော်နေသတဲ့လား။

သူ အုတ်ဂူလေးကို ဖက်ကာ ရှိုက်ကြီးတငင်ငိုမိသည်။ အုတ်ဂူထဲမှ ရတီကြားအောင်လည်း ပါးစပ်မှ တိုးဖွဖွစွာ ချစ်သူကို အားပေးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင် ရတီနဲ့အတူ ရှိနေတယ်နော်၊ ဘာမှမကြောက်နဲ့နော်၊ ရတီ ... အရမ်းချမ်းနေပြီလား၊ မောင် ဖက်ထားပေးမယ်နော်"

အုတ်ဂူလေးကို သက်ရှိတစ်ယောက်လို စကားတွေပြောမိသည်။ ချစ်သူနွေးအောင် အုတ်ဂူလေးကို ထွေးဖက်ထားမိသည်။ သူ့ကိုယ်ခန္ဓာက တဆတ်ဆတ်တုန်ယင်နေသော်လည်း သူမမှုပါ။

မိုးခြိမ်းတိုင်း အုတ်ဂူလေးကို တင်းတင်းဖက်ထားကာ "မကြောက်နဲ့နော် ရတီ" ဟု ချစ်သူကိုအားပေးမိသည်။ ချစ်သူအနားကနေ တစ်ဖဝါးမှ မခွာလိုတော့ပေ။ ရတီနဲ့သူ အတူတူရှိနေသည် ဆိုသည့်အတွေးက သူ့ရင်ကို နွေးထွေးစေ၏။

အုတ်ဂူလေးကို တင်းတင်းဖက်တွယ်ထားရင်း သူ့ဒူးတို့သည် ညွတ်ခွေကျသွားပြန်သည်။ ဟိုးအဝေးမှာ သူ့ဆီဦးတည်လာနေသော မီးရောင်အချို့ကို မိုးရေစက်များထဲတွင် ဝိုးတဝါးမြင်လိုက်ရ၏။ ထို့နောက် –

"ဒီမှာတွေ့ပြီဟေ့"

"တစ်ကိုယ်လုံးလည်း အေးစက်နေတာပဲ"

ပြည့်စုံနှင့်လူတစ်စုသည် အုတ်ဂူဘေးနားတွင် ပုံ့ပုံ့လေးလဲကျ





နေသော နေညို့အား ပွေ့ခေါ်ခဲ့ကြတော့သည်။

❀

"ပြည့်စုံ ... ငါ့ကိုတံခါးဖွင့်ပေးကွာ၊ ဟေ့ကောင် ... ရတီ ငါ့ကို မျှော်နေပြီကွ"

တံခါးကို တဒုံးဒုံးထုကာ အော်ဟစ်နေသော နေညို့အသံကြောင့် ပြည့်စုံနဲ့ ကိုဝင်းမောင် တစ်ဦးကိုတစ်ဦး ကြည့်မိကြသည်။ အပြင်က မိုးတွေသည်းလာလေ နေညို့အသံက ဒေါသသံပါလာလေ ဖြစ်သည်။ တံခါးကို ထိုးကြိတ်ကန်ကျောက်နေသံတွေလည်း ကြားရ၏။

"ငါ့ကိုခွင့်လွှတ်ပါ နေညိုရာ" ဟု မျက်ရည်တွေနဲ့ ပြည့်စုံက တိုးဖွဖွာ သူငယ်ချင်းဖြစ်သူအား တောင်းပန်နေမိ၏။

"စိတ်မကောင်းမဖြစ်ပါနဲ့ကွ၊ တို့တွေက သူကောင်းဖို့အတွက် လုပ်ရတာပဲကွာ"

ကိုဝင်းမောင်က ပြည့်စုံပခုံးအား ပုတ်ကာ နှစ်သိမ့်၏။



www.burmeseclassic.com

www.burmeseclassic.com



"ပြည်စိုး ... ငါတောင်းပန်ပါတယ်ကွာသူငယ်ချင်း၊ ငါ့ကို တံခါးဖွင့်ပေးပါကွာ၊ ငါ ရတီ့ဆီသွားပါရစေ၊ သူတစ်ယောက်တည်း ကြောက်နေတော့မယ်ကွ"

နေညို့အသံက ငိုသံပါလာသလို အပြင်ဘက်က ပြည်စိုးကလည်း အဝတ်စကို ပါးစပ်ပိတ်ကာ အသံမထွက်အောင် ယောက်ျားကြီးတန်မဲ့ ငိုနေပြီဖြစ်သည်။

"ဟော့ကောင် ... မင်း မဖွင့်သေးဘူးလား ပြည်စိုး၊ မင်းတို့ ငါ့ရဲ့ခန္ဓာကိုယ်ကိုပဲ ရတီနဲ့ခွဲလို့ရမယ်၊ ငါ့ရဲ့စိတ်ကိုတော့ ရတီနဲ့ မင်းကို ခွဲလို့မရဘူးကွ၊ ငါ ရတီ့ဆီကို ရောက်အောင်သွားပြမယ်၊ မင်းတို့ စောင့်ကြည့်နေ"

အခန်းလေးက တဒင်္ဂ တိတ်ဆိတ်သွား၏။ ထို့နောက် ...

"ခွမ်း"

ဖန်ခွက်ကျကွဲသော အသံတစ်ခုကို ကြားလိုက်ရ၏။ အပြင်ဘက်က ပြည်စိုးနဲ့ကိုဝင်းမောင်တို့ တစ်ဦးကိုတစ်ဦး ကြည့်မိကြသည်။ ထို့နောက် –

"ဟာ ... နေညို"

"ကောင်လေးရာ မိုက်လိုက်တာကွာ"





အခန်းလေးထဲတွင် ခွေခွေလေးလဲကျနေသောနေညို။ နေညို့ရဲ့ လက်ကောက်ဝတ်ဆီမှ သွေးများက မြင်မကောင်းအောင် ကြမ်းပြင်ထက်ဝယ် ယိုစီးလို့။

အိပ်ဆေးအရှိန်နှင့် အိပ်မောကျနေသော နေညို့ကိုကြည့်ရင်း ...

"ငါ့ကိုခွင့်လွှတ်ပါ သူငယ်ချင်းရာ" ဟု ပြည်စိုးက တိုးဖွဖွာ ရွတ်ဆက်လိုက်သည်။ မိန်းမသားတစ်ဦးဖြစ်သော ရွှေစင်က ပြည်စိုး ရင်ခွင်ထဲတွင် ဝမ်းနည်းပက်လက်ငိုကြွေးနေလေသည်။ ကိုဝင်းမောင်နှင့် မမြကလည်း အိပ်မောကျနေသောနေညို့ကိုကြည့်ရင်း မျက်ရည် မဆည်နိုင်ကြပါ။

ထို့နောက် ပြည်စိုးသည် အိပ်ပျော်နေသော နေညို့ကို ခွေ့ခနဲ ပွေ့ချီကာ အိမ်အရှေ့သို့ ထွက်ခဲ့တော့သည်။

အိမ်ရှေ့မှာ ကားလေးတစ်စီးက အသင့်စောင့်နေသည်။ အသင့်ဖွင့်ထားသော တံခါးမှတစ်ဆင့် နေညို့ခန္ဓာကိုယ်ကို ကားပေါ်သို့ တင်လိုက်သည်။ နေညိုကတော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျလို့ နေဆဲ။

ကားသမားက ကားတံခါးကို ပိတ်လိုက်သည်။ ထို့နောက်



www.burmeseclassic.com

www.burmeseclassic.com



. . . ကားစက်နှိုးသည်။ ကားလေးက ငြိမ့်ခနဲ မောင်းထွက်သွားတော့သည်။

မျက်ရည်တွေနဲ့ လက်ပြနေတဲ့ သူတို့ရဲ့လက်တွေကိုတော့ နေညို မြင်နိုင်မည်မဟုတ်ချေ။ သူချစ်တဲ့ မိတ်ဆွေသူငယ်ချင်းများနှင့် သူချစ်သောမြို့ငယ်လေးကတော့ သူ့နောက်မှာ ဝေး၍ ဝေး၍ ကျန်ရစ်ခဲ့လေသည်။ ကားလေးက အဝေးပြေးလမ်းမတစ်လျှောက် ပြေးလွှားလို့။

❀

"အင်း . . . အတော်စိတ်မကောင်းစရာကောင်းတဲ့ ဇာတ်လမ်းလေးပါပဲ မောင်ပြည်စိုး"

ဒေါက်တာဝင်းကိုက သူ့ရှေ့မှာရှိနေတဲ့ ပြည်စိုးကို သက်ပြင်းသဲ့သဲ့ချရင်းပြောလိုက်၏။ စာရေးဆရာဝန် သူ့အတွက် ဇာတ်လမ်းကောင်းရပြီ မဟုတ်ပါလား။

"ဘာပဲပြောပြော . . . ဆရာ့အနေနဲ့ အခုလို အကြောင်းသိလိုက်ရတဲ့အခါကျတော့ ကုသရေးအတွက် တော်တော့်ကို အသုံးတည့်ပါတယ်"

"ဟုတ်ကဲ့ပါ ဆရာ"

ထိုအချိန်တွင် အခန်းထဲသို့ သူနာပြုဆရာမလေးတစ်ဦး ဝင်လာကာ –

"ဆရာ အခန်း (၁၃) က လူနာ သောင်းကျန်းနေပြန်ပြီ ဆရာ"

"ဟင်"

ထိုအခါမှ . . . ဒေါက်တာဝင်းကိုနှင့်ပြည်စိုး ပြိုင်တူနီးပါး ပြတင်းပေါက်မှတစ်ဆင့် အပြင်သို့ လှမ်းကြည့်လိုက်တော့ . . . အမြင်မှာ မိုးတွေ သည်းသည်းမည်းမည်း ရွာနေတာ တွေ့လိုက်ရလေသည်။

များမကြာမီအချိန်တွင် "ရွာသာကြီးစိတ္တဇ ဆေးရုံဝင်းကြီးထဲမှ မိုးရေထဲတွင် လူတစ်ယောက် ခေါင်းငိုက်စိုက်နှင့် ထွက်လာလေသည်။

ထိုလူ၏လက်ထဲတွင် ထီးတစ်ချောင်းကို ကိုင်ထားသော်လည်း ထီးကို ဖွင့်ဆောင်းဖို့ မေ့လျော့နေပုံရ၏။ ထိုလူ၏မျက်နှာတွင် . . .







BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ကြေကွဲရိပ်တွေ စွန်းထင်းလို့။ သူ့မျက်ဝန်းမှ စီးကျနေသော မျက်ရည်များကိုတော့ လူတွေအားလုံးက မိုးရေစက်များဟုသာ ထင်မှတ်ကြပါလိမ့်မည်။

သို့သော် … သူ ငိုနေသည်။ မိုးတွေရွာတိုင်း သူ ငိုနေမိမည် ထင်ပါသည်။

ပရိသတ်များအား

အမြဲထာဝရလေးစားတန်ဖိုးထားလျက် …

ခေတ်ပျိုမြေ



www.burmeseclassic.com